# ကြပ်ကလေး

## အိမ်ကြီးတစ်ဆောင် မီးနှစ်ပြောင်

(ဒုတိယအကြိမ်)



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် ၄ ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၃၉၀၅၀၄

❋

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၀၀၀၅၀၀

❋

မျက်နှာဖုံးပန်းချီ - မိုးတားကြီး

❋

ကွန်ပြူတာစာစီ - ကေခိုင်ကျော်

❋

ထုတ်ဝေသူ - ဦးသန်းဆွေ (မြဲ - ၀၁၄၇၃)
စစ်သည်တော်စာပေ
အမှတ်(၀၀၃၁/က)၊ဥယျာဉ်လမ်း
(၁၉)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)

❋

အတွင်းပုံနှိပ် - ဖိုးဝ (ပုံနှိပ်စက်)
ဦးထွန်းလင်း၊ အမှတ်(၄၀)၊ ၄၅-လမ်း၊ကျောက်တံတားမြို့နယ်

❋

အတွင်းဖလင် - ချောအိ

❋

ထုတ်ဝေသည့်ကာလ - ၂၀၀၆ ခု ဖေဖော်ဝါရီလ

❋

အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀

# အိမ်ကြီးတစ်ဆောင် မီးနှစ်ပြောင်

## ကြပ်ကလေး

(ဟာသဝတ္ထုတိုများ)

(ဒုတိယအကြိမ်)

**STYLUS BOOKS**

အမှတ်-၆၄၊ အခန်း-စီ-၃၊ အဝေရာအိမ်ရာ၊
အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်

# မာတိကာ

၁။ အိမ်ကြီးတစ်ဆောင် မီးနှစ်ပြောင်
၂။ စာလုံးကြီးကြီးရေးပါစေ
၃။ မောင့်ကြင်ယာ ဘယ်မှာပါလိမ့်

# အိမ်ကြီးတစ်ဆောင်

မိုးနှစ်ပြောင်

ဦးညွန့်မောင်သည် မျက်မှောင်ကုပ်၍ မဲ့ပြုံးကလေးဖြင့် ပြော လိုက်သည်။

"ငါ့တူ ခင်မောင်ဦး၊ မင်း စိတ်ကူးမလွဲနဲ့နော်"

"မလွဲပါဘူး ဦးလေးရဲ့၊ အခု ကျွန်တော် ဘာကိုမှ စိတ်ကူး နေတာမှ မဟုတ်တာ"

ခင်မောင်ဦးသည် လျှောကျလာသော မျက်မှန်ကို လက်ဖြင့် မတင်ဘဲ နှာခေါင်းကို ရှုံ့၍ တင်လိုက်ရင်းက ခပ်အေးအေးပင် ပြန်ပြော လိုက်သည်။

ညစာစားပြီးကြ၍ တူဝရီးနှစ်ယောက်တို့သည် နှစ်ထပ်အိမ်ကြီး ထဲမှ ထွက်လာကြပြီး ခြံထဲတွင် လမ်းလျှောက်နေကြရင်း အလ္လာပ သလ္လာပ စကားတွေ ဆိုနေကြခြင်းဖြစ်၏။

"မဟုတ်သေးပါဘူးကွ"

"ဟုတ်သေးပါတယ် ဦးလေးရ"

"ငါ ဆုံးတာ ပြောအောင် နားထောင်ပါအုံးလေ"

"ဦးလေးဆုံးတော့ အရပ်တကာတွေ ပြောပြော ကျွန်တော် နားထောင်စရာလိုသေးသလားခင်ဗျ"

"အဟဲ. . . ပြောချင်ဇောနဲ့ စကားမှားသွားတာပါကွာ။ ငါ ပြောတာ ဆုံးအောင်နားထောင်ပါအုံး။ လောကဆိုတာ နှစ်မျိုးဘဲရှိတယ်ကွ"

ပြောတာကို ဆုံးအောင် နားထောင်ပါဦးဟုဆိုသော်လည်း တလွဲတွေပြောနေသည်ဟုထင်လျှင် နားထောင်ရသူမှာ ဆုံးအောင် နားမထောင်နိုင်ဘဲ ရှုစိရှုစိ ဖြစ်လာတတ်ခြင်းကား-သဘာဝကျသည်ဟု ဆိုရပါမည်။ သဘာဝအတိုင်းပင် ခင်မောင်ဦး၏ ပါးစပ်မှာလည်း ရှုစိရှုစိ ဖြစ်လာရတော့၏တည်း။

"ကျွန်တော် ကြားဘူးတာက လောကကြီးဟာ သုံးပါး ဆိုပါ ကလား"

"ဟကောင်ရ အခု ငါက မင်းမကြားဘူးသေးတာတွေကို ပြောမလို့ကွ။ ငါ ပြောချင်တဲ့ လောက ကနှစ်မျိုးပဲ ရှိတယ်။ သံသရာနဲ့ နိဗ္ဗာန်ပဲ"

ဦးလေး၏စကားက သံသရာတွေ၊ နိဗ္ဗာန်တွေအထိ ချိတက်လာပြီဖြစ်၍ ခင်မောင်ဦးသည် ဘာမှ ဝင်မတောတော့ပဲ အသာကလေး ငြိမ်ပြီး နားထောင်လိုက်သည်။ ဦးညွန့်မောင်သည် အသက်(၄၆)နှစ်ထဲသို့ ဝင်နေပေပြီ။ သို့သော် တစ်ခါမျှ တရားစကားတွေ ဘာတွေ မပြော၊ ပင်စင်လစာကို လှိုင်လှိုင်သုံး၊ သုံး၍မလောက်လျှင် ရန်ကုန်၌ ဝယ်ထားသည့် အိမ်ကို သံရုံးအမှုထမ်းတစ်ဦးကို ငှားထား၍ ရသောငွေကိုပင် ဖြည့်၍သုံးနေ၏။ ခေတ်ပေါ် တေးဂီတ မှန်သရွေ့ကိုလည်း ရန်ကုန် ရောက်တိုင်း ဝယ်ခဲ့၍ ကက်ဆက်ကို အချိန်ယူ နားဆင်တတ်သည်။

ဇနီးဖြစ်သူ ဒေါ်ဘုတ်ဆုံ မဆုံးစဉ်ကလည်း ဤကဲ့မျိုးအတိုင်းဖြစ်၍ ခင်မောင်နှင့် တကျက်ကျက်ဖြစ်နေရသည်။ ယခု ဇနီးဆုံးပြီး၍ တစ်နှစ်ကျော်ကာလအထိလည်း ဤအတိုင်းပင်နေခဲ့ရာမှ ယနေ့တွင် အာစိတ်တွေဝင်လာသည် မသိ၊ သံသရာတွေ၊ နိဗ္ဗာန်တွေ လုပ်လာသည်။

"ဟေ့-ခင်မောင်ဦး၊ ငါ ပြောတာကြားရဲ့လား"

"ကြားပါတယ် ဦးလေးရဲ့၊ လမ်းလျှောက်နေရင်း ကျွန်တော် အိပ်ပျော်ပါမလား ခင်ဗျ"

"ကြားယင်ပြန်ပြောစမ်း၊ ငါ ဘာပြောသလဲ"

"သံသရာနဲ့နိဗ္ဗာန်"

"ဟုတ်ပြီ၊ လောကဆိုတာမျိုးဟာ ဒီနှစ်ခုဘဲရှိတယ်၊ မင်းဟာ နိဗ္ဗာန်ရောက်ကြောင်း တရားကို ကျင့်နေချင် ကျင့်နေ၊ ကျင့်မနေဘူးဆိုတာနဲ့ တစ်ပြိုင်နက် မင်းဟာ သံသရာလည်ဘို့တရားကို ကျင့်နေတာပဲ။ ဒီတော့ ငါ မေးချင်တာက မင်း အခု. . . နိဗ္ဗာန်ရောက်ကြောင်းအတွက် ဘယ်လို ဝီပဿနာ ဘာဝနာတွေ ပွားနေသလဲ"

ရော. . . ခက်ကာပြီ၊ အသက်လေးဆယ်ကျော် ဦးလေးကမှ ဘာတရားမှ မကျင့်လျှင် အသက်ကလေး နှစ်ဆယ့်နှစ် နှစ်လောက်သာရှိသေးသော တူဖြစ်သူက ဘာတရားတွေ ကျင့်နေရဦးမည်နည်း။ သို့သော် ဤဦးလေးသည် မိမိကို ကျွေးမွေးရုံမက ကျောင်းထားပေးနေ၍လည်း ယခု မိမိမှာ မန္တလေးတက္ကသိုလ်တွင် စိတ်ပညာအဓိက နောက်ဆုံးနှစ်သို့ ရောက်ခဲ့ရပြီမှုဟုတ်ပါလော။ စာမေးပွဲပင် ဖြေခါနီး၍ တက္ကသိုလ်နှင့်ပင် ခွဲခွာရတော့မည့် အခြေအနေသို့ ရောက်နေပြီ၊ ယင်းသို့ မိဘသဖွယ်ဖြစ်နေသော ဦးလေးကို "လူကြီးကတောင်မှ မကျင့်တာ လူငယ်က ကျင့်မလားဗျ" ဟု ဒိုးဒိုးဒေါက်ဒေါက် ပြန်ဖြေလျှင် ရိုင်းပျရုံမက စော်ကား

STYLUS BOOKS

ရာပင် ရောက်လေမည်ပေါ့။ သင့်တင့်လျောက်ပတ်သော စကားကိုသာ ဆိုရပေတော့မည်။

"လူငယ်ဆိုတော့ ဦးလေးရယ် တရားတွေ ဘာတွေကော့ မကျွင့်သေးဘူးပေါ့၊ ဘုရားတော့ ကျွန်တော် နေ့တိုင်း ရှိခိုးပါတယ်"

"အဲ. . . မှန်တာပေါ့၊ လူဆိုတာ တော်တော်များများ အစိတ်အပိုင်းဟာ နိဗ္ဗာန်ရောက်ကြောင်းကို ခြေစုံပစ် မလုပ်နိုင်ကြဘူး။ ဒီတော့-ငါပြောခဲ့သလို နိဗ္ဗာန်ရောက်ကြောင်းမှ မလုပ်နိုင်ယင် သံသရာလည်ကြောင်းကိုပဲ လုပ်နေရမှာပဲ။ ဒါကြောင့် မင်းအနေနဲ့လဲ နိဗ္ဗာန်ရောက်ကြောင်း မလုပ်နိုင်ယင် သံသရာလည်ကြောင်းတော့ လုပ်ရမယ်ကွ၊ ဒီနှစ်လမ်းပဲရှိတာပဲ-"

"သံသရာလည်ကြောင်းက ဘာလုပ်ရမလဲ"

"မိန်းမယူရမယ်ကွ"

"ခင်ဗျာ. . ."

"ဘာကြောင်သွားတာလဲ။ မင်း မိန်းမယူရမယ်"

ခင်မောင်ဦးသည် ဦးညွန့်မောင်ကို အံ့ဩစွာနှင့် တစ်ချက်လှည့်ကြည့်လိုက်မိတော့သည်။

"ဦးလေးက ကျွန်တော့်အတွက် မိန်းမ တွေ့ထားလို့လား"

"ကြံကြံဖန်ဖန်ကွာ၊ ငါ့အတွက်သာ ငါရှာနေတာ၊ မင်းအတွက် တွေ့ပါ့မလားကွ၊ မင်းအတွက် မင်းဟာသာ မင်းရှာပေါ့"

"ကျွန်တော် ငယ်ပါသေးတယ်"

"ဟကောင်ရ-မိန်းမယူတယ်ဆိုတာ ငယ်ငယ်က ယူမှပေါ့ကွ၊ အိုမင်းမစွမ်းဖြစ်မှတော့ ဘာလုပ်ဖို့ ယူအုံးမှာလဲ"

"ငယ်ငယ်တုန်းကကော ဘာလုပ်ဖို့-ထားပါတော့လေ-

ကျွန်တော့်မှာ အလုပ်အကိုင်တောင် မရှိသေးတော့ . . ."

"အလုပ်အကိုင်က နောက်တော့ ဖြစ်လာမှာပေါ့ကွ၊ အလုပ်ဆိုတာက တော်တာမတွေ့သေးယင် ရရာကို ခဏကောက်လုပ်နေလို့ ရတယ်။ မိန်းမဆိုတာက တော်တာ မတွေ့သေးလို့ဆိုပြီး ရတာကို ခဏကောက်ယူထားလို့ မဖြစ်ဖူးကွ။ ဒါ့ကြောင့် မိန်းမကို ရှာရာမှာ အချိန်ပိုပြီး ယူရတယ်။ မင်းလဲ အခု စာကလေး ဘာကလေး ရေးနေတာပဲ၊ တစ်နေ့ ဟန်ကျ လာမှာပေါ့။ ငါကလဲ ပျိုးထောင်ပေးပါ့မယ်။ လုံးချင်းဝတ္ထုတွေ ရေးကွာ။ ငါက စရိတ်ခံပြီး ထုတ်ပေးပါ့မယ်။ စာရေးဆရာ့ဆိုယင် ကောင်မလေးတွေက ဝိုင်းလာကြမှာ။ ငါ ကြော်ငြာပေးမယ်"

ဤအချက်ကိုတော့ ခင်မောင်ဦးသည် လုံးဝလက်မခံနိုင်ပါ။

"ကြော်ငြာတော့ မပေးပါနဲ့ ဦးလေးရယ်၊ ကျွန်တော့် အယူအဆက စာရေးဆရာဆိုတာ လျှို့လျှို့ဝှက်ဝှက် နေရမယ်။ စာကိုသာ ပရိတ်သတ်က မြင်ရမယ်။ လူကို မတွေ့ဘူးရဘူး၊ ဒီလိုဖြစ်ရမှာပေါ့"

"ဟာ. . . မဟုတ်သေးပါဘူး၊ စာရေးဆရာဖြစ်တာနဲ့ လူတော မတိုးရတော့ဘူးလားကွ"

"ဦးလေးမသိဘူးနော်. . ."

"ငါ သိတယ်နော်. . ."

"ဦးလေးသိတာက တမျိုးဖြစ်ပါလိမ့်မယ်။ စာဆိုတာက လှရမယ်၊ နုရမယ်၊ သိက္ခာရှိရမယ်၊ ဒါပေမဲ့ စာရေးဆရာဆိုတိုင်း လှရမလား။ နုရမလား။ သိက္ခာရှိရမလား။ ဒီတော့ စာနဲ့လူနဲ့ မဆိုင်ဘူး။ ဒါပေမယ့် ပရိသတ်ကတော့ မသိဘူး။ စာလှယင် လူလှမယ် ထင်တာဘဲ။ဘီလူးက လှယမင်းရုပ်ကို ထုရသလိုပါပဲ။ ယမင်းရုပ်ကလေး ချစ်စရာကောင်းယင် ယမင်းရုပ်ကိုပဲနမ်း၊ ထုလုပ်တဲ့လူတော့ သွားမနမ်း ,,

"ဟ. . . စာဖတ်ပရိတ်သတ်ကလဲ ဒီလိုပဲကွ။ စာကိုသာ ကြိုက်တာပါ။ စာရေးဆရာကိုတော့ မနမ်း၊ အဲ. . . သေ မကြိုက်ချင်ပါဘူး။ ဒါ ဘာဖြစ်သလဲ"

"အဲဒီတော့ . . . စာရေးဆရာက ကိုယ်စားလွှတ်လိုက်တဲ့ အချုပ်ဖြစ်တဲ့ သူ့စာကိုပဲ ဖတ်ပေါ့။ စာရေးဆရာကိုယ်တိုင်ကို တွေ့ယင် လထဲက လူတစ်ယောက်ကို တွေ့သလိုပဲ ဆက်ဆံရမှာပေါ့။ ဒါကြောင့် ကျွန်တော့်ကို စာရေးဆရာအဖြစ် မကြော်ငြာပေးပါနဲ့လို့ ဦးလေးကို တောင်းပန်ချင်တာပါ"

တတော်မောင်က သေသေချာချာ ရှင်းပြလိုက်မှ ဦးညွှန့်မောင်မှာ သဘောပေါက်သွားပုံရ၏။ ပါးစပ်က တဟားဟားရယ်ရင်း ခေါင်းကိုလည်း တဆတ်ဆတ် ညိတ်လိုက်သည်။

"အေးဟေးဟေး၊ ငါ သဘောပေါက်ပါပြီ၊ စာက သိက္ခာရှိပေမယ့် စာရေးဆရာက သိက္ခာမရှိလို့ မင်းက စာရေးဆရာအဖြစ် လူသိမခံချင်ဘူးဆိုပါတော့"

"အို. . . ဒီလိုမဟုတ်ပါဖူးခင်ဗျ။ လူကိုသိရတော့ စာမှာပေါ့တယ်လို့ ကျွန်တော် ယူဆတယ်။ ကျွန်တော်က ကရောင်ပေါက်စမို့ ကျွန်တော့်အယူအဆ မှားချင်မှားမယ်ပေါ့။ ဒါပေမယ့် အယူအဆဆိုတာက တစ်ယောက်ချင်းရဲ့ မူပိုင်မို့ ကျွန်တော့် အယူအဆက ကျွန်တော့် အယူအဆပါပဲလေ။ ကျွန်တော့်ဘာသာ မှားတယ် မထင်မချင်းတော့ ကျွန်တော် မစွန့်နိုင်ဘူးပဲ"

"အေးပါလေ၊ အယူအဆဆိုတာက ဆွမ်းတော်မှ မဟုတ်ပဲ။ ခဏခဏ တင်လိုက် စွန့်လိုက် တင်လိုက် စွန့်လိုက် လုပ်လို့ ဘယ်ရပါ့မလဲ။ ငါကလဲ မင့်အယူအဆကို စွန့်ခိုင်းနေတာ မဟုတ်ပါဘူး။ မင်းက

ကလောင်ရှင်မှန်း လူသိမခံချင်ယင်လဲ ငါက အုပ်ထားပါမယ်ကွာ။ ထားပါတော့၊ အဲ. . . မိန်းမယူဘို့ကိစ္စတော့ ဆက်ပြောရအုံးမယ်။ မိန်းမယူယင် ငယ်ငယ်ယူမလား၊ ကြီးကြီးယူမလား"

"ကြီးကြီးယူမယ်"

ဦးညွန့်မောင်ကြီး မျက်လုံးပြူးသွားတော့၏။

"ငယ်ငယ် ယူကွ၊ တယ်လဲခက်တဲ့ အကောင်ပါကလား . . ."

"ဟာ-ကြီးကြီးပဲ ကြိုက်တယ် ဦးလေးရယ်။ ကျွန်တော်က စာပေသမားဆိုတော့ စောင့်ပြီး ယူယူမနေနိုင်ဘူး။ ကြီးကြီးပဲ ယူမယ်"

"ငယ်ငယ်ယူတာ ကောင်းတယ်ကွ။ ငါတော့ ခုတစ်ခါ အိမ်ထောင်ပြုယင် ငယ်ငယ်ပဲယူဖို့ စိုင်းမြင်းနေတယ်"

"အို. . . ကျွန်တော့်ထက် ငယ်နေပါအုံးမယ်"

"ဟာ. . . ငါ မိန်းမယူယင် မင့်ထက်မငယ်ရဘူးလို့ ဓမ္မသတ်ရှစ်စောင်းလေးထောင့်ထဲ ဘယ်နေရာမှာပါသလဲ"

"တိတိကျကျတော့ မပြောတတ်ဖူး၊ ဒါပေမယ့် ပါမယ်တော့ မထင်ပါဘူး"

"အေး မပါတော့ ငါ ငယ်ငယ်ပဲ ယူမယ်၊ မင်းလဲ ငယ်ငယ်ကိုပဲ ရှာယူ"

"ဟာ ကျွန်တော်ကတော့ ကြီးကြီးပဲ ကြိုက်တယ်ခင်ဗျ"

"ဂိုန်းမဆိုတာ ငယ်လေ ကောင်းလေကွ"

"ကြီးလေ ကောင်းလေပါ ဦးလေးရဲ့။ ဦးလေး သတိထားနော်။ သိပ်ငယ်နေယင် အာမခံတောင် မရဘူးလို့ ကျွန်တော် ကြားဘူးတယ်"

"အို. . . မတရား မပြောနဲ့လေကွာ။ ဥပဒေလွတ်ရုံ ငယ်ငယ်ကို ပြောတာကွ။ မင်းလဲ သတိထားအုံးနော်. . ."

"ကြီးလို့တော့ ထောင်မကျပါဘူးဦးလေးရယ်"

"အေး . . . ထောင်တော့ မကျဘူး၊ ဒါပေမယ့် အမေအရွယ်၊ အဒေါ်အရွယ်ကြီးတွေ ယူမိလို့ မင်း ငရဲကြီးနေလိမ့်မယ်ကွ။ ကဲပါလေ ဘာပဲဖြစ်ဖြစ် မင်းနဲ့ငါနဲ့ဟာ ဆွေမျိုးအရင်းကြီး၊ ပြီးတော့ ကောင်းတိုင်ပင် ဆိုးတိုင်ပင်လုပ်စရာ ဒို့နှစ်ယောက်ပဲရှိတယ်၊ ဒါကြောင့် မင့်ကို ဖွင့်ပြော ရမှာပဲ။ မုဆိုးမကြီး ဒေါ်လှကြွေရဲ့သမီးလေး ခင်လှမျိုးဆို-ဘယ်နှယ့်လဲ"

ခင်မောင်ဦးမှာ မျက်စိများ ပြာသွားတော့သည်။ ခင်လှမျိုး သည် အသက်နှစ်ဆယ်ခန့်ပင် ရှိသေး၏။ ညိုချောကလေးတော့ ညိုချော ကလေးပါ။ သို့သော် . . . ဂုဏ်တွေ ငွေတွေကို သိပ်မက်လွန်းသည်ဟု ထင်သည်။ ဒါတွေထက် အဆိုးဆုံးကတော့ မိမိက ခင်လှမျိုးကို ဘယ်လိုမှ စိတ်မဝင်စားသောကြောင့် ဖြစ်သည်။ ခင်မောင်ဦး၏ဆန္ဒ အဆိုလျှင် မိမိလက်ထပ်မည့်မိန်းကလေးသည် မိမိထက် အသက်ကြီးပြီး မိမိကိုပြုစုယုယကာ စာကလေး ပေကလေး ဝါသနာ ပါရမည်ဟု ဆန္ဒရှိ၏။ ခင်လှမျိုးကတော့ သူ့အလိုကိုသာလိုက်ကာ ပိုက်ဆံသုံး၊ အလှပြင်၊ ဒါတွေလောက်ကိုပဲ ခင်သည်ဟု အကဲဖြတ်မိသည်။ ထို့ကြောင့် ခင်လှမျိုးနဲ့တော့ ဘယ်လိုမှမဖြစ်။ မိမိသည် ခင်လှမျိုးကို နှမလေးလိုကလွဲ၍ ဘယ်လိုမှ မချစ်နိုင်၊ မချစ်ရေးချ မချစ်နိုင်။

"ဟာ. . . မဖြစ်ပါဘူး ဦးလေး၊ ဘယ်လိုမှ မဖြစ်ပါဘူး"

"ဘာဖြစ်လို့လဲကွ၊ ကောင်မလေးက မတော်လို့လား"

"ကောင်းမလေးကတော့ တော်ပါတယ်။ သူ့မှာ ဆိုစရာ ကြီးကြီးကျယ်ကျယ် အပြစ်မရှိတာက အမှန်ပါ။ ဒါပေမယ့် မဖြစ်ပါဘူး ဦးလေးရဲ့"

"ဟ-မင်းမဖြစ်တာကြီးကို သေသေချာချာ ပြောစမ်းပါအုံး။

ငါ့နားထဲမှာ လိမ်ရှုပ် လိမ်ရှုပ်တွေ ဖြစ်နေတယ်"

"ဒီမှာ ဦးလေး၊ ကျွန်တော် ရှင်းရှင်းပြောမယ်။ ခင်လှမျိုးကို ကျွန်တော် ဘယ်လိုမှ မချစ်နိုင်ဘူး။ ချစ်မှမချစ်နိုင်တာ သူ့ကို ကျွန်တော်က ဘယ်လိုလုပ် လက်ထပ်. . ."

သူ့စကားကို ချက်ချင်း ရပ်ပစ်လိုက်မိသည်။ ဦးညွန့်မောင်က အားရပါးရ အော်ရယ်လိုက်သောကြောင့် ဖြစ်၏။ သူက မျက်လုံးပြူးကြီးနှင့် ကြည့်လိုက်သော်လည်း ဦးညွန့်မောင်မှာ လမ်းလျှောက်နေခြင်းကိုသာ ရပ်လိုက်သည်။ အရယ်ကိုတော့ဖြင့် မရပ်ချေ။ တဟားဟားနှင့် မျက်ရည်များ ထွက်အောင်ပင် ရယ်နေသည်။ နေဝင်ရီတရောမို့ အပမှီသည် ဆိုရအောင်လည်း ဤလူကြီးသည် ကလေးငယ်မဟုတ်။ ဖုတ်ဝင်သည် ဆိုရအောင်လည်း နာတာရှည် မဆိုထားနှင့် နှာကလေးပင် မစေးသော ဒေါင်ဒေါင်မြည်ကြီးဖြစ်နေ၏။ ဤလူကြီးသည် ပုခက်ထဲက နားရွက်ရဲအောင် ရယ်နေလျှင်လည်း နတ်သူငယ် အမြူးလွန်သွားသည်ဟု ဆိုရတော့မည်။ ယခုတော့ ဘယ်လို ယူဆရမှန်းမသိသဖြင့် ခင်မောင်ဦးလည်း ဘယ်လိုမှ မယူဆတော့ပဲ အကြောင်းသား ကြည့်နေလိုက်တော့၏။

"ဟား . . . ဟား . . . ဟား။ မင်းက. . . ငါကဟား . . . ဟား . . ."

"ဦးလေး . . . ဦးလေး"

ခင်မောင်ဦးသည် အလန့်တကြားခေါ်လိုက်သဖြင့် ဦးညွန့်မောင်သည် ချက်ချင်း အရယ်ရပ်လိုက်ပြီး မျက်လုံးပြူးကြည့်သည်။

"ဘာလဲကွ"

"ဦးလေး သတိကောင်းပါတယ်နော်"

"ကောင်းတာယ်လေ ဘာဖြစ်လို့လဲ"

"စောစောက မင်းက ငါကန့်ဖြစ်နေလို့ အလကားနေရင်းတော့ ဘာဖြစ်လို့ကရ မှာလဲ၊ ကျွန်တော်လဲ ကစရာမလိုဘူး။ ဦးလေးလဲ ကစရာမလိုဘူး"

"အရှုံး ... ဒါတွေထားစမ်း။ မင်းကိုငါက ခင်လှမျိုးနဲ့စေ့စပ်နေတာယ် မှတ် သလားကွ"

"ဒီလို မဟုတ်ဘူးလား"

"ထက်ခေတာရီ။ ဘာယ်ကမှာ့တ်ရမှာလဲ၊ ခင်လှမျိုးကို ငါ ယူစေတော့မလို့ မင်းကို ဖွင့် တိုင်ပင်တာ"

"မြတ်စွာဘုရား ..."

"ဒါ-ဘုရားတရမယ့်ကိစ္စမဟုတ်ပါဘူးကွ။ သံသရာလည်ကြောင်းတွေပါ။ အဲဒါ ခင်လှမျိုးကို ငါယူရင် သင့်တော်ပါ့မလားလို့ မင်းကိုတိုင်ပင်တာ"

"တော်ပါ့မလားဆိုတာကို ဘာမျက်စိနဲ့ကြည့်ရမှာလဲ"

"မိန်းမယူမယ့် မျက်စိနဲ့ပေါ့ကွ"

"မိန်းမယူမယ့် မျက်စိနဲ့ဆိုရင် အထူးသဖြင့် ဦးလေးရဲ့ မျက်စိမျိုးနဲ့ဆိုရင် သိပ် တော်တာပေါ့၊ ဘေးလူမျက်စိနဲ့ဆိုရင်တော့ ..."

"ဟေ့-ဘေးလူတွေ ဘေးမှာပဲထားလိုက်။ သူတို့က ဘာပြောပြော ငါ့မင်္ဂလာဆောင် မှာ ကျွေးတာကို မှီမျှမဲ့လူမရှိစေဘူးကွ။ ဒါကြောင့် ဘေးလူဆိုတာ ဘေးမှာပဲထားရတာယ်။ မင်းကတော့ ငါ့အတွင်းလူမို့ သိအောင်ပြောရတာ"

"ဒေါ်ဒေါ်ကြွေကိုကော ပြောပြီးပြီလား"

"ပြောပြီးပြီပေါ့ကွာ။ အဖွားကြီး ကျေနပ်လို့ဖြစ်တာပေါ့ကွ။

တို့အရွယ်ဆိုတာ ကောင်မလေးကို တိုက်ရိုက်တွေ့လို့ ပြောလို့ ရတာမှ မဟုတ်တာ။ အညာကို တိုင်လုပ်ရတာပေါ့"

"ကြည့်လဲလုပ်နော် အတွဲလိုက်ပြုတ်ကျအုံးမယ်"

"ဘာလဲကွ"

"အော်-အဖွားကြီးပါ အိမ်ပေါ်ရောက်အုံးမယ်လို့ ပြောတာ"

"ငါ အားလုံး အကျေအလည် ဆွေးနွေးပြီးပါပြီကွ။ ခင်လှမျိုး တစ်ယောက်ထဲ ဒီမှာလာနေမှာ။ အဖွားကြီးက သူ့သားရယ်၊ အငယ်မ ရယ်နဲ့ သူ့ဘာသာသူ နေမှာပါကွ၊ ဒါကြောင့် မင်းလဲ စိတ်ကူးမလွဲနဲ့လို့ သံသရာလည်ကြောင်းကျင့်ယင် ပီပီသသကျင့်။ ပရှင်းမရှင်းလုပ်တာ ငါ မကြိုက်ဖူး၊ ဒီတော့ မိန်းမရှာပေတော့"

"ကျွန်တော်တော့ ကြီးကြီးပဲ ကြိုက်တယ်"

"ဒီလိုဆိုယင်တော့ အညာကိုလုပ်လို့ မရဘူး။ အပင်ခြေရှင်း ကန်ပြီး လုပ်ရမှာပဲကွ။ တွေ့ကောတွေ့ထားပြီလား"

"မတွေ့သေးပါဘူး ဦးလေးရာ၊ ဒီမျက်စိမျိုးနဲ့မှ မကြည့် သေးတာ"

"အေး-ကောင်းပြီ၊ ခုချိန်ကစပြီး ကြည့်တော့။ ဒါပေမယ့် ကိုယ့် အိမ်ထောင်ရေးကို ဘယ်တော့မှ ဘေးလူ မျက်စိနဲ့တော့ မကြည့်လေနဲ့ နော်"

"ကောင်းပါပြီဦးလေး"

နှစ်ယောက်သားသည် ခြံထဲမှ အိမ်ပေါ်သို့ ပြန်တက်ခဲ့ကြလေ ၏။

* * *

STYLUS BOOKS

ဦးညွန့်မောင်ကား . . . စိတ်သွားတိုင်းကိုယ်ပါသူဖြစ်သည်။

ခင်မောင်ဦး စာပေးပွဲအောင်ပြီး၍ ရက်ပိုင်းကလေးတွင်ပင် ခင်လှမျိုးနှင့် လက်ထပ်လိုက်၏။ သူ့စိတ်ကူးကား အကောင်အထည် ပေါ်သွားလေပြီ။ သူ့တူ ခင်မောင်ဦး၏ စိတ်ကူးကိုလည်း အကောင် အထည်ပေါ်စေချင်၍ နင်းကန်တိုက်တွန်းသည်။ ခင်မောင်ဦး၏စိတ်ကူး ဟု ဆိုရာ၌ အိမ်ထောင်ပြုရေးစီမံကိန်းကို ဆိုသည်မဟုတ်။ ဘွဲ့ချီးမြှင့် သည့် စာမေးပွဲကို အောင်မြင်ပြီးပြီဖြစ်၍ အလုပ်အကိုင်ရှာဖွေနေစဉ် အိမ်တွင် အလကားမနေပဲ လုံးချင်းဝတ္ထုရေးရန်ဖြစ်သည်။ ရန်ကုန်တွင် ရှိသော ဦးညွန့်မောင်၏ မိတ်ဆွေပိုင်သည့် "ဆောင်တော်ကူးစာပေ" သို့ ဦးညွန့်မောင်ကိုယ်တိုင် စာရေး ဆက်သွယ်ပေးသည်။ ဤသို့ဖြင့် ခင်မောင်ဦးသည် လုံးချင်းဝတ္ထု၏ လေးပုံသုံးပုံ ပေးပို့ခဲ့၏။ ကျန်ရှိသော လေးပုံတစ်ပုံကိုလည်း ပြီးအောင် ဆက်ရေးနေရသည်။ ဤ လေးပုံ တစ်ပုံ ပြီးလျှင် ပို့ပေးလိုက်လျှင် စာအုပ်ထုတ်ရေးကိစ္စကို အပြီးအပြတ် အကြောင်းပြန်မည်ဟု စကားဆိုထားကြသည်။

အောက်ထပ်ရှိ ခင်မောင်ဦး၏ စာရေးစားပွဲရှိရာသို့ ဦးညွန့်မောင် ချဉ်းကပ်လာပြီး အနားက ကုလားထိုင်တွင် ထိုင်လိုက်သည်။

"မင်းရေးနေတဲ့ ဝတ္ထုနာမည်က ဘာလဲ. . ."

ခင်မောင်ဦးသည် လက်ထဲမှ ဖောင်တိန်ကို ချထားလိုက်ပြီး ဦးလေးဖြစ်သူကို ကြည့်လိုက်၏။

"ရင်ကိုဟင်းလင်းဖွင့်ထားတယ်. . ."

"ဩ. . . မင်းက ကြယ်သီးတွေ ဈေးကြီးတဲ့အကြောင်းကို ရေးသလား"

"မဟုတ်ပါဘူး ဦးလေးရဲ့"

"ဒါဖြင့် ကြက်သားဟင်းရောင်းတဲ့အကြောင်း ဖြစ်မှာပဲ"

"ဟာ-ဦးလေးကလဲ ကြုံကြုံဖန်ဖန် ကျွန်တော့်ဝတ္ထုက အချစ်ဝတ္ထုစစ်စစ်ခင်ဗျ၊ ဇာတ်သိမ်းပိုင်းမှာ မျက်ရည်တောက်တောက်ကျရမယ့် ဝတ္ထုမျိုး"

ဦးညွန့်မောင်သည် သူ့နဖူးသူ လက်ဝါးလေးနှင့်ရိုက်မိတော့၏။

"သေလိုက်ပါတော့ ခင်မောင်ဦးရယ်"

"သေလို့ငိုတာမဟုတ်ဖူး ဦးလေးရဲ့၊ ချစ်လျက်နဲ့ ဝေးရလို့ အဆွေးကြီး ဆွေးရမယ့် ဝတ္ထုမျိုးလေး"

"မင်း တော်တော် ဂွကျတာပဲ။ ကလောင်ကို စပြီး ကိုင်စာယ် ဆိုယင် လူကြိုက်များတာတွေကို ရေးရမယ်ကွ။ ဒါမှ ရောင်းရမှာပေါ့။ မီးတွေလောင်၊ မော်တော်ကားကြီးမှောက်။ သေနတ်တွေ တဗိုင်းဗိုင်းပစ်၊ ဓားနဲ့ တဖွပ်ဖွပ်ထိုး၊ မျက်လုံးကြီးပြူး၊ လျှာတန်းလန်းထွက်ပြီးသေ၊ သေလဲ ကောင်မလေးဖြစ်နေယင် ထမီတွေ ဘာတွေ ကျွတ်နေ။ ဒါမျိုးမှ ရောင်းရတော့မှာပေါ့ကွ"

"ဟာ-ဒါမျိုးက ရသစာပေမှ မဟုတ်တာ။ မျောက်ပွဲစာပေဘဲဗျ"

"ဟဲ့ . . . လူကြိုက်မှ ရောင်းရမှာ။ ရောင်းရမှ မင်း နာမည်ကြီးမှာပေါ့ကွ"

"သေနတ်မှန်ပြီး လျှာတန်းလန်းနဲ့ နာမည်မျိုးတော့ မကြီးချင်ပါဘူး ဦးလေးရယ် . . ."

"မင်းက နာမည်မကြီးချင်ပေမယ့် ထုတ်ဝေတဲ့လူက လောဘသားကွ။ သူ့လောဘကိုတော့ မင်းဘယ်လိုမှ တောင်းပန်လို့ ရမှာ မဟုတ်ဖူး၊ ကြီးမှာပဲ"

ခင်မြမောင်ဦးသည် သက်ပြင်းကို တစ်ချက်ချလိုက်၏။ ပြီးသော်-ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းမိသည်။

"မဟုတ်သေးပါဘူး ဦးလေးရဲ့၊ စာဖတ်ပရိသတ်တွေကို ဒါလောက်လဲ အထင်မသေးပါနဲ့လေ၊ မှန်တယ် စာကို စ,ပြီးဖတ်ခါစ လူတွေတော့ အခုနဦးလေးပြောတဲ့ဟာမျိုးကို ကြိုက်ကြပါတယ် ဒါပေမယ့် စာဖတ် ဝါရင့်လာတဲ့ ပရိသတ်တွေကျတော့ တည်ငြိမ်တဲ့ရသစာပေတွေကို နှစ်သက်ပါတယ်"

ဦးညွန့်မောင်ကတော့ ခေါင်းကို ခပ်ကြမ်းကြမ်းယင် ခါရမ်း၏။

"မင်းက စီးပွားရေး မျက်စိ မရှိသေးပါဘူး"

"ကျွန်တော်က စာရေးဆရာပါ၊ စီးပွားရေးကို မကြည့်နိုင်ဘူး"

"ဟာ . . . ဒီလိုဖြင့်လဲ မင်း ဝတ္ထုတွေကို မသာယပ်တောင်ကမ်းသလို ကမ်းဖစ်ပါလားကွ၊ ဘာလို့ ရောင်းသေးသလဲ၊ ရောင်းတယ် ဝယ်တယ်ဆိုယင် စီးပွားရေးလုပ်ငန်းပဲ"

"ဒါကတော့ . . . ထုတ်ဝေတဲ့လူက စိုက်ထုတ်ရင်းနှီးထားရတာကလေးတွေလဲ ကာမိအောင်၊ ကျွန်တော့်ချဖို့လဲ အူမကလေး တောင့်ပါစေတော့ . . . လို့ . . . "

"အေး-ဒါကြောင့်မဲ့ ငါပြောတာ၊ မင်း ပုထုဇဉ်လူကြိုက်တာကို လုပ်၊ နာမည်ကြီးလာတော့ မင်း ကြိုက်တာကိုလုပ်"

"နာမည်ကြီးလာတော့ ကိုယ်နာမည်ရခဲ့တဲ့လိုင်းက တခြားလိုင်းကို ကူးယင် လူက လက်မခံပြန်ဘူးခင်ဗျ။ ပြီးတော့လဲ ကျွန်တော်က ဦးလေး ခုနကပြောတဲ့ လျှာတန်းလန်းတွေ၊ သုံးဆယ့်ရှစ်ဘိုတွေ အရေး မသန်ဘူးခင်ဗျ"

မသန်ဘူးဆိုတော့လဲ ဦးညွန့်မောင်က လက်လျှော့ရတော့

ညည်ပ။ သို့သော် ဘယ်တိုင်းပြည်က အကြွေးအရာရှိ သေလို့ ဝင်စားခဲ့သည်မသိ။ အကြွေတွေကို ထိုင်၍ နှင်းကန်ပေးနေပြန်သည်။

"ဒါမျိုး ဝါသနာမပါယင်လဲကွာ၊ ဟာသတွေ ရေးပါလား။ ဒီလိုင်းကလဲ ပရိသတ် တော်တော်ရှိတယ်ကွ။ မင်း နာမည်ကျော်နိုင်တယ်"

"ဒါလဲ-မဖြစ်သေးပါဘူး ဦးလေးရယ်၊ ကျွန်တော် ကြားဘူးတာက ဟာသရေးတဲ့လူဟာ သူ့ကိုယ်နှုတ်က ပေါ်ကြောင်ကြောင် နိုင်ရတယ်ဆိုပဲ။ ကျွန်တော့်လို လူရည်သန့်သန့်တွေ မရေးနိုင်ပါဘူးလေ"

"အေးလေ ဒီလိုဆိုယင်လဲ မင်းထိုက်နဲ့ မင်းကံပေါ့ကွာ။ ဒါထက် မင်းရဲ့ ကလောင်နာမည်က ဘာကွ"

"ဟုတ်ကဲ့"

"ဘယ့်နှယ်၊ ကလောင် နာမည်က ဟုတ်ကဲ့တဲ့လား"

"မဟုတ်ပါဘူး"

"ဟင်-ကလောင်နာမည်ကလဲ မဟုတ်ပါဘူးတဲ့လား"

ခင်မောင်ဦးသည် သက်ပြင်းကို ခပ်မှာမှာချလိုက်၏။

"ဦးလေး ကျွန်တော့်ကလောင်နာမည်က မောင်လွမ်းပင်. . တဲ့"

"ဘယ်အရပ်မှာ ပေါက်တာတွေ့ဘူးလို့ မင်းက ဒီသစ်ပင်နာမည်ကြီးကို ကြိုက်နေရတာလဲ၊ ငါတော့ မကြားဘူးပေါင်"

ဒီဦးလေးကိုတော့ ခင်မောင်ဦး လက်လျှော့ရပါတော့မည်။ သို့သော်-ရန်ကုန်က "ဆောင်တော်ကူးစာပေ" က-ဝယ်ယူထုတ်ဝေခြင်း မပြုလျှင် ဒီဦးလေးက ထုတ်လုပ်စရိတ်ကျခံ၍ ထုတ်ဝေပေးမည်ဟု ကတိပြုထားသဖြင့် ကျေနပ်အောင်တော့ ပြုလုပ်ရမည်မှာ မိမိ၏ဝတ္တရားပင် မဟုတ်ပါလား။

"ကဲ-ဒီတစ်ခါတော့ ကျွန်တော် ကြိုက်တဲ့ ရသစာပေမျိုးကို ရေးခွင့်ပေးပါ ဦးလေးရယ်။ ဒီစာအုပ်ကို လူတွေ မကြိုက်ယင် နောက်တစ်အုပ်ကစပြီး ဦးလေးကြိုက်တဲ့ဟာမျိုးကို အင်္ဂလိပ်ဝတ္ထုတွေက ခိုးချပြီး ရေးပါ့မယ်"

ဤတွင် ဦးညွန့်မောင်ကြီးသည် ကျေနပ်လွန်း၍ တဟားဟား ရယ်ကာ စားပွဲကိုပင် လက်ဝါးကြီးနှင့် ပုတ်မိတော့။

"ဒီလိုမှပေါ့-ခင်မောင်ဦးရဲ့ မင်း နေ့ချင်းညချင်း ကားစီးရမယ်။ နောက်ပြီး မင်းရဲ့ ကလောင်နာမည်ကိုလဲ ပြောင်းပစ်ရမယ်"

"ဘယ်လိုပြောင်းရမလဲ ဦးလေး"

"လောင်ချာ-လို့"

ခင်မောင်ဦးသည် ရှူသွားမိတော့၏။ ရင်ထဲတွင်လည်း ဤဝတ္ထု တစ်ပုဒ်တည်းနှင့် နာမည်ကျော်အောင် ရေးတော့မည်ဟု သန္နိဋ္ဌာန် ချမိသည်။ ဤဝတ္ထုကို လူကြိုက်မများလျှင်ကား-အလိုလေး . . . ရှေ့ဆက် တွေးရမည်တောင် ရွံ့မိသည်။ ရှေ့ဆက်တွေးလျှင် မုချလောင်ချာနှင့် တွေ့ရချေတော့မည်ပါတကား။

"အစ်ကို. . ."

ဦးခေါင်းနှစ်လုံးသည် ခပ်ညှုညှုအသံကလေး လာရာဘက် ဆီသို့ ချာကလဲ လှည့်သွားကြ၏။ အသက်အရွယ်နှင့်စာလျှင် "အစ်ကို" ဟူသည် ခင်မောင်ဦးကို ခေါ်ခြင်းဖြစ်ရာ၏။ သို့သော် တော်စပ်ပုံနှင့်သာ စာရသည်ဖြစ်သောကြောင့် ခင်လှမျိုးသည် သူ့ယောက်ျား ဦးညွန့်မောင် ကိုခေါ်လိုက်ခြင်းသာဖြစ်ပေသည်။ သံသရာတွေ လည်လိုက်မှဖြင့် မိမိထက် ငယ်သူကိုပင် ခင်မောင်ဦးသည် အဒေါ်တော်နေရတော့၏။

"မျိုး-ဒန်းစီးချင်တယ်အစ်ကို ရယ်"

ဟိုလူကြီးကား-ပျာယီးပျာယာပင် ငေါက်ကနဲ ပါသွားရတော့သည်။

ကောင်းပါ၏။ ယခုမှ စာကို ဖြောင့်ဖြောင့် ရေးရပါတော့မည်။

နှစ်ကြိမ်တိုင်တိုင် ချီးကျူးခြင်းကို ငြင်းဆန်သူသည် နှစ်ကြိမ်တိုင်တိုင် အချီးကျူးခံချင်၍ ဖြစ်သည်ဆိုသကဲ့သို့ ခင်မာမာက ကိုယ့်အချစ်ကို ငြင်းဆန်ခဲ့စဉ်က ကိုယ်သည် နှစ်ကြိမ်တိုင်တိုင် ထပ်၍ ချစ်ရေးဆိုစေချင်လို့-ဟု မိုက်မဲစွာ ထင်မြင်မိခဲ့သည်။ ခင်မာမာလို နုနယ်သော အသားအရေပိုင်ရှင်၏ ရင်တွင်း၀ယ် ကြမ်းတမ်းမာကျောသော အသည်းဆိုင်ရှိလိမ့်မည်ဟူ၍တော့ ဘယ်သောအခါကမှ မယုံကြည်မိခဲ့။ ဒါပေမယ့် ဦးနှောက်ကို နှလုံးသားက လှည့်စားတတ်သည်မှာ မမွတာမို့ လက်တွေ့တွင်မှ ခင်မာမာသည် နာမည်နှင့်လိုက်အောင် မာကျောသူတစ်ဦးဖြစ်သည်ဟု ရင်နာစွာ တွေ့ရတော့သည်။ အို. . . ကိုယ် မယုံကြည်ချင်ပါ။ ဒါတွေကို ကိုယ် မယုံကြည်ချင်ပါ။ အတိတ်က ကိုယ်သည် ကိုယ့်ကိုယ်ကို လှည့်စားခဲ့သူဖြစ်ခဲ့ရသည်ဆိုလျှင် နောင်တမရနိုင်ပါ။ ရှေ့သို့လည်း ဆက်၍ ကိုယ့်ကိုယ်ကို လှည့်စားနေပါဦးမည်။ ခင်မာမာ မင်းအတွက် ကိုယ့်မှာပေးဆပ်စရာ မျက်ရည်တွေ မခန်းသေးသရွေ့တော့ မင်းဟာ ကိုယ့်အသည်းထဲမှာ ကြီးစိုးချေအုံးပေါ့။ လှတာယုံလို့ မြပုဝါခြုံထားတဲ့ မယ်သီတာလေးရေ။ ကိုယ်ကတော့ ဘယ်တော့မှ ရာမမင်း ဦးခေါင်းကို မစွပ်နိုင်။ ကိုယ်မစိမ်းနိုင်သရွေ့ မင်း အနိုင်ယူဦးပေါ့-ခင်မာမာ။

ခင်မောင်ဦးသည် ရှေ့ဆက်ဖွဲ့နွဲ့ဖို့အဝ ... ဒနှာက်

လန်းဆန်းစေရန် အာရုံပြောင်းသည့်သဘောဖြင့် ပြတင်းကို ကျော်၍ ခြံထဲသို့ လှမ်းကြည့်လိုက်သည်။

မတော်တရော်ပါလား။ ဒန်းတစ်ခုထဲတွင် နှစ်ယောက်သားတွဲ၍ စီးနေကြ၏။ ဒါမျိုးတွေ မျက်စိက ရိုးသည်အထိတော့ ခင်မောင်ဦး သည်းခံစောင့်ရပေဦးမည်။ ဒန်းကြိုးချည်ထားသည့် သစ်ကိုင်းကြီးမှာ လူ နှစ်ယောက်ဝန်ကြောင့် အိပ့် အိပ့်နှင့် ညွတ်ကော့-ညွတ်ကော့ ဖြစ်နေ သည်။ အင်း-သံသရာတွေ လည်လိုက်မှဖြင့် သားအဖ ဒန်းတွဲစီးသလား ထင်မှတ်ရသည်။ ခင်မောင်ဦးသည် ချက်ချင်းပင် စာကိုဆက်၍ ရေးနေ လိုက်ပြန်သည်။

အာရုံပြောင်းသည်ဆိုသည်မှာ တည်တည်ငြိမ်ငြိမ်ကို ပြောင်းမှ ကောင်း၏။ ခုလို လှုပ်ရှ လှုပ်ရှကို ပြောင်းရသည့်အခါ အလွန် အာရုံ ပျက်တတ်သည်။

ခင်မာမာတစ်ယောက်ကတော့၊ မြစ်တစ်လျှောက်က ဒိုက်ပင်ပမာ ငြိတွယ်ရာ မက်မောတတ်သူပါ။ ကျူရိုးရှင်၏ ပလွေမှာ လွမ်းတေးကို သီနေပေမယ့် မဗေဒါတစ်ယောက် ကတော့ အိပ့် အိပ့်နဲ့ . . .။

"အို. . . တောက်၊ ဘယ့်နှာတွေ ရေးမိပါလိမ့်နော်"

ခင်မောင်ဦးသည် ရှုးရှုးရှဲရှဲ ဖြစ်သွားကာ လက်ထဲမှ ဖောင်တိန်ဖြင့် "အိပ့် အိပ့်နဲ့-' ဟူသော နေရာကို တဂျစ်ဂျစ်ခြစ်ပစ်လိုက် သည်။

မဗေဒါတစ်ယောက်ကတော့ ခုနစ်ထွေအကကိုသာ မက်မောသည်။ ဟော-ဇော်ဂျီ-ဟော ဓားလုလင်။ ဟော- ဟနုမာန်။ အို-ခင်မာမာ။ မင်းတို့မိန်းမတွေရဲ့ အသည်းဟာ

ပန်းပြားပင်က အရွက်ကလေးတွေ များလား ခင်မာမာ။

"အမေ့-"။ "ဟိုက်-ကျပဟ"

"ဂျွတ်"

မျက်ရည်ကျသံဟူသည် "အမေ့" ဟူ၍လည်း မပြည်နိုင်။ "ဟိုက်-ကျပဟ" ဟူ၍လည်း အသံမထွက်နိုင်။ "ဂျွတ်" ဆိုသည်ကား ဝေလာဝေး။ ထို့ကြောင့် ထိုအသံများသည် သူ့ဝတ္ထုထဲက ထွက်လာကြသော အသံများမဟုတ်ချေ။

ပြတင်းပေါက် အပြင်မှ လာခြင်းသာဖြစ်သည်။

"ဟယ်. . . သစ်ကိုင်း ကျိုးကျပြီထင်တယ်"

ခင်မောင်ဦးသည် စိတ်ကူးယဉ် နှင်းငွေ့များပြယ်၍ လက်တွေ့လောက နေမင်းကြီးကို ရင်ဆိုင်လိုက်ရသည့်နှင့် တစ်ပြိုင်နက် အသိတရားများ ဝင်လာကာ လက်ထဲက ဖောင်တိန်ကို ဆတ်ခနဲ ပစ်ချပြီး စားပွဲပေါ်မှတစ်ဆင့် ပြတင်းပေါက်မှ ခြံထဲသို့ လျှင်မြန်စွာ ခုန်ချလိုက်တော့သည်။

တမင်တကာ မလုပ်သည့်တိုင်အောင် မထင်တာတွေက ဖြစ်တတ်၏။ ပြတင်းပေါက် ဘောင်တွင် ပြတင်းဆီး တပ်ရန် ရည်ရွယ်၍ ရိုက်ထားခဲ့သည့် သံချောင်းတွင် ခင်မောင်ဦး၏ လုံချည်မှာ ငြိလိုက်ရာ ခင်မောင်ဦးမှ မြေသို့မကျဘဲ လုံချည်ကွင်းသိုင်းနှင့် တွဲလွဲကလေး ဖြစ်နေသည်။ ဇာတ်ထဲမှ သိကြားမင်းသည် လူ့ပြည်သို့ ဘောင်းဘီတိုကလေးနှင့် ဆင်းလာဟန် သရုပ်ဆောင်နေသည်နှင့် တူသေးတော့၏။

လုံကွင်းကို ကိုင်၍ ဦးခေါင်းမှ လျှို၍ ဖြုတ်ချလိုက်မှ သူသည် မြေကြီးပေါ်သို့ ဖုတ်ကနဲ ကျလာသည်။ ကြာကြာ ငိုင်မနေပါ။ ကျေးဇူးရှင်ကြီး ဦးညွန့်မောင်ထံ အကူအညီပေးဖို့ ပြေးလာခဲ့သည်။

ဦးလေးဖြစ်သူက သတိပေးမှ ခင်မောင်ဦးသည် အတော်ကလေး ကြွတက်လာပြီးဖြစ်သော ခြေနှစ်ချောင်းကို ဆတ်ခနဲ လွှတ်ချလိုက်သည်တွင် ခြေတစ်ချောင်းမှ ခင်လှမျိုး၏ ဗိုက်ပေါ် သို့ ကျသွားလေ၏။

"သေပါပြီတော့"

သေပါပြီဆိုပါကလား-။ ခင်မောင်ဦးသည် ပို၍ပင် ပျာသွားကာ ဦးညွန့်မောင်၏ လည်ပင်းကို လက်နှစ်ဖက်နှင့် ညှပ်၍ ဆွဲထူလိုက်မိတော့သည်။

ခင်မောင်ဦးက လက်လွှတ်လိုက်လျှင် လွှတ်လိုက်ခြင်း ဦးညွန့်မောင်သည် သနားစဖွယ် မိမိ၏လည်ပင်းလေးကို မိမိလက်ကလေးနှင့် ကြင်နာစွာကိုင်၍ ဇက်ကို ဘယ်ညာလှည့်လိုက်၏။

"ထူမဲ့ထူတော့လဲ လည်ပင်းညှစ်သတ်မဲ့အတိုင်းပဲ။ ဘာကြောင်နေတာလဲကွ၊ ကြည့်ကောင်းလို့ ကြည့်နေတာလား"

"အို. . ."

ခင်လှမျိုးက သူ့ဘာသာသူ ထမီစ ဆွဲဖုံးကာ မတ်တတ်ရပ်လိုက်လေသည်။ ဤတွင်မှ ဦးညွန့်မောင်က သတိရသွားသည်။

"ဟာ. . . ငါပြောတာက တို့လိမ့်ကျတာကို ကြည့်ကောင်းလို့ ချက်ချင်းမထူတာလားလို့ ပြောတာဖါကွာ။ အလို. . . အိမ်ထဲကနေ ဒီကိုလာတာမှာ စရိတ်ကြီးလို့ မင်းက ပုဆိုးချွတ်ပေါင်ခဲ့ရသလား"

ခင်မောင်ဦးက ရှက်ကိုးရှက်ကန်းနှင့် သူ့ခြေထောက်များကို သူ ငုံ့ကြည့်မိသည်။ ဘောင်းဘီတိုကလေးပါနေ၍ တော်ပါသေး၏။ သံသရာများ လည်လိုက်မှဖြင့် လူစင်စစ်က မျောက်ဖြစ်ရသေးသည်။

"မင့်ပုဆိုးက ဘယ်မှာတုန်း"

"ဟိုမှာပါ"

ခင်မောင်ဦးသည် ပြတင်းပေါက်ဆီသို့မှန်း၍ လက်ညှိုးကို အယင်ထိုး ညွှန်ပြီးမှ လူက လှည့်လိုက်သည်။ မှားချင်ပြီဆိုလျှင် လုပ်နေကျ အလုပ်မျိုးကလေးတွေကပင် တလွဲတချော် ဖြစ်တတ်ရ၏။

သူ့နောက်မှနေ၍ လူစုစုမြင်သည်နှင့် ကွေ့ဝင်လာသော လူငယ်လေးတစ်ဦး၏ ပါးစပ်ထဲသို့ ခင်မောင်ဦး၏ လက်ညှိုးကြီးမှာ စွတ်စွတ်ရွတ်ရွတ် ဇင်းသွားလေရာ လူငယ်မှာ ယောင်၍ ကိုက်မိပြီးမှ လျှာနှင့် ထိုးထုတ်သည်။

"ဒီမှာခင်ဗျ"

လူငယ်သည် ပြောမိပြောရာ ပြောလိုက်၏။ ဦးညွန့်မောင်ကား အံ့အားသင့်သွားမိတော့သည်။

"မင်းက သူ့ပုဆိုးကို ဘာလုပ်ယူထားတာလဲ"

လူငယ်သည် မျက်လုံး မျက်ဆန်တွေ ပြူးသွားရတော့သည်။

"ဗျာ-၊ ဘယ်သူ့ပုဆိုးမှ ကျွန်တော် မယူပါဘူးဗျ။ ကျွန်တော်က စာပို့လုလင်ပါ။ စာနှစ်စောင် ပေးစရာရှိလို့ လာတာ၊ ဟောဒီက အစ်ကိုက ကျွန်တော့်ပါးစပ်ထဲကို လက်ညှိုးကြီးနဲ့ ထိုးထည့်တယ်"

"မတော်လို့ ဖြစ်တာပါကွာ၊ မင်းက နောက်က ရောက်နေတာမှ ငါ မသိဘဲ။ ရမ်းပြီး လက်ညှိုးထိုးလိုက်တာ မင့်ပါးစပ်ထဲ ဝင်သွားတာပါ။ မင်းကလဲ ဘာဖြစ်လို့ စွပ်ကိုက်ရတာလဲကွ"

၎င်းအမေးကိုတော့ ဦးညွန့်မောင်က စာပို့လုလင်လေးကိုယ်စား ဝင်၍ ဖြေကြားလိုက်ပါသည်။

"မုန့်လက်ညှိုးမှတ်လို့ ထင်ပါရဲ့ကွာ"

စာပို့လုလင်ကလေးသည် ဘာမျှ ပြန်မပြောတော့ဘဲ ခပ်ပြုံးပြုံး

နှင့်ပင် စာနှစ်စောင်ကို ထုတ်ပေး၍ ပြန်ထွက်သွားလေ၏။

စာတစ်စောင်ကား ခင်မောင်ဦးဖို့ဖြစ်ပြီး ကျန်တစ်စောင်မှာမူ ဦးညွန့်မောင်အတွက် ဖြစ်လေသည်။ တူဝရီးနှစ်ယောက်သည် စာများကို ကပျာကယာပင် ကိုယ်စီဖောက်ဖတ်ကြ၏။

ဦးညွန့်မောင်၏ စာမှာ ရန်ကုန်မှ ညီမဖြစ်သူ ဒေါ်သိန်းဟန် ထံမှဖြစ်ပြီး စာထဲတွင် လက်ထပ်ပွဲတုန်းက မလာဖြစ်၍ ယခုမှပင် ယောက်မကိုလည်းတွေ့၊ အလည်အပတ်သဘောမျိုးလည်းဖြစ်ရန် အတွက် ယောက်ျားဖြစ်သူ ဦးဆန်းထူးကို ရုံးမှ ခွင့်တစ်လ ယူခိုင်းပြီး လာကြမည်။ သမီးဖြစ်သူ သန္တာဆန်းကိုလည်း ခေါ်ခဲ့မည် စသည်ဖြင့် ပါရှိ၏။ ခင်မောင်ဦးမှာ ဦးညွန့်မောင်၏ ကွယ်လွန်သူဇနီးဟောင်း ဒေါ်ဘုတ်ဆုံ၏ တူသာဖြစ်သောကြောင့် သူ့အကြောင်းကို ဒေါ်သိန်းဟန် က မရေးချေ။

ခင်မောင်ဦးအတွက် စာမှာကား ဆောင်တော်ကူးစာပေတိုက်မှ ဖြစ်၍ ပေးပို့လိုက်သော ဝတ္ထုစာမူအားလုံးကို ဖတ်ကြည့်ရာ အလွန် နှစ်ခြိုက်ပြီး စွဲလမ်းမိ၍ ကျန်ရှိသော စာမူ လေးပုံတစ်ပုံကို အမြန် ရေးသားပေးပို့စေလိုကြောင်း။ မိမိတိုက်မှပင် စရိတ်စက တာဝန်ယူ၍ ထုတ်ဝေမည်ဖြစ်ကြောင်း။ စာမူခကို ဆယ့်နှစ်ရာခိုင်နှုန်းပေးမည် ဖြစ်ကြောင်းများပါရှိ၏။

တူဝရီးနှစ်ယောက်စလုံးမှာ စာတွေဖတ်၍ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေရာ ဘာကိုမှ မဖတ်မိသော ခင်လှမျိုးမှာ တစ်ယောက်စီ၏ မျက်နှာ တွေကိုကြည့်ပြီး အားမလို အားမရဖြစ်လာလေ၏။

"ဘာစာတွေများတုန်း"

"အော် . . . မသိန်းဟန်တို့"

"ဆောင်တော်ကူးကပါ"

"ရှင်-မသိန်းဟန် ဆောင်တော်ကူးမလို့တဲ့လား"

"ဟာ-မျိုးကလဲ ကြဲကြဲဖန်ဖန်ကွာ။ ဆောင်တော်ကူးတာ မင်းနဲ့ မဆိုင်ဘူး။ မသိန်းဟန်က ဆိုင်တယ်။ လာ-အိမ်ထဲကျ ငါ ပြောပြမယ်"

ဦးညွန့်မောင်က ပြောပြောဆိုဆိုနှင့် ခင်လှမျိုး၏ လက်မောင်းကိုဆွဲ၍ ခေါ်ဝင်သွားလေ၏။ သူတို့ကဲ့သို့ပင် ခင်မောင်ဦးသည်လည်း အိမ်ထဲပင်ပြန်၍ ဝင်ရမည်ဖြစ်သည်။ သို့သော် သူကား ဆင်ဝင်အောက်သို့ ခြေဦးကို မတည့်ပါ။ ပြတင်းပေါက်ဆီသို့သာ ခြေဦးတည်ရှုပါတော့သည်။ ဒါမှ သူကလည်း လူတန်းစေ့ လုံချည်ကလေးနှင့် ဖြစ်နေမည် မဟုတ်ပါလား။

* * *

ခင်မောင်ဦးသည် စာပေတိုက်မှ စာကြောင့် အထူးအားတက်ကာ ဝတ္ထုကို အမြန်ပင် အပြီးသတ်၍ ပေးလိုက်သည်ဖြစ်ရကား။ မေတ္တာလက်ဆောင်စာအုပ်များပင် သူ့ထံသို့ ပြန်၍ ရောက်လာပြီဖြစ်၏။

သူ့အနေဖြင့် လုံးချင်းတစ်ခါမျှ မရေးဘူးသဖြင့် ပထမဆုံး လုံးချင်းကို တွေ့ရသောအခါ အလွန်ပင် ဝမ်းသာရွှင်လန်းအားတက်မိသည်။

"ကျေနပ်နေရုံနဲ့ မပြီးသေးဘူး၊ ကြိုးစားအုံးမှ"

မိမိကိုယ်မိမိ သတိပေးကာ နောက်တစ်ပုဒ်ကို ထပ်၍ ရေးပြန်၏။

တစ်နေ့လုံး စာရေးရသည်မှာ ညောင်းလာပြီဖြစ်သည်က တစ်ကြောင်း၊ ဦးနှောက်သည်လည်း ပင်ပန်းလာပြီဖြစ်သည် တစ်ကြောင်းတို့ကြောင့် ညနေစောင်းတွင် ခြံထဲသို့ ဆင်းလာခဲ့၏။

ခြံဝနားသို့ ရောက်သောအခါ ပန်းရုံလေးတစ်ရုံမှ သစ်ရွက်တစ်ရွက်ကို အမှတ်မထင် မျက်စိများက ရောက်သွားမိသည်။

မျက်လုံးများ ပြူးသွား၏။

အမွေးစုတ်ဖွားနှင့် ခူကြီးတစ်ကောင်ကို မြင်ရသည်။ ထို ခူမျိုးကို သူသည် မြင်ရလျှင် ရင်ထဲတွင် ရွံလည်းရွံ၊ ကြောက်လည်း ကြောက်သော စိတ်ဝေဒနာကို ခံစားရမြဲဖြစ်၏။ သို့သော် မျက်စိများက လွှဲ၍မရသည့်အပြင် ကြည့်လည်း ကြည့်ချင်တတ်သည်။ သို့ဖြစ်၍ ခင်မောင်ဦးသည် ခါးကို ကိုင်း၍ ခူကြီးကို ကြည့်သည်။

ထိုအချိန်တွင် ခြံဝသို့ လူတစ်အုပ် ရောက်လာသည်။ စာအုပ်သည် အရေအတွက် တစ်ခုတည်းရှိမှ စာအုပ်ကို သုံးလို့ရသည်။ သို့သော် လူသည် တစ်ထက်များ နှစ်ထက်လည်းများမှ တစ်အုပ်ဟု သုံးကြ၏။ ထူးပေစွ။

အဆိုပါ လူတစ်အုပ်မှာ အသက် ၄၄ နှစ်ခန့် မျက်မှန်နှင့် ယောကျ်ားကြီးတစ်ယောက်၊ အသက် ၄၀ ခန့် မိန်းမကြီးတစ်ယောက်နှင့် အသက် ၂၈ နှစ်ခန့် မိန်းမပျိုလေးကတစ်ယောက်၊ ပေါင်း သုံးယောက်တိတိဖြစ်လေသည်။ သူတို့တွင် အထုပ်အပိုးများပါသည်ကိုထောက်၍ ခရီးသည်များဖြစ်ကြောင်းကို သိနိုင်ချေ၏။

လူကြီးသည် ဦးဆောင်၍ ဝင်လာပြီး လက်ထဲမှ ထီးဦးနှင့် ခပ်ကိုင်းကိုင်းလုပ်နေသော ခင်မောင်ဦး၏ခါးကို နောက်မှ လှမ်းထိုးကာ. . .

STYLUS BOOKS

"ဟိတ်. . . မောင်ရင်"

ဟုခေါ် လိုက်သည်တွင် ရွှံ့ကြောက်ကြီးဖြစ်သော ခူကို ကြည့်နေဖိုဟ်ဖြစ်သော ခင်မောင်ဦးမှာ စအိုကို မိုးကြိုးပစ်ခံရသကဲ့သို့ ရင်ထဲတွင် ဒိုင်းကနဲဖြစ်သွားပြီး ခုန်၍လှည့်ကာ နင်းကန်လည်း အော်လိုက်သည်။

"အောင်မလေးဗျ"

"ဟဲ့ . . ."

လူကြီးကလည်း ယောင်အောင်ကာ ခုန်ထလိုက်ပြန်သည်။

ခင်မောင်ဦးမှာ လူတွေကိုမြင်မှ သတိရပြီး တစ်ဦးစီကို ကယျာကယာ ကြည့်လိုက်သည်။ မိန်းမပျိုလေးကို မြင်မိသေအခါတွင် သူ့ရင်ထဲတွင် အသက်ရှူရပ်သွားသလို ထင်ရ၏။ တခြားသူ၏ မျက်စိများတွင် ဤမိန်းမပျိုသည် ရွက်ကြမ်းရေကျိုသာ ဖြစ်ပါလိမ့်မည်။ သူ့အမြင်တွင်ကား လှပချောမောလိုက်သည့်ဖြစ်ခြင်း။ ပြီးတော့ ကျက်သရေမင်္ဂလာကလည်း အလျှံပယ်ဖြစ်နေသည်ဟု ထင်လိုက်မိသည်။ ရေစက်ပဲခေါ်ခေါ်၊ ရေလျှောင်ကန်ကြီးပဲခေါ်ခေါ် ဤမိန်းမပျိုကို မြင်လိုက်ရသည်တွင် ခင်မောင်ဦး၏ ရင်ထဲတွင် ဗလောင်ဆန်လှတော့သည်။ ကိုယ့်မေတ္တာကိုလည်း ဖောဖောသီသီကြီး ပေးပစ်လိုက်ချင်၏။ သူ့မေတ္တာကိုလည်း ကတ်သပ် ခြစ်ယူချင်၏။

ခင်မောင်ဦး၏ မျက်နှာမှာ အလွန်ချိုသွားပြီး ပြုံးဖြီးဖြီးနှင့် ဖြစ်လာလေ၏။

"ဟေ့ သူငယ်-၊ ငါက ခေါ်တာပါကွ။ ဘာလဲ၊ မင်း မျက်စိက စောင်းနေသလားဟေ့"

လူကြီးက စကားပြောလိုက်မှ၊ ခင်မောင်ဦးသည် ဖျန်းကနဲ သတိတွေပြန်ဝင်လာကာ လူကြီးဘက်သို့ မျက်နှာပိုးသတ်၍ လှည့်လိုက်ရသည်။

"အော်. . . ဟုတ်ကဲ့။ ခူနဲ့ တွေ့ချင်လို့လား"

လူကြီးသည် ခင်မောင်ဦးကို ကရုဏာသက်စွာနှင့် ကြည့်လိုက်၏။

"အော်. . . မောင်ရင်က စကားလဲ မပီဘဲကိုး။ ဘယ်သူနဲ့ တွေ့ချင်သလဲလို့ မေးတာဖြစ်မှာပေါ့-ဟုတ်လား"

မထူးတော့ပြီ၊ ချော်လဲမှတော့ ရော၍ပင် ထိုင်ချရတော့မည်။

"ဟုတ်ကဲ့၊ ရေစက်-ဟုတ်ပေါင်၊ ရှိပါတယ်ခင်ဗျ။ အထဲမှာ ရှိပါတယ်။ တွေ့ချင်တယ်မဟုတ်လား"

ဤတစ်ချီတွင်တော့ လူကြီးခမျာ ဘာထင်ရမှန်းလည်း မသိတော့။ ဘာတွေပြောမှန်းလည်း မသိတော့ချေ။ သူ့ ဉာဏ်ကလေး တစ်ထွာလောက်က မမှီလောက်သည့် စကားတွေပါတကား။

မိန်းမပျိုသည် ခင်မောင်ဦးကို ကြည့်နေသည့်ပုံမှာ ခင်မောင်ဦးက ခူကိုကြည့်နေဘိ၏သို့ ရှိလှသည်။ ပြီးတော့ နှုတ်ခမ်းကို မဲ့ရွဲ့၍ အနားက အဒေါ်ကြီးကို ရည်စူး၍ ပြောလိုက်၏။

"စမ်ဖြုဖြုနဲ့ သူက ဘယ်သူတုန်း မာမီ"

အဒေါ်ကြီးက ဘာပြောရမှန်းမသိ ဖြစ်နေစဉ် လူကြီးက ဝင်ပြော၏။

"ကိုညွန့်မောင်ရဲ့ ထမင်းချက် ဖြစ်မှာပေါ့ သမီးရယ်. . ."

ခင်မောင်ဦး တွန့်ကနဲ ဖြစ်သွားတော့သည်။

"တူ-ခင်ဗျ. . .၊ တူ-တူ"

"မင်းက ပုန်းပြီဆိုပါတော့။ ဒါထက် ဘယ်သူနဲ့ ကစားနေတာ လဲကွ"

"ဦးလေး ကျွန်တော်ဟာ ထမင်းချက် မဟုတ်ဖူး"

"ဒါဖြင့် ဘာချက်သလဲ"

"ဟိုဟာ-ဘာမှမချက်ဖူး"

"ဒါဖြင့် ခြံအလုပ်သမားပဲ"

"စွပ်စွဲလှချည်ကလားခင်ဗျာ။ ကျွန်တော်ဟာ ဦးညွန့်မောင်ရဲ့ တူခင်ဗျ"

ခင်မောင်ဦးက ဤသို့ပြောလိုက်သောအခါ လူကြီးက ဘာမှ ဖြစ်မသွားပဲ မိမွေးတိုင်း ဖမွေးတိုင်း ဣန္ဒြေမပျက် ရှိသော်လည်း အဒေါ်ကြီးမှာ ရိုးတိုးရွတ ဖြစ်သွားရတော့၏။

"ဟယ်-ကျားသားမိုးကြိုး မဖြစ်နိုင်ဘူး"

ခင်မောင်ဦးသည် အဒေါ်ကြီးဘက်သို့ လှည့်လိုက်ရာ မျက်စိများ အရှိန်လွန်၍ မိန်းမပျိုဘက်သို့ ရောက်သွား၏။ ရှစ်ခေါက်ချိုးကြီးနှင့် ဒိန်းကနဲ ဆိုင်လိုက်ရသဖြင့် အဒေါ်ကြီးဆီသို့ ပြန်ရွှေ့ကြည့်ရသည်။

"ဘာမဖြစ်နိုင်တာလဲ ဒေါ်ဒေါ်"

"မင်းဟာ ကိုကို့တူ မဖြစ်နိုင်ဘူး"

"ကိုကို့တူတော့ မဟုတ်ပါဘူး။ ကျွန်တော်ဟာ ဦးညွန့်မောင်ရဲ့ တူပါ"

"ဒါ-လုံးဝမဖြစ်နိုင်ဘူး"

လူကြီးက ကြားဝင်ဈေးစပ်၏။

"ဒီမယ် မသိန်းဟန်၊ မင်းက ဦးညွန့်မောင်ဟာ တရုတ်လို ခေါက်ဆွဲမစားတတ်ဖူးလို့ ဆိုချင်သပေါ့-ဟုတ်လား"

ခင်မောင်ဦးသည် ပြုံးလိုက်မိသည်။

"အော် . . . ဟုတ်ပါတယ်။ ကျွန်တော်ဟာ ဦးညွန့်မောင်ရဲ့ တူတော့ မဟုတ်ဖူးဆို မဟုတ်ဖူးပေါ့လေ"

လူကြီးက ရှုံ့သွား၏။

"တူမဆိုရင်တော့ ငါမယုံနိုင်ဘူးဟေ့"

ခင်မောင်ဦးက ပြုံးရပြန်သည်။

"ကျွန်တော်ဟာ ဦးညွန့်မောင်ရဲ့ ကွယ်လွန်သူ ဇနီးဟောင်း ဒေါ်ဘုတ်ဆုံရဲ့ တူပါ ခင်ဗျ"

ဤတွင်မှ ဒေါ်သိန်းဟန်မှာ ဘဝင်ကျသွားသည်။

"ဟုတ်တာပေါ့။ ကိုကို့တူဆိုရင် ငါ့တူဖြစ်နေမှာကိုး။ မင့်ကြည့်ရတာ ငါ့တူနဲ့ မတူ ဘူး၊ အဲလေ-မင်းဟာ ငါ့တူမှ မဟုတ်တာ"

"အော်-မသိန်းဟန်ကလဲ တူမ မဟုတ်ပါဘူးဆိုထားမှပဲ"

"ကိုဆန်းထူးကလဲ ဘာတွေဝင်ဝင်ပြောပြီး ဂွပြောတယ်မသိဘူး၊ ကျွန်မ ပြောတာ သူဟာ ကျွန်မရဲ့တူ မဟုတ်ဖူးလို့"

ထိုခဏတွင် ဆင်ဝင်အောက်မှ ဦးညွန့်မောင်ထွက်လာရာ ဝင်းဝနားမှလူအုပ်ကို မြင်သော် ပျာပျာသလဲဖြစ်သွားလေ၏။

"ဟာ-မသိန်းဟန်တို့၊ ကိုဆန်းထူးတို့ပါတလား။ စာရထားပေမယ့် ရက်အတိအကျ မပါဘဲကိုး။ လာကြ-အိမ်ထဲကို လာကြပါ။ ဝင်းဝမှာ ဘာရပ်လုပ်နေကြ တာလဲလို့. . ."

မိန်းမပျိုက မဲ့ရွဲ့၍ပြန်ဖြေသည်။

". . . . နဲ့ တွေ့နေလို့ပါဦးလေးရယ်"

ခင်မောင်ဦးမှာ ရင်ကိုခွဲ၍ အသည်းကို ဖနောင့်နှင့်ပေါက်လိုက်ခြင်းခံရသလို ဖြစ်သွားသည်။ ဘာမှမသိသူ ဦးညွန့်မောင်ကြီးကတော့ဖြင့် လေအရှိန်ကောင်းနေ၏။

"ဟယ်. . . ဒါ သန္တာဆန်းမဟုတ်လား"

"မတွေ့ကြတာ ကြာလှတော့ လမ်းတွေ့ရင်တောင်မှ ငါ့တူမ

ဒါသိမှာ မဟုတ်ဘူး။ အေးကွယ်၊ မင်းတို့ ရန်ကုန်လိုတော့ မဟုတ်ဖူးပေါ့။ ဒီနားမှာ မွေးမြူရေးတွေ လုပ်ကြတော့ ဘဲပေါက်ကလေးတွေတွင် မကဘူး၊ တစ်ခါတစ်ခါ ဝက်ကြီးတွေတောင် ခြံထဲဝင် ဝင်လာတတ်တယ် ကွယ့်။ သတိနဲ့ ရှောင်ကွင်းလာရတာပေါ့ကွယ်"

သန္တာဆန်းသည် ခင်မောင်ဦးကို မျက်စောင်းထန်ထန်ထိုး၍ ချာကနဲ လှည့်ကာ အိမ်ဘက်ဆီသို့ လိုက်သွားတော့သည်။ ရေစက်ဆုံခြင်းဟူသည်မှာ နှစ်ဦးစလုံးဘက်က ဖြစ်ထိုက်၏။ ယခုတော့ တစ်ဦးဘက်က ရေစက် တစ်ဦးဘက်က မီးစက် ဖြစ်နေသည်ကတော့ ဘယ်လိုအကျိုးပေးမှန်းမသိချေ။ သံသရာတွေ လည်ချင်မှဖြင့် ကံတွေက အယင်မျက်စိလည်ကုန်ကြပုံရသည်။

မကြာမီပင် သူတို့အားလုံးသည် ဧည့်ခန်းထဲတွင် ထိုင်မိကြတော့၏။ ဦးညွန့်မောင်တို့မောင်နှမမှာ ကုလားထိုင်ချင်းလည်း နီးစပ်၏။ ကွဲကွာနေကြသည်မှာ ကြာပြီဖြစ်၍လည်း ဆွေရေးမျိုးရေး စကားတွေကြွယ်နေ၏။ သန္တာဆန်းကတော့ တစ်ယောက်တည်း ခပ်တည်တည်ထိုင်နေ၏။ ခင်မောင်ဦးကို တတ်နိုင်သမျှ မကြည့်ပဲနေပြီး နံရံပေါ်မှ ရုပ်ပုံတွေကို လျှောက်ကြည့်နေ၏။ ရုပ်ပုံတွေ ကုန်သောအခါ မီးအိမ်တစ်ခုကို စိတ်ပါဝင်စားစွာ ကြည့်နေသည်။ ခင်မောင်ဦးနှင့် ဦးဆန်းထူးက ဒေါ်ဘုတ်ဆုံ ကွယ်လွန်ကြောင်း ကြားခဲ့ရသော်လည်း အလုပ်ကခွင့်မရ၍ မလာရကြောင်းမှစကာ ဒေါ်ဘုတ်ဆုံ၏ ရောဂါဝေဒနာအကြောင်းများကိုဆက်၍ စကားလက်ဆုံ ကျနေကြ၏။

ထိုအခိုက်တွင် အခန်းပေါက်ဝတွင် ခင်လှမျိုး ပေါ်လာသည်။

"ထမင်း ပြင်လိုက်တော့မယ်နော်-အစ်ကို"

ဦးညွန့်မောင်က စကားထဲ စိတ်ဝင်စားနေသဖြင့် ခင်လှမျိုး

အသံကို မကြားဘဲ သူ့ဘာသာသူ စကားဆက်ပြောနေသည်။ ခင်မောင်ဦးမှာလည်း သူနှင့် မဆိုင်သဖြင့် ဦးဆန်းထူးဘက်သို့ လှည့်၍သာ စကားပြောနေ၏။ စပ်စုသော ဦးဆန်းထူးက ခင်လှမျိုးဘက်လှည့်ကာ လှည့်ကာ လုပ်နေရာက ခင်မောင်ဦးကို ပြောလိုက်၏။

"ဟော့-ဟိုမှာ မင့်ကိုမေးနေတယ်"

"မဟုတ်ပါဘူး ဦးလေးဆန်းရဲ့၊ ဦးလေး ညွန့်မောင်ကို လှမ်းပြောနေတာပါ"

"ဟ. . . ကိုညွန့်မောင်ကို သူ ဒီလိုခေါ်ပါ့မလားကွ"

"ဟာ-ဦးလေးဆန်းကလဲ ဘယ်မိန်းမက သူ့ယောကျ်ားကို ဘဘကြီးလို့ ခေါ်ဟာ ဦးလေးဆန်းကြားဘူးသလဲ"

ခင်မောင်ဦး၏ စကားကို ကြားမှ အပေါက်ဝတွင် ရပ်လာသူမှာ ဘယ်သူဖြစ်သည်ဆိုခြင်းကို ဦးဆန်းထူး ရိပ်မိရတော့သည်။

"ဟယ်-လမ်းမှာ တွေ့ယင်တောင် ကိုယ့်မရီး ကိုယ်မှတ်မိမှာ မဟုတ်ဖူး"

ဦးဆန်းထူးက ကျယ်ကျယ်ပြောလိုက်မှ ဦးညွန့်မောင်မှာ ခေါင်းထောင်ကြည့်မိကာ ရယ်ရယ်မောမော လုပ်လိုက်ရင်း၊ ခင်လှမျိုးကို ထမင်းပြင်ရန် ပြောကြားလိုက်တော့သည်။

သံသရာများ လည်ပြီဆိုမှဖြင့် အသက်လေးကျော်ကြီးက အသက် နှစ်ဆယ်ကျော်ကလေးကို "မမ" ခေါ်ရကိန်းကြုံရတော့၏။

* * *

တစ်ညလုံး မက်လိုက်တဲ့ အိပ်မက်တွေ မပြောပါနှင့်တော့
ခင်မောင်ဦး ဒုက္ခရောက်ချေပြီ။

သူ့အသက်သည် ၂၁ နှစ် ကျော်ပါပြီ။ ၂၁ နှစ်ဆိုသည်မှ
နည်းသည့်အချိန်ကာလ မဟုတ်ပါချေ။ ရက်ပေါင်း ခုနစ်ထော
ခြောက်ရာကျော်သည် ပျမ်းမျှခြင်း ဆယ်ရက်တစ်ယောက်နှင့်တွက်လျှ
မိန်းမပေါင်း ခုနစ်ရာကျော်လောက် အနည်းဆုံး တွေ့မြင်ဘူးပါသည်
တစ်ယောက်ကိုမှ ဤသို့မဖြစ်ခဲ့။

ဒီ-ဘာမဟုတ်သည့် သန္တာဆန်းကျမှ စိတ်တွေ ဂယော
ဂယက်ဖြစ်လှသည်။ ဒီဟာမကလည်း ဝင်ဝင်ချင်း ဆောက်နှင့်ထွ
ဆိုသလို တွေ့တွေ့ချင်းကပင် မျက်နှာကို ရှစ်ခေါက်ချိုး ပစ်လိုက်သည်
ရှစ်ခေါက်ချိုးထားသည့် ယင်းမျက်နှာ ပုပ်ကြီးမှာ မွေးရာပါ မဟုတ်သဖြ
သူ့မျက်နှာလှပသည့်အချိန်ကာလကပင် ပို၍ များတတ်သည်။
အစိတ်အပိုင်းကလေးကိုပင် ခင်မောင်ဦး စွဲလမ်းနေရခြင်းဖြစ်ပေ၏

တစ်နေ့လုံး စာတွေ တကုပ်ကုပ်နှင့် ရေးနေသည်။

"ရင်ကို ဟင်းလင်း ဖွင့်ထားတယ်" စာအုပ်တုန်းက ပရိသ
ကို မျက်ရည်ယိုစေခဲ့၏။ ယခု-"ချစ်နာတာရှည်" ဝတ္ထုတွင်ကား ပရိသ
၏ အသည်းတွေကို ဖျန်းဖျန်းကွဲစေပါတော့မည်။ သူ့ကိုယ်နှိုက်ကလည်း
အသည်းကလေး မခိုင့်တခိုင်၊ သန္တာတိုးလို့ ယိုင်ခဲ့ရပြီကိုး။

ရေးလက်စ ဖောင်တိန်ကို ချ၍ ငေးလိုက်မိသည်။ ကြည့်
တိုင်းတွင် သန္တာဆန်း၏ မျက်နှာတွေ ထင်ထင်နေသဖြင့် စိတ်ကျဉ်းကျ
မိ၏။ ခြံထဲသို့ပင် ရဲရဲမကြည့်ဝံ့ချေ။ မတော်တဆ ခွေးချေးပုံ သွားကြည့်
မှဖြင့် မယ်သန္တာနံ့ရှာတော့မည်။

သူ့အနားသို့ ဦးညွန့်မောင် ရောက်လာလေ၏။

"အခြေအနေက ဘယ်နှယ့်တုန်းကွ"

"ဟာ. . . အခြေအနေကတော့ ကျွန်တော် သိပ်ကြိုက်နေပြီ"

'ဖင်းကြိုက်လို့ မပြီးသေးဘူး၊ လူတကာက ဝိုင်းကြိုက်မှဖြစ်မယ်'

"အမလေး ဦးလေးရယ်၊ လူတကာ ဝိုင်းကြိုက်ဖို့ မပြောနဲ့ စေ့စေ့ကြည့်တာတောင် ကျွန်တော် မခံနိုင်ဘူးလေ"

ခင်မောင်ဦး၏ စကားကြောင့် ဦးညွန့်မောင်မှာ မျက်လုံးပြူး သွားရသည်။

"မဟုတ်သေးပါဘူးကွ"

"ဟုတ်သေးပါတယ် ဦးလေးရယ်"

"ဟာ-မင့်ဝတ္ထုကို လူတွေ စေ့စေ့ကြည့်တာတောင် မခံနိုင်ယင် ဘာဖြစ်လို့ ထုတ်ဝေတော့မှာလဲကွ"

"အော်-ဦးလေးက ဝတ္ထုအကြောင်း ပြောနေတာကိုး"

"ဝတ္ထုအကြောင်း ပြောရမှာပေါ့ကွ။ မင်းက ဝတ္ထုရေးဆရာကိုး။ နေပါအုံး-အခု မင်းက လိုင်းပြောင်းပြီး ရောဂါပျောက်ကြောင်း ထောက်ခံစာတွေ ရေးနေလို့လား"

ခင်မောင်ဦးသည် မရယ်ချင့် ရယ်ချင် ရယ်လိုက်၏။

"မဟုတ်ပါဘူး ဦးလေးရယ်၊ မပြောမပြီး၊ မတီးမမြည်ဆိုတော့ ပြောရတော့မှာပဲ။ ဦးလေး စိတ်ဆိုးယင်လဲ ကျွန်တော် ခံမယ်"

"အခု မင်းဟာ ငါ့ကို လူပျိုစကား ပြောနေတာတော့ မဟုတ် ပါဘူးနော်"

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တော့ ဦးလေးရဲ့တူမ သန္တာဆန်းကို မြင်တာနဲ့ တွေ့တော့တာပဲ။ အဲလေ-မြင်တာနဲ့ ချစ်မိ တော့တာပဲ"

"ဟယ်. . . ဟယ်. . . ကောင်မလေးက မင့်ထက်ကြီးတယ်ကွ"

"ကြီးပလေစေလေ ကျွန်တော်က ကြီးကြီးမှ ကြိုက်တာ"

"ဟာ. . . ငယ်ငယ်က ကောင်းတယ်။ စိတ်ကူးမလွဲနဲ့ ခင်မောင်ဦး၊ ငယ်တာကိုသာ ရှာယူပါ"

"ဘာလဲ ဦးလေးက ကာဆီးကာဆီး လုပ်တာလား"

ထိုအခိုက်တွင် မမျှော်လင့်ပဲ ဦးဆန်းထူးကြီးလည်း ရောက်လာခဲ့ရာ သူတို့ပြောနေကြသော စကားအချို့ကို သူကြားလိုက်ရ၏။

"ဘာတွေကြီးတာကြိုက်လို့ တစ်ယောက်ကလဲ ဘာတွေငယ်တာရှာယူခိုင်းနေကြတာပါလိမ့်"

ခင်မောင်ဦးမှာ မျက်နှာပူသလိုဖြစ်သွားပြီး ဘာပြန် ပြောရမှန်းမသိဖြစ်သွားရသည်။ သို့သော် မျက်နှာပူစရာအကြောင်း မရှိသော ဦးညွှန့်မောင်ကမူ ခပ်တည်တည်နှင့် ပြန်ဖြေတတ်၏။

"အော်. . . အောက်ခံ ဘောင်းဘီဝတ်တဲ့ အကြောင်းပါ။ ဘောင်းဘီဆိုတာ ကြီးနေယင် ကောင်းမလားကွနော်. . ."

"ဘယ်ကောင်းပါ့မလဲ။ လမ်းသွားရင်း လျှောကျလို့ တုံ့ပြီးလဲမှာပေါ့"

"အဲဒါပေါ့ကွ၊ ဒါကြောင့် ငါက ငယ်တာရှာယူစါလို့ ပြောတာပါ"

ဦးဆန်းထူးသည် ခေါင်းကလေး တဆတ်ဆတ် လုပ်ရာက ဆတ်ကနဲ ဦးညွှန့်မောင်ကို မျက်လုံးပြူးကြည့်၏။

"ဘောင်းဘီဝယ်တာ ဆိုယင်လဲ ကိုညွှန့်မောင်က ဘာဖြစ်လို့ ကာဆီး ကာဆီး လုပ်နေရတာလဲ။ နော်ကွာ. . . . မောင်. . . . မောင်ခင်မောင်ဦး"

ခင်မောင်ဦးဘက် ချက်ချင်းလှည့်လာသဖြင့် ခင်မောင်ဦးမှာသည်း ရယ်ရယ်မောမောနှင့် ဝင်ရောရသည်။

"ဟုတ်တာပေါ့၊ တကယ်ဆို ဦးလေးဦးညွှန့်မောင်ဟာ ဘာမှကာဆီး ကာဆီး လုပ်နေစရာမလိုပါဘူးနော်။ ဦးလေးဆန်းကရော ကာဆီးကာဆီး လုပ်အုံးမှာလား"

ခင်မောင်ဦးက သူ့အဓိပ္ပာယ်နှင့်သူ ပြောသည်။ ဦးဆန်းထူးကသည်း သူ့ကိုယ်ပိုင် အဓိပ္ပာယ်နှင့်သူ နားလည်သည်။ ထို့ကြောင့် . . .

"ကာလဲမကာ၊ ဆီးလဲမဆီးပါဘူးကွာ မင့်သဘောအတိုင်းပဲ။ မင်းကြိုက်သလိုပဲပေါ့၊ မင်းကြိုက်သလိုပဲ"

ဦးညွှန့်မောင်ကြီးသည် မျက်နှာကြီး ရှုံ့မဲ့မဲ့ပြုရင်း "ဘာမျှလဲ အမှန်းကန်းမှန်းမသိ ဝင်ရှုပ်တာကိုးကွ" ဟုပြောကာ အခန်းအပြင်သို့ ထွက်ရန် ခြေဦးလှည့်လိုက်သည်။ ခင်မောင်ဦး သည်လည်း သူ့ဝတ္ထု ခိုးနေကြောင်းကို ဦးဆန်းထူးမသိစေလိုသဖြင့် ရောနှောပြီး- "ကျွန်တော် လဲ ခြံထဲဆင်းပြီး လမ်းလျှောက်လိုက်အုံးမယ်" ဟု ထ၍လှမ်းတော့ရာ သူများအခန်းထဲတွင် မကျန် ရစ်ခဲ့လိုသည့် ဦးဆန်းထူးကလည်း "ငါလဲ ဘယ်သွားရမယ် မသိပါဘူးကွာ" ဟု ပြောကာ လိုက်ထွက်လာလေတော့ သည်။

သူတို့တတွေ ဧည့်ခန်းထဲရောက်သည်နှင့် တစ်ပြိုင်နက် ဧည့်ခန်းထဲတွင်ရှိနေသော သန္တာဆန်းက မေးလိုက်သည်။

"ဟာ-ဦးဦး၊ အတော်ပဲ။ ဒီစာအုပ်တွေက များလှချည်ကလား ဘာလုပ်တာလဲ-ဟင်"

ဦးညွှန့်မောင်သည် သန္တာဆန်း၏လက်ထဲ၀ှ် "ဂင်ကို ဟင် သင်း ဖွင့်ထားတယ်" ဟူသော ဝတ္ထုစာအုပ်ကို ကိုင်ထားမှန်းသိ၏။

သို့ဖြင့် ရုတ်တရက် နောက်က ခင်မောင်ဦးရှိရာကို လက်ညှိုးထိုး၍ ပါးစပ်မှလည်း "ဟိုကောင်ကွာ. . ."ဟု နိဒါန်းပျိုးလိုက်သည်။ ခင်မောင်ဦးက မျက်လုံးကြီးပြူးပြမှ သူဝတ္ထုရေးသည်ကို လူမသိ စေလိုကြောင်းကို သတိရသွားသည်။

သန္တာဆန်းကား ဦးညွန့်မောင် လက်ညှိုးညွှန်ရာသို့ မျက်စိကို ရွေ့၍ လိုက်ကြည့်ရာ မွေးရာပါ အပြူးမဟုတ်ပဲ နေရင်းထိုင်ရင်းက တပြူးသည့် မျက်လုံးကြီးများနှင့် ရင်ဆိုင်ရလေရာ ဘာမှ နားမလည်နိုင်ပဲ ဦးညွန့်မောင်ကိုပင် ပြန်ကြည့်လိုက်သည်။ ထိုအခါ ဦးညွန့်မောင်သည် လုပ်မိလုပ်ရာ လုပ်ရင်း ဘာကို ဘယ်လို ပြန်ဖြေရပါ့ဟု စိတ်ထဲကွင် စဉ်းစားနေသည်။ သူ့လုပ်မိလုပ်ရာကား ထိုးလက်စ လက်ညှိုးကို ပြန်၍ မချပဲ ခြေဖျားထောက်၍ ခင်မောင်ဦး၏ ဦးခေါင်းပေါ် ကျော်၍ ထိုးသည်။ ထိုအခါ ဦးဆန်းထူးကလည်း သမင်လည်ပြန်ကြည့်ရာက အားမရနိုင်သဖြင့် နောက်ပြန်လှည့်ကြည့်၏။ သန္တာဆန်းမှာလည်း ခြေဖျားထောက်ကာ ခင်မောင်ဦး၏ ဦးခေါင်းပေါ် ကျော်ကြည့်သည်။

"ဟိုအကောင်" ဟုခေါ်လောက်စရာ သတ္တဝါ အစအနကို မတွေ့သဖြင့် ဦးဆန်းထူးသည် ဦးညွန့်မောင်ဘက်သို့ ပြန်လှည့်၏၊ ဦးညွန့်မောင်သည် လက်ညှိုးကို ဆက်လက်ထိုးထားပြန်ရာ ဦးဆန်းထူးမှာ မကျေမချမ်းနှင့် ပြန်လှည့်ပြီး တစ်ချက် နှစ်ချက်ပင် ဖောက်ကန်ဖောက်ကန် ခုန်ဆွ ခုန်ဆွ လှုပ်၍ကြည့်ပြန်၏။

ဤတွင် စိတ်ကူးရပြီဖြစ်သော ဦးညွန့်မောင်သည် လက်ကို ပြန်ချသည်။

"ဆောင်တော်ကူးစာပေက အကောင်လေကွယ်"

ဦးဆန်းထူးက ဝင်မေးသည်။

"အဲဒီ ဆောင်တော်ကူး စာပေဆိုတာ ဘယ်မှာလဲ"

"ရန်ကုန်မှာပေါ့ကွ"

"အော်. . . ရန်ကုန်ကို မိုင်ပေါင်းနှစ်ရာကျော်လောက်ကနေပြီး လက်ညှိုးထိုးပြနေတာကိုး။ ခြေဖျားထောက်ရုံမကဘူး၊ ထုတ်ပေါ်က တွဲလောင်းခိုကြည့်တောင် မြင်မှာမှ မဟုတ်တာ"

သန္တာဆန်းကမူ သူသိချင်ရာကို ဆက်၍မေး၏။

"ဆက်ပြောပါအုံးဦးဦးရဲ့၊ သန္တာက ကဗျာတွေ၊ စာပေတွေ ဝါသနာပါတယ်။ အဲဒီကောင်က ဘာဖြစ်တာလဲ"

"အဲဒီအကောင်က ငါ့သူငယ်ချင်းလေ။ ဒါနဲ့ လက်ဆောင် ပို့ထားတာ"

"ဟာ-ဒါဖြင့် ဖတ်ကြည့်အုံးမယ်။ ဖတ်လို့ကြိုက်ယင် တူမကို စာအုပ် လက်ဆောင်ပေးရမယ်နော်-"

ဦးညွန့်မောင်သည် သူ့ပိုင်ရှင်သဘောထားက ဘယ်လိုလဲဟု သိရအောင် ခင်မောင်ဦးဘက်သို့ မသိမသာကလေး ငဲ့ကြည့်သည်။ ခင်မောင်ဦးက ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်ကို သန္တာဆန်း ကတော့မတွေ့ပါ။ ဘေးနားက ဦးဆန်းထူးကတော့ တွေ့၏။ ဦးဆန်းထူး တွေ့သွားမှန်းလည်း ခင်မောင်ဦး သိသည်။ ထို့ကြောင့် ဆတ်ခနဲ ဆတ်ခနဲ ခေါင်းကို ဆက်ညိတ်ပြီး - "အခန်းထဲနေရတာ ခေါင်းထဲမှာ မူးနောက် မူးနောက်နဲ့ ခြံထဲသွားအုံးမှပဲ" ဟု တစ်ယောက်ထဲ ပြောသလိုလိုပြောပြီး ထွက်လာခဲ့လေသည်။

ခြံထဲသို့ ရောက်ခဲ့သော်လည်း သူ့တွင် ရည်ရွယ်ချက် မည်မည် ရရမရှိပါ။

ထိုကြောင့်ပင် ခြံဝတွင်ရပ်ကာ ဟိုငေးသည်ငေးနှင့် လုပ်နေ

သည်။ ချစ်မှမချစ်ရသေးသဖြင့် လွမ်းတာတော့လည်း မဟုတ်နိုင်ပါ။ သူများနှင့်မတူသော အဖြစ်ကို ခံစားနေရခြင်းသာဖြစ်သည်။ ကိုယ်က ချစ်မိရုံနှင့်လည်း သူများဆိုလျှင် ဒါလောက်ဖြစ်စရာမရှိ။ မိန်းကလေးက ပြန်ကြိုက်လို ကြိုက်ငြား မျှော်လင့်ချက်ကလေးနှင့် တရွရွ ဖြစ်နေရုံသာ ရှိသည်။ ယခု မိမိမှာမူကား သူက မိမိကို ကြောင်ချေးထက် ရွံမုန်းသလို ဖြစ်နေသည်။ ကြည့်လိုက်တိုင်းပင် ရှစ်ခေါက်ချိုး ချိုးပြနေ၏။ အမှုကို မကျူးလွန်မိကပင် ကြိုးမိန့်ပေးခံရသည်နှင့်တူနေ၏။

သို့ဖြစ်၍ သူ့စိတ်တွေ ရှုပ်ထွေးညစ်ကျုံနေသည်။

ထိုအခိုက်တွင်မှ လူရွယ်တစ်ဦးသည် ဘောင်းဘီရှည်ဝတ်၍ လက်မှ အထုပ်အပိုးကိုဆွဲကာ သူ့အနား ရောက်လာသည်။ ခင်မောင်ဦး သည် စိတ်ရှုပ်နေရာကပင် အနားတွင် လာရပ်သူကို တစ်ချက်ကြည့်ပြီး မသိသူဖြစ်သဖြင့် တစ်ဖက်သို့ ပြန်လှည့်ငေးနေသည်။ လူရွယ်သည် အိမ်ကြီးဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး ခင်မောင်ဦး၏ ဝမ်းဗိုက်ကို လက်ညှိုးလေးနှင့် ကုတ်လိုက်သည်။ ခင်မောင်ဦးမှာ ယားကျိကျိဖြစ်သွား၍ နောက်သို့တစ်ချက် ခုန်ဆုတ်လိုက်ပြီးမှ လှည့်ကြည့်သည်။ လူရွယ်က အိမ်ကြီးဆီသို့ပင်ကြည့်ရင်း ခင်မောင်ဦးကို မေး၏။

"အထဲမှာ သန်-ရှိသလား"

ခင်မောင်ဦးသည် မျက်နှာကို ရှစ်ခေါက်ချိုးလိုက်ကာ ပြန်ပြော သည်။

"မရှိဘူး၊ နာနတ်သီးနဲ့ ပျားရည်တွေ စားထားပြီးပြီ"

လူရွယ်သည် မျက်လုံးပြူး၍ ခင်မောင်ဦးကို လှည့်ကြည့်၏။

"ခင်ဗျားတို့က ဗိန္ဓောဆရာတွေလား"

"ဦးစံရှားဝတ္ထုပေါင်းချုပ်ကို ဖတ်လာတယ် ထင်တယ်။

ကျွန်တော့်ဝမ်းထဲမှာ သံကောင် မရှိဘူးလို့ဖြေရုံနဲ့ . . .”

“ဘာတွေလျှောက်ပြောနေတာလဲဗျ။ ကျွန်တော်မေးနေတာက ဒီအိမ်ကြီးထဲမှာ သန်-အဲ-သန္တာဆန်းရှိသလားလို့ မေးနေတာဗျ”

ခင်မောင်ဦး၏ရင်ထဲတွင် မီးတောက်သွားသည်။ သန္တာဆန်း၏အမည်နာမကို ထပ်၍လာရှာနေ၏။ သူကား မည်သူနည်း။ ဘုရား . . . ဘုရား. . .။ သန္တာဆန်း၏ ကြင်သူတော့ မဖြစ်ပါစေနှင့်။

“ခင်ဗျား-ဘယ်-ဘယ်သူလဲ။ ဘုရားတော့ မဟုတ်ပါဘူးနော်”

“ဘာဗျ”

“အဲလေ-ခင်ဗျား သန္တာဆန်းတော့ မဟုတ်ပါဘူးနော်”

“ဟာ. . . သန္တာဆန်းက မိန်းမဗျ။ ခင်ဗျား ကျွန်တော့်နာမည် သိချင်သလား”

“နေပါစေတော့၊ ကျွန်တော် သိချင်တာဟာ-”

“ခင်ဗျား ကျွန်တော့်နာမည်ကြားလိုက်ရရင် အံ့အားသင့်သွားမနော်-”

“အလကားနေရင်းလဲ အံ့အားတွေ သင့်မနေချင်ပါဘူး။ ကျွန်တော် သိချင်တာက ခင်ဗျားဟာ. . .”

“ကျွန်တော်ဟာ သမ္ဘာကျော်ဘဲဗျ။ ဘယ့်နှယ်-အံ့ဩသွားသလား”

“ကမ္ဘာကျော်တဲ့ . . . မအံ့ဩပါဘူးဗျာ”

“ကမ္ဘာကျော်တာ ပြောတာမဟုတ်ဘူး။ ကျွန်တော့်နာမည်က သမ္ဘာကျော်ဗျ။ ဘယ့်နှယ်လဲ၊ အံ့ဩမသွားဘူးလား”

“ဘယ်လိုလဲဗျ။ ကျွန်တော့်ကိုမြင်တာနဲ့ ဒီလူ အံ့ဩရမယ်မှုချလို့ ဘာဖြစ်လို့ တထစ်ချ အယူသည်းနေရတာလဲဗျ။ မအံ့ဩဘူးဗျာ။

မအံ့ဩဘူး။ ကဲ-ဘာလုပ်ချင်သေးလဲ"

"ပန်းချီဝါသနာမပါဘူးလား"

"နဂိုတွင် မကဘူး၊ ပိတုန်းတွေရော၊ ပျားတွေရော၊ ဘာမှ ဝါသနာမပါဘူး"

သမ္မာကျော် ဆိုသူသည် ခင်မောင်ဦးကို သနားစရာ သတ္တဝါကလေးအဖြစ် မြင်သွားပုံရသည်။

"ကျွန်တော့်ကို ဘယ်သူမှတ်နေသလဲ"

"ကျွန်တော် စိတ်ရှုပ်နေတယ်နော်။ ခင်ဗျားကပါ လာပြီး ရှုပ်ရှုပ် ရှုပ်ရှုပ်တွေ လုပ်မနေနဲ့"

"ကဲ-ကျွန်တော်ပဲ ဖွင့်ပြောပါတော့မယ်။ ကျွန်တော်ဟာ ပကြာခင်မှာ နာမည်လျှမ်းလျှမ်းတောက်လာတော့မယ့် ပန်းချီဆရာလေး သမ္မာကျော်-ဗျ"

"ခင်ဗျားနာမည်က ဇာတ်မင်းသားလိုလို၊ နတ်ဆရာလိုလို ဖြစ်နေပေမယ့် ကျွန်တော် မအံ့ဩဘူးဗျာ။ ဘာလုပ်ချင်သေးသလဲ။ ကျွန်တော် သိချင်နေတာက. . ."

ဤသူသည် သန္တာဆန်း၏ ချစ်သူပေလောကို သူသိချင်နေ၏။ သို့သော် သူ့စကားကို ဖြတ်တောက်လိုက်သော အသံကား နောက်ဖက်ခြံထဲကဖြစ်၍ သာယာလှ၏။ သို့သော် ခင်မောင်ဦးကို မိုးကြိုးပစ်သကဲ့သို့ ခံစားရစေသည်။

"ဟယ်. . . ကိုကိုကျော်၊ လိုက်လာတယ် ဟုတ်လား"

သမ္မာကျော်၏ မျက်နှာမှာလည်း ဘရာဆိုနှင့် ပွတ်ထားသော ကြေးပန်းအိုးကြီးသဖွယ် တလက်လက်ထသွားသည်။

"လိုက်လာရတာပေါ့. . . သန်ရယ်၊ သန်တို့က ဘယ်လိုဘဲ

မျက်ခြည်ဖြတ်သွား ပေမယ်လို့ အိမ်က ဒရိုင်ဘာလင်မယားက သေသေ ချာချာလိပ်စာပေးလို့ လိုက်ခဲ့ရတာပေါ့"

သန္တာဆန်းသည် အသံကလေးထွက်အောင် တစ်ချက်ရယ်လိုက်၏။ ခင်မောင်ဦး၏ အသည်းနှလုံးကို ဆင်တပ်ကြီးနင်းသလို ခံစားရသည်။ ဒီငနဲအတွက်တော့ ကြည်မျက်နှာ၊ ငါ့မှာတော့ ရှစ်ခေါက်ချိုးဖြစ်နေသည်။ တောက်-ပုတ်လိုက်ပါတော့လား-သန္တာရယ်။

"မျက်ခြည်ဖြတ်တာ မဟုတ်ပါဘူး ကိုကိုကျော်ရဲ့။ မင်းကလဲ နယ်ထွက်ပြီး ပုံတွေ လည်ဆွဲနေတယ်ဆိုတော့ ဖြန်းကနဲ ထွက်လာရတာမို့ အကြောင်းမကြားနိုင်တာပါ။ ကဲ-လာ၊ အိမ်ထဲ ဝင်ခဲ့ပါအုံး"

သမ္မာကျော်သည် ခင်မောင်ဦးကို တစ်ချက် ငဲ့ကြည့်လိုက်ပြီး မျက်နှာထား ခပ်မာမာ နှင့်ပင် သန္တာဆန်းနှင့်ယှဉ်၍ လျှောက်ဝင်သွားသည်။ ခင်မောင်ဦးမှာတော့ သန္တာဆန်းနှင့် ယှဉ်၍ လျှောက်ရန် အခွင့်အရေးကိုမဆိုထားနှင့် သန္တာဆန်း၏နောက်မှ ကုပ်ကုပ်ကလေးပင် လိုက်ခွင့်မရှိပါ။ ကြည့်လေ၊ ယခုအနားတွင် လာရောက်ပြီး စကားတွေရွှန်းရွှန်းဝေပြောနေသည့်တိုင် မိမိကို တစ်ချက်ကလေးမှမကြည့်။ ဖုတ်လေသည့်ငါးပိ ရှိသည်ဟူ၍မျှမထင်၊ ရွှင်ပြသည့် မျက်နှာကလေးကိုထား၊ နဂိုနေကလေးနဲ့ပင် မကြည့်။ မျက်နှာမူမှန်နေရမည်ဆိုလျှင် မိမိကိုမကြည့်။ မိမိကို ကြည့်ရမည်ဆိုလျှင်လည်း သန္တာဆန်း၏မျက်နှာသည် မူမမှန်တော့၊ အင်း. . . သံသရာဆိုသည် ကိုယ်လည်ချင်သလို လည်၍မရပါတကား။ ဦးလေးရေ-လာလှည့်ပါအုံး။ ကျွန်တော့်သံသရာကြီး က နောက်ပြန်ကြီးများ လည်နေရော့သလား။

"ဟို ဂွကျကျလူက ဘယ်ကလဲ သန်"

"လူရာမသွင်းစမ်းပါနဲ့ ကိုကိုကျော်ရာ၊ ဒီအိမ်ကြီးနဲ့ ဘာမှ

မဆိုင်တော့ဘဲနဲ့ ကပ်ရပ် နေတာပါကွာ၊ ဟား. . . ဟား”

ခင်မောင်ဦး၏ ရင်တစ်ခုလုံးကို ဆင်စာပ်ကြီး နင်းသွားလေပြီ။

* * *

သုံးလေးရက်ခန့်မျှ ကြာသွားပေပြီ။

ခင်မောင်ဦးအတွက်သော်ကား ဘာမျှ ထိုးတက်မှုမရှိ။ သန္တာဆန်းနှင့် စတွေ့သော နေ့ကကဲ့သို့ပင် ခင်မောင်ဦးသည် သန္တာဆန်းကို စွဲလမ်း၏။ သန္တာဆန်းကား ခင်မောင်ဦးကို မျက်နှာသာမပေး။ မျက်နှာပုပ်ကြီးကိုပင် ပေးမြဲဖြစ်၏။ ထမင်းဝိုင်းတွင်သာ ခပ်ကြာကြာကလေး တွေ့ရသည်။ အခြားအချိန်များတွင်ကား မတွေ့ရသလောက်ရှိ၏။ အိမ်ကလည်း ကျယ်၊ ခြံက လည်းကျယ်သမို့ သန္တာဆန်းသည် ခင်မောင်ဦးကို ရှောင်ရ တိမ်းရ လွယ်ကူလှသည်။ ပို၍ လွယ် သည်ကား ခင်မောင်ဦးမှာ အောက်ထပ်စာရေးခန်းတွင် စာထိုင်ရေးနေရုံသာ အိမ်တွင်းတွင်ရှိ၏။ တစ်ဖန် ခြံထဲဆိုပြန်လျှင်လည်း အိမ်ရှေ့ခြံဝနားလောက်တွင်သာ လမ်းလျှောက်နေတတ်၏။ ထို့ကြောင့် သန္တာဆန်းအနေနှင့် ခင်မောင်ဦးကို လွယ်လွယ်နှင့် ရှောင်နေနိုင်သည်။

ခင်မောင်ဦးမှာကား စားပွဲတွင်သာ ထိုင်နေရ၏။ စာရေးခြင်းမှာ မတွင်ကျယ်လှချေ။ တချို့နေ့များဆိုလျှင် တစ်နေကုန်မှ တစ်ပိုဒ်လောက်သာပြီး၏။ ချစ်နေရလျှင်လည်း အချစ်ဝတ္ထု ရေးနိုင်မည်။ လွမ်းနေရလျှင်လည်း အလွမ်းဝတ္ထုရေးနိုင်မည်။ ခုတော့ စိတ်တွေ ညစ်နေရသဖြင့် အညစ်ဝတ္ထုကြီးသာ ရေးရတော့မည်ကဲ့သို့ ဖြစ်နေ၏။

STYLUS BOOKS

ရင်ထဲတွင် သမ္မာကျော်ကို မနာလို ဝန်တိုချင်သလိုလို ဖြစ်မိသည်။ ယခု ထက်ထိ လည်း သန္တာဆန်းနှင့်ပတ်သက်၍ သမ္မာကျော်သည် မည်သည့် အဆင့်တွင်ရှိသည်ကို ဖမ်း၍မရ ချေ။ မိတ်ဆွေလို ချစ်သလား။ မိတ်ဆွေ ထက်ပို၍ ချစ်သလား . . . ဝေခွဲ၍မရတိုင်း ရင်ထဲတွင် ကလိကလိနှင့် ကာယကံရှင်တွေကို ပြေး၍ မေးလိုက်ချင်သည်။

"သန္တာ-သန္တာရဲ့အသည်းနှလုံးကို ဟိုခွေးမသားကို ပေးလိုက်ပြီလား ဟင်"

နဂိုကမှ ပုပ်နေသော သန္တာဆန်းသည် ဤသို့မေးလိုက်သည်နှင့် တစ်ပြိုင်နက် သူ့ကို ဖိနပ်နှင့်ရိုက်တော့မည် မုချဖြစ်၏။ မဖြစ်သေး။

"ဒီမယ်-ကိုသံပုရာကြော်၊ အဲလေ ကိုသမ္မာကျော်၊ သန္တာဟာ ခင်ဗျားနဲ့ ကြိုက်နေ သလား-ဟင်"

ဤသို့မေးရန်ကလည်း မလွယ်။ ဟိုခွေးမသားသည်လည်း ခင်မောင်ဦး၏အပေါ်တွင် ခပ်ထယ်ထယ်ဖြစ်၏။ စကားမပြောချင်သလို ပြောချင်သလို ဆက်ဆံသည်။ တကယ်တော့ သူ့ကို အပြစ်မဆိုသာပါ။ သန္တာဆန်းကိုယ်တိုင်က ခင်မောင်ဦးသည် . . . ဟု ကင်ပွန်းတပ်ခဲ့သည် မဟုတ်ပါလား။ ရက်စက်နိုင်လွန်းပါတဲ့သန္တာရယ်။

အောက်ထပ်တွင် သမ္မာကျော်သည်လည်း အလုပ်ခန်းတစ်ခန်းရ၏။ သူသည် သူ့ အခန်းထဲတွင် အီဇယ်ကြီးထောင်၍ ပန်းချီဆွဲနေတတ်၏။ နိုင်ငံခြားသားများသည် သူ့ပုံများကို တော်တော်ကြိုက်သည်ဟု သူကတော့ "အာလူးဖုတ်" သည်။ ဟုတ်၊ မဟုတ်တော့ မသိနိုင်ပါ။ ယခုလည်း ဘာပုံဆွဲနေသည်ကို ခင်မောင်ဦးမသိ။ သိလည်း မသိချင်ပါ။ သန္တာဆန်းက ပုံဆွဲခြင်း ကိုတော့ ဝါသနာပါပုံမရ၊ ထို့ကြောင့် သူပုံဆွဲနေစဉ်တွင်သန္တာဆန်းသည် အပေါ်ထပ်တွင် စာဖတ် နေလေမည်

ဖြစ်၍ သူတို့ချင်း တပူးတွဲတွဲမရှိနိုင်။ ဒါကလေးကပင် ခင်မောင်ဦးအဖို့ အသက်ရှူချောင်ချင်၏။

ပုံမဆွဲသည့်အချိန်ဆိုလျှင် မျက်စိပင် နောက်ချင်သည်။ မနေ့က ဧည့်ခန်းထဲက မြင်ကွင်းကို ခင်မောင်ဦး မမေ့နိုင်။ မမေ့လို့ သတိရမိတိုင်းလည်း ရင်နာသည်။ သမ္ဘာကျော်နှင့် သန္တာဆန်းတို့ နှစ်ဦးသည် ဧည့်ခန်းထဲတွင် ထိုင်နေကြသည်။ သမ္ဘာကျော်၏လက်ထဲမှ ပန်းချီနှင့်ပတ်သက်သော စာအုပ်ကြီးကို နှစ်ယောက်အတူ ကြည့်နေကြသည်။ စာအုပ်ကိုဖွင့်၍ ကိုင်ထားသော သမ္ဘာကျော်၏လက်သည် သန္တာဆန်း၏ ပေါင်ပေါ်ကို ထိနေသည်၊ သန္တာဆန်းကတော့ ပြုံးပြုံးပင်ရှိနေ၏။ သူတို့ နှစ်ယောက်သည် ချစ်သူတွေပင် ဖြစ်ကြရာသည်။

"တောက်. . . "

အနားသို့ ချဉ်းကပ်လာသော ဦးညွန့်မောင်မှာ တစ်ကိုယ်လုံး ဆတ်ဆတ်ခါသွားအောင်ပင် လန့်သွားမိသည်။

"လန့်လိုက်တာကွာ၊ မင်းက ဒီအိမ်မှာ မရှိတဲ့ခွေးကို ခေါ်နေတာလား။ ဒါမှမဟုတ်ယင် စက္ကူတွေ ဈေးတက်လို့ မကျေမချမ်းဖြစ်နေတာလား"

"တစ်ခုမှမဟုတ်ဖူး ဦးလေးရေ၊ ကျွန်တော့်ကို ဝင်္ခလိုက်နေလို့"

"ဒါဖြင့် ကြောင်ဖြစ်မှာပဲ၊ ကြောင်သာဝပ်ပြီး လိုက်တတ်တာ"

ခင်မောင်ဦးသည် ဘာမှမပြောတော့ပဲ သူ့ရှေ့တွင် ဦးညွန့်မောင် ဝင်ထိုင်လိုက်သည်ကိုသာ ငေးကြည့်နေမိတော့၏။ ဦးလေးသည် ကလေးတော့မဟုတ်ပါ။ ဒါပေမဲ့ တစ်ခါတစ်ရံ ကလေးထက်ပင် ဆက်ဆံရကြပ်သေး၏။

နှစ်ယောက်သား ဘာမှ မပြောကြပဲ ထိုင်၍ ကျိတ်

ကြောင်တောင် လုပ်နေကြသည်။ ခဏကြာတော့မှ ဦးညွန့်မောင်သည် ဘစ်စုံတစ်ခုကို စိတ်ပိုင်းဖြတ်လိုက်ဟန်နှင့် စကားစ၍ ပြောသည်။

"ငါတော့ မောင်းချချင်ပြီ"

ခင်မောင်ဦး၏ အာရုံမျက်စိထဲတွင် ဘုရားစင်နားမှ မောင်းကြီးကို မြင်မိသည်။

"အပေါ်မှာ သူ့ဖာသာ သူနေတာ ကောင်းသားပဲ။ ဘာဖြစ်လို့လဲ"

"ဟာ-ငါမျက်စိ နောက်လာပြီကွ"

"အို. . . ဦးလေးကလဲ။ အောက်ကျတော့ကော ဘာလုပ်မှာလဲ။ ထမင်းစားခါနီး တီးဖို့လား"

"အောင်မာ-ဒီကောင့်ကို တီးဘို့အတွက် ထမင်းစားခါနီးအချိန်တွေ ဘာတွေ ရွေးနေရမလားကွ။ အချိန်မရွေးတီးနိုင်တာပဲ"

"ဟာ-ခဏ ခဏတီးနေယင် သူများတွေက လေလံပစ်ကယ်ထင်မှာပေါ့"

"ဟေ့ ခင်မောင်ဦး မင်း ဘာတွေပြောသလဲ"

"မောင်းတီးတာ ပြောတယ် ဦးလေးရဲ့ . . . "

"ဘယ်က မောင်းလဲ"

"ဘုရားစင်နားက မောင်းလေ။ ဦးလေးပဲ စောစောက မောင်းကြီးကို အောက်ကို ချလာမလို့ဆို"

"မင်းလေ ဝတ္ထုရေးဆရာပီပီ အတွေးက တယ်ခေါင်တယ်။ ငါ ပြောတာက ဟိုကောင့်ကို အိမ်ပေါ်က မောင်းချချင်ပြီလို့ ပြောတာ",

"ကိုသမ္ဗာကျော်ကိုလား"

"ဟိုကောင်ဆိုမှ သူပဲ ရှိတာပေါ့ကွ"

"ဦးလေးဆန်းလဲ ရှိသေးတာကိုး"

"ဟ-ငါ့ယောက်ဖ ငါ ဘာကြောင့် မောင်းချရမှာလဲကွ"

"အော်-ဒါဖြင့် ဒီကောင်က ဦးလေးရဲ့ ယောက်ဖမဟုတ်လို့ မဟုတ်ရကောင်းလားဆိုပြီး မောင်းချချင်တာလား"

"မဟုတ်ပါဘူးကွာ။ မျက်စိနောက်တယ်"

"ဘာဖြစ်လို့ မျက်စိနောက်တာလဲ"

"ပန်းချီဆွဲလို့"

"မဆိုင်တာပဲ ဦးလေးရယ်။ သူ့အခန်းထဲ သူဆွဲတာ ဦးလေး မကြည့်ဘဲနေယင် ပြီးတာပေါ့"

ဦးညွန့်မောင်သည် ခဏတော့ တွေသွားသေး၏။

"ဒါပေမယ့် မျိုးကွ။ မျိုးက ရှိသေးတယ်"

"သူကဘာလဲ။ မင်းမျိုးမို့လား"

"ဘာလဲကွ၊ ငါ့မယား မျိုးကိုပြောတာ။ မျိုးက သူ ပန်းချီဆွဲနေ ယင် သွားထိုင်ပြီး ကြည့်နေတော့တာပဲ"

ပြောရင်းက ဦးညွန့်မောင်သည် ငိုသံပါလာ၏။

"အယင်ကဆို မျိုးဟာ ငါနဲ့ ဒန်းစီး စီးနေတယ်။ ခုတော့ သူ ငါ့နားကို သိပ်မကပ်တော့ဘူး"

"ဦးလေးက မျိုးကို ဟော့ ငါနဲ့ ဒန်းစီးရအောင်လို့ ဖွင့်ပြော ပါလား"

"ပြောပါတယ်၊ သူက ညော့်သည်တွေရှေ့မှာ ရှက်သတဲ့ကွ။ ရှက်လို့ မစီးချင်လဲ နေပါ၊ ငါ့နားမှာတော့ နေပေါ့"

"ဒါဖြင့်-ဟဲ့-ငါ့နားမှာ နေပေါ့လို့ ပြောပါလား"

"ဟာ. . . မျိုးကို ငါမနိုင်ဘူးကွ။ ဒါကြောင့် ခွေးမသားကို

မောင်းချမယ် စိတ်ကူးတယ်"

ခင်မောင်ဦးသည် လက်ဝါးကြီးကာရင်း လွှတ်ခနဲ ပြောသည်။

"အောင်မယ်လေး-မလုပ်လိုက်ပါနဲ့ ဦးလေးရယ်"

"မင်းက ဘာဖြစ်လို့ မောင်းမချချင်ရတာလဲ၊ မင်း ယောက်ဖ ဖြစ်နိုင်မယ့် အလားအလာရှိလို့လား"

"မဟုတ်ပါဘူး ဦးလေးရဲ့၊ သန္တာတို့က ကိုကိုကျော်-ကိုကိုကျော်နဲ့ သိပ်အရေးပေးတာ"

"အေးလေ-ဒါကြောင့် ပိုပြီး မောင်းချသင့်တာပေါ့၊ နို့ . . . မင်းက သန္တာကို ကြိုက်တယ်ဆို၊ သူတို့ချင်း ကွဲကွာသွားမှ မင်းနဲ့ နီးစပ်မှာပေါ့ကွ"

"မလုပ်ပါနဲ့ ဦးလေးရယ်၊ ဒီကောင့်ကို မောင်းချယင် သန္တာတို့ကပါ စိတ်ဆိုးပြီး ဆင်းသွားမှာပေါ့။ နောက်ပြီး ကျွန်တော် ဒါမျိုးကို မလိုလားပါဘူး။ တံတားကို မြှင့်မတင်နဲ့၊ မြစ်ကို နှိမ့်ချဆိုတဲ့ ဝါဒမျိုး ကျွန်တော့်မှာ မရှိပါဘူး။ ကျွန်တော့်အစွမ်းနဲ့ ကျွန်တော် သန္တာ ချစ်လာအောင် ကြိုးစားတော့မယ်။ ဒါမှ ချစ်မလာဘူးဆိုယင်လဲ ကံအတိုင်းပေါ့ ခင်ဗျာ"

"သူတို့က တစ်လထဲနေမှာနော်။ မင့်ကံက တစ်လအတွင်းမှာ ကောင်းမယ်လို့ ဗေဒင်က ဟောထားသလား"

ခင်မောင်ဦးသည် ဘာမှပြန်မပြောတော့ဘဲ ခြံထဲသို့ ငေး၍သာ ကြည့်နေမိ၏။

သစ်ကိုင်းအဟောင်းတစ်ခုကို ပြောင်း၍ ချည်နှောင်ထားသော ဒန်းကလေးမှာ စီးမည့်သူမရှိပဲ တွဲရရွဲကျနေသည်။

မိမိ၏ရင်ထဲမှ အသည်းနှလုံးသည်လည်း ပိုင်ရှင်မရှိသလို

လေဟာပြင်ထဲတွင် တွဲရရွဲရောက်နေသလို ခံစားရသည်။ "ဆောင်တော်ကူး" စာပေမှ စာမူတွေ ဆက်ပို့ခိုင်းစာတွေ ရောက်လှပြီ။ စိတ်သည် လွတ်လွပ်ရှ ကူးနိုင်မည်။ ခုတော့ မိမိ၏စိတ်သည် ပိုးအိမ်မျှင်တွေကြားထဲတွင် ရုန်းကန်နေရဘိ၏။

* * *

နံနက်ခင်းဖြစ်၍ မီးဖိုထဲတွင် ဒေါ်သိန်းဟန်၊ ခင်လှမျိုးနှင့် အိမ်ဖော် လင်မယားတို့ အလုပ်ရှုပ်နေကြသည်။

ခင်မောင်ဦးသည် ညှော့ခန်းထဲသို့ ရောက်လာချိန်မှာ ညှော့ခန်းတွင် ဦးဆန်းထူး၊ ဦးညွှန့်မောင်၊ သန္တာဆန်းတို့ ရှိကြ၏။ သန္တာဆန်းသည် ဦးညွှန့်မောင်ကိုသာကြည့်၍ စကားပြောနေသည်။

"ဦးဦး-မောင်လွမ်းပင်ရေးတာ ဒီတစ်ခါပဲ သန္တာ ဖတ်ဖူးတယ်။ ဒီတစ်ခါပဲ သိပ်ကြိုက်သွားတာပဲ။ စာအုပ်ကို ပေးလိုက်နော်"

ခင်မောင်ဦးမှာ ရုတ်တရက် မိုးပေါ်သို့ လွင့်သွားသလား မှတ်ရသည်။ သို့သော် သန္တာဆန်းကား "မောင်လွမ်းပင်" ဆိုသည်မှာ မိမိမှန်း မသိ၍သာ ပြောနေခြင်းဖြစ်ကောင်း ဖြစ်မည်။ မိမိမှန်းသိလျှင် စာအုပ်ကိုပင် ဆုတ်ပစ်မည်လားမသိ။ ခင်မောင်ဦးသည် ရုတ်တရက် အဝီစိသို့ ကျသွားသလား မှတ်ရသည်။

"ဟဲ. . . ဟဲ. . . နင်က မောင်လွမ်းပင်ကို ကြိုက်သပေါ့"

"သိပ်ကြိုက်တာပေါ့ ဦးဦးရဲ့"

"ကြိုက်ယင် ကောင်းတယ်၊ ငါ ပြောပေးမှာပေါ့"

"ဘာလဲ၊ ဦးဦးကလဲ၊ စာကို ကြိုက်တယ်ပြောတာပါ"

"လူကိုလဲ ကြိုက်ပါလား ဟယ်-။ ဒီကောင်လေးက တော်ပါတယ်ဟဲ့"

ခင်မောင်ဦးမှာ မျက်နှာတွေ ထူသွားသော်လည်း စိတ်ထဲက ဦးညွန့်မောင်ကို ဦးချနေမိ၏။ သူနှင့် ပေါင်းနေသမျှ ဆွေရိပ်မကင်း မျိုးရိပ်မကင်း ဖြစ်နေသမျှ သံသရာတွေ ရှည်လေဦးမည်။

"ဦးဦးက သူ့ကို သိလို့လား။ သူက လူပျိုမို့လား"

"လူပျိုပါဟ၊ ငါ သိပါတယ်။ တစ်ခုတော့ရှိတယ်။ သူက သူ့ထက်အသက်ကြီးတဲ့ မိန်းမကိုမှ ယူမယ်-တဲ့"

"သူ့အသက်က ဘယ်လောက်ရှိပြီလဲဟင်"

"သုံးလသားပဲ ရှိသေးတယ်"

"သွား-၊ သန္တာက အဟုတ်မှတ်လို့။ သူ့ စာအုပ်တွေ နောက်ထွက်ယင်လဲ သန္တာ့ကို ပေးအုံးနော်"

"ဟဲ့ . . . ဆောင်တော်ကူး စာပေက ပေးမှ ငါက ရမှာ၊ သူက တစ်ခြားတိုက် ပြောင်းရေးယင် ဘယ့်နှယ်လုပ်မလဲ၊ ငါ ပြောသလို နင်-သူ့ကိုသာ ကြိုက်လိုက်ပါဟယ်။ သူက လူပျိုပါ၊ တကယ်ပါ၊ ငါ သိပါတယ်"

"သူ့ လိပ်စာလေး တောင်းပေးပါလား၊ သန္တာ မိတ်ဆက်ချင်တယ်"

ထိုခဏတွင် ဝုန်းဝုန်း ဒိုင်းဒိုင်းနှင့် သမ္ဘာကျော်သည် ရောက်ရှိလာလေ၏။ လက်ထဲတွင်လည်း ပုံဆွဲစက္ကူကြီးကို ကိုင်ထားသည်။

"ဒါ-သက်သက် စော်ကားတာ"

ဦးညွန့်မောင်က အံ့ဩစွာနှင့် လှမ်းပြောသည်။

"ဟော့-ဒို့အိမ်မှာ သက်သက်မရှိဘူးကွ"

"မဟုတ်ဖူး၊ ကျွန်တော့်ကို စော်ကားတယ်။ ဒီမှာ ကြည့်ပါအုံး"

သူသည် လက်ထဲမှ ဆွဲလက်စ ပန်းချီကားကြီးကို ထောင်ပြသည်။ ခင်မောင်ဦးမှာ ရယ်ချင်သလိုလို ဖြစ်သွားမိ၏။

ရုပ်ပုံမှာ မိန်းမပျို၏ ကိုယ်တစ်ဝက်ပုံ ဖြစ်သည်။ ရုပ်ကလေးမှာ တော်တော်ပင် လှပါသည်။ သို့သော်. . . တစ်စုံတစ်ယောက်က မျက်မှန်နှင့် နှုတ်ခမ်းမွေးကြီးများ တပ်ပေးထားရာ ရုပ်ပုံမှာ မိန်းမလျာထဲတွင်မှ တော်တော်ပင် အရုပ်ဆိုးသော မိန်းမလျာ ရုပ်ပုံမျိုးကြီး ဖြစ်နေသည်။ မျက်မှန်မှာ ရွဲ့နေပြီး အဝိုင်းချင်း တစ်ဖက်နှင့်တစ်ဖက်မှာ မညီချေ။ လက်ျာဘက်က မျက်မှန်အဝိုင်းကြီးမှာ အထက်သို့လားသော မျက်ခုံးကို ကျော်၏။ အောက်သို့လားသော် ပါးလယ်ရောက်သည်။ နှုတ်ခမ်းမွေးကတော့ ဖူးမန်းချူးကို ပြိုင်သလားမှတ်ရအောင် ကုပ်ကွေးနေသည်။

"ဒီလူယုတ်မာတော့လား၊ လက်ဆုပ်လက်ကိုင်များမိယင် ငုတ်တုတ်က အသက်ပျောက်ရစေ့မယ်"

သန္တာဆန်း၏ အသံကိုကြား၍ ခင်မောင်ဦးသည် အသာလှည့်ကြည့်လိုက်သည်။ ဝင်းဝင်းတောက်နေသော မျက်စောင်းမှာ မိမိကို ထိုးနေသည်။ ခင်မောင်ဦးမှာ ရယ်ချင်စိတ်တွေ ချက်ချင်းပျောက်သွားပြီး ရင်ထဲတွင် နင့်ကနဲ ဖြစ်သွားမိကာ ဦးခေါင်းကို ငုံ့ထားလိုက်သည်။ သန္တာဆန်း၏ အသံကိုကား ဆက်လက်၍ ကြားနေရသေး၏။

"ဘယ်သူဖြစ်မယ်ဆိုတာ သန္တာရိပ်မိပါတယ်။ ဒါပေမယ့် လက်ပူးလက်ကြပ် မဖြစ်သေးတော့ မပြောချင်သေးဘူး"

မိမိအတွက် မကောင်းသော အဓိပ္ပာယ်များနှင့် ပြောနေသည့်တိုင်အောင် ဒီအသံလေး ကြားနေရသရွေ့တော့ ကံကောင်းသည်

ဆိုရမည့် ခင်မောင်ဦး။ ရင်နာစရာ အချစ်၏ ကျေးကျွန်ဖြစ်နေရှာသည်။

သမ္မာကျော်က ဖြတ်ပြော၏။

"ဒါ. . . အပြင်လူ မဟုတ်နိုင်ဘူး။ အတွင်းလူပဲ ဖြစ်ရမယ်၊ အို. .. . အိမ်သားအားလုံးကို တိုင်တည်မယ်။ မျိုးကိုလဲ သွားပြောအုံးမှ"

ပြောပြောဆိုဆိုနှင့်သမ္မာကျော်သည် ဧည့်ခန်းထဲမှ ပြန်ထွက်သွား၏။ သန္တာဆန်းသည် ခင်မောင်ဦးကို မျက်စောင်းထိုးလိုက်ပြန်ပြီး "ခွေးလောက်မှ စိတ်ထားမကောင်းတဲ့ဟာက လုပ်မှာပဲ" ဟုပြောကာ ခြေကိုဆောင့်နင်း၍ အပေါ်ထပ်သို့ တက်သွားလေတော့၏။

ခင်မောင်ဦးကား ခပ်ကုပ်ကုပ်နှင့် သူ့စာရေးခန်းထဲ ဝင်လာခဲ့သည်။ ချက်ချင်းလိုလိုပင် ဦးညွန့်မောင်သည် သူ့နောက်က လိုက်လာခဲ့၏။

"ဟော့-ခင်မောင်ဦး၊ မင်းများ သွားလုပ်မိသလား"

"ကြဲကြဲဖန်ဖန် ဦးလေးရယ်။ ကျွန်တော်က ကလေးမှ မဟုတ်တာ။ ဘာဖြစ်လို့ ရုပ်ပုံမှာ နှုတ်ခမ်းမွေးတွေ၊ မျက်မှန်တွေ တပ်ရမှာလဲ၊ ကျွန်တော် ဒီအရွယ်ကို လွန်မြောက်ခဲ့ပါပြီ"

"အေး-ငါလဲ မင်း အသက်ဟာ ဒီလောက်တော့ မကပါဘူးလို့ မှတ်နေပါတယ်။ ဒါပေမယ့် ဒီကောင့်ကို သန္တာက အရောဝင်လွန်းလို့ မင်းကများ မနာလိုဖြစ်ပြီး-"

"အော်-မဟုတ်ပါဘူးဆိုမှပဲ ဦးလေးရယ်။ သန္တာဟာ ကျွန်တော့်ကို ချစ်တာ မချစ်တာပဲ ကျွန်တော့် ပြဿနာပါ။ သူ့ကို မုန်းတာ မမုန်းတာ ကျွန်တော်နဲ့ မဆိုင်ပါဘူး။ နောက်ပြီး-ဦးလေးပဲ စဉ်းစားကြည့်ပါအုံး၊ ဒီအရုပ်မှာ နှုတ်ခမ်းမွေး တပ်လိုက်ယင် သန္တာက ဒီကောင့်ကို မုန်းသွားရောတဲ့လား။ ဘာဆိုင်သလဲခင်ဗျာ"

ဦးညွန့်မောင်သည် သူ့မေးကလေးကို သူ ပွတ်လိုက်၏။

"အေး-မင်းလုပ်တာ မဟုတ်ဘူးဆိုတော့ စဉ်းစားရ ကြပ်တယ်။ ငါလဲ လုပ်တာမဟုတ်ပါဘူးကွ။ ငါ ဒီကောင်ကိုသာ မောင်းချချင်တာပါ။ အရုပ်ကို မျက်မှန်တွေ နှုတ်ခမ်းမွေးတွေ တပ်တာတွေတော့ ဝါသနာမပါပါဘူး။ ငါ့ကို ငါတောင် နှုတ်ခမ်းမွေး တပ်မထားတာကြည့်ပေါ့။ ခုထက်ထိ မျက်မှန်မတပ်ချင်လို့ စာတောင်မဖတ်ဖူး။ ဖတ်ယင်လဲ လက်ဆန့်ပြီး ကိုင်ဖတ်တယ်။ ဘယ်သူများ လက်ကမြင်းသွားသလဲ မသိပါဘူး"

"ညက ဝင်လုပ်တယ် ထင်တာပဲ။ ကျွန်တော်တို့အားလုံး အပေါ်ထပ်မှာ အိပ်ကြတယ်မဟုတ်လား။ ညဘက်မှာ အောက်ထပ်ကြီး တစ်ခုလုံး အားနေတာပဲ။ ညဘက်မှာ ဝင်လုပ်တာ ဖြစ်မှာပါ။ ဘာပဲဖြစ်ဖြစ်လေ။ သန္တာဆန်းကတော့ ကျွန်တော့်ကို စွပ်စွဲချင်နေတယ်"

"စွပ်စွဲချင်တာ မဟုတ်ဖူး-ဟေ့။ သူ့စိတ်ထဲမှာ မင်းလုပ်တယ်လို့ သိကိုသိနေတဲ့ ပုံမျိုးပဲကွ"

"ကျွန်တော့် ဘဝထဲကို သန္တာ ရောက်လာတာ-ကျွန်တော့် အတွက် သံသရာအဆက်ဆက်က ဝဋ်ကြွေးတွေကို စုပြီး ခံရတာပဲ ဦးလေးရေ့"

"အေး-ငါလဲ စိတ်မကောင်းပါဘူးကွာ။ တစ်ခုတော့ရှိတယ်။ မင့် ဝဋ်ကြွေးတွေ ဒါလောက်ခံရယင် ကျေချင်လဲ ကျေသွားမှာပေါ့ကွာ။ ဒီတော့လဲ ဝဋ်ကျွတ်ကရောပေါ့"

"လက်ငင်း လူကျွတ်နေတာက ခက်တယ်ဦးလေးရယ်"

ဦးညွန့်မောင်သည် စိတ်မကောင်းစွာနှင့်ပင် ထွက်ခွာသွားတော့သည်။

ခင်မောင်ဦးကား စားပွဲတွင်ထိုင်၍ တွေးနေမိ၏။ ဒီညမှစ၍

တရားခံကို လက်ပူးလက်ကြပ်မိအောင် လုပ်ရတော့မည်။ တရားခံကို ဖော်ထုတ်နိုင်မှ သန္တာ၏အထင်လွဲမှုမှ ကင်းလွတ်မည်ဖြစ်၏။

သန္တာဆန်းအနေဖြင့် မိမိကို မချစ်ချင်မှနေတော့ အထင်ကြီး တလွဲလွဲနှင့် ဖြစ်မနေလျှင် မိမိအတွက် သေပျော်ပါပြီ။ ခင်မောင်ဦးသည် စားပွဲပေါ်တွင် တတောင်နှစ်ဖက်စလုံးကို ထောက်၍ လက်ချောင်းများကို ဆံပင်ထဲသို့ ထိုးသွင်းလိုက်၏။

"သန္တာရယ်-ခင်မောင်ဦးကို မချစ်ယင်လဲ လျစ်လျူရှုလိုက်ပါတော့။ ဘာဖြစ်လို့များ မုန်းတီးချင်ရတာလဲကွယ်"

* * *

ထိုနေ့ညဉ့်တွင် ခင်မောင်ဦးသည် အိပ်ချင်စိတ် လုံးမဝရှိတော့။

သန္တာဆန်း၏ အထင်လွဲမှု ပြေပျောက်လျှင် တော်ပါပြီ၊ အထင်လွဲမှု ပြေပျောက်သွားသည့်တိုင်အောင် သန္တာဆန်း၏ အချစ်သည် မိမိအတွက် မဟုတ်တော့ပြီကိုကား သိထားပါပြီ၊ အမုန်းလျော့ပါးလျှင် တော်လောက်ပြီထင်မိ၏။

သန္တာဆန်းထက် လှပသော မိန်းကလေးများသည် ဤကမ္ဘာပေါ်တွင် များစွာရှိနိုင်သည်ကို ဝန်ခံပါ၏။ သို့သော် သူစွဲမက်သည်ကတော့ သန္တာဆန်း တစ်ယောက်ထဲရယ်ပါ။ သူ့ဘဝ တစ်သက်တာတွင် သည်တစ်ယောက်ကိုသာ စွဲလမ်းခဲ့သည်။ သည်တစ်ယောက်ကမှ မိမိအတွက်မဟုတ်လေပြီကို သိနေရသည်မှာ ရင်နာလှ၏။

ညဉ့်သည် တရုတ်မင်တောင့် မဟုတ်သော် ... က်၍လာ

သည်။ အချိန်တော်ပြီဟု ယူဆသဖြင့် ခင်မောင်ဦးသည် လဲလျောင်းနေရာမှ ထလိုက်၏။

အချိန်ကို မှန်း၍ စောင့်နေသူကား ဤအိမ်ကြီးတွင် သူတစ်ယောက်ထဲ မဟုတ်ချေ။ သန္တာဆန်းသည်လည်း အိပ်၍ မပျော်သေး။ သည်ညတော့ ခွေးသူခိုးကို မိအောင် ဖမ်းမည်ဟု သူလည်း ကြံစည်နေသည်။ ထို့ကြောင့်ပင် သူသည်လည်း အချိန်ကို စောင့်လင့်လျက် ရှိပါချေ၏။ အချိန်တန်လောက်ပြီဟု ထင်သောအခါ သန္တာဆန်းသည် ခြေသံ မကြားအောင် ရွရွကလေးနင်း၍ မှောင်ထဲတွင်ပင် စမ်း၍ ဆင်းလာသည်။ သူ၏နောက်က လှေကား ငါးထစ်လောက်တွင် ခင်မောင်ဦးသည်လည်း၊ စမ်း၍ ခြေသံမကြားအောင် ဆင်းလာသည်။

မှောင်ပိန်းနေသည် ဖြစ်သောကြောင့် သူတို့နှစ်ယောက်မှာ နီးကပ်စွာ ရှိလျက်က တစ်ဦးကိုတစ်ဦး မမြင်ကြရချေ။

အောက်ထပ်ကို နင်းမိသောအခါ သန္တာဆန်းသည် လက်ကလေးကို ရှေ့ထုတ်၍ စမ်းရင်း၊ ညင်သာစွာ ရွေ့လျားလာ၏။ သူ့နောက် ခပ်ကွာကွာက ခင်မောင်ဦးမှာလည်း ဤပုံစံအတိုင်းပင် သူ့နောက်က လျှောက်၍လာနေသည်။

အကယ်၍သာ လူ၏ အသိဉာဏ်နှင့် ကြောင်ကြီးတစ်ကောင်သည် ခပ်လှမ်းလှမ်း ကုလားထိုင်ပေါ်မှ ငုတ်တုတ်ကြီးထိုင်၍ ကြည့်နေမည်ဆိုလျှင် အားရပါးရ အော်ရယ်မိမည်မှာ အမှန်ဖြစ်၏။

တစ်နေ့ခင်းလုံး ခပ်တည်တည် လျှောက်နေကြသော ဤသူနှစ်ဦးသည် ညဘက်ရောက်ခါမှ အဘယ်ကြောင့် နှေးတုံ့နှေးတုံ့နှင့် လျှောက်ကုန်ကြပါသနည်း။ လျှောက်ပုံလျှောက်နည်းမှာလည်း နေ့လည်ဘက်ကကဲ့သို့ "ငါဟဲ့ လူသား" အသွင်ဖြင့် ရင်ကော့၍ မလျှောက်တော့

ပဲ ကိုင်းကိုင်းနှင့်ရှိရှိ့ကလေးတွေ ဖြစ်ကုန်သည်။ လက်နှစ်ဖက်ကိုလည်း မှုမှန်အတိုင်း လွှဲ၍မလျှောက်ပဲ နှစ်ဖက်စလုံးကို ရှေ့သို့ထုတ်ကာ ဖည်ယမ်းဖည့်ယမ်းနှင့် လျှောက်နေကြသည်။ လူဆိုသည်မှာ ညဘက်တွင် ကုပ်ကုပ် ကုပ်ကုပ် ဖြစ်တတ်ကြသော သတ္တဝါများပါတကား။

ခုံတစ်ခုနားသို့ ရောက်သောအခါ သန္တာဆန်းသည် ဘယ်ဘက်က လှည့်ပတ်သွားပြီး သူခိုးကို ဖမ်းရလျှင် ကောင်းအံ့နည်းဟု ခေတ္တမျှ ရပ်တန့်၍ စဉ်းစားနေ၏။ ထိုအခိုက်တွင် နောက်ဘက်ဆီမှ ခင်မောင်ဦးသည် လက်ကြီးနှစ်ဖက် ရှေ့ကိုထုတ်၍ ကြမ်းပေါ်တွင် အသံမပြည်ဘဲ လျှောတိုက်လာဘိ၏သို့ တရွေ့ရွေ့ ချဉ်းကပ်လာသည်။ သူ၏ လက်ဖျားများသည်လည်း ရှေ့က သန္တာဆန်း၏ နောက်စေ့နှင့် တည့်တည့်ပင် တရွေ့ရွေ့ နီးကပ်လာ၏။

သန္တာဆန်းသည် စိတ်ထဲမှ တစ်စုံတစ်ခုကို ပိုင်းဖြတ်လိုက်သည့် ပမာ ခါးကလေးကို အနည်းငယ်ကုန်းလိုက်ရာ ခင်မောင်ဦး၏ လက်ကြီး နှစ်ဖက်မှာ သူ့ခေါင်းပေါ် တစ်ထွာခန့်ဆီမှ တရွေ့ရွေ့ဖြတ်နေ၏။

ခင်မောင်ဦး၏ ကိုယ်လုံးကြီးမှာ တရွေ့ရွေ့နှင့် ရှေ့သို့ ရွေ့လျား နေသည်။ မှောင်ကြီးထဲမို့ တော်တော့သည်။ လင်းတုန်းသာဆိုလျှင် သန္တာဆန်းသည် မိမိ၏ ရင်ခွင်ထဲသို့ ရောက်လုနီးနီး အခြေအနေမျိုး ဖြစ်သဖြင့် ရင်တွေသိမ့်သိမ့် ခုန်လှုပေရော့မည်။ သို့သော် မှောင်မိုက် တွင်းတွင်ကား လူချင်းမတိုးမိသရွေ့ လိပ်ပြာသန့်သည်ချည်း ဖြစ်ပေ၏။

သန္တာဆန်းသည် ချွေးစော်နံ့သလိုလို တော့ ထင်မိ၏။ သို့သော်. . . သူခိုးကို ဖမ်းချင်ဇောက ပြင်းထန်နေသဖြင့် ဤဘာမဟုတ် သည့် အနံ့အသက်ကို ဂရုမထားနိုင်ချေ။

ခုတွင်က ပိုင်းဖြတ်လိုက်သည့်အတိုင်း သန္တာဆန်းသည် စားပွဲ

ကို လက်ယာဘက်က လှည့်၍ ပတ်ရန်၊ ကိုင်းကိုင်း ကိုင်းကိုင်းနှင့် လက်ဝဲ ဘက်သို့ ရွေ့လျားသွားလေရာ ဝင်လာသော ခင်မောင်ဦး၏ ကိုယ်ခန္ဓာ နှင့် တစ်ထွာကျော်ကျော် လွတ်သွားတော့၏။

ရှေ့သို့ တစ်လှမ်း နှစ်လှမ်း အလှမ်းလိုက်တွင် ခင်မောင်ဦး၏ ပိုက်မှာ စားပွဲနှင့် ဝင်တိုးမိသဖြင့် "အင့်" ကနဲ မြည်သွားသဖြင့် ချက်ချင်း ပြန်နှုံ၍ ဆုတ်လိုက်သည်တွင် လေခေါင်းအုံးကို အဆို့ဖွင့်၍ ဖိသကဲ့သို့ ရှူးကနဲ မြည်သွားသည်။

သန္တာဆန်းသည် တရွေ့ရွေ့ စမ်းသွားနေရာက ချက်ချင်း ရပ် လိုက်သည်။ သူ့နားထဲတွင် "အင့် . . . ရှူး" ဟု မြည်သံလိုလိုကြားမိ သည် ထင်၏။ ထို့ကြောင့် နောက်ဖက်ဆီသို့ ခေါင်းကလေး ငဲ့ကာ နားကို စွင့်လိုက်သည်။

ဘာသံမှ ဆက်၍ မကြားတော့ချေ။

သူတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ငါးကိုက်ပင် မကွာကြသော်လည်း ငါးမိုင်ပတ်ဝန်းကျင်တွင် လူမရှိဟူသော အသွင်မျိုး ဖြင့် သူတို့ ရွေ့လျားနေကြ၏။ ခင်မောင်ဦးသည် စားပွဲကို လက်ယာ ဘက်က ပတ်သည်။ သို့ဖြစ်လေရာ သမ္ဘာကျော်၏ ပန်းချီခန်းအဝသို့ သူက အရင် ရောက်သည်။ ရောက်ရှောက်ခြင်းပင် အခန်းဆီးကို ဆွဲဖယ်၍ ဝင်ရ ကောင်းမည်လား . . . ။ ဝင်ပြီး ပြန်လှျင်လည်း မီးကို ဇတ်ကနဲ ဖွင့်ရကောင်းမည်လားကို သူ စဉ်းစားနေ၏။

ပန်းချီကားကို ကပျက်ယပျက် ဝင်လုပ်သူသည် အခန်းတွင်း တွင် ဦးစွာရောက်နှင့်ပြီး ဖြစ်ကောင်းဖြစ်မည်။ ထို့ကြောင့် အခန်းပြင်က ခဏမျှ စောင့်ကြည့်နေသေးခြင်းက တော်မည်ဟု စိတ်ကူးမိ၏။ စောင့်၍ ချောင်းမြောင်းခြင်းကို မိုးတိုးမတ်တတ်ကြီး ပြုလုပ်ခြင်းထက် ထိုင်ခြင်းက

၍ သဘာဝကျမည်ဟုလည်း တွေးမိသည်။

ထိုအခိုက်တွင် သူ၏ ကျောဘက်ဆီမှ သန္တာဆန်းသည် သက်ကြီးနှစ်ဖက်ရှေ့တွင် ဆန့်ကာ တရွေ့ရွေ့ ရောက်ရှိလာလေ၏။ လက်နှစ်ဖက်မှာ ကျောပြင်ဆီသို့ တည့်မတ်စွာ တန်း၍ တရွေ့ရွေ့နီးနီး လာလေသည်။ ကျောပြင်ကြီးကို ဆောင့်၍ တိုးမိရန် တစ်ထွာခန့်အလို တွင် ခင်မောင်ဦးသည် ဆောင့်ကြောင့်ကလေး ထိုင်သွားသည် ဖြစ်သော ကြောင့် သန္တာဆန်း၏ လက်များသည် လွတ်လွတ်လပ်လပ်ပင် ခင်မောင်ဦး၏ ခေါင်းပေါ်မှ တရွေ့ရွေ့နှင့် ဖြတ်နေသည်။

ဂျိုင်းနံ့ရသလိုလိုတော့ ခင်မောင်ဦး ထင်မိ၏။ သို့သော် ယခုလို သကြီးမင်းကြီး အိပ်ပျက် နေပျက်ခံကာ ဆောင့်ကြောင့်လာထိုင်ခြင်းကား အိမ်သားများ၏ ဂျိုင်းနံ့သည် မည်သည့်အကွာအဝေးအထိ ပျံ့နှံ့ရောက် ရှိကြောင်းကို သုတေသနလုပ်ရန် မဟုတ်ပဲ ရုပ်ပုံမြင်လျှင် နှုတ်ခမ်းမွေး တပ်၊ မျက်မှန်တပ်ပေးချင်သည့် ရောဂါစွဲကပ်နေသည့် လူရုပ်တစ်ဦးကို အမိဖမ်းဖော်ထုတ်ရန်သာ ဖြစ်သဖြင့် ဂျိုင်းနံ့ကို လျစ်လျူရှုလိုက်သည်။ တကယ်တော့လဲ ဤပတ်ဝန်းကျင်တွင် လူဆို၍ မိမိတစ်ဦးတည်းသာ ရှိရာ၊ ဂျိုင်းနံ့မှာ စိတ်၏လှည့်စားမှုသာ ဖြစ်ရပေမည်။ ခြင်များ၊ ပင့်ကူ များ၊ ပိုးဟပ်များတွင် ဂျိုင်းနံ့တွေ တပုံကြီးရှိမည်ဖြစ်သော်လည်း ချွေးနံ့ တော့ ထွက်သည်ကို မိမိနှာခေါင်းက မသိခဲ့ဘူးပါ။ သည်တော့ စိတ်ထင် တာသာ မုချဖြစ်ရမည်။

"ဒုတ် . . ."

"အင့် . . ."

ပထမအသံသည် သက်မဲ့အချင်းချင်း ထိခိုက်ရာမှ ထွက်ပေါ် လာသည့်အသံဖြစ်သည်။ ဒုတိယအသံမှာကား သက်ရှိထဲမှ ထွက်ပေါ်

လာသည့် အသံ ဖြစ်လေသည်။

သန္တာဆန်း၏ ဒူးခေါင်းများသည် ခြေထောက်ရှိရမည့် နေရာတွင် ရောက်နေသော ကျောပြင်ကြီးကို ဘိုက်မိ၏။ တိုက်မိသည့်နေရာက ဒုတ်ကနဲ မြည်သည်။ ကျောပြင်ကို ဖိ၍ အဆုပ်သည် လေကို ညှစ်ထုတ်သည်။ လေသည် လည်ချောင်းထဲမှ အထွက်တွင် အသံကို အဖော်ခေါ်သွား၏။ ဒုတိယအသံသည် ခင်မောင်ဦး၏ ပါးစပ်မှ လွတ်ကနဲ ထွက်သွားသောအသံဖြစ်သည်။

ဒီလို ကျောပြင်မျိုးမှာ လူသတ္တဝါများတွင်သာ ရှိတတ်သဖြင့် သန္တာဆန်းသည် သူတိုက်မိသူမှာ လူဖြစ်သည်ဟု သိသည်နှင့် တစ်ပြိုင်နက် သူခိုးကို မိပြီဟု ယူဆကာ လက်များကို ရုတ်ပြီး ဇတ်ကနဲ ထိုင်ချကာ သိမ်းကျုံးဖက်လိုက်သည်။

ခင်မောင်ဦးသည်လည်း မိမိကို တိုက်သည်မှာ ခြင်တော့ဖြင့် မဟုတ်တန်ရာဟု တွေးမိသည်နှင့်တစ်ပြိုင်နက် သူခိုးသည် မိမိရှိနေကြောင်း သိသွားလေပြီဟု ထင်သွားသဖြင့် ဇတ်ကနဲ ထ၍ ပြေးရန် ခြေကို လှမ်းလိုက်သည်။

သန္တာဆန်း၏ လက်များသည် ခင်မောင်ဦး၏ ဒူးများကို သိမ်းကျုံးဖက်မိလေရာ၊ ရှေ့သို့အရှိန်နှင့် လှမ်းလိုက်သော ခင်မောင်ဦးမှာ ကုန်းကုန်းကြီး ကျသွားလေ၏။

ခင်မောင်ဦးကား ဤအခြေရောက်ခါမှ မထူးတော့ပြီ၊ ရန်သူ၏ အဖမ်းကိုခံပြီးမှ အလစ်တွင် ရုန်းထွက်ပါတော့အံ့ဟုကြံ၍ ဆောင့်ကြောင့် ပြန်ထိုင်လိုက်၏။ သန္တာဆန်းမှာ ရန်သူသည် မတ်တတ်ရပ်ထားသည်ဟု သိသည်နှင့်တစ်ပြိုင်နက် ဖမ်း၍ပိုကောင်းအောင် လက်များကို ဖြုတ်၍ မတ်တတ်ရပ်လိုက်ကာ သိမ်းကျုံး၍ ဖက်လိုက်ပြန်သည်။

လက်များသည် ဟာကနဲဖြစ်၍ သူ့ကိုယ်သူ ပြန်ဖက်မိ၏။

အသိတရားသည် ပြန်ဝင်လာကာ ချက်ချင်းပြန်ထိုင်လိုက်၍ ရန်သူကို နောက်ကပင် သိမ်းကျုံး၍ ဖက်လိုက်သည်။ ခင်မောင်ဦးမှာ အသာတကြည် အဖမ်းခံနေသည်ဖြစ်ရာ ဤမျှလောက်သော အရှိန်အဟုန်ဖြင့် ကျုံးဖက်လိမ့်မည်ဟု မထင်သောကြောင့် အဖက်ခံလိုက်ရသောအခါတွင် ကိုယ်ကို မဟာန်နိုင်တော့ပဲ ပက်လက်ကြီးလန်၍ လဲလေတော့သည်။

"ဟယ်. . ."

ထူးကဲလှပါပေ၏တကား၊ ရန်သူသည် မိမိကို နတ်၏စည်းစိမ်ဖြင့် ဖမ်းဘိ၏။ တစ်ညလုံးဖမ်းထားလျှင် ကောင်းလေစွ။

ခင်မောင်ဦး ပက်လက်ကြီး လန်ကျသောအခါ သန္တာဆန်းမှာလည်း ခင်မောင်ဦး၏ ကိုယ်ခန္ဓာအလေးချိန်ကို မနိုင်သဖြင့် သူကိုယ်တိုင်ပါ ပက်လက်ကြီး လန်နေသည်။ ခင်မောင်ဦးသည် သန္တာဆန်း၏ ရင်ခွင်ဝယ် ပက်လက်ကြီးလန်နေ၏။ သန္တာဆန်းက ခင်မောင်ဦးကို ကျုံး၍ ဖက်ထားသည်။

အတွေ့သည် နူးညံ့လှ၏။ ပူနွေးလှ၏။ အောင်မယ်လေး ရင်တွေ ခုန်လိုက်တာ။

ခင်မောင်ဦး၏ အတွေးများသည် ချာရပတ် လည်နေသည်။ မိမိကို ဖက်ထားသည်မှာ ရင်ပတ်ဝသော ယောကျ်ားကြီးမဟုတ်နိုင်၊ ခပ်ငယ်ငယ် မိန်းမပင်ဖြစ်ရမည်။ သို့သော် ဤအိမ်ကြီးမှ အိမ်သားများထဲတွင် မိန်းမ ခပ်ငယ်ငယ်မှာ နှစ်ယောက်တည်းသာရှိ၏။ သန္တာဆန်းကသာ လာ၍ ဖက်ထားသည်ဆိုလျှင်၊ ထမင်းငတ်၍ သေသည်တိုင်အောင် အဖက်ခံနေပါမည်။ သို့သော် ခင်လှမျိုး တစ်ယောက်လဲ ရှိသေး

သည်။ သူက ဖက်တာဆိုလျှင်တော့မဖြစ်။ သံသရာကြီးသည် လေပြင်းပြင်းနှင့် မှုတ်ထုတ်လိုက်သော ဆပ်ပြာပူဖောင်းကဲ့သို့ လိမ့်တွန့်လိမ့်တွန့် ဖြစ်ကရော့မည်။

ကံအားလျော်စွာပင် သူ ခွဲခြားနိုင်သော အသံသည် သူ့ဖက်ပိုး အောက်ဆီမှ ထွက်ပေါ်လာလေ၏။

"လာကြပါအုံးလေ-သူခိုးကို မိထားပြီ၊ လာကြစမ်းပါအုံး. . ."

ကျယ်ကျယ်လောင်လောင် အော်လိုက်သော အသံသည် သန္တာဆန်း၏ အသံသာဖြစ်ပေ၏။ မိမိကို စွပ်စွပ်စွဲစွဲနှင့် အခဲမကျေ အော်လိုက်သည့်အသံပင် ဖြစ်လင့်ကစား။ ဤအသံကလေးကို ခင်မောင်ဦးသည် ကြားနေချင်သည်သာဖြစ်၏။ မိမိကို "ချစ်ပါသည်" ဟု မပြောနိုင်လျှင်ရှိစေ၊ ဆဲနေသည်ကိုပင် နာပျော်ပါသည်။ "ဝမ်းဘော ဝမ်းဘော" နှင့် အော်နေဘို့ကောင်းသည့် ခင်မောင်ဦးပေတည်း။

ခင်မောင်ဦးသည် သန္တာဆန်းမှန်း သိသည်နှင့်တစ်ပြိုင်နက် ပက်လက်ကြီးပင် ငြိမ်နေလိုက်သည်။ သန္တာဆန်းကမူ ဖမ်းထားရင်းကပင် ပိနေသည်ဖြစ်၍ မလွဲမရှောင်သာပဲ ငြိမ်၍ပင် နေရသည်။

မငြိမ်သူများကတော့ အပေါ်ထပ်မှ လူများပေတည်း။

ခြေသံများသည် လှေကားမှ ဆင်းလာကြ၏။ သို့သော် အောက်ထပ်ကြမ်းပြင်ကို နင်းမိသည်နှင့်တစ်ပြိုင်နက် ခြေသံတွေ တိတ်ကုန်၏။ ဟုတ်ကဲ့။ သူတို့သည်လည်း လင်းနို့တွေ မဟုတ်ကြသဖြင့် မှောင်ထဲတွင် မမြင်နိုင်ကြချေ။

သန္တာဆန်းသည် ထပ်၍ အော်ပြန်၏။

"သူခိုးကို အတင်းချုပ်ထားရတယ်။ မီးဖွင့်ကြပါ-မီးဖွင့်ကြပါ. . ."

ဆင်းလာကြသူများမှာလည်း မီးခလုတ်ရှိရာသို့ စမ်း၍ သွားနေကြသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် သွားပုံသွားနည်းအရာ၌ အခြားသူများထက် ထူးခြားသူကား ဒေါ်သိန်းဟန်ပင်တည်း။

အထက်တွင် ဖော်ပြခဲ့သည့် ကြောင်ကြီးမျိုးတစ်ကောင်သည် အေးအေးဆေးဆေး ထိုင်ကြည့်နေလျှင် ဒေါ်သိန်းဟန်ကြီး သွားနေပုံကို မြင်သည်နှင့်တစ်ပြိုင်နက် အူတက်၍ ငုတ်တုတ်က အသက်ပျောက်ပေရော့မည်။

ဒေါ်သိန်းဟန်၏ မှောင်ထဲတွင် သွားပုံမှာ သူမတူအောင် ထူးခြားလှပါဘိသည်။

ခြေထောက် တောင့်တောင့်ကြီးနှစ်ခုမှာ ခြေလှမ်းစိတ်သော်လည်း လျှင်မြန်စွာဖြင့် တဇတ်ဇတ် ရွေ့လာ၏။ လက်ကြီးနှစ်ဖက်ကို ဆန့်၍ ရှေ့သို့ထုတ်ကာ ပူးထားသည်။ ထိုနောက် လက်ဝဲလက်ကို လက်ဝဲဘက်သို့လည်းကောင်း၊ လကျာ်လက်ကို လကျာ်ဘက်သို့လည်းကောင်း၊ ဇက်ကနဲ လွှဲရမ်းလိုက်သည်၊ ချက်ချင်းပင် ထိုလက်နှစ်ဖက်ကို ရှေ့တွင် ပြန်ပူးလိုက်ပြန်၏။ လွှဲပြန်သည်။ ပူးပြန်သည်။ ကျန်းမာရေး လေ့ကျင့်ခန်းတစ်ခုကို အူယားဖားယား လေ့ကျင့်နေသည်နှင့်တူလှသည်။

ဒေါ်သိန်းဟန်သည် ဤပုံမျိုးကြီးနှင့် မှောင်ထဲတွင် လျှောက်ခဲ့ရာ၊ တစ်နေရာ ရောက်သည်တွင် နံရံကပ် ဘီရိုပုပုနှင့် အလျားရှည်ရှည် ကလေးပေါ်၌ တင်ထားသည့် သစ်သားပန်းအိုးကို လက်ဝါးစောင်းနှင့် လွှဲ၍ ခုတ်မိလေတော့သည်။ ပန်းအိုးကလေးသည် မှောင်ထဲတွင် လွင့်သွားပြီး နောက်နားဆီမှ ကုပ်ကုပ် ကုပ်ကုပ်နှင့် လာနေသော ဦးဆန်းထူး၏ ချိုစောင်းကို ပြေးဆောင့်လေတော့သည်။

"ဟယ်. . . ရှေ့က ဘယ်သူတွေက ဘာတွေနဲ့ ကောက်ပေါက်နေရတာတုန်းဟာ. . ."

ဒေါ်သိန်းဟန်မှာ ပို၍ပင် သုတ်ခြေတင်ကာ ရှေ့သို့ သွား၏။ ထိုအခါတွင် လက်ဝဲ လက်ဝါးစောင်းသည် မီးခလုတ်နား ရောက်နေပြီဖြစ်သော ဦးညွန့်မောင်၏ ဝမ်းဗိုက်ကို လွဲ၍ ရိုက်မိပြန်သည်။

"အင့်-အစာတွေတော့ အပေါ်က ထွက်တော့မလား၊ အောက်က ထွက်တော့မလား ပါပဲကလား ကရို. . ."

ဦးဆန်းထူးသည် မီးခလုတ်ကို မှန်း၍ လက်ဖြင့်ကုတ်ရာ၊ ဦးညွန့်မောင်၏ နောက်စေ့ကို ကုတ်မိလေ၏။

"အော်-ဗိုက်ကို လွဲရိုက်လိုက်၊ နောက်စိကို ကုတ်လိုက်နဲ့ ဘယ့်နှာတွေတုန်းလဟ. . ."

ပြောပြောဆိုဆိုနှင့်ပင် ဦးညွန့်မောင်သည် မီးခလုတ်ကို ချောက်ကနဲ ဖွင့်လိုက်သည်။

"ဟယ်. . ."

မြင်ကွင်းမှာ ပိုးလိုက်ပက်လက် လန်နေတော့၏။

ခင်မောင်ဦးသည် လူးလဲ၍ ထလိုက်သည်။ သန္တာဆန်းမှာလည်း လက်ကို ဖြေပေးလိုက်၍ လူးလဲထသည်။ ပြီးတော့ ခင်မောင်ဦးကို ဘာလက်လက်တက်သော မျက်လုံးများဖြင့် ကြည့်လိုက်၏။

သို့သော် ပထမဆုံး စကားပြောသူကတော့ ဦးဆန်းထူးပင်ဖြစ်သည်။

"ဟယ်-မောင်ခင်မောင်ဦးကိုး၊ ငါ့သမီးကို ဒီလိုလုပ်တာတော့ မတော်ပါဘူးကွယ်. . ."

ခင်မောင်ဦးမှာ ပျာပျာသလဲ ဖြစ်သွား၏။

"ခင်ဗျာ-ကျွန်တော် ဘယ်လိုမှ မလုပ်ရသေးပါဘူး ခင်ဗျာ. ."

"အော်. . . ငါပြောတာက မှောင်ထဲကိုခေါ်ပြီး ကျောကြီးနဲ့ ဖိထားတာ မကောင်းပါဘူးလို့ပြောတာ. . ."

"အို. . . ဒက်ဒီကလဲ. . ."

သန္တာဆန်းသည် အဖေကို ဝင်ဟန့်လိုက်ပြီး ခင်မောင်ဦးကို စူးစူးဝါးဝါး ကြည့်လိုက်သည်။

"ထင်တဲ့အတိုင်းပါပဲကလား၊ အကြံပက်စက်လှချည့်ကလား၊ ပြောစမ်းပါအုံး၊ ဒီညမှာကော ပန်းချီကားကို ဘာလုပ်ချင်ပြန်သလဲ၊ ဒီက ဒီခြေတွေသိလို့ ထချောင်းတာရှင့်။ ကိုင်း . . . ဘာမုလာဥ လုပ်ချင်သေးသလဲ. . ."

ခင်မောင်ဦးသည် သန္တာဆန်းကို ညှိုးငယ်စွာသာ ကြည့်လိုက်သည်။ ဘာတစ်ခွန်းမျှ မပြောချေ၊ တရားခံ ဖော်ထုတ်ရန် ကြံခါမှ မိမိမှာ တရားခံလုံးလုံး ဖြစ်ရချေပြီ။ နောင်ကို ဘယ်တော့မှ အပြစ်ရှာနေသူထံတွင် အပြစ်မှလွတ်ရန် မကြိုးစားတော့ဟူ၍လည်း သန္နိဋ္ဌာန်ချမိသည်။ အော်-ဝဲပုလွေမကလေး သန္တာဆန်းရယ်။

ဦးညွန့်မောင်ကား ခင်မောင်ဦးသည် မဖြစ်ညစ်ကျယ် အလုပ်မျိုးကို လုပ်လိမ့်မည်ဟု မယုံကြည်။ မိမိကို အမှန်အတိုင်းပင် ထုတ်ပြောထားသည်ဟု ယုံကြည်၏။ ခင်မောင်ဦး မလိမ်တတ်မှန်းကို သိပြီး ဖြစ်သည်။ ယခုကိစ္စကို နောက်မှ နှစ်ယောက်ချင်း မေးကြည့်မည်ဟု စိတ်ကူး၏။ သူ့တွင် လောလောဆယ် သိချင်နေသော ပြဿနာရှိနေသည်။

"ဒါထက်-မှောင်နေတုန်းက ငါ့ဗိုက်ကို ဘယ်သူ ထိုးသလဲ. ."

"အော်. . . ကျွန်မပါ ကိုကိုရဲ့၊ ထိုးတာ မဟုတ်ပါဘူး၊ လက်နဲ့ တိုက်မိတာပါ"

"တိုက်မိတာကလဲ နည်းနည်းနောနော အရှိန်မဟုတ်ဖူး
ထားပါတော့၊ ဘာဖြစ်လို့ နောက်စိကို ဆက်ကုတ်ရတာလဲ"

ဤတွင် ဦးဆန်းထူးက ဝင်ပြောရသည်။

"ကိုညွန့်မောင်ရဲ့ နောက်စိကို ကုတ်တာက ကျွန်တော်ပါ. .

"ဟေ-ဘာဖြစ်လို့များလဲကွာ. . ."

"မီးခလုတ်စမ်းတာပါ. . ."

"ဟယ်. . . နောက်စိမှာ မီးခလုတ်နဲ့ လူကို မင်းအလုပ် လုပ်တဲ့
စက်ရုံမှာ တွေ့ဘူးတယ်ဆိုပါတော့ . . ."

"ဟီး-ဟီး မဟုတ်ပါဘူး၊ နံရံပေါ်က မီးခလုတ်စမ်းတာ မှောင်
ထဲမှာမို့ ကိုညွန့်မောင်ရဲ့ နောက်စိကို ကုတ်မိတာပါ"

ထိုအခိုက်တွင် သန္တာဆန်းသည် ဦးညွန့်မောင်ကိုပင် ဒေါသ
နှင့် လှည့်ကြည့်မိသည်။

"ဘာလဲ. . . ဦးဦးက ဦးဦးရဲ့တူကို မောင်းချရမှာ ကြောက်လို့
လား၊ ဒီလို ဝေ့လည်ကြောင်ပတ် မလုပ်ပါနဲ့။ အပြစ်ရှိတဲ့လူကို ဖော်ထုတ်
ပါ. . ."

ခင်မောင်ဦးမှာ ကြာရှည်ငြိမ်မနေနိုင်ပါ။

"ဒီမှာ မသန္တာ၊ ကျွန်တော့်မှာ ဘာအဖြစ်ရှိလို့လဲ၊ ကျွန်တော်
နေ, နေတဲ့အိမ်မှာ မှောင်ထဲ လမ်းထလျှောက်တာဟာ အပြစ်လား . . ."

"အော်. . . လိမ်ချင်သေးတယ်ပေါ့ဟင်. . ."

သန္တာဆန်းသည် စိတ်လိုက်မာန်ပါနှင့် ခင်မောင်ဦး၏
ဦးစွန်းဖုတ်ကို ဆုပ်ဆွဲလိုက်သည်။ သူက အရပ်နိမ့်သဖြင့် ခင်မောင်ဦးက
ခေါင်းငုံ့လာရ၏။ ထိုအခါတွင် သန္တာဆန်းသည် လက်ဝါးကို ဖြန့်၍
ရွယ်သည်။ သို့သော် ရိုက်တော့ မရိုက်ပါ။

"မင်း အသက်ကလေးနဲ့များ ငါ့ကို မသန္တာလို့ မခေါ်နဲ့၊ မှန်မှန် ပြောစမ်း၊ မင်း ဘာကိုကြံတာလဲ. . ."

ခင်မောင်ဦးသည ဘာမှ ပြန်မပြောတော့ချေ၊ ထိုအခါ သန္တာဆန်းမှာ မရိုးမရွဖြစ်လာပြီး ပက်ချာလည် လှည့်ကြည့်၏။

"ဟင်. . . ကိုကိုကျော်ကော၊ အိပ်ရာက မနိုးဘူးထင်တယ်၊ ဒီကိစ္စမှာ သူဟာ အရေးအကြီးဆုံးလူပါ။ သူ့ကိုခေါ်ပြီး စစ်ခိုင်းမှ. . ."

ဦးဆန်းထူးသည် အပေါ်ထပ်သို့ တက်၍ ခေါ်မည်ကြံကာ ခြေလှမ်းလိုက်စဉ်၊ ဦးညွန့်မောင်သည် ရုတ်တရက် ကောက်ကာငင်ကာ "ငါသွားခေါ်မယ်၊ ငါသွားခေါ်မယ်" ဟု ပြော၍ လှေကားမှ ပြေးတက်သွားလေ၏။

သန္တာဆန်းသည် ခင်မောင်ဦး၏ ဦးစွန်းဖုတ်ကို ဆက်လက်၍ ဆုပ်ဆွဲမြဲ ဆုပ်ဆွဲထားရာ ခင်မောင်ဦးခမျာမှာ ခေါင်းကလေး ငိုက်စိုက် ငိုက်စိုက်နှင့် ဖြစ်နေရသည်။ ဤသည်ကိုပင် ဒေါ်သိန်းဟန်က မကြည့်ချင်ဖြစ်လာဟန်တူ၏။

"ဟဲ့-သမီးရဲ့၊ ကိုကိုကလဲ ချက်ချင်း ပြန်ဆင်းလာတာ မဟုတ်ဘူး၊ ကောင်းလေးဆံပင်ကို လွှတ်လိုက်ပါတယ် သနားပါတယ်၊ သူ ပြေးမှာ မဟုတ်ပါဘူး . . ."

ဒေါ်သိန်းဟန်သည် သမီးကို ပြောနေရာက ခင်မောင်ဦး ဘက်သို့ လှည့်၍ ဆက်ပြောပြန်သည်။

"ဟုတ်တယ် မဟုတ်လား ငါ့တူ၊ မင်း မပြေးပါဘူးနော်. . ."

"မပြေးပါဘူး ဒေါ်ဒေါ်ရယ်၊ ကျွန်တော် ဘာလို့ ပြေးရမှာလဲ၊ ဒါပေမယ့် သူက ဒီလိုဆွဲထားရမှ ကျေနပ်မယ်ဆိုယင်လဲ ဆွဲထားပါစေလေ. . ."

ခင်မောင်ဦးက ဤသို့ ပြောလိုက်မှ သန္တာဆန်းသည် စိတ်ကူး တမျိုးပေါက်သွားကာ ဆောင့်တွန်း၍ လွှတ်လိုက်၏။ ပြီးနောက် လှေကား ဆီသို့ မျှော်ကြည့်ရင်း ညည်းလိုက်သည်။

"ဦးဦးကလဲ ကြာလိုက်တာနော်၊ ကိုကိုကျော်ဟာ ဒါလောက် နှိုးရမခက်ပါဘူး"

ထိုအခါ ဦးဆန်းထူးက ကောက်ကာငင်ကာ ဝင်ပြောပြန်၏။

"ဟဲ့-သမီးရဲ့၊ သူ့မယားကလေးလဲ မတွေ့ဘူး၊သူ့ကောင်မလေး ကိုပါ ဝင်နှိုးနေပြီထင်တယ်၊ ငါ တက်ကြည့်လိုက်အုံးမယ်လေ. . ."

သို့သော် သူ များများ မသွားရပါ၊ ခြေကလေး သုံးလေးလှမ်း လောက်တွင်ပင် ဦးညွှန့်မောင်ကြီး ဆင်းလာလေ၏။ သူ့နောက်က ဘယ်သူမှ မပါလာသဖြင့် အားလုံး အံ့အားသင့်နေစဉ် ဦးညွှန့်မောင်သည် ငိုသံပါကြီးနှင့် ပြောချလိုက်သည်။

"မရှိတော့ဘူးဟေ့-မရှိတော့ဘူး"

"ဘာမရှိတာလဲ ကိုညွှန့်မောင်ရဲ့"

"သံပုရာယိုလဲ မရှိဘူး . . ."

"သမ္မာကျော်ပါ-သံပုရာယို မဟုတ်ပါဘူး . . ."

"အေး-အဲဒီကောင်လဲ မရှိဘူး၊ မျိုး-မျိုးလဲ မရှိတော့ဘူး . . ."

"အိမ်သာ ပြိုင်တက်နေကြတယ်ထင်တယ်. . ."

"ကြဲကြဲဖန်ဖန်ကွာ ရော့ စာနှစ်စောင်၊ ဒါက မျိုးရဲ့ ခေါင်းအုံး ဘေးက ရတယ်၊ ဒါက မျိုးရဲ့သေတ္တာထဲက ရတယ်၊ မင်းဘဲ ဖတ်ကြည့်ပါ တော့ . . ."

ဦးညွှန့်မောင်သည် စွတ်ကျယ်လက်ကြီးနှင့် မျက်ရည်စများကို သုတ်လေသည်။ ထိုအခိုက်တွင်ပင် ခင်လှမျိုး၏ ခေါင်းအုံးဘေးက တွေ့

သည်ဆိုသော စာကို ဦးဆန်းထူးက ဖတ်ပြသည်။ စာကား ခင်လှမျိုးက ရေးခဲ့သောစာ ဖြစ်၏။

အစ်ကို . . .

မျိုးကို ခွင့်လွှတ်ပါ၊ မျိုးဟာ ကိုကိုကျော်နဲ့ လိုက်သွားပါပြီ၊ တိုက်တွေ တာတွေထက် ကိုကိုကျော့်မေတ္တာကို ပိုပြီး မက်ပါတယ်၊ အစ်ကို့ အနေနဲ့ ငါ့ေသလဲ သူ ဒီလိုလုပ်မှာပဲဆိုပြီး ဖြေရစ်ပါတော့၊ မျိုးကို တကယ်ချစ်ယင် အနှောင့်အယှက် မပေးပါနဲ့နော် အစ်ကို။

အစ်ကို့အချစ်ကိုယုံစားတဲ့

ခင်လှမျိုး

ဦးဆန်းထူးသည် စာကို ကျယ်ကျယ်ဖတ်ပြပြီး ဦးညွန့်မောင်ကို မော့ကြည့်သည်။ ဦးညွန့်မောင်က ရှိုက်၍ပြော၏။

"ငါ-အေ့-ငါ သူ့ကိုချစ်လို့ အေ့ အေ့ မနှောင့်ယှက်တော့ပါဘူး အေ့ ဘူးအူး"

ဦးဆန်းထူးသည် နောက်တစ်စောင်ကို ဖွင့်လိုက်ပြန်သည်။

"အလို-ဒါက ယောက်ျားလက်ရေးပါလား . . ."

တဆက်တည်းပင် ဦးဆန်းထူးသည် စာကို ကျယ်ကျယ် ဖတ်ပြ၏။

မျိုး . . .

ညက မျိုးစာ ကိုယ့်အရုပ်ပုံမှာ နှုတ်ခမ်းမွေးတွေ မျက်မှန်တွေ တပ်ပေးထားတာ ကိုယ်ကမသိတော့ စိတ်ဆိုးမိတာပါ၊ နောက်မှ မျိုးက လာရှင်းပြလို့ ကိုယ့်ရင်ကို ဖွင့်ပြီး အချစ်ရေးကို လှစ်ကြွေးလိုက်မိရပါတယ်၊ မျိုးရဲ့ဘဝဟာ လွတ်လပ်တာ မဟုတ်လို့ ခြေလှမ်းကျဲမှ ဖြစ်တော့မယ်၊ မျိုး ကိုယ့်ကို ချစ်ရိုးမှန်ယင် ညကျတော့ ပန်းချီဆွဲတဲ့အခန် ခဲ့၊ ကိုယ်

ဆင်းစောင့်နေမယ်။ ကိုယ်တို့ ယူသွားမယ့် ပစ္စည်းတွေကို ညနေစောင်း လောက်ထဲက ပန်းချီဆွဲတဲ့ အခန်းထဲ ထည့်ထားကြတာပေါ့. . . ”

မျိုးကိုယုံစားရတဲ့

ကိုကိုကျော်

ဦးဆန်းထူးသည် စာဖတ်ပြီးသောအခါ သူ၏ဇနီး ဒေါ်သိန်းဟန်ဘက်သို့ လှည့်လိုက်၍ သံဝေဂစကားများကိုဆို၏။

“ခုကာလ ကောင်လေးတွေ ကောင်မလေးတွေဟာ နေ့မြင့် ညကြိုက်တာပါပဲကလား”

ခင်မောင်ဦးကတော့ အခြားဘာမျှမပူ၊ သမ္မာကျော်မရှိတော့၍ သန္တာဆန်း စိတ်သောက ရောက်မှာကိုသာ စိုးမိ၏။

သို့သော် သန္တာဆန်းမှာကား သူထင်သလို စိတ်ထိခိုက်ပုံမရှိ ချေ။ သူ့ ဦးလေးကိုသာ ကြည့်၍ပြောသည်။

“ဦးဦးရယ်. . . လူငယ်ဟာ လူငယ်နဲ့ပဲ တော်ပါတယ်။ ဒီတော့ မျိုးအပေါ်မှာ သံယောဇဉ် ဖြတ်လိုက်ပါတော့။ ကိုကိုကျော်ဆိုတဲ့ ကောင်လေးက ဒီလိုပဲ ရည်းစားလက်ကိုင်မရှိယင် မနေတတ်ဘူး။ တလောက သူ့ရည်းစား တခြားလူနဲ့ ယူသွားပြီးကတည်းက သူ ပျာလောင်ခတ်နေတာ ခုတော့ ငြိမ်သွားမှာပါ”

ထိုအခိုက်တွင် ဦးဆန်းထူးသည် ခင်မောင်ဦးကို ပြုံးကြည့်၍ ချဉ်းကပ်လာ၏။

“ဟော့-အရုပ်ကို နှုတ်ခမ်းမွေး တပ်တာက ခင်လှမျိုးဆိုပဲ၊ မင်းက တရားခံလဲ မဟုတ်ပဲနဲ့ ဒီညမှာ ဘာဖြစ်လို့ ပန်းချီကားထားတဲ့ အခန်းနားကို ရောက်နေရတာလဲကွ”

“အော်. . . တရားခံကို လက်ပူးလက်ကြပ်များ ဖမ်းပေးနိုင်

လားလို့ပါ ဦးလေးဆန်းရယ်"

ခင်မောင်ဦးသည် ရှက်ကိုး ရှက်ကန်းအမူအရာနှင့်ပြော၍ သူ့အိပ်ရာဆီသို့ ပြန်တက်ပြေးလေတော့၏။

* * *

ခင်မောင်ဦးသည် နံနက် သုံးနာရီကျော်နေပြီ ဖြစ်သော်လည်း အိပ်ရာသို့ ပြန်၍ရောက်သည့်အခါတွင် ဆက်လက် အိပ်ချင်စိတ်မရှိတော့ချေ။ နဖူးပေါ် လက်တင်၍သာ သက်ပြင်းတချချနှင့် ဖြစ်နေ၏။

မိမိ၏ဘဝသည် အောက်ကျလှချေ၏တကား။ မိန်းမဟူသည် သူ့ကို ချစ်မှန်းသိလျှင် စကြာဝတေး မန္တာတ်မင်းကိုသော်လျက် ကျေးကျွန်သဖွယ် ထင်မြင်တတ်ကြသည်ဟူသော ရှေးစကားသည် မှန်လှချေသည်။

"စကြာမင်းစစ်၊ ဖြစ်လင့်တပဲ၊ ဝမ်းထဲဟစ်။ တပ်မှန်းသိက။ မိမိခြေအောက်။ ကျွန်သဘောက်မျှ။ သို့လောက်ထင်ငြား။ မလောက်လားဘူး"

ဤမည်သော မဃဒေဝလင်္ကာသစ်လာ၊ စကားစုကလေးသည် ခင်မောင်ဦးကို သရော်နေတော့သည်။ နှလုံးသား၏ ပိုင်စိုးပိုင်ရာ မေတ္တာသန့်သန့်ကို ပဏ္ဏာတင်သ,သော်၊ အမျှပေး၍ မတုံ့ပြန်ချင်နေ ကောင်းပါသည်။ အမုန်းကို မတုံ့ပြန်သင့်ပါ။ နှင်းဆီပန်းအပွင့်ပေးသည်ကို ဆူးဖြင့် ပြန်သင့်ပါသလော။

ခင်မောင်ဦးသည် သန္တာဆန်းကို စိတ်မနာရက်သဖြင့် ဘာမှဆိုင် ညာမှဆိုင် မိမိ၏ဘဝကြီးကို စိတ်နာမိ၏။

နံနက် လင်းရောင်ခြည်ကလေး ပေါ်လာသည်နှင့်တစ်ပြိုင်နက် ခင်မောင်ဦးသည် အောက်သို့ ဆင်းလာ၏။ ယခင်ကဆိုလျှင် အောက်ထပ် တစ်နေရာတွင် သန္တာဆန်းကို တွေ့လိုတွေ့ငြား၊ ငဲ့စောင်း၍ မသိမသာရှာဖွေကြည့်ရှုတတ်ပါ၏။ ယနေ့အဖို့တော့ မရှာတော့ပါ။ ချစ်ပါသည်။ ကြင်ပါသည်။ သို့သော် ရှောင်လိုပါပြီ။

ရေချိုးခန်းဆီသို့သာ တန်းလာ၍ မျက်နှာသစ်ရန် ပြင်လိုက်၏။ တဖန် ခဏမျှ တွေသွားသည်။ မအိပ်သောသူသည် မျက်နှာသစ်ရန် လိုပါ၏လော့။

"အို. . . ဘာဖြစ်ဖြစ် မနေ့က မျက်နှာကြီးဟာ တစ်နေကုန် ယင် မောင်းသွားရောပေါ့။ ဒီတော့ သစ်လိုက်တာ ကောင်းပါတယ်လေ"

သူ့စိတ်၏ အမေးကို သူ့စိတ်ကပင် အဖြေပေး၍ မျက်နှာကို သစ်လေတော့သည်။ ပြီးသော် ခေါင်းကလေး ဘာလေး ဖြီး၍ ဈေးဘက်ဆီသို့ ထွက်လာခဲ့၏။ ခြံဝတွင် အိမ်ဖော်အဒေါ်ကြီးက "အလို. . . ကိုဦး။ ထူးဆန်းလှချည်ကလား။ စောစောစီးစီး ဘယ်သွားမလို့လဲ" ဟု မေးသည်။ ခင်မောင်ဦးကမူ ဈေးတွင် မုန့်ကလေး ဘာကလေး သွားဝယ်စားမည်ဟု ပြော၍ ထွက်ခဲ့၏။ သူ့စိတ်ထဲတွင်ကား တတ်နိုင်သရွေ့ အိမ်နှင့် ဝေးဝေး နေလိုသည်ဖြစ်၍ မနက်စာ စားခါနီးမှ ကပ်၍ ပြန်လာတော့မည်ဟု ပိုင်းဖြတ်ထားပြီးသား ဖြစ်ပေ၏။

နေသည် တရွေ့ရွေ့နှင့် တက်လာသည်။

သန္တာဆန်းသည် အိမ်ရှေ့ဘက်တွင် သန့်ရှင်းရေး လုပ်နေခိုက် စာပို့လုလင်သည် ဝင်ရောက်လာခဲ့၏။

"ဒီအိမ်မှာ မောင်လွမ်းပင် ရှိသလား ခင်ဗျာ"

သန္တာဆန်းသည် မျက်မှောင်ကလေး ကုတ်သွား၏။

"ဘာကွ။ ဘာပင်ကို မေးတယ်"

"သစ်ပင်မဟုတ်ပါဘူး အမရဲ့၊ စာရေးဆရာ မောင်လွမ်းပင် ရှိသလား"

သန္တာဆန်းသည် တွေသွားရပြန်၏။ မျက်ရည်ကို တောက်တောက်ယိုအောင် ချူတတ်ပါသော စာရေးဆရာ မောင်လွမ်းပင်။ တစ်အုပ်တည်းနှင့်ပင် စွဲသွားရပါသော စာရေးဆရာ မောင်လွမ်းပင်။ ဘယ်သူပါလိမ့်။

သန္တာဆန်းက ဤသို့ ဇဝေဇဝါဖြစ်နေသောအခါ စာပို့လုလင်ကလေးသည် စာရွက်ကလေးကို ထုတ်၍ ကြည့်၏။

"သူ့မှာ လူနာမည်ရှိသေးတယ် အစ်မရဲ့"

"ဟင်-သူက ကြောင်လား"

"မဟုတ်ပါဘူး-လူပါပဲ"

"အို. . . လူလဲ လူနာမည်ရှိမှာပေါ့"

"ဟာ-ကလောင်နာမည်တွင်မကဘူးလို့ ပြောတာပါ။ သူ့နာမည်က ဆောင်တော်ကူး။ ဟင်-မဟုတ်သေးပါဘူး။ အဲ. . . သူ့နာမည်က ခင်မောင်ဦးတဲ့။ ကိုခင်မောင်ဦး ရှိသလား"

သန္တာဆန်းမှာ ပါးစပ်ကလေး ဟသွားမိအောင်ပင် အံ့အားသင့်သွားရတော့သည်။ သူစွဲလမ်းရသော စာရေးဆရာသည် ခင်မောင်ဦး ဆိုပါကလား။

ချက်ချင်းပင် ခင်မောင်ဦးကို လိုက်ရှာ၏။ မတွေ့ပါ။ နောက်ဆုံး အိမ်ဖော်အဒေါ်ကြီးပြောမှ အပြင်ထွက်သွားမှန်း သိ၏။

"သူတော့ မရှိဘူးကွယ်။ စာပေးစရာရှိယင် ပေးခဲ့လေ"

"စာပေးဖို့ မဟုတ်ဘူး အမရဲ့။ စာမူခငွေ ရောက်လို့ပဲ။

မှက်ပုံတင်ကဒ်ပြားနဲ့ စာတိုက်မှာ လာယူပါနော်”

ကောင်ကလေး ပြန်သွား၏။

သန္တာဆန်းသည် သန့်ရှင်းရေး ဆက်မလုပ်နိုင်တော့ပါ။ သူ့စိတ်တွေ မသန့်မရှင်းဖြစ်နေသောကြောင့်ပင် ဖြစ်သည်။ ဒေါင့် တစ်ဒေါင့် ကုလားထိုင်တွင် ထိုင်ကာ ငေးနေမိတော့သည်။ သူ့ စိတ်အာရုံထဲတွင်လည်း ညက ဦးစွန်းဖုတ်ကလေး ဆွဲထားစဉ်က ကုပ်ကုပ်ကလေး ငြိမ်နေသော ခင်မောင်ဦး၏ ပုံကလေးကို မြင်လာမိသည်။ စင်စစ်-သူသည် ဘာအပြစ်မှ မရှိ။ သို့သော်. . . မရထိုက်သည့်အပြစ်ကို မိမိကပေး၍ နစ်နစ်နာနာတွေ ပြောလုပ်ခဲ့သော်လည်း ခမျာမှာ ဘာတစ်ခွန်းမှ ခွန်းတုံ့မပြန်ခဲ့ပါ။ မိမိကသာ စွပ်စွဲခဲ့သည်။ အမှန်မှာ ညက သူသည် တရားခံဖော်ထုတ်ရန်လာခြင်းဖြစ်သည်ဟု ဆိုခဲ့၏။ ဘာကြောင့်များ တရားခံဖော်ထုတ်ချင်နေရတာပါလိမ့်။

ထမင်းစားချိန်နီးလတ်သော် ခင်မောင်ဦးသည် ပြန်ရောက်လာလေ၏။ မျက်စိကလည်း ဘယ်မှမကြည့်၊ ခြေဦးကိုလည်း ကွေ့ကွေ့ပတ်ပတ်တွေ မလုပ်ပဲ သူ့ စာရေးခန်းဆီသို့ တန်းတန်းမတ်မတ် ဝင်ရောက်ခဲ့သည်။ ပြီးတော့ ဆက်၍ မရေးနိုင်တော့သည့် ရေးလက်စ “ချစ်နာတာရှည်” ဝတ္ထုစာမူတွေ ရှေ့၌ချကာ ပြတင်းပေါက် အပြင်ဘက်ဆီသို့ ငေးမောကြည့်ရှုနေ၏။ ထိုအခိုက်အတန့်တွင် သန္တာဆန်း ဝင်ရောက်လာခဲ့ခြင်း ဖြစ်သတည်း။

“ကိုဦး . . .”

“အောင်မလေးဗျ”

ခင်မောင်ဦး လန့်၍ အော်မိရာ၊ သန္တာဆန်းကပင် နောက်သို့ တွန့်သွားသည်။ ခင်မောင်ဦးသည် သန္တာဆန်းကို မျက်လုံးပြူးကြီးများနှင့်

ဆက်လက်ကြည့်နေရာ သန္တာဆန်းမှာ တုန်ကုန်ရီရီ ဖြစ်လာလေ၏။

"ကို . . . ကိုဦး . . ."

"ခင်ဗျာ၊ ကျွန်တော့်ကို ခေါ်တာမှ ဟုတ်ပါ့မလား"

"ဟုတ်ပါတယ် ကိုဦး၊ မင်းကို မသန္တာက ခေါ်တာပါ"

ခင်မောင်ဦးသည် အံ့အားသင့်သွားရာက ကပျာကယာ ထတ်တတ်ရပ်လိုက်သည်။ ပြီးနောက် ခပ်လှမ်းလှမ်းမှ ကုလားထိုင်တစ်လုံး ကို ပြေးယူ၍ ထိုင်ခိုင်း၏။

"မသန္တာ . . . ထိုင်ပါ။ အခု ဘာစွပ်စွဲစရာ ကျန်သေးလို့ လာပြန်တာလဲဟင်"

"ဒီလို မပြောပါနဲ့လား-ဟင်။ မင်းဟာ မောင်လွမ်းပင် မဟုတ် လား"

"ဟော . . . စွပ်စွဲပြန်ပြီ"

"အောင်မာ-မညာပါနဲ့။ စာတိုက်က စာမူခလာယူပါ-တဲ့"

"စာတိုက်က စာမူခ လာယူပါဆိုတာနဲ့ ကျွန်တော်ဟာ မောင်လွမ်းပင် ဖြစ်ကရောလား"

သန္တာဆန်းသည် ဇတ်ကနဲ ရှေ့က စာရွက်တွေကို ဆွဲယူကြည့် လိုက်သည်၊ ရှေ့ဆုံးစာမျက်နှာပေါ်တွင် ဝတ္ထုနာမည်နှင့် ကလောင် အမည်ပါ ပါနေ၏။

"ဒါတွေက ဘာလုပ်တာလဲ ပြောစမ်းပါအုံး"

"ဒါတွေက ဈေးက ကုန်ထုပ်မယ့် စက္ကူတွေ ဝယ်လာတာပါ"

"ကဲ-လိမ်အုံး၊ လိမ်အုံး . . ."

ပြောပြောဆိုဆိုနှင့် သန္တာဆန်းသည် ခင်မောင်ဦး၏ ရင်ပတ်ကို လက်သီးဆုတ်ကလေးများနှင့် ထုလေ၏။

"နာတယ်-မသန္တာရဲ့။ မလှုပ်ပါနဲ့၊ အော်. . . တော်ပါတော့ဆို"

ထိုအခိုက်တွင် ဦးဆန်းထူးကြီးသည် အခန်းထဲသို့ အူယား ဖားယားနှင့် ဝင်လာလေ၏။

"ဟဲ့-သမီး ဘာဖြစ်ပြန်ကာလဲ။ ဒီကောင်က သမီးကို နှုတ်ခမ်း မွေးတပ်ပေးပြန်ပြီလား. . . ဟင်"

သန္တာဆန်းသည် ပြုံးစနဲ့နဲ့နှင့် ဘာမှ ပြန်မဖြေဘဲ ဖခင်ကို မျက်စောင်းသာထိုးလိုက်သည်။

"အောင်မယ်-မင့် အကြောင်းကို ငါ ကိုညွန့်မောင်ဆီက သိရ ပြီးပြီကွ။ မင်း ဝမ်းသာပေတော့"

"ဘာအကြောင်းများလဲဗျာ"

"မင်း အလုပ်မရှိတာလေ"

"အလုပ်မရှိတာ ဝမ်းသာရမှာလား ဦးလေးဆန်းရဲ့"

"မဟုတ်သေးပါဘူး၊ ငါတို့ စက်ရုံမှာ စက်ရုံ အလုပ်ရုံဆိုင်ရာ စိတ်ပညာရှင်တွေ အလုပ်ခန့်ဘို့ စီမံကိန်း ဆွဲထားတယ်ကွ၊ မင်းက စိတ်ပညာအဓိကနဲ့ ဘွဲ့ရစာမေးပွဲအောင်ပြီးပြီဆို"

ခင်မောင်ဦးက ခေါင်းကိုသာ ညိတ်ပြ၏။

"ငါ ရန်ကုန်ကို ပြန်ပြီးလို့ စီမံကိန်း အကောင်အထည်ပေါ်ယင် မင့်ဆီစာရေးလိုက်မယ်"

"ကျေးဇူးတင်ပါတယ် ဦးလေးဆန်းရယ်"

ဦးဆန်းထူးကြီး ပြန်ထွက်သွားလေသည်။ ထိုအခါတွင်မှ ခင်မောင်ဦးသည် သန္တာဆန်းကို ကြည့်ရင်း ပြောလိုက်၏။

"ဦးလေးဆန်းကိုတော့ အားနာပါရဲ့၊ ဒါပေမယ့် အလုပ်ကို လက်မခံချင်ဘူး"

"ဟင်-ဘာဖြစ်လို့လဲ"

"ကျေးဇူးခံ ကျေးဇူးစား မဟုတ်ပဲနဲ့တောင် သူ့သမီးက နှိပ်စက်နေတာ၊ ကျေးဇူးခံ ကျေးဇူးစားဆိုရင် ပြောစရာမရှိဘူး။ အလုပ်မှာတောင် . . . ဖြစ်နေရမှာပေါ့"

သန္တာဆန်းသည် မျက်ရည်တွေ ရစ်ဝဲလာလေ၏။

"ကိုဦး-ဗွေမယူပါနဲ့ကွယ်။ မသန္တာ တောင်းပန်လို့မရတော့ဘူးလား။ နောက်ကို မနှိပ်စက်တော့ပါဘူး"

"ဘယ်လို နှိပ်စက်တယ်ဆိုတာကော သိလို့လား"

"တဖက်သတ် အထင်လွဲတာနဲ့ ဆံပင်ဆွဲခဲ့တာ ပြောတာမဟုတ်လား"

"မဟုတ်ပါဘူးလေ"

"အလို-ဒါဖြင့် မသန္တာက တခြား ဘယ်လိုများ နှိပ်စက်နေလို့လဲ"

ခင်မောင်ဦးသည် မိန်းမအာမှုအရာနှင့် မျက်စောင်းကလေးချိတ်လိုက်ကာ. . .

"သူများချစ်သလိုမှ ပြန်မချစ်တာပဲ" ဟု ပြောလိုက်လေသည်။

ပြောပြောဆိုဆိုနှင့် ခင်မောင်ဦးသည် ရုတ်တရက် သန္တာဆန်းကိုဖက်ပြီး အနမ်းမိုး တွေ ရွာပစ်လိုက်လေရာ ဝုန်းကနဲဝင်လာသော ဦးညွန့်မောင်မှာ ချက်ချင်းလိုလို ဘရိတ်ဖမ်းရ သဖြင့် ကော့လန်လန်ကြီးဖြစ်သွားလေ၏။

ခင်မောင်ဦးတို့လည်း ရှက်ကိုးရှက်ကန်းနှင့် လူချင်းခွာလိုက်ရသည်။

STYLUS BOOKS

"ဟော့-မင်းမှန်တယ်ကွ"

"ကျွန်တော် ဂဏန်းတစ်ပုဒ်မှ တွက်မထားပါဘူး"

"ဘာလဲကွ၊ မင်းပြောတာ မှန်တယ်လို့ပြောတာ၊ ကြီးကြီးယူတာ ကောင်းတယ်ဟော့။ ငါ လက်ခံပြီ။ ငါ အခုပဲ မျိုးရဲ့အမေအိမ်ကို ရောက်ခဲ့ပြီးပြီ"

"ဖြစ်မှဖြစ်ရလေ ဦးလေးရယ်။ ဘာဖြစ်လို့ သွားပြီး ဒုက္ခပေးရတာလဲ"

"ဘာ ဒုက္ခပေးရမှာလဲ။ သူ့သမီးက ငါ့ကိုပစ်သွားတာကို ငါ တမင်သွား ပြောတာပေါ့ ကွ၊ ဘယ်ရမလဲ ညွန့်မောင်ကွ။ ဘယ်တော့မှ ငြိမ်မခံနေဘူး"

ခင်မောင်ဦးသည် စိတ်မသက်မသာဖြစ်သလို သက်ပြင်းချလိုက်မိ၏။

"သနားပါတယ် ဦးလေးရယ်။ ဘာဖြစ်လို့ ဒီမုဆိုးမကို သွားပြီး ဒုက္ခပေးရတာပါလိမ့်။ သူ့သမီး လင်နောက်လိုက်ပြေးတာ သူက ဘာ တတ်နိုင်မှာလဲဦးလေးရာ"

"ဟာ-တတ်နိုင်လိုက်တာမှ သိပ်တတ်နိုင်တာပေါ့။ သူ့မှာ တာဝန်ရှိတယ်ကွ။ သူ့သမီးလုပ်သမျှ သူ့မှာ တာဝန်ရှိတယ်"

"ဦးလေးက သွားပြီး ခြိမ်းခြောက်တယ် ထင်တယ်။ ဒါနဲ့ ဒေါ်လှကြွေကြီးက ပြန်ခေါ် ပေးမတဲ့လား"

ဦးညွန့်မောင်သည် အားရပါးရရယ်လိုက်သည်။

"ဘယ်က ဟုတ်ရမှာလဲကွ။ မင်းပြောတာကို ငါလက်ခံတယ်။ မိန်းမဆိုတာ အသက် ကြီးကြီးကိုယူမှ ကောင်းတယ်လေ"

သန္တာဆန်းမှာ ရယ်ရမလို ပြုံးရမလိုနှင့်ဖြစ်၍ ခေါင်းကို ငုံ့ပြီး "တော်တော်ကဲတဲ့ ဦးဦးပဲ" ဟု ပြောလိုက်လေတော့သည်။

* * *

ဦးညွှန့်မောင်တို့ လင်မယားသည် ခင်မောင်ဦး အလုပ်မရသေးမီ စာမရေးနေသမျှ ကာလပတ်လုံး ခင်မောင်ဦးတို့ လင်မယားအသစ်စက်စက်ကို အိမ်မှာပဲ နေရမည်ဟု အတင်းအကြပ် ဆိုထားဘိ၏။ သို့သော် . . . ထမင်းကိုကား အိုးခွဲ၍ ချက်စားစေသည်။ သို့ဖြစ်ရကား။ အိမ်ကြီးတစ်ဆောင်နှင့် မီးနှစ်ပြောင် ဖြစ်နေရခြင်းပင်တည်း။

ကြပ်ကလေး
(၁၉၃၅ ခု၊ စန္ဒာမဂ္ဂဇင်းမှ)

စာလုံးကြီးကြီးရေးပါစေ

တွေးပြန်တော့လည်း အမျှင်တန်းရသည်။ စကားကို ရပ်ပစ်ချင် ရပ်ပစ်လို့ရ၏။ မရပ်ပစ်ချင်သည့်တိုင်အောင် ဝမ်းထဲက လေအလိုက် နည်းသွားလျှင် ဖြစ်စေ၊ လည်ချောင်းက အသံကြောတွေများ နွမ်းလျ နာကျင်လာလျှင် ဖြစ်စေ၊ စကားသည် ရပ်သွားရ၏။

အတွေးကား ရပ်ပစ်ရ မလွယ်ကူချေ။ ကိုယ့်ဘာသာကိုယ် ရပ်ပစ်လိုက်လျှင်လည်း သူ့ဘာသာသူ တွေးနေတတ်၏။ ဝမ်းထဲက လေ တွင်သာမဟ ဦးနှောက်ထဲက လေတွေ ရပ်စဲကုန်သည့်တိုင်အောင် အတွေးသည် ဆက်လက်၍ ချီတက်ဆဲဖြစ်သည်။

ထို့ကြောင့် ထွတ်မင်းသည် အတွေးကိုစလိုက်မိသည်နှင့် တပြိုင်နက် အမျှင်ကြီးတန်းနေရခြင်းဖြစ်ပေ၏။ ခက်သည်ကား သူသည် မတွေးပဲနေ၍ မဖြစ်ချေ။ အဘယ်ကြောင့်ဆိုသော် သူသည် လမ်းပေါ် တွင်ဖြစ်၏။ တနေရာသို့ ဦးတည်၍ သွားနေခိုက်ဖြစ်သည်။ ဤသို့သော အခြေအနေမျိုးတွင် စကားပြောချင်၍မှ ပြောမဖြစ်ချေ။ တစ်ယောက်တည်း

"ဟဲဟဲ. . . နေကောင်းရဲ့လား၊ အော်. . . တိုက်ဖို့က်ဖြစ်ချင်တာ နေမှာပေါ့။ ထမင်းစား ပြီးပြီလား၊ ဟုတ်ကဲ့ . . . တခါတလေတော့ ခရမ်းချဉ်သီး၊ ငါးပိချက်ကလေးက ခံတွင်းလိုက်တတ်ပါတယ် ဟဲဟဲ. . . " စသည်ဖြင့် စကားပြောလာလျှင် နောက်က ကျော်တက်သူများ တူရှုက လာသူများသည် လိုအပ်သည်ထက်ပို၍ သူ့ကို ကွင်းသွားကြမည်ဖြစ်၏။ တစ်ယောက်တည်း စကားမပြောပဲ မြင်သမျှ လူတွေကို လိုက်စကားပြောနေလျှင် ခရီးသော်လည်း ဖင့်ရမည်။ အတီးသော်လည်း အသင့်ရမည်ဖြစ်၏။

အေးအေးဆေးဆေးပုံသဏ္ဌာန်မျိုးဖြင့် လက်ကလေးလွှဲပြီး သီချင်းကလေး တကြော်ကြော် ညည်းရမည်ကလည်း အချိန်မှာ နံနက်ဆယ်နာရီခွဲခန့်ရှိ၍ နေပူကျဲကျဲဖြစ်သည်။ သီချင်းသံကြား၍ မသာယာနိုင်သော အချိန်ဖြစ်သဖြင့် ခဲဖြင့်ချောင်း၍ ပစ်ပေါက်ခြင်းကို ခံရစရာအကြောင်းသည် ရှစ်ဆယ်ရာခိုင်နှုန်း သေချာနေသည်။ ယင်းသို့သော အကြောင်းများကြောင့် ထွတ်မင်းသည် မရယ်မပြုံးနှင့် ပါးစပ်ကြီးကိုစေ့ကာ လမ်းသွားယင်း တွေးတောနေမိခြင်း ဖြစ်ပေ၏။ တွေးပြန်တော့လည်း အမျှင်တန်းရသည်။

ဘာတွေကို တွေးနေပါသနည်း။ သိပ်ပြီး သိရလွယ်ပါသည်။ ထွတ်မင်း တွေးလျှင် အကြောင်းအရာတစ်ခုတည်းကိုသာ တွေး၏။ သူ့တွင် တွေးစရာမှာ သည်စတုံရန်းမိုင်မှေါင်း ၁၁၄၅,၂၀၀ လား . . . ၁၁၄၅၁၀၀ လားဟူသည်ကို သူမတွေးပါ။ ကာရီဘီးယင်း ပင်လယ်ကို စိတ်ဝင်စားဖို့ဝေးစွ၊ ထွတ်မင်းသည် ကြားပင်မကြားဖူးချေ။ သို့ဖြစ်လျှင် ဖာရင်ဟိုက်မှ စင်တီဂရိတ်ကို ပြောင်းရာတွင် ၃၂ ကိုနုတ်၍ ၅ ဖြင့် မြှောက်ကာ ဘာနှင့်စားရသနည်းကို ဖြေပါလိမ့်မည်။ ကြောင်သက်တမ်း

နှင့် ခွေးသက်တမ်းတို့တွင် အဃသင်းဇာ ပို၍ရှည်သည်ကို တွေးတော နေခြင်းလား၊ ဝေးလေ၏။ သူ့စိတ်ထဲတွင် ကြောင်နှင့်ခွေးတို့သည် သက်တမ်း ၂ နှစ်စီလောက်သာရှိသည်ဟု ထင်နေ၏။ မည်သို့ပင်ဖြစ်စေ ကြောင်နှင့်ခွေးကို ထားဦး၊ ပုရွက်ဆိတ်နှင့်ပုရစ်တို့၏ သက်တမ်းကိုလည်း သူ စိတ်မဝင်စားပါ။

ဘာဆိုင်လို့ ဒါတွေကို တွေးနေရပါမည်နည်း။

မျိုးမိသူဇာ. . . ။

ဟုတ်ကဲ့၊ သူ အလွန်စိတ်ဝင်စားသည်။ စိတ်ဝင်စားလွန်း အားကြီး၍လည်း လစ်သည်နှင့်တပြိုင်နက် စိတ်ဝင်စားကြောင်း ဖွင့်ပြော ပြီးဖြစ်သည်။

"မျိုးမိသူဇာရေ. . . ကိုယ်ဟာ မင်းကို စိတ်ဝင်စားလွန်းလို့ လက်ကတောင် မချနိုင်ဘူး" ဟုတော့ သူမပြောခဲ့ပါ၊ သူက ရိုးရိုးနှင့် ရှင်းရှင်းကလေးပင် "မျိုးမိသူဇာရေ မင်းကို ကိုယ်ချစ်တယ်ကွာ" ဟု ဖွင့်ဟကြေငြာခဲ့ပါ၏။

သို့သော် . . . . ကောင်မလေးသည် သူ့ကို ပြန်၍ ကြိုက်သလား . . . ခိုက်သလား၊ ဘာမျှပြန်၍ မကြေငြာသဖြင့် သူသည် ကွေးနေရခြင်းဖြစ်၏။ မကြိုက် မခိုက်လို့ ရိုက်ပစ်လိုက်ခြင်း ခံရလျှ တာင်မှ အတွေးမျှင်သည် ပြတ်နိုင်သည်။

ယခုတော့ . . . သူက ဤသို့ ဖွင့်ဟလိုက်သည်၏ အဆုံးတွင် ကောင်မလေးက "အဟင်း" ဟု မအောင့်မအည်းနိုင်ရယ်ပစ်ခဲ့၏။ ကွက်မင်း တယ်လို အဓိပ္ပာယ်ကောက်ရမှန်းမသိ ဖြစ်ရတော့သည်။

ဦးခေါင်းနှစ်လုံးသည် ဦးခေါင်းတစ်လုံးထက် ပို၍ ဦးထုပ်ဖိုး သည်" ဟူသော စကားအရ သူသည် သူငယ်ချင်းများကို ဖွင့်ပ

မေးကြည့်ဘူးသည်။

ပထမတစ်ယောက်က တက်ထွန်း ဖြစ်၏။

"ဟေ့ . . . တက်ထွန်းရ၊ ကောင်မလေးတစ်ယောက်
အဟင်း. . . လို့ဆိုယင် ဘယ်လိုသဘောလဲကွ"

"ဟာ. . . ရှင်းပါတယ်၊ ရယ်ချင်တဲ့သဘောပေါ့"

သူသည် မဟန်သေး၊ ထို့ကြောင့် ဇော်အေးထံ ချဉ်းကပ်ခဲ့
သည်။

"ဇော်အေး . . . မင်းတော့ စဉ်းစားတတ်မလားမသိဘူး"

"ဟာ. . . စဉ်းစားတတ်ပါတယ်ကွ၊ ငါ့မှာလဲ ဦးနှောက်နဲ့ပဲဟ

"နေပါအုံးလေ၊ ငါ့စကားဆုံးအောင် နားထောင်ပါအုံး"

"အော်. . . စောစောက မင့်စကားဆုံးသွားပြီထင်တာကိုး"

"မဆုံးသေးပါဘူးလေ"

"အော်. . . မင်းစကားက မဆုံးသေးပဲ ဖုတ်လှိုက်ဖုတ်လှို
ဖြစ်နေတာကိုး၊ ဒါဖြင့်လဲ ဆက်ပြောလေကွာ"

"ဒီလိုကွ"

"ဘယ်လိုကွတာလဲ"

"နေစမ်းပါအုံး"

"နေကိုစမ်းယင် ပူသပေါ့ကွာ"

"နောက်မနေပါနဲ့လေ"

"မင်းအရှေ့မှာပဲ ရပ်နေတဲ့ဥစ္စာ"

"ဟယ်. . . ခွကျလှပါတကား"

"အဲဒါ သောင်းဘီအပေါ် စ, ကို ဆွဲတင်ရတယ်ကွ"

"ဟေ့ . . . ကောင်းကောင်းပြောနေတာကွ၊ ကောင်မလေ

တစ်ယောက်က အဟင်း ဆိုရင် အဲဒါဘာကိုဆိုလိုသလဲ"

"ဒါများ ခက်တာမှတ်လို့၊ မင်းမှတ်ထား၊ ကောင်မလေးတစ်ယောက်က အဟင်းလို့ ဆိုလိုက်ရင် အဲဒါ ချောင်းဟန့်တာပဲကွ၊ ငါ့ဦးနှောက်က မသေးပါဘူးကွာ"

ထွတ်မင်း စိတ်ပျက်ပျက်နှင့် ခွာခဲ့ရသည်။

သည်ကောင်တွေ တုံးချည်းပဲဖြစ်ကြ၏။ သူကတော့ သည်လိုပဲ မှတ်ချက်ချခဲ့သည်။ သို့သော် သူကိုယ်တိုင်လည်း မျိုးမိသူဇာ၏ "အဟင်း" ကို အဓိပ္ပာယ်မဖော်နိုင်ခဲ့ပါ။ ထို့ကြောင့် "ငါလဲပဲ တုံးပါပဲကလား" ဟု သူ့ကိုယ်သူ မှတ်ချက်ကို မလွှဲသာမရှောင်သာ ချခဲ့ရသည်။

ထွတ်မင်းသည် သက်ပြင်းရှည်တစ်ချက် ချလိုက်၏။

ရောက်ခါနီးပါပြီ၊ သူ၏ဦးတည်ရာဖြစ်သော မျိုးမိသူဇာ၏ နေအိမ်သို့ ရောက်ခါနီး ပါပြီ၊ သည်ကောင်မလေးကို တွေ့မှ လူတကာတွေ ဝိဝါဒမကင်းဘွယ်ရာစကားမျိုးဖြစ်သည့် "အဟင်း" တွေ "အဟက်" တွေ "အဟွတ်" တွေ "အဟပ်" တွေလုပ်မနေပဲ လမ်းပေါ်ကလူပင် နားလည်နိုင်မည့် "ကိုထွတ်မင်းကိုလေ မျိုးမိက ချစ်ပါသတဲ့ရှင်" ဟူသော စကားမျိုးကို ရှင်းရှင်းပြောခိုင်းမည်ဟု စိတ်ထဲတွင် ပိုင်းဖြတ်လိုက်သည်။

ထိုအခိုက်တွင် သူ့ရင်သည် လေးတနဲ့ဖြစ်သွား၏။

ကောင်မလေးပြောမှ ပြောပါ့မလား။

သူ့နားတွင် လူတွေ ရစ်သီရစ်သီနှင့် ရှိကြသည်။ ထွတ်မင်း သိသမျှပင် ခင်မောင်သီ၊ မိုးမောင်မောင်တို့ရှိနေ၏။ သူတို့တတွေကကော မျိုးမိသူဇာကို အလှကြည့်နေကြပါမည်လား။ ခြေအေးဝမ်းယောင်နှင့် အချိန်ကုန်လူပမ်းခံကာ အလကား ရစ်သီရစ်သီနှင့် လုပ်နေကြပါမည်လား။

ထွတ်မင်း ကိုယ်နှိုက်ကပင် မျိုးမိသူဇာကို "ချစ်နေပါပြီ" တု ဖွင့်ပြောခဲ့၏။ သည်ဘဲတွေကကော ဖွင့်မပြောဘူး ထင်နိုင်ပါသလား၊ သင်းတို့တွင်လည်း ပါးစပ်ကြီးများနှင့် ဖြစ်သည်။ ပြီးတော့ သူတို့သည် လည်း မျိုးမိသူဇာ ကောင်းကောင်းနားလည်သော မြန်မာစကားကို တတ်ကျွမ်းကြသည်ချည်းဖြစ်ကြ၏။

"တောက်"

ထွတ်မင်းသည် သတိလွှတ်သွားကာ လမ်းသွားယင်း တောက် ခတ်လိုက်မိ၏။ အမှိုက်သိမ်းသော ကားကြီး၏ ဘေးနားတွင် ယောင်ပေပေ လုပ်နေသော ခွေးတစ်ကောင်သည် သူ့ထံသို့ အမြီးနှန့်၍ ပြေးလာ၏။ ထွတ်မင်းသည် မျိုးမိသူဇာအပေါ်တွင် မကျေမချမ်းဖြစ်သမျှ ခွေးကို ပိတ်ကန်ရန် ကြံလိုက်၏။

ခွေးသည် ရုတ်ခြည်းပင် အမူအရာ ပြောင်းသွားသည်။

နှန့်နေသော အမြီးသည် မတ်မတ်ထောင်၏။ ပေထားသော နားရွက်နှစ်ခုသည် ရှေ့သို့တုပ်လာသည်။ အပေါ်နှုတ်ခမ်း၏ လက်ဝ ဘက်အခြမ်းသည် ရှုရှုကလေး ကြွတက်နေ၍ အစွယ်နှင့်သွားအချို့တို ပေါ်လာကြသည်။ ပြီးတော့ သူ့ထံမှ ဘက်ထရီအား မကောင်းတော့သော ကားတစ်စီး စက်နှိုးသံလိုလို ပေါ်ထွက်လာ၏။

ထိုအခါ ထွတ်မင်းသည် မျိုးမိသူဇာကို မကန်ရဲသလိုပင် ခွေ ကိုပင် မကန်ရဲတော့ပဲ ကုပ်ကုပ်ကလေး ဆက်လက်ထွက်ခွာလာသည်။ အမှိုက်သိမ်းကားပေါ်မှ လူငယ်နှစ်ယောက်သည် သူ့ကိုကြည့်၍ ပြုံးစိစိ နှင့် ကျန်ရစ်ခဲ့ကြ၏။

တွေးပြန်တော့လည်း အမျှင်တန်းရ၏။

လောကတွင် အထူးသဖြင့် ဤမြန်မာပြည်ကြီးတွင် ဥပဒေ

တစ်ရပ်တော့ အမှန်ပင် လိုအပ်နေချေပြီ။

"ပန်းတစ်ပွင့်ကို လိပ်ပြာ တစ်ကောင်သာ ရစ်ဝဲခိုလှုံခွင့်ရှိသည်" ဟူသော ပြဋ္ဌာန်းချက်ပါသည့် ဥပဒေပင်ဖြစ်သည်။

ယခုတော့ မဗေဒါက တစ်ပင်တည်း၊ ဘဲအုပ်က ဖောခြင်းသောခြင်းဖြစ်နေ၏။ မျိုးမိသူဇာနားသို့ မိမိ တစ်ဦးတည်းသာ ကပ်နိုင်ခွင့် လိုင်စင်ရှိလျှင် အဘယ်မျှ ကောင်းပါလေအံ့နည်း။

အမျှင်ပြတ်ရလေပြီ၊ မတွေးချင်တော့၍လည်းမဟုတ်၊ မတွေးနိုင်တော့၍လည်းမဟုတ်ပါ၊ မျိုးမိသူဇာ၏ အိမ်ထဲရောက်၍ ကောင်မလေး၏ ဖခင် ဦးညီဝ၏ ပူတင်းလှသော ဝမ်းဗိုက်ကြီးသည် သူနှင့်တစ်ထွာသာသာခန့်တွင် မားမားကြီးရပ်၍ ကြုံ့ကြုံ့ခံနေသောကြောင့်သာဖြစ်သည်။

"အလို. . . မောင်ထွတ်မင်းပါလား"

"ဟုတ်ကဲ့ . . . ကျွန်တော် မောင်ထွတ်မင်းပါ"

"အေး . . . မင်းကိုး"

"ဗျာ. . ."

"အော်. . . မင်းလို့ပြောတာပါ"

"ဟုတ်ကဲ့ . . . ကျွန်တော်ပါပဲ"

"စောစောက ငါက မင်းလို့ မထင်မိပဲကိုး"

"ငါကတော့ မင်း မဖြစ်နိုင်ပါဘူး၊ ငါက အမှုထောင်၊ မင်းကတုံမှုထောင်ကိုး။ ဒီနှစ်ခုက ကွဲပြားပါတယ်"

ထိုခဏတွင် ကွတ္တိလိင်သံ တစ်ခုသည် ပီပီပြင်ပြင် ထွက်ပေါ်လာ၏။ အသက်ကတော့ ထောက်ပါသည်။

"ဘာ့ ပထောဂတွေများ ကွဲပြားနေတာလဲ၊ ဟောတော့မောင်ထွတ်မင်း"

·အတွင်းဘက်က မျိုးမိသူဇာ၏ မိခင် ဒေါ်အေးသွင် ထွက်လာ-ခြင်းဖြစ်သည်။ ဒေါ်အေးသွင်၏ စကားကို ကြားသောအခါ ဦးညီဝက မျက်လုံးပြူးသွား၏။

"ဟေ. . . ဒီကောင် ဘယ်တုန်းက နာမည်ပြောင်းလိုက်သလဲ"

"ဘယ်မှာပြောင်းလို့လဲရှင့်"

"ဟောတော့ မောင်ထွတ်မင်း-ဆို"

"အော် . . . ဒီမှာ ကိုညီဝ၊ ဖယ်စမ်းပါ။ မောင်ထွတ်မင်း အတော်ပဲဟေ့"

ဦးညီဝသည် ဘေးသို့ နည်းနည်း ဖယ်ပေးယင်းက တချီထပ်၍ မျက်လုံးပြူးပြန်၏။ ဤပုဂ္ဂိုလ်ကြီးသည် မျက်လုံးများကို အလကားရတိုင်း ပြူးပြူးနေရော့သလားဟု ထင်မှတ်ရသည်။

"ဟာ. . . မအေးသွင်၊ ဘာနဲ့ အတော်ပဲ ဖြစ်နေရတာလဲ၊ ကောင့်အတွက် မင်းက ခေါင်းစပ်ကြည့်နေသလား"

ဒေါ်အေးသွင်က မျက်စောင်းထိုးပစ်လိုက်၏။

"ကိုညီဝ ဖယ်စမ်းပါဆိုယင် လွတ်လွတ်လပ်လပ် ဖယ်စမ်းပါ၊ ာ မောင်ထွတ်မင်း သမီးက မင်းကို မှာသွားတယ်"

ဦးညီဝသည် တချီ မျက်လုံးပြူးပြန်လေ၏။ ဟုတ်ချေပြီ။ ဤ လ်ကြီးသည် မျက်လုံးများကို ဝါသနာနှင့် ပြူးပြူးနေသူဖြစ်ရပေတော့မည်။

"ဟာ. . . ဒီကောင်က အမှာစာနဲ့ အကြောင်းကြားမှ လာတတ် ားဟေ"

ဤအခါတွင်တော့ ဒေါ်အေးသွင်သည် ဦးညီဝကို ဂရုမစိုက် ခဲ့ချေ။ ထွတ်မင်းနားသို့သာ အတွင်းကပ်ယင်း လက်မောင်းကို တို့ကာ ၏။

STYLUS BOOKS

"သမီးက မှာသွားတယ်၊ တာကယ်လို့များ မင်းရောက်လာယင် အကြိုခိုင်းလိုက်ပါတဲ့၊ သွားကြိုလိုက်ပါကွယ်"

ထွတ်မင်းသည် တလမ်းလုံး မှုန်ကုတ်ကုတ်ဖြစ်လာခဲ့ သာက် ယခုအခါတွင်ကား ရွှင်ပျလန်းဆန်းသွားရတော့သည်။ နှုတ် သည်း ပေါ့ပါးသွက်လက်လှ၏။

"ဟာ-သွားကြိုမှာပေါ့ ဒေါ်ဒေါ်၊ သူက တယ်မှာလဲ"

ဦးညီဝက အိမ်တွင်းသို့ လှည့်ခွာသွားယင်းက ရာတန် လှည့်၍ လိုက်သေး၏။

"စောစောကတော့ ရေချိုးခန်းဝင်သွားတာ ငါတွေ့လိုက်တာပဲ"

ဤအချိတွင်တော့ ထွတ်မင်း မျက်လုံးပြူးရတော့သည်။ တား ရှ၍လည်းမဟုတ်၊ ဝါသနာကြောင့်လည်း မဟုတ်၊ ပြူးရေးဂို ခပ်စွတည့်ဟူသကဲ့သို့ပင် အခြေအနေက တောင်းဆို၍ မျက်လုံးပြူး းဖြစ်သတည်း။

မျိုးမိသူဇာကို ရေချိုးခန်းထဲဝင်၍ သွားကြိုရမည်လား၊ မိမိ ားသည် ညဥ့်အိပ်စဉ်က ဖိအိပ်ခဲ့၍များ ကောက်ကွေးလိမ်ဖယ် သွင်းကုန်ပြီလား၊ မျိုးမိသူဇာကကော အဘယ်ကြောင့် ရေချိုးခန်း င်ရာတွင် မိမိကို တကူးတက ဝင်ကြိုရန် မှာကြားရပါသနည်း။

"အော်-ဟုတ်ကဲ့၊ အအေးမိမှာစိုးလို့ ရေနွေးကျိုခဲ့စေချင်တယ် တယ်"

ထွတ်မင်းသည် ထင်ရာတွေပြောလိုက်၏။ ဒေါ်အေးသွင်သည် ဘက်သို့ မျက်စောင်းမထိုးတော့ပဲ ပြည့်ပြည့်ဝဝကြီး လှည့်ကြည့် မမိတော့ချေ။ ဦးညီဝသည် သွက်လက်သော ခြေလှမ်းများဖြင့် ွင်းမှ လွတ်ကင်းအောင် ရှောင်တိမ်းသွားချေ၏။

ထိုအခါမှ ဒေါ်အေးသွင်သည် ထွတ်မင်းဘက်သို့ ပြန်လှည့်သည်။

"ဒီလိုကွယ့် မောင်ထွတ်မင်းရဲ့ မျိုးမိသူဇာက ဒီဘက်လေးအိမ်ကျော်က အလှူအိမ်ကို သွားတယ်၊ ဒီအိမ်က ခါတိုင်းလဲ သွားနေကျပါပဲလေ၊ ဘာဖြစ်လို့ မောင်ရင့်ကို ကြိုနိုင်းတယ် မသိဘူး။ တကယ်လို့များ မောင်ရင်လာယင် လာကြိုပါလို့ မှာသွားတယ်"

ထွတ်မင်းသည် ထခုန်မိတော့မလောက် ဝမ်းသာသွား၏။ မျိုးမိသူဇာသည် အလွန်တာရာ ကွာဝေးလှသော ဗလုတိုဗြိုဟ်သို့ သွားနေစေကာမူ ထွတ်မင်းတစ်ယောက် လိုက်၍ကြိုမည်သာ ဖြစ်၏။ ယခုတော့ လေးအိမ်ကျော်တလေး မှုချသွားကြိုပါမည်။ အပြန်ခရီးတို့သည် တိုတောင်းသည် မှန်ပါ၏။ သို့ရာတွင် ချစ်သူတို့၏ ဘဝတွင် မျက်စိတမှိတ် လျှပ်တပြက် အချိန်ကာလကလေးသည်ပင် နှစ်ယောက်တည်းသာဆိုလျှင် အလွန်အရေးပါလှသည်။

ထွတ်မင်း ချာကနဲလှည့်ထွက်လာ၏။ သုံးလေးလှမ်းခန့် လှမ်းမိပြီးမှ ဖိမ်အပြုအမူသည် ရိုင်းပျသယောင်ယောင် ထင်မြင်မိလာသဖြင့် ချာကနဲ ပြန်လှည့်ခဲ့ပြန်သည်။

ဒေါ်အေးသွင်သည် ထွတ်မင်းလှည့်ထွက်သွား၍ ကိစ္စပြတ်ပြီဟင်ကာ အတွင်းဘက်သို့ ပြန်လှည့်မည်ပြုစဉ်၊ ထွတ်မင်းက ကွေ့၍ ပြန်လာပြန်သဖြင့် ဆတ်ကနဲ ကိုယ်ကို ပြန်လှည့်ရပြန်လေရာ-ခါးဆီမှ မျက်ကနဲ ဖြစ်သွားရ၏။

"အမယ်. . .ကျွတ်. . . ကျွတ်"

"ဘယ်လိုဖြစ်သွားတာလဲ ဒေါ်ဒေါ်"

"ရှိပါစေတော့ကွယ်၊ မောင်ရင် ဘာကျန်ရစ်ခဲ့လို့တုန်း"

"နှုတ်ဆက်ဖို့ ကျွန်ခဲ့လို့ပါ။ မျိုးမိသူဇာကို ကျွန်တော် အနေ့ပဲ သွားကြိုပါ့မယ်"

ထွတ်မင်းသည် နှုတ်ဆက်ပြီး ပြန်ကွေ့ထွက်လာသည်။ သူ့ခြေထောက်သည် မြေကြီးကိုပင် မထိသယောင် ခံစားရ၏။ သို့သော် ဒေါ်အေးသွင်ခမျာကတော့ တော်တော်ပင် ထိသွားသယောင် ခံစားရကာ ခါးကို လက်တစ်ဖက်ဖြင့် ထောက်ပေးယင်းက၊ ဦးညိဝ ကတ်သီးကတ်သက်စကားတွေ ပြောချင်မည်ဆိုကလည်း ပြောချင်စဖွယ် သူငယ်လေးပါကလားဟု တွေးတောယင်း ပြန်လှည့်ဝင်သွားသည်။ သို့သော်သည် တကြိမ်တွင်တော့ ဖြည်းဖြည်းသက်သာပင် တွေ့၍ ဝင်ရ၏။ စိတ်မချသဖြင့် ဦးခေါင်းကိုတော့ သမင်လည်ပြန် လှည့်ထားရ၏။ ထွတ်မင်းသည် စိတ်မချရချေ။ တချို့ ချာကနဲ ပြန်ကွေ့လာလျှင် မိမိ၏ ခါးဆစ်ရိုး ဂျွတ်ကနဲ ကျိုးသွားနိုင်၏။

ဘုရားမ, ပါ၏။ ထွတ်မင်းခြံဝက ထွက်သွားပါလေပြီ။

အလျှုအိမ်ဝသို့ရောက်သည်နှင့်တပြိုင်နက် လူရွှယ်တစ်ယောက်သည် ထွတ်မင်းဆီသို့ ဦးတည်လျှောက်လာယင်း "ကြွပါ ကြွပါ. . ." ဟု ဆိုသည်။

အလှူအိမ်ဆိုတော့လည်း သိသိ၊ မသိသိ အကြွခိုင်းသည်မှာ ဓမ္မတာပင်ဖြစ်သည်ဟု ထွတ်မင်းက တွေးယင်း "ဟုတ်ကဲ့. . . ဟဲ. . . ဟဲ" ဟု အခြေအနေတမျိုးကြီးကို စကားတမျိုးကြီးဖြင့် ထုတ်ဖော်လိုက်သည်။

"ထီးကို ကျွန်တော့်ပေး . . . ထီးကို ကျွန်တော့်ပေး"

လူရွှယ်က မျာမျာသလဲပြော၏။ ထွတ်မင်းသည် သူ့လက်တွေကို သူ ငုံ့ကြည့်သည်။ ငုံ့ကြည့်မည့်သာ ကြည့်သည်။ အိမ်က ထွက်လာ

ကတည်းက သူ့တွင် ထီးမပါသည်ကို သူ ကောင်းစွာသိ၏။ သို့တိုင်အောင် လူရွယ်က ပီပီသသကြီး ပြောလိုက်သဖြင့် "ငါ ဘယ်သူ့ထီးကြီးများ ယောင်ဆွဲလာမိပါလိမ့်မလဲ" ဟူသော အတွေးဖြင့် လက်တွေကို ပြန်ငုံ့ကြည့်မိခြင်းဖြစ်သည်။

မိမိ၏ လက်နှစ်ဖက်စလုံးတွင်လည်းကောင်း၊ ပခုံး ခါးကြား စသော နေရာများတွင်လည်းကောင်း၊ ထီးလုံးဝမပါသည်ကို သေချာမှ ထွတ်မင်းသည် လူရွယ်ကို ပြန်မော့ကြည့်၏။ လူရွယ်သည် နီးကပ်နေပေပြီ။ သူ၏အကြည့်များက ထွတ်မင်း၏ ဦးခေါင်းအပေါ် တစ်တောင်ခန့် လွန်နေ၏။ ထို့ကြောင့် ထွတ်မင်းသည် နောက်သို့ ချာကနဲ လှည့်ကြည့်သည်။ နောက်နားက ပါလာသော လူကြီးသည် သူ့ထက် အရပ်တစ်တောင်ခန့် ပိုမြင့်၍ ထီးကိုပိတ်နေ၏။

ဤတွင်မှ လူရွယ်သည် မိမိကို ကြိုဆိုခြင်း မဟုတ်သည်ကို သိကာ ထွတ်မင်းသည် လူရွယ်၏ဘေးမှ ရှက်ရှက်နှင့် ဝူးကနဲ တိုးဝင်သည်။ သူက ဝူးကနဲ တိုးဝင်သဖြင့် အင့်ကနဲ ဆောင့်မိ၏။

"ဘယ်လိုလဲ ကိုထွတ်မင်းရဲ့။ ဒီက သူလာတာမြင်လို့ ထွက်လာတာ၊ အထဲကို ဘာဖြစ်လို့ အတင်းတိုးနေတာလဲ။ လျှော်တာကို စားချင်သေးလို့လား"

ထွတ်မင်းသည် ငုံ့ကြည့်၏။ သူ ချစ်ရသော မျိုးမိသူဇာ. . . မိုးအောက်တွင် တစ်ယောက်တည်းရှိသည့် မျိုးမိသူဇာ။

"မျိုးမိကိုတွေ့မှတော့ ဘာမျှမစားချင်ဘူး၊ ကဲ-ပြန်မယ်"

"ပြန်မဲ့ဥစ္စာများ အထဲကို အတင်းတိုးနေရတယ်လို့ . . . ထွတ်မင်းရယ်။"

"ဟဲ-ဟဲ-မျိုးမိ နဲ့ ဝင်တိုက်ချင်လို့ပါ"

"လာပါ. . . ပြန်ကြရအောင်"

သူတို့ ပြန်ထွက်ခဲ့ကြ၏။ ထွတ်မင်း၏ ရင်ထဲဝယ် မတရား
နေသည်။

"ဟင်. . . ကိုထွတ်မင်း၊ မကိုင်စဖူး ဘာကြောင့် ထီးကြီးကိုင်
"

"ဟောဗျ. . ."

ထွတ်မင်း၏ စိတ်ထဲဝယ် အချစ်ကျွဲရိုင်းခတ်နေရာ၊ ဘယ်လို-
သို ယောင်ပေါင်ပြီး အလှူအိမ်ဝနားက ပြတင်းပေါက် အပြင်ဘက်
ထိုတ်ထားသော ထီးကြီးကို ဆွဲခဲ့မိမှန်းမသိချေ။

"ဟာ. . . ပြန်ထားအုံးမှ၊ မျိုးမိ ဒီမှာ ခဏစောင့်နေ"

ထွတ်မင်းသည် ပျာယီးပျာယာ ပြန်သွား၏။ မျိုးမိသူ့ကကား
င်သည်ကို အတော်ပင် ခံအောင့်ထားရသည်။ လမ်းဘေးက သစ်ပင်
တွင် ရပ်နေသော မိန်းကလေးသည် တစ်ယောက်ထဲ တခစ်ခင်
လျှင် လမ်းသွားလမ်းလာတွေ အံ့လာမှာ ကြောက်ရ၏။

ခဏအကြာတွင် ထွတ်မင်း ပြန်ရောက်လာသဖြင့် ဆက်
်လာခဲ့ကြသည်။ ခရီးက တိုသဖြင့် စကားမြန်မြန်ပြောမှဖြစ်မည်။

"ဒီမှာ မျိုးမိ"

"ဒီမှာ ကိုထွတ်မင်း . . ."

"မျိုးမိကို စကား တခွန်းပြောချင်တယ်. . ."

"မျိုးမိကလဲ ပြောချင်တယ်"

"ကိုယ်က အရင်ပြောပါရစေလေ"

"မရဘူး-မျိုးမိက အရင်ပြောမယ်"

"တိုတိုကလေးပါ။ ကိုယ်ပြောပြီးယင် မျိုးမိပြော"

"ဟင့်အင်း . . . မျိုးမိက အရင်ပြောရမှ၊ မပြောရယင် နားလဲ မထောင်ဘူး၊ ပြောလဲ မပြောတော့ဘူး"

မတတ်သာပြီဖြစ်၍ ထွတ်မင်း အလျှော့ပေးရတော့၏။

"ကဲ . . . ဒါဖြင့် ပြောပါတော့ မျိုးမိရယ်"

"ကိုထွတ်မင်းကို မျိုးမိက ချစ်ပါတယ်"

"ဟင် . . . "

"ကိုထွတ်မင်းကို မျိုးမိက ပြန်ချစ်သလား-မချစ်ဖူးလားလို့ မေးနေတာ ကြာပြီမဟုတ်လား၊ အဲဒါ . . . အခု မျိုးမိက ကိုထွတ်မင်းကို ချစ်ပါတယ်လို့ အဖြေပေးတာရှင့် . . . သိပြီလား၊ ကဲ-ကိုထွတ်မင်း ပြော ချင်တာပြောတော့"

"မလိုတော့ဘူး"

"ဘာလဲ . . . စိတ်ကောက်တာလား"

"ဟာ . . . ဘယ်ကဟုတ်ရမှာလဲ။ အဲဒါကိုပဲ မေးမလို့။ မျိုးမိ ရဲ့ အဖြေက စောသွားတာကိုး"

မျိုးမိသူဇာသည် ပြုံးရယ်လိုက်သည်မှာ ပို၍ပင်လှသွားသဖြင့် ထွတ်မင်းသည် မျိုးမိသူဇာကို ဖက်၍ ချက်ချင်းပင် မြေမျိုခံချင်စိတ် ပေါက်သွားရသည်။

"ဒီလိုမှန်းသိယင် မျိုးမိက မပြောပါဘူး။ သူက ထီးကြီး မှားဆွဲ လာမိတဲ့အကြောင်းကို ပြောမယ်မှတ်လို့-အဟင်း ဟင်း . . . "

"ဟာ . . . ဒီထီးစုတ်ကြီးကို ဘေးချိတ်ထားစမ်းပါ"

"ဘယ်ကထီးစုတ်ကြီးရမှာလဲ။ စပရင်နဲ့ ထီးအသစ်ကြီးပါ"

"တော်ပါတော့ မျိုးမိရယ်။ ဒီအချိန်မှာ ဘာရုံအပျက်မခံပါရ စေနဲ့"

"အောင်မယ်. . . ကဲနေလိုက်တာ။ မျိုးမိက ဘာဖြစ်လို့ ခုလောက် မြန်မြန် အဖြေပေးသလဲ သိလား"

"ရင်ထဲက ဖီလင်တွေ အလိပ်လိုက်တက်လာလို့ဖြစ်မှာပေါ့"

"ဘယ်ကတုတ်ရမှာလဲ၊ ကလောက ဦးလေး ဦးသီလ ရောက်လာတော့မယ်ရှင့်"

"ဘယ့်နှယ်. . . ဘယ့်နှယ်၊ ကလောတုန်းက ဘယ်သူက သီလ ,ပေးတာလဲ"

"အော်. . . ကိုထွတ်မင်းကလဲ. . . ကလောမြို့မှာနေတဲ့ မျိုးမိရဲ့ဦးလေးအရင်း ဦးသီလဆိုတာ လာတော့မယ်။ ဒါကြောင့် အဖြေကို မြန်မြန်ပေးတာရှင့်"

ထွတ်မင်းမှာ မျက်လုံးများ ကလည်ကလည်ဖြစ်သွားရသည်။

"နေပါအုံး၊ ဦးလေး ဦးသီလက သူမလာခင် အဖြေပေးနှင့်ရမယ်လို့ သံကြိုးရိုက်ထားလို့လား"

"မဟုတ်ပါဘူးလေ။ ဦးလေးက ဖေဖေ့ညီအရင်း၊ မျိုးမိကို သိပ်ချစ်တာ၊ ဒီတော့ သူရှိတုန်း မျိုးမိတို့ စေ့စပ်ကြောင်းလမ်းမယ်။ ဦးလေးလဲ မျိုးမိဟာ မိကောင်းဖခင်သားနဲ့ အိမ်ထောင်ကျမယ်ဆိုယင် ဝမ်းသာမှာပေါ့။ ဦးလေးက လူပျိုကြီး၊ သိပ်ချမ်းသာတယ်"

"အော်. . . ကိုယ်က အဲဒီ ဦးလေးနဲ့ လက်ထပ်ရမှာလား"

"ဘာဖြစ်နေတာလဲ ကိုထွတ်မင်းရဲ့"

"ဝမ်းသာလွန်းလို့ ယောင်မှားကုန်တာပါ၊ ဦးနှောက်တွေလဲ လည်ကုန်ပါပြီ။ ဒါထက်-ချစ်ပြီဆိုယင်လဲ ကိုထွတ်မင်း-ကိုထွတ်မင်းနဲ့ မခေါ်ပါနဲ့ မျိုးရယ်"

"ဘယ်လို ခေါ်ရမလဲ။ ကိုထွတ်လို့ ခေါ်မယ်"

"တမျိုးကြီးပဲလားလို့၊ ကိုမင်းလို့ ခေါ်ပါလား"

"အဲဒါက တမျိုးကြီးပိုဖြစ်တာ။ မင်း ကိုဆိုယင်
ကော်သေးရဲ့"

"ကိုမင်းပါလေ. . . ကိုယ်ရယ် မင်းရယ်၊ ခွေးကလေးရယ်"

"ဘယ်က ခွေးက ပါလာတာလဲ"

"အမှိုက်သိမ်းတဲ့ ကားနားကလေ။ အို. . . ဘာတွေဖြစ်က
တာလဲ မသိပါဘူး။ ဒီအချိန်မှာ အာရုံတွေ တခြားမရောက်ဖို့ အရေးပြ
တယ်။ ကိုယ်တတော့ မျိုးမိလို့ပဲ ခေါ်ချင်တယ်"

"ကောင်းပါတယ်. . . ဒီလိုပဲ ခေါ်ပါ ကိုထွတ်ရယ်"

"လာပြန်ပြီလား . . . ကိုထွတ်"

"လာမှာပဲ၊ မျိုးမိကတော့ ဒီလိုပဲ ခေါ်မယ်။ မကျေနပ်ရ
လဲသေပေါ့"

"ကျေနပ်ယင်ကော"

"ကျေနပ်ယင်လဲ လဲသေပေါ့"

ထွတ်မင်းက မျက်ဖြူဆိုက်ဟန်ပြု၍ ကော့လန်လန်ကြီးလု
သည်။

"ကိုထွတ်. . . တော်တော်ကဲနေ။ အိမ်ဝ ရောက်ပြီရှင့်"

ဦးညီဝသည် ဝင်းခြံဝက နံပါတ်ပြားကို ရေဖတ်အသတ်နှင့် ပု
သုတ်သင်ယင်းက သူ့ကို လှည့်ကြည့်မိသွား၏။ ကြည့်သည်နှင့်
တပြိုင်နက် မြင်လေတော့သည်တည်း။

"သမီး. . . နောက်ကို ကြိုခိုင်းယင် လူကောင်းပကတိကို ကြို
ခိုင်းပါ သမီးရယ်။ ဝက်ရူးပြန်တတ်တဲ့လူတွေနဲ့ ခရီးသွားရတာ သတိ
သိပ်ထားရတယ်ကွဲ့"

"ဟဲ-ဟဲ . . . ကျွန်တော် နေကောင်းပါတယ် ဦးလေးရဲ့"

"အေး-အေး . . . နေကောင်းယင်လဲ ပြီးတာပါပဲကွာ။ ဒါမျိုးဆိုတော့ နေ့မြင် ညပျောက်ဖြစ်နေတော့ . . . ငါက စိတ်ပူလို့ပါ"

ထွတ်မင်းသည် အသာကုပ်၍ ဦးညိဝ၏ ဘေးမှ ဖြတ်သွားသည်။ သူ ဘာတခွန်းမျှ ပြန်မပြောရဲတော့ပါ။ သည် အဖိုးကြီး ပါးစပ်က ထွက်သမျှသည် သူ့အတွက် ခံကွက်ချည်းဖြစ်နေသည်။ ယနေ့၏ ကျက်သရေကလေးကို မညှိုးအောင် သူ ထိန်းထားရမည်သာဖြစ်၏။

မျိုးမိသူဇာသည်လည်း ပြုံးစိစိနှင့်ပင် သူနှင့်ယှဉ်၍ လျှောက်ခဲ့သည်။ နှစ်ယောက်သားသည် ရွှေနှင့်မြပမာ တွဲယှဉ်ယင်း အိမ်ထဲဝင်လိုက်ကြ၏။

တကယ်တော့ ဦးညိဝသည်လည်းကောင်း၊ ဒေါ်အေးသွင်သည်လည်းကောင်း၊ သမီးဖြစ်သူ မျိုးမိသူဇာကို ဦးမြဆောင်၊ ဒေါ်ခင်လေးတို့၏ သားကြီးဩရသ မောင်ထွတ်မင်းနှင့် သဘောတူသည်သာဖြစ်၏။ သမီးက လက်ခံ မခံသာ စောင့်ကြည့်နေကြခြင်းဖြစ်သည်။

မည်သို့သော အတွေ့အကြုံထူးတွေကိုပဲ ရရ၊ ယနေ့သည်ကား ထွတ်မင်းအတွက် မင်္ဂလာအပြတ်ရှိသော နေ့ထူးနေ့မြတ်ကြီးပင် ဖြစ်တော့သည်။

* * *

ရန်ကုန်မြို့လယ်တစ်နေရာတွင် ထွတ်မင်းသည် လမ်းလျှောက်လာ၏။

မိုးမိသူဇာနှင့် နောက်ဆုံးတွေ့ခဲ့ပြီးသည့်နောက်တွင်၊ ထွတ်မင်းသည် ခြေကို နင်းတိုင်း မြေနှင့်မထိသလိုချည်း ခံစားနေရသည်။ သူအတော်ပင် ပျော်ရွှင်နေသည်။ သူ ပျော်ရွှင်နေသည်နှင့်အမျှပင် လောကကြီးသည် သာယာနေ၏။

စင်စစ်သော်ကား လောကသည် ခပ်တည်တည်ပင် လောကအဖြစ် တည်ငြိမ်စွာ ရပ်တည်နေသော်လည်း၊ ကြည့်သူ၏ စိတ်ခံစားမှုကိုလိုက်၍ သာယာသည်၊ ရှုပ်ထွေးသည်၊ အေးချမ်းသည်၊ လှုပ်တုပ်လှုပ်တုပ်ဖြစ်သည်ဟူ၍ အသွင်ပြောင်းနေရ၏။

အသုဘ ကမ္မဋ္ဌာန်းရှုလေ့ရှိသူ၏ မျက်စိတွင် လောကသည် မသာများနှင့် ပြည့်နေ၍ မြင်မြင်သမျှ ယာဉ်များမှာ နိဗ္ဗာန်ယာဉ်တွေချည်းမြင်တတ်သလိုပင်၊ စာအုပ်ပြာများကို ဝါသနာပါသူ၏ မျက်စိတွင် လောကသည် ဝတ်လစ်စားလစ် ဖြစ်နေတတ်၏။ နေပူလှန်းထားသော ခြင်ထောင်ကိုမြင်လျှင်ပင် အတွင်းတွင် နပမ်းလုံးနေသယောင် ထင်မြင်တတ်၏။

ယခုအခိုက်အတန့်တွင် ထွတ်မင်းအဖို့ လောကကြီးသည် ကြည့်လိုက်တိုင်း သာယာရွှင်လန်းနေတော့သည်။

လမ်းဘေးက ဆိုင်များပင်လျှင် သာယာလှပနေ၏။ ဆပ်ပြာခွက်ကလေးများသည် တောက်ပသော အစိမ်းရောင်၊ အနီရောင်၊ အပြာရောင်ကလေးများဖြင့် လောကကို တန်ဆာဆင်နေသည်။ တိုးလိုးတွဲလွဲနှင့် ဖိနပ်တို့သည် နီညိုရောင်ကလေးများဖြင့် ရွှေသမင် အဆင်းကိုဆောင်နေကြသည်။

"ဒုံ . . . ဂျိုင်း . . . ဂျမ်းဂျမ်း"

ခါတိုင်းလိုဆိုလျှင် နားပူသွားပြီး တစ်နေရာထဲတွင်ပ

တစ်ယောက်တည်း ဆာ၍ ခုန်တက်သွားနိုင်၏။ ယနေ့အဖို့ ဤစေတီသံသွင်းဆိုင်မှ ရုတ်တရက်ထွက်ပေါ်လာသော အသံသည် ပဥ္စသိင်္ခနတ်သား၏ လက်မှ စောင်းကြီးသည် အောက်က သွတ်ခေါင်မိုးပေါ်က ထွေးခံပေါ်သို့ လွတ်ကျလာသလား ထင်မှတ်ရအောင် မြူးရွှင်တက်ကြွနေ၏။

မျက်နှာချင်းဆိုင်က လျှောက်လာသော ကုလားအဖိုးကြီးသည်ပင် အညိုရောင်မုတ်ဆိတ်မွေးကြီးများဖြင့် လောကကို အလှဆင်နေ၏။ ထူထဲ ကျပ်သိပ်သော မုတ်ဆိတ်မွေးများအလယ်မှ သန္တာ နှုတ်ခမ်းသည် ကွမ်းသွေးရောင် တပြောင်ပြောင်နှင့် မပြုံ့ဝုံ့ဝုံ့၊ ပြုံ့ဝုံ့ဝုံ့နှင့် ထန်းတဖျားသာသာ နေရောင်ကို ပြုံ့ကြည့်နေ၏။

ဆောင်းဦးနံနက် ထင်းရှူးတောတစ်ဝိုက်တွင် ကျရောက်နေသော မြူနှင်းများကဲ့သို့ ဟီးနိုးကားငယ်တို့၏ မှုန်မှိုင်းနေသော နောက်ကျောကမှန်၏နောက်တွင် ပြည့်ကျပ်နေသော ခရီးသည်များသည်၊ ပုစွန်များကို အခွံနွှာ၍ မှန်သေတ္တာထဲ အပြည့်သိပ်ထားသလို သာယာ လှပနေကြ၏။ ဘတ်(စ)ကားများ၏ ဘေးပေါက်တွင် ခိုလိုက်လာကြသော သူများပင် ကားဆပ်ကပ်ထဲက လူပဒေသာကဲ့သို့ပင် ကျက်သရေရှိနေ၏။

ထွတ်မင်း၏စိတ်မှာ ဤမျှပင် မြူးကြွရွှင်လန်းပြီး လောကကို သုံးဆယ့်တစ်ဘုံ၌ အသာယာဆုံးနေရာဟု ထင်မြင်နေတော့သည်။

သို့သော် . . .။

သာယာလှသော အခိုက်တွင် မသာယာသော "သို့သော်" ကြီးသည် အဝီစိမှ မြေကြီးပေါ်သို့ ဘွားကနဲ တက်ရောက်ပေါ်ထွက်လာတတ်သည်။ ထိုသို့ ရုတ်တရက် ပေါ်ထွက်လာတတ်သော "သို့သော်" ကြောင့် အချို့သောလူတို့သည် ထည်ဝါခမ်းနားသော အခြေအနေမှ အကျဉ်းသားဘဝသို့လည်း ပြောင်းလဲရ၏။ လမ်းဘေးအမှိုက်ကောက်

နေရာမှလည်း ကိုယ်ပိုင်အိမ်နှင့်ကားနှင့် ဖြစ်သွားတတ်သည်။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်ဘဝမှ သားတွဲလွဲ သမီးတွဲလွဲ ဖြစ်ကုန်ကြရ၏။ စောစောက ဘယ်နေရာ ရောက်နေမှန်းမသိပဲနှင့်လည်း ဘွားကနဲ လူကလေး ဖြစ်လာရသည်။ လှုပ်ရှားအသက်ဝင်နေရာကလည်း တောင့်တောင့်ကြီးနေပြီး ရှုတင်းတင်းမျက်နှာနှင့် မသာအဖြစ်၊ လူလယ်ခေါင် ကုတင်ကြီးပေါ်တွင် မည်သူကိုမျှ ဂရုမစိုက်ပဲ စန့်စန့်ကြီးဖြစ်နေတတ်ပေသည်။

ဤသို့ ရုတ်တရက် ငေါက်ကနဲ ပေါက်ကွဲ ပေါ်ထွက်လာတတ်ပါသော "သို့သော်" သည် ထွတ်မင်း၏ လက်ရှိအခြေအနေ ဘဝထဲသို့ ပြုန်းကနဲ ဝင်ရောက်လာလေ၏။

တောင်နှင့်မြောက်ပြေးနေသော လမ်းတစ်ခုထဲတွင် ထွတ်မင်း ချိုးဝင်လာပြီးနောက် မကြာမီ ကာလကလေးတွင်ပင် မျက်နှာချင်းဆိုင်မှ လျှောက်လာနေသော ခင်မောင်သီကို မြင်မိရလေတော့သည်။

ခင်မောင်သီကို မြင်လိုက်ရသဖြင့် စိတ်ထဲတွင် ဖြစ်ပေါ်လာရသော ခံစားမှုကို ထွတ်မင်းသည် ပြန်လည်ဆန်းစစ်မိ၏။

မျိုးမိသူဇာနားတွင် ဝိုင်းအုံရစ်ဝဲနေကြသော လိပ်ပြာများအနက် ခင်မောင်သီသည် အတော်ပင် အလားအလာရှိသော လိပ်ပြာတကောင်ပင်ဖြစ်ခဲ့သည်။ ဘေးလူတွေကလည်း ဤသို့ထင်သည်။ ခင်မောင်သီကိုယ်နှိုက်ကလည်း ဤသို့ ယူဆထားသည်။

မျိုးမိသူဇာကိုယ်တိုင်က မိမိကို "ချစ်ပါသည်" ဟု ထုတ်ဖော်ဝန်ခံပြီးသည့် ယခုလိုအချိန်မျိုးတွင် မိမိသည် မယုံနိုင်စရာ အောင်နိုင်သူဖြစ်ပြီး၊ ယင်း ခင်မောင်သီကား အရှုံးသမားဘဝကို ရောက်နေရသူဖြစ်သည်။ ထို့ကြောင့် မှန်းတိုင်းမပေါက်ပဲ ဆန့်ကျင်ဘက်ကြီး ဖြစ်ရသူ

ခင်မောင်သီသည် မိမိကို အစိမ်းလိုက် ဝါးစားချင်စိတ်ပေါက်နေမည် ဖြစ်၏။ မိမိသည် အောင်နိုင်သူပီပီ မမောက်မာပဲ တစ်အားသရွှေ ချိုသာရမည်ဟု ထွတ်မင်းစိတ်ပိုင်းဖြတ်လိုက်သည်။

ထို့ကြောင့် ထွတ်မင်းသည် ခင်မောင်သီနှင့် တစ်ကိုက်ခန့် အကွာတွင် ခင်မောင်သီ၏ အကြည့်ကို စောင့်၏။ ခင်မောင်သီသည် သူ့ကို ဖျတ်ကနဲ မော့အကြည့်တွင် မြင်သွား၏။ ထွတ်မင်းက ချဂ်ချင်း ပင် ချိုသာစွာ ပြုံးပြ၏။ ခင်မောင်သီကား သူ့ကို မြင်သည်နှင့် တစ်ပြိုင်နက် မျက်နှာနီသွားပြီး တစ်ဆင့်တက်၍ မဲပုတ်သွားသည်။

သူတို့၏ ခံစားမှုနှစ်ခုသည် ဆန့်ကျင်ထိပ်တိုက် တွေ့ကြရကား အောက်ပါအတိုင်း ဖြစ်ကုန်ကြလေ၏။

"ဟဲဟဲ. . . ဟဲဟဲ"

"ဒါက ဘာဖြစ်တာလဲ"

"ရယ်တာပါ ကိုခင်မောင်သီ"

"ခင်ဗျားက ကျုပ်ကို ဟာသကောင်ကြီး မှတ်နေသပေါ့လေ"

"ဟာ. . . မဟုတ်ပါဘူး၊ နှုတ်ဆက်တာပါ"

"ကျုပ် ဒီလို နှုတ်ဆက်ပုံမျိုး မကြိုက်ဖူး"

"အော်. . . ဟုတ်ကဲ့"

"ဘာဟုတ်တာလဲ"

"ခင်ဗျား မကြိုက်ဖူးဆိုတာ ဟုတ်တာလေ"

"ဒါကတော့ ဟုတ်ရမှာပေါ့၊ ကျုပ် ပါးစပ်က ထုတ်ပြောထား တာပဲဟာ"

"နေကောင်းသလား-ကိုခင်မောင်သီ"

"ကျုပ်ကို အသက်ငင်နေတယ် မှတ်သလား"

"ထမင်း စားပြီးပြီလား"

"ကျုပ် စားနိုင် သောက်နိုင်ပါဗျ"

"ဒီနေ့ နေသာတယ်နော်"

"မိုးကုန်သွားပြီးမှ နေ့တိုင်း နေသာနေတာပဲ။ ခင်ဗျား ကျုပ်ကို ဘာထင်လို့ ရော်က်တတ်ရာရာ စကားတွေ လျှောက်ပြောနေရတာလဲ"

"ဟဲ ဟဲ . . . နှုတ်ဆက်တာပါ"

"ရယ်ပြန်ပြီလား"

"ငိုဖို့ ကတော့ မလွယ်ဖူး ကိုခင်မောင်သီ၊ မျက်နှာမဲ့ရုံနဲ့ မျက်ရည်က မထွက်ဖူး"

"ဒီမှာ. . . ကိုထွတ်မင်း"

"ခင်ဗျာ"

"မထူးပါနဲ့ဗျ"

"ဟင်. . . ခေါ်နေမှတော့ ထူးရမှာပေ့ါ"

"ထူးစေချင်လို့ ခေါ်တာမဟုတ်ဖူး"

"ဒါဖြင့် ကျွန်တော့်ကို ထွက်ရပ်ပေါက်သွားပြီမှတ်လို့ တမ်းတ နေတာလား"

ခင်မောင်သီ၏မျက်နှာ ဖော်ပြချက်အရဆိုလျှင် ဝမ်းထဲမှဒေါသ သည် ပေါက်ကွဲလု မတတ်ဖြစ်နေသည်ကို သိသာသည်။ ထွတ်မင်းက တော့ ပြေလည်အောင် စကားကို လိုက်ဖြေ ပြောရင်းက ပို၍ဆိုးသော အခြေအနေကို ဖြစ်ပေါ်စေသလို ဖြစ်ရသည်ကား ကံတရားဟုပင် ဆိုရ တော့မည်။

"ဒီမှာ ကိုထွတ်မင်း . . မထူးနဲ့။ ခင်ဗျားက မျိုးမိသူဇာရဲ့ မေတ္တာကိုရလို့ . . . ကျယ်မယ် မကြံနဲ့. . . "

"အို. . . သူ့မေတ္တာက ကောက်ညှင်းထုပ်မှ မဟုတ်တာ။ ဝမ်းချုပ်စရာ အကြောင်းမရှိပါဘူးလေ"

"စကားမရှည်နဲ့၊ ခင်ဗျား နောက်ဆုတ်ပေးပါ"

ထွတ်မင်းသည် ကပျာကယာ နောက်လှည့်ကြည့်၏။ ခင်မောင်သီက စိတ်ပို၍ တိုသွားသည်။

"ဘာအူကြောင်ကြောင် လုပ်တာလဲ။ နောက်ဆုတ်ပေးပါဆိုတာ ဒီနေရာမှာ နောက်ဆုတ်ဖို့ ပြောနေ မဟုတ်ဖူး"

"ဗျာ. . . ဒါဖြင့် ဘယ်နေရာမှာ နောက်ဆုတ်ရမှာလဲ၊ တောင်ကမ်းပါးစွန်းမှာ ဆိုယင်တော့ မလွယ်ဘူးထင်တယ်"

"ဟော့ . . . အူကြောင်ကြောင် လုပ်မနေနဲ့။ မျိုးမိသူဇာနဲ့ မင်းနဲ့ မတန်ဘူး။ ငါလို သူ့ကို တင့်တောင့်တင့်တယ် ထားနိုင်တဲ့ကောင်မျိုးနဲ့မှ တန်တာ၊ မင်းရှောင်ပေးရမယ်"

ထွတ်မင်းသည် တတ်အားသရွေ့ ချိုသာမည်ဟူသော ဆုံးဖြတ်ချက်သည် တိမ်မဲညိုအုပ်ကြီးနောက်သို့ ရောက်သွားရသည့် နေမင်းကဲ့သို့ လုံးဝ ပျောက်ကွယ်သွားသည်။

"ကျုပ် . . . မရှောင်ပေးနိုင်ဘူး . . . ဘယ်လိုနည်းနဲ့မှ မရှောင်ပေးနိုင်ဘူး"

ဤတွင် တတိယအသံသည် ကြားဖြတ်ထွက်ပေါ် လာ၏။

"မရှောင်ပေးနိုင်ယင်တော့ မလွယ်ဘူးထင်တယ်"

နှစ်ယောက်သား ချာကနဲ လှည့်ကြည့်ကြ၏။ တိုက်ဆေးသုတ်မည့် လူနှစ်ယောက်သည် လှေကားကြီးကို ထမ်းလာကြသည်။

"အို. . . ခင်ဗျားတို့ကိုတော့ ရှောင်ပေးရမှာပေါ့ဗျ"

နှစ်ယောက်သားသည် ဘေးနားသို့ ရွှေ့သွားကြသည်။

ခင်မောင်သီက ဆက်ပြော၏။

"ငါ့ကိုတော့ ရှောင်မပေးဘူးပေါ့။ မင်းသတ္တိ ဘယ်လောက်ရှိသလဲ"

"ကျုပ် သတ္တိကိုတော့ တစ်ခါမှ တိုင်းမထားဖူးလို့ ဘယ်လောက်ရှိမှန်းမသိပါဘူး။ ဒါပေမဲ့ ကျုပ်တရားသဖြင့် ရထားတဲ့ မျိုးမိသူဇာရဲ့ မေတ္တာကို လွှင့်မပစ်နိုင်ဘူးဗျ"

"ဒါဖြင့် . . . ရော့ကွာ နမူနာတစ်လုံး"

ခင်မောင်သီက ဆတ်ကနဲ လှမ်းထိုးသည်။ ထွတ်မင်းသည် မေးရိုးတွင် အထိုးခံရ၍ ယိမ်းယိုင်သွား၏။ သူသည်လည်း အနာဂါမ် တစ်ဦးမဟုတ်သဖြင့် ဒေါသ ထွက်လာသည်။ ဤကိစ္စသည် လက်သီးဖြင့် ဖြေရှင်းရမည့် ကိစ္စမဟုတ်ပါပဲလျက် ခင်မောင်သီသည် သူ့ကို သက်သက်စော်ကားသည်ဟု ယူမှတ်ကာ သူကလည်း ပြန်၍ လက်မြန် ခြေမြန်ပင် ခင်မောင်သီကို ပြန်၍ ပါးပိတ်ရိုက်လိုက်၏။

သူ လက်မြန်သလိုပင် ခင်မောင်သီက ဦးခေါင်းမြန်၏။ အသာငုံ့စပ်ပေးလိုက်ပြီး ဘေးသို့တိမ်းလိုက်သည်။

ကံဆိုးချင်သူသည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့၏။

ထွတ်မင်း၏ လက်ဝါးသည် ခင်မောင်သီ၏ နောက်မှ ရောက်လာသော လူကြီးတစ်ယောက်၏ ပါးရိုးကို ဖျတ်ကနဲ ပိတ်၍ ရိုက်မိတော့သည်။ ထွတ်မင်းသည် လူကြီးကို တစ်ချက်ကြည့်မိ၏။ အသက် ငါးဆယ်ကျော် ပုဂ္ဂိုလ်ကြီး ဖြစ်နေရာ အားလည်းနာသွား၏။ ကြောက်လည်း ကြောက်ရွံ့သွားသည်။ ဤသို့ဖြင့် သူသည် ချာကနဲ လှည့်၍ပြေးတော့၏။ နောက်ဘက်ကလူကြီးက "ဟေ့ . . . ဟေ့ . . . မပြေးနဲ့ကွ။ လာခဲ့စမ်း . . . မပြေးနဲ့" ဟု အော်ပြောသံကို ကြားသည်။ ထွတ်မင်းသည်

ဦးခေါင်းကို မလှည့်ပဲ အသာငဲ့ကြည့်သည်။ လူကြီးသည် ပြေးလိုက်လာ၏။

ထွတ်မင်းသည် ချေးတွေ ပြန်ယင်းက ရှေ့တည့်တည့် ဆက်ပြေး၍ မသင့်တော်ဟု ကြံမိသည်။ ခါးပိုက်နှိုက်မှတ်၍ လမ်းသွား လမ်းလာတွေက ဝိုင်းဖမ်းမည်ကို စိုးရသည်။ ထို့ကြောင့်ပင် သူသည် နီးရာ ရုံးတစ်ရုံးပေါ်သို့ ပြေး၍ တက်သွားသည်။ အပေါ်ထပ်တက်သည့် လှေကားကို ဆက်တက်ယင်း အကွေ့တွင် နောက်ပြန်ကြည့်လိုက်ရာ လူကြီးသည် ဆက်လိုက်လာသည်။

အပေါ်ထပ်ရောက်သောအခါ ခြေဦးတည့်ရာ စင်္ကြံတလျှောက် ခပ်သုတ်သုတ်သွားသည်။ ရုံးပေါ်တွင် လျှောက်ပြေးနေ၍တော့ မလွယ်ချေ။ ထို့ကြောင့် အသော့လျှောက်နေရခြင်းဖြစ်၏။ ရှေ့သို့ စင်္ကြံတလျှောက် မျှော်ကြည့်၏။ တော်တော်ကလေးရှည်သည်။ ဤအတိုင်းဆိုလျှင် မိမိသည် စင်္ကြံလမ်းဆုံအကွေ့မရောက်ခင်ကို နောက်က လူကြီးသည် လှေကားထိပ်ကို ရောက်လာမည်။ မျက်ခြည်မပြတ်သေးမှုသည် လူကြီးသည် တကောက်ကောက်လိုက်နေပေရော့မည်။

အသာဘေးဆီသို့ ငဲ့ကြည့်၏။ သူ့မျက်နှာ ကြည်လင်သွားသည်။ ကံကောင်းလေစွ။ အိမ်သာခန်းဖြစ်သည်။ အိမ်သာဆိုသည်မှာ ရုံးခန်းနှင့်မတူ သူစိမ်းရော သူကျက်ပါ ဝင်ရောက်နိုင်သည့်နေရာ ဖြစ်၏။ ပြီးတော့ ဝင်သွားလျှင်လည်း အတွင်းထွင် ရှိနေသည့်လူက "ဟေ့လူ. . . ဘာကိစ္စနဲ့ ဝင်လာတာလဲ" ဟု မေးစရာမလိုချေ။ အိမ်သာထဲ ဝင်လာသူ၏ကိစ္စကို မမေးပဲနှင့်သိနိုင်ပြီး၊ သိလျှင်လည်း မအံ့ဩသောသဘောသည် ရှိနေ၏။

သို့ဖြင့် ထွတ်မင်းသည် ဆတ်ကနဲ တွေ့ဝင်လိုက်၏။ သူ

မျှော်လင့်ထားသည့်အတိုင်းပင် အတွင်းဘက်တွင် အခန်းကလေးများ တန်းစီနေ၏။ နေရာလွတ်တွေလည်း ရှိနေသည်။ အချို့သော အိမ်သာများမှာ တံခါးပိတ်ထား၍ အချို့သော အိမ်သာများမှာ ပွင့်နေ၏။ (ဝါ) လူလွတ်နေသည်။

သို့သော်. . . သူ မမျှော်လင့်တာတစ်ခုကိုတော့ ထိတ်ကနဲနေအောင် တွေ့ရတော့၏။ အမျိုးသမီးတစ်ယောက်သည် ထမီကြီးကို ဖြန့်၍ ခေါင်းငုံ့ကာ ပြန်ပြင်ဝတ်နေသည်။ သူသည် ထမီကို ဝတ်ယင်း အတွင်း အိမ်သာတစ်ခုခုထဲက အဖော်ကို စောင့်နေပုံ၏။ ထွတ်မင်းကား အမျိုးသမီးအိမ်သာခန်းထဲသို့ ဝင်ရောက်ခဲ့မိလေပြီကော။

မတတ်နိုင်ပါပြီ။ သူရပ်နေရာသည် အပေါက်နှင့် တည့်နေ၏။ နောက်က လူကြီးဖြတ်လျှောက်လာလျှင် လှည့်ကြည့်မိသော် တန်းကနဲ မြင်နိုင်သည်။ ထို့ကြောင့်ပင် အပေါက်ဝနှင့်ကွယ်ရာ အတွင်းဘက်သို့ ခပ်သွက်သွက်ရွေ့သည်။ ထမီ ဝတ်ပြီးသွားသော မိန်းမနား ရောက်သွား၏။ ထိုမိန်းမသည် မော့ကြည့်သည်၊ မော့ကြည့်ကာမှ ဘီလူးနှင့်တွေ့ရသလို မျက်လုံးကြီးများ ပြူးသွားသည်။

"ရှင်. . . ထွက်သွား. . . ခုချက်ချင်း ထွက်သွား"

ထွတ်မင်းသည် လုပ်မိလုပ်ရာ နှုတ်ခမ်းပေါ် လက်ညှိုးထောင်တင်၍ တိတ်တိတ်နေရန် သင်္ကေတပြယင်း "ရှူး--ရှူး" ဟု အသံပြု၏။ တံခါးပိတ်ထားသော အိမ်သာခန်းငယ်တစ်ခု၏ အနောက်မှ မိန်းမအသံ တစ်ခု ပျာယီပျာယာ ထွက်ပေါ်လာသည်။

"ကေသီ. . . ဘာဖြစ်သလဲ၊ မြွေဝင်လာသလား"

"လူတော့ . . . မြမြရေ. . . လူကွ"

ထွတ်မင်းက "ရှူး . . . ရှူး" လုပ်ပြန်သည်။

"ဟ. . . ဘာဖြစ်လို့ တရှုံးရှုံးဖြစ်နေရတာလဲ၊ ခွေးနဲ့ရှူးတိုက်လို့ ရပါ့မလား၊ ဒါရိုးကွ။ ခွေးရှားပါးတယ်"

ကေသီသည် ခေါင်းကိုငုံ၍ လှမ်းပြောသည်။

"ရှူး-ရှူးက ငါက လုပ်တာမဟုတ်ဖူး။ ဟောဒီ ဝင်လာတဲ့လူက မြည်နေတာ"

"အော်. . . ရှုရှု ပေါက်ချင်တယ်လို့ ပြောတာဖြစ်မှာပေါ့။ ဒါမှ မဟုတ်ယင်လဲ ကလေးပါလာလို့ သေးတယ်တာ ဖြစ်မှာပေါ့"

"မြမြကလဲ ဘာတွေလျှောက်ပြောနေတာလဲ၊ ဝင်လာတာက ယောကျာ်းကြီးကွ"

"ဟောတော့"

"ဂျောက်"ကနဲ မြည်သံနှင့်အတူ တံခါးတခုပွင့်လာပြီး မြမြဆိုသူ ထွက်လာလေ၏။ အမျိုးသမီး နှစ်ယောက်သည် ထွတ်မင်းကို စူးစူးဂါးဝါးကြည့်သည်။ မြမြက ပြော၏။

"ရှင် ဘာလာလုပ်တာလဲ"

"အန္တရာယ်ကြောင့်ပါ"

"ဒါ မိန်းမအိမ်သာရှင့်။ အန္တရာယ်လွှယ်မထားနိုင်ယင်လဲ ဟိုဘက် ဆက်သွား၊ ယောကျာ်းအိမ်သာခန်းရှိတယ်"

"အန္တရာယ်က လွယ်ထားရတာ မဟုတ်ပါဘူး၊ နောက်က လိုက်နေတာပါ"

"ဘယ်နှယ်. . . ရှင့် ဆီးအိမ်ကြီးက ရှင်သွားရာကို နောက်က တကောက်ကောက်လိုက်နေသလား"

"ရှူး . . . ရှူး"

"ကျွန်မ အခုပဲ ဆီးသွားခဲ့ပြီးပါပြီ။ရှင် တယ်နေစရာမလိုပါဘူး"

"ဒီမှာ. . . တဆိတ် စကားကို တိုးတိုးပြောပါ"

"အလိုတော်. . . အိမ်သာထဲလာပြီး ရှင်နှင့် နှစ်ကိုယ်ကြား ပြောရအောင် ချိန်းတွေ့နေတာမှ မဟုတ်တာ"

"နောက်က ရန်ပြုမဲ့လူ လိုက်လာလို့ ဝင်မိဝင်ရာ ဝင်ခဲ့တာပါ။ ကျွန်တော် ချက်ချင်း ပြန်ထွက်ပါ့မယ်။ ခုလောက်ဆိုယင် နောက်က လိုက်လာတဲ့လူလဲ အပေါက်ဝကို လွန်သွားလောက်ပါပြီ"

"ရှင်. . . ခါးပိုက်နှိုက်လာသလား"

"ကြံကြံဖန်ဖန်ဗျာ"

"ဆွဲကြိုးဖြုတ်လာတာဖြစ်မယ်"

"ဘုရား ပေးပေး. . . ကျမ်း ပေးပေး ကျွန်တော် သူတော်ကောင်းပါ"

"သူတော်ကောင်းက မိန်းမအိမ်သာကို ဝတ်တတ်သလား၊ ရှင် စာမဖတ်တတ်ဖူးလား"

"ဒေါင်ဒေါင်ပြေးပါတယ်"

"ဒါဖြင့် အပေါက်ဝက စာကို ဘာဖြစ်လို့ မဖတ်တတ်တာလဲ"

"အပေါက်ဝမှာ စာကိုတောင် မမြင်ခဲ့မိပါဘူးဗျာ၊ ဘာရေးထားသလဲ"

"အမျိုးသမီးလို့ ရေးထားတာ မတွေ့ဘူးလား။ စာဖတ်တတ်ယင် မိန်းမအိမ်သာဆိုတာ သိရမှာပေါ့"

"နံပါတ်ကိုးကား နောက်မှာလဲ အမျိုးသမီးလို့ ရေးထားတာ တွေ့တယ်။ အဲဒါကော မိန်းမအိမ်သာလား"

မြမြသည် နှုတ်ခမ်းကို ကိုက်လိုက်၏။ ကေသီက ဝင်ပြောသည်။

"ဒီမှာ-စောစောက လူကြီးတယောက် ဖြတ်လျှောက်သွားတယ်။ ရှင် ပြန်ထွက်တော့။ ရှင့်အန္တရာယ်ကြီး ရှင့်ကို မမြင်သွားဘူး"

ထွတ်မင်းသည် အသာပင် သူတို့နားက ခွာခဲ့ကာ အပေါက်ဝမှ ခေါင်းကိုပြူ၍ စကြံ့ရှေ့သို့ ချောင်းကြည့်၏။ လူကြီးသည် ဆက်၍ လျှောက်သွားနေသည်။ ခပ်သုတ်သုတ်လျှောက်နေခြင်းဖြစ်၍ သူ့ကို ဆက်လက်၍ လိုက်နေဆဲဖြစ်ကြောင်း ထင်ရှားသည်။

ထွတ်မင်းသည် ဆတ်ကနဲထွက်၍ ခပ်သုတ်သုတ်ကလေး လျှောက်သည်။ လူကြီးသည် ဆက်၍လျှောက်သွားနေသည်။ ခပ်သုတ်သုတ် လျှောက်နေခြင်းဖြစ်၍ သူ့ကို ဆက်လက်၍ လိုက်နေဆဲဖြစ်ကြောင်း ထင်ရှားသည်။

ထွတ်မင်းသည် ဆတ်ကနဲ ထွက်၍ ခပ်သုတ်သုတ်ကလေး လျှောက်သည်။ လူကြီးသည် ဇထောင့်ချိုးတွင်ရပ်ကာ အကွေ့ကို မျှော်ကြည့်၏။ ထိုခဏတွင် ထွတ်မင်းသည် ယောကျ်ားအိမ်သာခန်းကို တွေ့၍ ခပ်သုတ်သုတ် ဝင်လိုက်၏။ ထွက်လာသော လူတစ်ယောက်နှင့် ရင်ဆိုင်တိုးမိသည်။

"ဟော့လူ. . . ဘယ်နှယ့် အတင်းဝင်တိုးတာလဲ။ ဒါ အိမ်သာဗျ၊ ရှားပါးကုန်ပစ္စည်းပေးတဲ့ နေရာမဟုတ်ဖူး"

"စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော် ထွက်တော့မှာမို့လို့ပါ"

"အခုမှ ဝင်လာတာ ဘာဖြစ်လို့ လိမ်ပြောရတာလဲ။ ကျွန်တော်က ထွက်တော့မဲ့လူဗျ"

"မဟုတ်ပါဘူး"

"ဘာဖြစ်လို့ ပြောင်ပြင်းနေတာလဲ"

"ဒီလိုပါဗျာ၊ ကျွန်တော် ဆီးသိပ်သွားချင်နေတာပါ"

ထွတ်မင်းသည် အသာနောက်ကို စောင်းကြည့်၏။ ထိပ်ပြောင်ကြီးနှင့် လူကြီးသည် အပေါက်ဝ ရောက်လာလေပြီ။ သူသည် ချာကနဲ လှည့်ကြည့်၏။ ထွတ်မင်းသည် စောစောက လူ၏နောက်သို့ ကျောချင်းကပ်ရပ်လိုက်သည်။

ထိပ်ပြောင်နှင့်အန္တရာယ်ကြီးသည် ထွတ်မင်းကိုတော့ မမြင်ချေ။ သို့သော် အိမ်သာခန်းမှန်း သိသွားသဖြင့် ဆီးသွားချင်လာမှန်းသတိပြု မိ၏။ ထို့ကြောင့် တွေ့ဝင်လာသည်။ စောစောက ထွတ်မင်းနှင့်စကားပြောနေသောသူမှာ ပြန်ထွက်မည့်သူဖြစ်၍ ထိပ်ပြောင်ကြီးကိုလည်းကောင်း၊ ထွတ်မင်းကိုလည်းကောင်း၊ ဂရုမစိုက်တော့ပဲ ထွက်လာသည်။ လူကြီးသည် ထိုလူ၏ဘေးမှ ပခုံးချင်းတိုက်၍ ဝင်လာ၏။

မတတ်သာပြီ။ ထွတ်မင်းသည် စောစောကလူနှင့် ကျောချင်းထိလုမတတ် ကပ်ယင်းက နောက်ပြန်ကြီး လျှောက်ပါလာ၏။ ထိပ်ပြောင်ကြီးနှင့်လူကြီးသည် သူတို့ဘေးက ဖြတ်သွားကာ လွတ်နေသောအိမ်သာတစ်ခုထဲသို့ ဝင်၏။

ထွတ်မင်းသည် လူကြီးကို ဂရုစိုက်ကြည့်နေသည်ဖြစ်ရာ အတွင်းသို့ ရောက်လျှင် လှည့်၍ တံခါးကို ပိတ်မည်။ ထိုသို့ လှည့်လိုက်လျှင် မိမိကို ပက်ပင်းတွေ့နိုင်၏။ သို့ဖြင့် လူကြီးမလှည့်မီပင် ထွတ်မင်းသည် ချာကနဲလှည့်ကာ စောစောက လူဘေးက ဝိုက်တက်၍ ရှေ့သို့အတင်းဝင်ကာ ထိုလူကို အကာအကွယ်ယူလိုက်သည်။

ထွတ်မင်း ဤသို့ပြုလုပ်လိမ့်မည်ဟု လုံးဝမျှော်လင့်မထားမိရှာသော ထိုလူသည် ထွတ်မင်း၏ကျောကို ဝင်ဆောင့်မိသည်။

"ဘယ်လိုလဲဗျ၊ ဘာဖြစ်လို့ ကန့်လန့်ကန့်လန့် လိုက်လုပ်နေတာလဲ"

ထွတ်မင်းသည် ဘာမှပြန်မပြောပဲ မျက်စိထောင့်မှသာ နောက်ဘက်ကို ရိုးတိုးရိပ်တိတ် ကြည့်သည်။ ထိုလူသည် ဘေးက ပန်းတက်မည်ပြု၏။ လူတကိုယ်လုံးကို ကွယ်ထားမှ ဖြစ်မည်ဖြစ်သော ထွတ်မင်းသည် ရှေ့ကလိုက်၍ရွှေ့ရာ 'အင့်' ကနဲ တိုက်မိပြန်၏။ တဖန် ထိုသူသည် လက်ယာဘက်က ပန်း၍တက်ပြန်၏။ ထွတ်မင်းက လက်ယာဘက် ရွှေ့ပြန်သည်။ အင့်ကနဲ မြည်ရပြန်လေ၏။

"ဘယ်လိုလဲဗျ၊ ထုပ်ဆီးထိုးတာ ဆိုယင်လဲ ဒီဘက်လှည့်ဗျာ"

ဤအချိန်လောက်ဆိုလျှင် အန္တရာယ်ပုဂ္ဂိုလ်ကြီးသည် အိမ်သာတံခါးပိတ်ပြီးလောက်ပြီ ဖြစ်သဖြင့် ထွတ်မင်းသည် ဘေးသို့ဖယ်ပေးကာ ထိုလူကို ပြုံး၍ လှည့်ကြည့်၏။ ထိုသူကလည်း ဘေးကယှဉ်လျှောက်လာသည်။

"ခင်ဗျား စောစောကပြောတော့ ဆီးထွက်တော့မလောက်ဆို"

"ဟဲ-ဟဲ-ကျွန်တော်က နောက်ဖေးသွားချင်လာတာဗျ၊ အထဲရောက်မှ နောက်ဖေးကုန်းစရာ စက္ကူမပါမှန်းသိလို့ အောင့်ပြီး ပြန်ထွက်လာတာ"

"ဒါဖြင့်လဲ အောင့်နိုင်လေ ကောင်းလေပေါ့လေ၊ ဆက်ပြီးသာ အောင့်သွားတော့ လမ်းမှာ လူတွေရှေ့ကတော့ ကန့်လန့် ကန့်လန့် လိုက်မလုပ်နဲ့။ ခင်ဗျာ့ စီမံကိန်းကြီး ပျက်သွားမယ်ဗျို့"

ထွတ်မင်းသည် ဘာမှ ပြန်မပြောတော့ပဲ ရယ်၍ ထွက်လာခဲ့သည်။

သဘာဝသည် လူတွေအားလုံးကို ဦးခေါင်းခွဲတမ်းချ၍ တပ်ဆင်ပေးရာ၌ ညီညွတ်မျှတမှု မရှိချေ။

အချို့လူများတွင် ဦးခေါင်းသည် ပိုင်ရှင်၏ ကိုယ်ခြောက်ပုံ

တစ်ပုံခန့်ဖြစ်၍၊ အချို့သူများတွင်ကား ပိုင်ရှင်၏ လက်သီးဆုပ် ခြောက်ဆုပ်ခန့်သာရှိ၏။ အချို့သူများတွင် ဦးခေါင်းသည် ဖူးသီးသဏ္ဍာန်ရှိ၍ အချို့သူများတွင်ကား သစ်ဆိမ့်သီးသဏ္ဍာန်ရှိသည်။ အချို့သူများတွင် ဆံပင်သည် တံမြက်စည်းကို ဇောက်ထိုးထောင်ထားသကဲ့သို့ရှိပြီး၊ အချို့သူများတွင်ကား ဆင်မွေးကဲ့သို့ ကျဲတိကျဲတောက်နိုင်လှ၏။

ထွတ်မင်း၏ နောက်သို့ လိုက်ခဲ့သော ပုဂ္ဂိုလ်ကြီးကား နဖူးသည် မျက်ခုံးစပ်မှစတင်၍ လည်ကုပ်နားတွင် အဆုံးသတ်သည်ဟု ဆိုရလောက်အောင် ထိပ်ကြီးသည် ပြောင်သလင်းခါလှသည်။ ထိုပုဂ္ဂိုလ်ကြီး၏ရုပ်ပါရုံသည် ထွတ်မင်း၏ အာရုံထဲသို့ အလန့်တကြား စင်ရောက်လာရာတွင် ထွတ်မင်းသည် မျိုးမိသူဇာ၏ မေတ္တာတုန်ခါမှုကိုပင် ဂရုမပြုမိခြင်း မေ့မှိန်သွားသလို ထင်မှတ်ရလေသည်။

သို့သော် မျိုးမိသူဇာကို သတိတော့ မေ့သည်မဟုတ်သဖြင့် သူလိုချင်သော ရေမွှေးပုလင်းကို ဝယ်ကာ မျိုးမိသူဇာ၏ အိမ်သို့ ထွက်လာခဲ့သည်။

အခန့်သင့်ပင် မျိုးမိသူဇာနှင့်တွေ့၍ ရေမွှေးပုလင်းကိုပေး၏။

"ကိုထွတ်-အခု ဘယ်ကလာတာလဲ"

"အိမ်ကနေ ရေမွှေးပုလင်းဝယ်ပြီး မျိုးမိဆီကို တောက်လျှောက်လာခဲ့တာ"

"ရေမွှေးရောင်းတဲ့ဆိုင်ကို စံချိန်ကိုက်ပြေးရသလား"

"ဟာ. . . မျိုးမိကလဲ ကြံကြံဖန်ဖန်။ ရေမွှေးဝယ်တာပဲ၊ အေးအေးဆေးဆေးပေါ့"

"သိပါဘူး . . . ကိုထွတ်ကို ကြည့်ရတာ ခြေကုန်လက်ပန်းကျလာသလိုပဲ"

ထွတ်မင်းသည် ကြုံခဲ့ရပုံကို မပြောချင်တော့ချေ။ ခင်မောင်သီနှင့် ကတောက်ကဆဖြစ်ရပုံကစ၍ ပြောရမည်ဖြစ်ပြီး ပြောရပြန်လျှင် သူ့ထက်ဦး၏ ဤအိမ်နှင့် ရင်းနှီးနေသော ခင်မောင်သီကို ကုန်းချောရာရောက်နေမည်ဖြစ်သောကြောင့် သူမပြောလိုခြင်းဖြစ်သည်။ သူသည် မိန်းမလို မိန်းမရ စိတ်ထားမျိုးမရှိသူဖြစ်၏။

စကားကို ပြတ်စေရန် အကြောင်းအရာကို လှီးလွှဲပစ်သည်။

"အော် . . . ဒါထက် ကလောက ဦးလေးဆိုတာ . . . "

"ဦးလေးနာမည်က ဦးဆိုတာ မဟုတ်ပါဘူး၊ ဦးသီလပါ"

"ဟုတ်ပါပြီလေ၊ အဲဒီ ဦးလေးလာမယ်ဆိုတာ . . . "

"ရောက်နေပါကောလား၊ မနေ့ညနေက ရောက်တယ်"

"ကိုယ်လဲ မတွေ့ပါလား"

"ကိုထွတ်က ဒီဗွစကျွရလို့လား၊ ဦးလေးက မြို့ထဲသွားနေတယ်၊ ဒီကနေပြီး လှမ်းမြင်လို့ရပါ့မလား"

ထွတ်မင်းသည် တော်တော်ကြာကြာပင် စကားတွေပြောနေ၏။ သို့တိုင်အောင် သူပြန်လာသည့်အချိန်အထိ ဦးသီလ ပြန်မရောက်ချေ။ ထွတ်မင်းသည် ဦးသီလနှင့်တွေ့ရန် လာဦးမည်ဟုပြောကာ အိမ်သို့ပြန်လာခဲ့ရလေတော့သည်။

သူသည် ဦးသီလနှင့် မတွေ့၍တော့ မဖြစ် တွေ့ရမည်။ ဦးသီလလည်း မျိုးမိသူဇာပေါ်တွင် အရေးပါအရာရောက်သူဖြစ်ပေသည်။

* * *

STYLUS BOOKS

မျိုးမိသူဇာ၏မိခင် ဒေါ်အေးသွင်သည် အိပ်ခန်းထဲတွင် ခြင်ထောင်ကို ချုပ်နေ၏။ ထိုအခိုက်တွင် အိမ်ရှေ့ခန်းတွင် ရှိနေသော ဦးညိုဝသည် ခပ်သုတ်သုတ်နှင့် ဝင်ရောက်လာပြီး ဒေါ်အေးသွင်ကို ခပ်တိုးတိုးပြောသည်။

"ဟေ့ . . . အိမ်ရှေ့မှာ ညှော်သည်ရောက်နေတယ်"

"အော် . . . ဘယ်လိုဖြစ်တာလဲ၊ ညှော်သည်ရောက်တာ သရဲနဲ့တွေ့တာ ကျနေတာပဲ။ ဘာဖြစ်လို့ အခန်းထဲ ပြေးလာပြီး ပုန်းတာလဲ"

"ပုန်းတာမဟုတ်ပါဘူး၊ မင်းကို လာပြောတာပါ။ ညှော်သည်က ရိုးရိုးညှော်သည်မဟုတ်ဖူး"

"နတ်ဝတ်နတ်စားတွေ ဝတ်လာသလား၊ အဲဒါဆိုယင် ညှော်သည်မဟုတ်ဖူး၊ အလှူခံဖြစ်ရမယ်"

"မဟုတ်ပါဘူးကွ။ ဟို . . . ထွတ်တေရီဆိုတဲ့ ကောင်ကွာ"

ဒေါ်အေးသွင်သည် ရင်ဖတ်စည်တီးဟန်မျိုး ဖြစ်သွားသည်။

"အော်-ဘယ်လိုလဲရှင့်၊ သူ့နာမည် မောင်ထွတ်မင်းပါတော့၊ အဲဒါ-သမက်လောင်းရှင့်။ တစ်ယောက်ထဲ ပစ်ထားခဲ့ပြီး ရှင်က အခန်းထဲဝင်လာယင် ရိုင်းရာရောက်တာပေါ့။ သွားပါ-စကားလေး ဘာလေး သွားပြောပါ"

"ဘယ်လိုလဲကွ။ သမက်လောင်းဆိုယင် ယဉ်ကျေးပျူငှာစွာနဲ့ ငါက ညှော်ဝတ်ပြုရမတဲ့လား။ ခြေသလုံးကလေး ဘာလေး သွားနှိပ်ပေးရအုံးမယ့်ပုံပေါက်နေပြီ"

"မဟုတ်ပါဘူးလေ၊ ယဉ်ကျေးတယ်ဆိုတာ လူကြီးလူကောင်းတွေရဲ့လက္ခဏာပဲ။ ရှင် လူကြီးလူကောင်း မဟုတ်ဖူးလား"

ဦးညိုဝသည် ခပ်တွေတွေ ဖြစ်သွား၏။

"ငါ လူကောင်းတော့လူကောင်းပါ၊ ဒါပေမဲ့ ငါ့ကိုယ် ငါ လူကြီးလို့တော့ ငါ မထင်သေးဘူး"

"ကဲပါလေ. . . ဒါဖြင့်လဲ ဧည့်သည်ကို ဧည့်သွားခံပါ လူလေးရယ်. . . သွား . . . သွား"

ဦးညိဝသည် ကုပ်ကုပ် ကုပ်ကုပ်နှင့် ပြန်ထွက်သွားရာက အခန်းဝသို့ ရောက်သောအခါ ပြန်ကွေ့လာပြန်လေ၏။

"ဟော့ . . မင်းက ငါ့ကို ငေါ့တာပေါ့လေ. . . ဟုတ်လား"

"အော်. . . ကိုညိဝနှယ်။ ကဲပါ. . . ငေါ့တာ မဟုတ်ပါဘူးတဲ့ရှင်။ သွား စကားပြောနေချည်ပါ။ သမီးကလဲ ဘုရားပန်းလဲနေတယ်တော့ . . . သွားလိုက်ပါ"

ဦးညိဝသည် စိတ်ထဲတွင် တွေးတောယင်း ပြန်ထွက်သွား၏။ ဧည့်ခန်းသို့ရောက်သောအခါ ဘာမပြော ညာမပြောနှင့် ထွတ်မင်းနှင့် ယှဉ်တွဲနေသော ကုလားထိုင်တွင် ဖုတ်ကနဲ ထိုင်ချလိုက်၏။ ထွတ်မင်းသည်လည်း လူကြီးဖြစ်သူက သူ့အနားတွင် ဝင်ထိုင်လိုက်သဖြင့် ခြေထောက်များကို ကျုံ့ကျုံ့ကလေးဖြစ်သွားအောင် ပေါင်ကိုစေ့ကပ်လိုက်သည်။ ဦးညိဝက သို့ခြေထောက်တွေကို ငုံ့ကြည့်၏။ ထွတ်မင်းကလည်း လိုက်ကြည့်သည်။ ဤတွင် ဦးညိဝထံမှ အသံထွက်ပေါ်လာ၏။

"မင်း ဘာကြည့်တာလဲ"

"ခြေထောက်ကို ကြည့်တာပါ"

"ဘယ်လိုလဲကွ။ ကိုယ့်ခြေထောက် ကိုယ် မမြင်ဖူးဘူးလား"

"အော်. . . ဟဲဟဲ-ဦးကကြည့်လို့ ကျွန်တော်က ဘာများထူးဆန်းနေသလဲဆိုပြီး လိုက်ကြည့်တာပါ"

"ဟော့ . . . ငါက ခြေထောက်တွေ မြင်ဘူးတာ၊ မင်းထက်

ပိုကြာပြီကွ။ ဘာမှ ထူးဆန်းစရာမရှိဘူး။ မင်းလုပ်ပုံကိုင်ပုံကို မြင်လို့ ကြည့်တာ။ မင်း သိပ်ဝမ်းသွားချင်နေသလား"

"လေတောင် မလည်ချင်ပါဘူးခင်ဗျာ"

"ဒါဖြင့် ဘာဖြစ်လို့ ပေါင်ကြီးကို ဆွဲစေ့ထားရတာလဲ"

"အော်. . . ဒါက ဒီလိုပါ။ ဦးကို ရိုသေကြောင်း ပြသတာပါ"

ဦးညီဝသည် ထွတ်မင်း၏ စကားကို ကြားလိုက်ရသောအခါ တွင် ခေါင်းကလေးကို တဆတ်ဆတ်ညိတ်၏။

"အော်. . . ရိုသေယင် ပေါင်စေ့ရသလား။ ငါ တလောက ဘားကျွမ်းပြပွဲ သွားကြည့်တယ်။ ဒီကောင်တွေ ငါ့ကို တော်တော် မရိုမသေလုပ်ပစ်ခဲ့တာကိုး။ ငါ. . . ခုမှ တွေးမိတော့တယ်"

ထွတ်မင်းသည် ဤပုဂ္ဂိုလ်ကြီး၏ သမီးကိုမှ အသဲစွဲနေပြီဖြစ်ရာ သည် လူကြီးကို ရှောင်ကြဉ်ရန် ကြိုးစားလိုတော့ မည်သည့်နည်းနှင့်မျှ မဖြစ်တော့ပါ။ မျိုးမိသူဇာ၏ မေတ္တာကိုရ၍ ကံကောင်း၏။ သည်ပုဂ္ဂိုလ် ကြီးနှင့် ဆုံဆည်းရ၍ ကံဆိုး၏။ လူတစ်ယောက်သည် ကံကောင်းနေခိုက် တွင် တစ်ချိန်တည်း၌လည်း ကံဆိုးနေနိုင်သည်တကား။

ထိုအခိုက်တွင် မျိုးမိသူဇာသည် အတွင်းမှ ထွက်လာ၍ မနီးမဝေး ကုလားထိုင်တစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်၏။ သူသည် သူ့ဖခင် ဦးညီဝ၏စကားကို နားစွန် နားဖျားကြားလိုက်မိသည်။

"ဖေဖေက ဘာတွေများ တွေးမိနေတာလဲ. . . ဟင်"

"အော်-ပေါင်ကားတာပါသမီးရဲ့"

မျိုးမိသူဇာသည် မျက်လုံးပြူးသွားတော့၏။

"ဟင်. . . ဘယ်သူက ပေါင်ကားလို့တုန်းဖေဖေ"

ဦးညီဝသည် စကားသံ မထွက်သေးပဲ အနားက ထွတ်မင်းကို

လက်ညှိုးကြီးနှင့် စွတ်ထိုးလိုက်ရာ၊ မျိုးမိသူဇာက ထွတ်မင်းကို မျက်လုံးပြူးကြည့်၏။ ထွတ်မင်းမှာ ပါးစပ် ဟ သွားရ၏။

"ဟာ့. . . ကျွန်တော်က ပေါင်စေ့တာပဲဦးရဲ့"

"အေးလေ. . . မင်းက ပေါင်စေ့တာပဲ။ ဒါပေမယ့် စကားက ပေါင်ကားတဲ့ဆီကို ရောက်သွားတာကိုးကွ"

ထိုခဏတွင် ဒေါ်အေးသွင်သည်လည်း သူတို့ဆီသို့ ရောက်သွားရာ ထွက်လာစဉ်က နေ့စဉ်သုံး ဟန်အမူအရာနှင့် ဖြစ်သော်လည်း၊ နားစွန်နားဖျား ကြားလိုက်ရသော ဦးညီဝ၏စကားများကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

"ဟောတော့ . . . ဘယ်သူက ပေါင်စေ့လို့ ဘယ်သူက ပေါင်တွေ ကားနေရပြန်တာတုန်း"

ဦးညီဝသည် ဒေါ်အေးသွင်နှင့် စကားလက်ဆုံ မကျဝံ့ပါ။ ထိုကြောင့်ပင် ဒေါ်အေးသွင်ဘက်သို့ မျက်နှာချိုသွေး၍ လှည့်ပြော၏။

"ဒီလိုလေကွာ-ဘတ်(စ်)ကားပေါ်မှာ ထိုင်လိုက်တဲ့ ခရီးသည်တွေက ပေါင်တွေစေ့ပြီး ကားပေါ်က ဆင်းတဲ့လူတွေကတော့ ပေါင်တွေ ကားကြတာပြောနေတာပါ"

"အောင်မလေးတော်-ညွှံသည်ကို ညွှံခံပါဆို ဘယ်နှယ့် စေ့တာ ကားတာတွေ လျှောက်ပြောနေတယ် မသိပါဘူး"

"အေးပါကွာ. . . သူကစေ့တော့ ငါက ကားသလို လျှောက်ဖြစ်ကုန်တာပဲ"

ဒေါ်အေးသွင် စကားပြတ်သွား၏။ သူ ခဏလာရပ်သော နေရာမှနေ၍ ပြတင်းပေါက်ကို ဖြတ်ကျော်ပြီး ဝင်းပေါက်ဝမှ အဝင်လမ်းကို မြင်နေရသည်။

"ဟော့ . . . မောင်သီလ ပြန်ရောက်လာပြီ"

ထိုစကားကို ကြားလိုက်ရသောအခါ မျိုးမိသူဇာသည် ခုန်ထလိုက်၏။

"ဟော . . . ဦးလေး ပြန်လာပြီတဲ့။ သွားကြိုလိုက်အုံးမယ်"

ပြောပြောဆိုဆိုနှင့် မျိုးမိသူဇာသည် အသော့ကလေး ပြေးထွက်သွား၏။ ဦးညီဝသည်လည်း ဒေါ်အေးသွင်နှင့်အတူ ပြတင်းပေါက်တွင် သွားရပ်၍ အပြင်သို့ကြည့်၏။ ထွတ်မင်းသည်လည်း မျိုးမိသူဇာအတွက် အရေးပါ အရာရောက်လှသော ပုဂ္ဂိုလ်ကြီးကို မြင်လိုဇောနှင့် ဦးညီဝ၏နောက် မလှမ်းကမ်းက ရပ်ပြီး ဦးညီဝကိုကျော်၍ မြင်နိုင်ရန် ခြေဖျားထောက်ကြည့်၏။

နှလုံးသွေးသည် ဒိုင်းကနဲ ရပ်သွားသလား ထင်မှတ်ရသည်။

သည် ထိပ်ပြောင်ကြီးကို ဘယ်လိုမှ မမေ့နိုင်ပါ။ တခါ မြင်ရလျှင် တစ်သက်လုံး စွဲသွားနိုင်သော ရှုပါရုံရှင်ထိပ်ပြောင်ပုဂ္ဂိုလ်ကြီး ဖြစ်နေသည်။

မျိုးမိသူဇာက ဝမ်းသာအားရနှင့် "ဒါဟာ မျိုးမိရဲ့ချစ်သူပါ"ဟု ပြောကြားမိတ်ဆက်ပေးလေမည့် ပုဂ္ဂိုလ်ကျော်ကြီးသည် (စေတနာမပါသည့်တိုင်အောင်) မိမိက ပါးကိုရိုက်မိသော ပုဂ္ဂိုလ်ကြီးဖြစ်နေသောကြောင့်တည်း။

"ဟိုက်"

ထွတ်မင်းသည် လွတ်ကနဲ အာမေဋိတ်သံပြု၍ ချာကနဲ လှည့်ကြည့်။ အခန်းတွေထဲ ဝင်ပြေး၍တော့ မဖြစ်ချေ။ သို့ဖြင့် တွေ့မိတွေ့ရာ အပေါ်ထပ်သို့ တက်ဆည့်လှေကားကို ပြေး၍တက်မိသည်။ အပေါ်ထပ်တွင် အခန်းနှစ်ခန်းရှိ၏။ သူ မဝင်ချင်ပါ။ သို့ဖြင့် ဘုရားစင် ဘေးနားက

ဖွင့်ထားသော ပြတင်းပေါက်သို့ ပြေးကပ်၏။ ပြတင်းပေါက်တွင် သံတိုင် မရှိပါ။ ထွတ်မင်းသည် ပြတင်းပေါက်ဘောင်ပေါ် တက်သည်။ မြေကြီး နှင့် တော်တော်ဝေးနေ၏။ ခုန်ချ၍ မဖြစ်နိုင်။

နောက်ကြောင်းကလည်း မအေးလှသဖြင့် သူသည် လုပ်မိ လုပ်ရာပင်၊ ပြတင်းပေါက်အောက်ဘောင်ကို လက်နှစ်ဖက်နှင့်ကိုင်ကာ တွဲလွဲကြီး အပြင်ဘက်တွင် ခိုနေလိုက်တော့သည်။ သူ့မျက်နှာမှာ အိမ်နံရံ ကို ကပ်ထားသည်ဖြစ်သောကြောင့် မျက်စိအာရုံများ ဆိတ်သုဉ်းနေ သည်။ ထို့ကြောင့် သူ့စိတ်သည် အဆီးအတားမဲ့ပင် ကူးနေမိတော့၏။

အသက် အစိတ်အတွင်း အိမ်ပေါင်းများစွာသို့ ညဉ့်သည်အဖြစ် နှင့် အလည်အပတ်ရောက်ခဲ့ဘူးပါ၏။ သို့ရာတွင် ယခုကဲ့သို့ အိမ်ရှင်ကို ရှောင်၍ ကသိကအောက် အနားယူ လည်ပတ်ခြင်းမျိုးကို တခါမျှ မကြုံ ဘူးခဲ့ပါ။ သူ၏ ကံကား ကောင်းတလှည့် ဆိုးတလှည့် ဖြစ်နေလေပြီလား။ မျိုးမိသူဇာ၏ လက်ဆွေးကိုက်ခံရပြီးမှ ဦးသီလ၏ ပယ်ချခြင်းကို ခံရတော့ မည်လား။ ဝမ်းနည်းလာသည်။ သို့သော် အော်မငိုဝံ့ပါ။ အိမ်နံရံတွင် တွဲလွဲကြီးခို၍ ငိုနေသော လူမျိုးကို ကြုံဘူးကြားဘူးခြင်းမရှိပါချေ။

ညဉ့်ခန်းတွင် လူတွေ မိုးတိုးမတ်တတ်နှင့် ရှိနေကြ၏။

ဦးသီလက မျိုးမိသူဇာသို့ လှည့်မေးသည်။

"ဟဲ့. . မျိုးမိ၊ နင်ပြောတဲ့ကောင်လေးက ဘယ်ရောက်သွားသလဲ"

မျိုးမိသူဇာသည် မျက်ကလဲဆန်ပျာ ဖြစ်သွားရတော့သည်။

"ဟင်. . . စောစောက ဒီမှာ ထိုင်နေတာပဲ။ ခုမှ ဘယ်ရောက် သွားပါလိမ့်"

ဦးသီလသည် တူမ၏စကားကြောင့် ဦးနှောက်ခြောက်သွား သည်။

'နှင့်အကောင်က သမထသမားများ ဖြစ်နေရော့သလားဟယ်'

ဦးသီလ၏ စကားအဆုံးတွင် သူ့အစ်ကို ဦးညီဝက ဝင်ပြော၏။

"မောင်သီလရာ. . . လှေကားကို သမထသမားမှ တက်နိုင်တာမဟုတ်ပါဘူး။ သာမန်သူလိုငါလိုလဲ တက်နိုင်ပါတယ်"

ဤတွင် ဒေါ်အေးသွင်က မကျေနပ်သံနှင့် ဝင်ပြော၏။

"မောင်ထွတ်မင်း ပျောက်သွားပုံ ဆန်းလို့ ပြောနေတာ၊ ရှင်က ဘာကြောင့် လှေကားတက်တာတွေ လျှောက်ပြောနေရတာလဲ။ မီးသတ်လှေကျင့်ခန်းအကြောင်း မှတ်လို့လား"

"ဟ. . . ဒီကောင်က ဂျပန်စကားလိုလို ဘာလိုလို လွှတ်ကနဲ အော်လိုက်လို့ ငါက အသာစောင်းကြည့်တာ။ ကုပ်ကုပ် ကုပ်ကုပ်နဲ့ ဟိုအပေါ်ထပ် လှေကားကို တက်သွားတာ မြင်လိုက်လို့ ပြောတာကွ"

သူ့စကားအဆုံးတွင် မျိုးမိသူဇာသည် ကပျာကသီ လှေကားကို ပြေးတက်သွား၏။ သို့သော် ခဏအကြာတွင် မျက်လုံးမျက်ဆန်ပြူး၍ ပြန်ဆင်းလာသည်။

"ဖေဖေရေ. . . လုပ်ပါအုံးလေ. . . ဘုရားစင်နားက ပြတင်းပေါက်အပြင်မှာ တွဲလောင်းကြီးဖြစ်နေပြီ"

"ဟာ. . . ဒီကောင် ကြဲကြဲဖန်ဖန် သွားပြီး ပေါင်စေ့နေပြန်ပြီထင်တယ်"

ဦးညီဝသည် ဦးဆောင်၍ တက်သွားရာ ကျန်လူတို့လည်း နောက်ကစုပြုံ၍ လိုက်သွားကြလေ၏။

တော်တော်ပင် ခဲခဲယဉ်းယဉ်း လုပ်ကြရသည်။ အောက်က မာလီကုလားက လှေကားထောင်၍ ထွတ်မင်း၏ဖင်ကို တွန်းပေးရသည်။ အပေါ်က ဦးညီဝတို့ ညီအစ်ကိုက လက်များကို ဆွဲတင်ကြရသည်။

အောက်ထပ် ဧည့်ခန်းသို့ ပြန်ရောက်သောအခါတွင် ထွတ်မင်း ကလွဲ၍ အားလုံးသည် သင့်ရာ ကုလားထိုင်များတွင် အသီးသီး ဝင်ရောက်ထိုင်လိုက်ကြ၏။ ထွတ်မင်းအား ကုလားထိုင်ပေါ်တွင် မထိုင်ပဲ ကြမ်းပေါ်၌ ဆောင့်ကြောင့်ကလေး ထိုင်ပြီး ဦးသီလကို ကန်တော့လေ တော့သည်။ နှုတ်ကလည်း ထုတ်ဖော်ပြောကြား၏။

"ဦးလေးခင်ဗျား . . . ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော် ဝန်ချ ကန်တော့ပါတယ်"

သူ့အပြုအမူကြောင့် အားလုံးသာမက ကန်တော့ခံရသူ ဦးသီလပင်လျှင် အံ့အားသင့်သွားလေတော့သည်။

"ဟ. . . မင်းဘာသာမင်း ယတြာချေပြီး ပြတင်းပေါက်က တွဲလောင်းခိုနေတာကို ငါက ဘာဖြစ်လို့ အပြစ်ယူရမှာလဲ။ ခွင့်လွှတ်ပါ တယ်ကွာ။ ပြတင်းပေါက်က နိမ့်သေးတယ်ထင်လို့ အိမ်ခေါင်ပေါ်တက်ပြီး ဆွဲကြိုးချယင်တောင်မှ ငါက ခွင့်လွှတ်မှာပါ။ အစ်ကိုကပဲ သူ့အိမ်ခိုက် တယ်ဆိုပြီး ကန့်ကွက်ချင် ကန့်ကွက်မယ်"

"ဒီကိစ္စမဟုတ်ပါဘူးခင်ဗျ။ ကျွန်တော် ပြစ်မှားခဲ့တဲ့ကိစ္စပါ"

"ဟော. . . မင်းနဲ့ငါ အခုမှ တွေ့ရတာ။ တန်တော့ မင်းဟာ သမထသမားပါပဲ။ ဇာတိဿရဉာဏ်ရလို့ အယင်ဘဝက ပြစ်မှားခဲ့တာ ကို ဒီဘဝမှ ပြန်တောင်းပန်တယ်ထင်တယ်"

"အော်. . . ဦးလေးက ကျွန်တော့်ကို မမှတ်မိပဲကိုး၊ ကျွန်တော် က ထုတ်ပြောရတော့မှာပေါ့။ တစ်နေ့က ဦးလေးကို ပါးရိုက်တာ ကျွန်တော်ပါပဲခင်ဗျာ"

အိမ်သားအားလုံး မျက်လုံးပြူးကုန်ကြလေ၏။ ဦးညီဝသည် ခေါင်းထောင်ထလာတော့သည်။

"ဟော့ကောင်. . . ဘယ်လိုကွ။ မင်းက မောင်သီလကို ပါးရိုက်တယ်. . . ဟုတ်လား၊ ဘယ်လိုလဲ. . . စော်ကားလှချည်ကလား"

မျိုးမိသူဇာ သည်လည်း မျက်နှာကလေး ပျက်သွားရှာ၏။ ထွတ်မင်းက ဦးညိဝ တလှည့် ဦးသီလ တလှည့်ကြည့်ကာ ကမန်းကတန်း ဖြေရှင်းပြရသည်။

"လမ်းမှာ အသိတစ်ယောက်နဲ့ စကားများတာပါ။ သူက ကျွန်တော့်ကို ထိုးလို့ ပြန်ပြီး ပါးရိုက်လိုက်တာ ဒီဦးလေးက နောက် လျှောက်လာလို့ လူလွဲပြီး ထိသွားတာပါ. . ."

ဦးသီလသည် အားရပါးရ အော်ရယ်လေ၏။

"ဟာ. . . ဟိုနေ့က ငါ့ကို ပါးရိုက်တာ မင်းကိုး။ ငါ နောက်က လိုက်တော့ မင်းက လစ်တော့တာကိုးကွ၊ ငါလဲ မျက်ခြည်ပြတ်သွားတယ်"

"ဟုတ်ပါတယ်. . . အခု တွေ့ရပြီး မဟုတ်လား။ ဦးလေး ကျွန်တော့်ကို ကြိုက်သလို ဆုံးမပါခင်ဗျာ"

"ဟေ့ . . . ဆုံးမဖို့နေနေသာသာ ငါက မင့်ကိုတောင် ပြန်ကန်တော့ရမလို ဖြစ်နေပြီ။ အဲဒီနေ့က ဘယ်ဘက်အောက်သွားက သိပ်နာနေတာ။ မင်းလဲ ရိုက်လိုက်ရော တချို့တည်း ပျောက်သွားတယ်။ အဲဒါ ကျေးဇူးတင်ကြောင်းပြောပြီး အိမ်အလည်ခေါ်မလို့ ငါက လိုက်တာကွ။ မင်းက တကြိုးတည်း ငါ့ကို မျက်ခြည်ပြတ်ပြီး ပြေးတာကိုးကွ။"

ထွတ်မင်း၏ ဝမ်းသာမှုသည် အတိုင်းမသိပါတော့ချေ။

"ဟာ. . . ဒီလိုမှန်းသိယင် အဲဒီနေ့ကတည်းက ကွဲကနဲ နေအောင် အဖမ်းခံလိုက်မှာပေါ့ခင်ဗျာ။ ကျွန်တော်က ဦးလေး တယောက် ဒေါသအမျက် ချောင်းချောင်း ထွက်ပြီမှတ်နေတာ. . . ဒါကြောင့် ပြေးတာပေါ့"

ဦးညီဝက ဝင်ပြောတော့သည်။

"ကဲ. . . ငါ ပြေးပွဲကြည့်ဘူးတယ်. . .၊ မင်းပြောသလိုဆိုယင် အဲဒီမှာ ပြေးတဲ့လူတွေဟာ ဘေးကလူတွေ သူတို့ကို ဒေါသ အမျက်ချောင်းချောင်းထွက်နေကြတယ်-ထင်နေကြမှာပဲနော်-ဟဲ-ဟဲ-အလကားပြောတာပါကွာ"

ဦးညီဝသည် ဒေါ်အေးသွင်ကို လှည့်ကြည့်မိသဖြင့် စကားကို ရယ်ရွှန်းပတ်ရွှန်းနှင့် အဆုံးသတ်လိုက်ရသည်။

သူတို့သည် ဝိုင်း၍ စကားပြောကြ၏။ ကာဖီ၊ မုန့်များ စားသောက်ကြ၏-နေ့လည်ပိုင်း ကုန်ဆုံးလုနီးသောအခါတွင် ထွတ်မင်း ထ၍ ပြန်တော့သည်၊ မျိုးမိသူဇာက ဝင်းဝအထိ လိုက်ပို့၏။

"မျိုးမိရဲ့ အဖေက အကြီးပဲဥစ္စာ-ဘာဖြစ်လို့ ဦးညီဝလို့ ဖြစ်နေရတာလဲ"

"ဖေဖေတို့ အစ်ကိုကြီး အကြီးဆုံးတစ်ယောက် ရှိသေးတယ်-ခုတော့ ဆုံးသွားပါပြီ-သူ့နာမည်က ဦးဗိဇတဲ့"

"မိန်းကလေးများ ရှိခဲ့ယင်တော့ နီမလို့ မှည့်မှာပဲနော်"

"ဒါတော့ မသိနိုင်တော့ဘူးရှင့်"

* * *

ရောဂါပျောက်ခြင်း ဆိုရာတွင် နှစ်မျိုးရှိ၏။ ဤအကြောင်းကို ရောဂါဖြစ်သူတိုင်း သိချင်မှ သိမည် ဖြစ်သော်လည်း ရောဂါ ပျောက်သူ တိုင်းတော့ သိကြသည်။

ပထမတစ်မျိုးမှာ ရောဂါက "နင်နေရစ်တော့-ငါသွားတော့မယ်" ဆို၍ တကြိုးတည်း လစ်သွားကာ ရာသက်ပန် ပျောက်ခြင်းမျိုးဖြစ်သည်။ ဒုတိယ တစ်မျိုးမှာ အနာနှင့်ဆေး တည့်အောင်ပေးမိသဖြင့် ရောဂါမှာ ပျောက်ခြင်းမဟုတ်ပဲ ရောဂါဖြစ်ပေါ်စရာ အကြောင်းနှင့် ထပ်မံကြုံကြိုက်လျှင် တခါထပ်၍ ဖြစ်ပြန်၏။ ဤသို့ဖြင့် ရောဂါဖြစ်လိုက်၊ ဆေးပေးလိုက်နှင့် ဖြစ်တတ်သည်။

ဦးသီလ၏ သွားနာရောဂါမှာ ဒုတိယအမျိုးအစားထဲက ပျောက်ပုံမျိုးဖြင့် ပျောက်သွားရခြင်းဖြစ်၏။ သို့ဖြစ်လေရာ နောက်နှစ်ရက်ခန့်တွင် ဖြစ်၍ ဖြစ်ပေါ်လာလေတော့သည်။

ဦးသီလသည် မခံမရပ်နိုင်အောင် သွားနာလာလေရာ ဆေးမြီးတို ပေါင်းစုံ လုပ်ကြည့်၏။ မသက်သာချေ။ လူရုပ်၊ ကျောက်ရုပ်သာမက ခွေးရုပ်၊ ဝက်ရုပ်၊ ဆင်ရုပ်များပါ မကျန် သုံးကြည့်သော်လည်း နာဆဲပင်ဖြစ်၏။ ကိုယ့်ပါးကို ကိုယ်တိုင်ပြန်ရိုက်ကြည့်သည်။ ပါးနာခြင်းအပိုဆုပေါက်သည်ကလွဲ၍ ချမ်းသာမှုဝေဒနာကို မခံစားရ။

ဤတွင် သူ့ပါးအတွက် စပယ်ရှယ် အရိုက်တော်သောလက်ဝါးပိုင်ရှင် ထွတ်မင်းကို သတိရလာ ရသည်မှာ မဆန်းချေ။ တောင့်တ၏။ အာသာငင်းငင်းတောင့်တခြင်းဖြင့် ထွတ်မင်းကို တမ်းတသည်။ သို့သော် ထွတ်မင်းသည် သိဒ္ဓိပေါက် ထွတ်မင်းမဟုတ်သဖြင့် ဦးသီလက စိတ်ထဲတွင် တောင့်တနေရုံနှင့် ရောက်မလာချေ။ ဖယောင်းတိုင်ကလေး တစ်တိုင်ထွန်း၍ တောင့်တလျှင်သော်မှ ရောက်လာနိုင်စွမ်းရှိမည်မဟုတ်။

ထို့ကြောင့် ဦးသီလသည် ထွတ်မင်းကို တောင့်တကြောင်းမျိုးမိသူဇာကို ထုတ်ဖော်ပြောဆို၏။ သွားနာပျောက် ပါးရိုက်ဝိဇ္ဇာ

ထွတ်မင်းထံ မျိုးမိသည် တယ်လီဖုန်းကောက်၍ ဆက်တော့သည်။

"ဟဲလို. . . ခင်လေးပါ"

"ကိုထွတ်မင်းလား"

"ခင်လေးပါဆိုမှ ဘယ့်နှယ် ကိုထွတ်မင်းဖြစ်ပါ့မလဲ"

"အော်-ဒေါ်ဒေါ်ခင်လား။ မျိုးမိပါ ဒေါ်ဒေါ်ရဲ့"

"အော်-မျိုးမိလား။ အေး-မောင်ထွတ်မင်း တစ်ယောက်တော့ အပြင်ထွက်သွားတယ်။ ကိုမြဆောင်တော့ ရှိတယ်-ပြောမလား"

"နေပါစေ ဒေါ်ဒေါ်"

"အော်. . . ဟုတ်သားပဲ-။ ငါ့တူမက မောင်ထွတ်မင်းကိုသာ တွေ့ချင်မှာပေါ့။ သူ့အဖေကို ဘာဖြစ်လို့ တွေ့ချင်ရမှာလဲ- ငါမှားသွားလို့ပါ တူမရယ်-သားပြန်လာယင် ပြန်ဆက်ခိုင်းလိုက်ပါ့မယ်"

"ဟုတ်ကဲ့-ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်-ဒါပါပဲ"

မျိုးမိသူဇာသည် ဦးသီလဘေးတွင် ဝင်ထိုက်လိုက်၏။

"ဘာတဲ့လဲ မျိုးမိ၊ ခုချက်ချင်းလာမတဲ့လား"

"အပြင်ထွက်သွားတယ်-တဲ့"

"ဟယ်-ငါလခွမ်းပဲ၊ ငါ့သွားနာတာက သူ့ကို စောင့်နေရမလား-"

"ဒီကြားထဲ မပျောက်ယင်တော့ စောင့်နေရမှာပေါ့ ဦးလေးရယ်"

"သွားနာရေ-နင့်အဖေ မောင်ထွတ်မင်း မရှိသေးဘူးတဲ့ကွ"

ဦးသီလသည် ယူကျုံးမရ အသံဖြင့် ညည်းပြော ပြောလိုက်သည်။ မျိုးမိသူဇာသည် ရယ်ချင်သလို၊ သနားသလို ဖြစ်ကာ ထွက်သွားပြီး သွားအိပ်နေလေတော့၏။

ဦးသီလကား တယ်လီဖုန်းနားတွင် ထိုင်၍ စောင့်နေ၏။ သို့သော် တယ်လီဖုန်းက ရုတ်တရက်ထ၍ မြည်လိုက်သောအခါတွင်ကား သူသည် အလန့်တကြား ထ၍ ပြေးမည်ပြု၏။ ထိုနောက်မှ သတိရကာ တယ်လီဖုန်းကို ကောက်၍ ကိုင်၏။

"မျိုးမိသူဇာတစ်ယောက် ရှိပါသလား ခင်ဗျာ"

"ဟေ့-မင်း ဘယ်သူလဲ။ ဘာဖြစ်လို့ ငါ့ပါးစပ်နားမှာ လာပြောနေရတာလဲကွ"

"တယ်လီဖုန်းကို ပြောင်းပြန်ကြီးကိုင်ထားပြီထင်တယ်-အသံတိုးနေတယ်"

ဦးသီလသည် ယခုမှ ကြိုးကြီးငေါက်တောက် ဖြစ်နေသည်ကို သတိပြုမိကာ၊ လက်ကိုင်ကို ပြန်လှည့်၍ ကိုင်၏။

"ဟေ့ . . . ကြားပလား"

"အောင်မယ်လေး . . . ကျယ်လှချည်ကလား"

"ဟေ့ . . . ငါ သီလကွ။ မင်းဘယ်သူလဲ"

"ဟာ-ကျွန်တော် ထွတ်မင်းပါ ဦးလေး။ မျိုးမိကို တွေ့ချင်လို့ပါ"

"သူ့ကို မတွေ့နဲ့၊ ငါ့ကို လာတွေ့ကွ။ ငါက သွားနာနေတာ။ သူက ဘေးမသီ ရန်မခ ဖြစ်နေပါတယ်"

"ဟုတ်ကဲ့- အိမ်က ရေစက်ပျက်လို့ အပြင် ရေသွားချိုးတာပါ။ ကျွန်တော် အမြန်ဆုံး လာခဲ့ပါမယ်ခင်ဗျာ"

ဦးသီလသည် တယ်လီဖုန်းကို ပြန်ချယင်း "တော်တော် လျှာရှည်တဲ့ကောင်" ဟု ဝမ်းတွင်းမှ မှတ်ချက်ချမိ၏။ သူ ရေဘယ်လိုချိုးသည်၊ ထမင်းကို ဘာဟင်းနှင့်စားသည်၊ လုံချည်ကို ဘယ်အဆင်ဝတ်သည်

စသည်တွေကို ဦးသီလ မသိချင်ပါ။ လာမည်၊ မလာမည်ကိုသာ သိချင်၏။ လာနိုင်လျှင် လာမည် တစ်ခွန်းတည်းပြောလျှင် ပြီးနေပြီဖြစ်၏။

ဦးသီလသည် အပေါက်ဝနား နီးနီးကုလားထိုင်ဆီသို့ ပြောင်းထိုင်လိုက်၏။ သွားနာမှာ ထွတ်မင်းဟူသော အသံကို ကြားသွား၍လား မသိ၊ သက်သာသွား၏။ သို့သော် လုံးဝတော့ မပျောက်သေးပါ။

ထိုခဏတွင် လူရွယ်တစ်ဦးသည် ဧည့်ခန်းတွင်းသို့ ဝင်ရောက်လာ၏။ ဦးသီလ ဝမ်းမြောက်သွားသည်။ သို့သော် မျက်နှာကို မော့ကြည့်မှ ထွတ်မင်းမဟုတ်သည်ကို တွေ့၍ စိတ်ပျက် သွား၏။

ဝင်လာသူသည် သူ့ကို မမြင်မိပဲ ရှေ့ဆက်သွားစဉ် "ဟော့ မင်းဘယ်သူလဲ" ဟု ဦးသီလက လှမ်းကာနဲ မေးလိုက်ရာ၊ ဝင်လာသူသည် ရုတ်တရက် ခေါင်းကြီးသွား၍ ချာကနဲ လှည့်လိုက်၏။ ချောမွတ်သော ကြမ်းပြင်ပေါ်တွင် ခင်းထားသော ကော်ဇော်ပေါ်၌ ပြုလုပ်ရသည်ဖြစ်၍ လူရွယ်သည် ပေါင်ကြီးနှစ်ဖက် ကားသွား၏။ ကြမ်းပြင်ကို လက်နှင့် ကုန်းထောက်ရသည်။

"သွားနာ သက်သာ သွားလို့သာပေါ့ကွာ။ စောစောက ငါ့ရှေ့မှာ ဒီလိုပုံမျိုး လာလုပ်ယင် ငယ်ထိပ်ကို ဖနောင့်နဲ့ ပေါက်ပစ်လိုက်မိမှာပဲ၊ မင်း ဘယ်သူလဲကွ"

လူရွယ်သည် ကိုယ်ကိုပြန်မတ်၍ ဦးသီလနား လာထိုင်၏။

"ဦးက ဘယ်သူလဲ"

"ဒါ-လှေလှော်နေတာ မဟုတ်ဖူးကွ၊ ဦးက ဘယ်သူ-ပဲ့က ဘယ်ဝါတွေ လျှောက်မေးနေစရာမလိုဘူး မင်းဘယ်သူလဲ"

"ရာဇဝင် သင်နေတာမှလဲ မဟုတ်တာ။ မင်းဘယ်သူလဲတော့ မသိဘူး။ ကျွန်တော်က ခင်မောင်သီပါ"

"အေး-ဒါပေမယ့် မင်းကို ငါမသိဘူး။ ငါကတော့ သီလပဲကွ"

ခင်မောင်သီ၏ မျက်နှာသည် ချိုမြသွားတော့သည်။

"တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော် ဦးရဲ့ နာမည်ကို ကြားဘူးပါတယ်"

"ငါကတော့ မင်းကိုတွေ့ရတာ ဝမ်းမသာပေါင်။ မင်းနာမည်လဲ ငါမကြားဖူးပါဘူး"

"ရှိပါစေတော့ ဦးရယ်။ ကျွန်တော် တစ်ခု သတိပေးပါရစေ။ ဒီအိမ်ကို လူရွယ်တစ်ယောက် ဝင်ထွက်နေပါတယ်။ ဒီကောင့်ကို သတိထားပါဦးရဲ့။ ဒီကောင်ဟာ လူလိမ် လူကောက်၊ ရည်းစားတွေဆိုတာလဲ မှိုလို ပေါက်နေတာပဲ။ မျိုးရိုးကလဲ ညံ့သေးတယ်။ လူကြီးသူမမှန်းလဲ မသိ။ သိပ်ရိုင်းစိုင်းတာ။ ပိုက်ဆံပြတ်ယင်လဲ ခါးပိုက်နှိုက်တတ်သေးတယ်"

"ဟင်-မင်းပြောပုံဆိုယင်တော့ ဒီကောင့်မှာ ဘာရစရာ ကျန်တော့မှာလဲ"

"ဒါကြောင့် ညှိသည်ဖြစ်တဲ့ ဦးကို ကျွန်တော် ခုလို သတိပေးနေရတာပေါ့။ ဒီကောင့်ကို ဝေးဝေးသာ ရှောင်ပါဦးရယ်"

"အေး . . . ခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ် မောင်ခင်မောင်သီရယ်။ ဒါထက် အဲဒီကောင် နာမည်က ဘာတဲ့တုန်း"

"ထွတ်မင်း . . . တဲ့"

"ဘာ"

"ထွတ်မင်း"

ဦးသီလသည် ခင်မောင်သီကို စူးစူးဝါးဝါးကြီးကြည့်ယင်း ထိုင်ရာမှမတ်တပ်ကြီး စုံရပ်လိုက်၏။ ထိုနောက် တောင့်တောင့်တြီး

လျှောက်၍ ချဉ်းကပ်လာသည်။ သူ့ပုံမှာ ဖရန်ကင်စတိုင်သည် လူသတ်တော့မည့် လျှောက်လာပုံမျိုးနှင့်တူလှသည်။

ခင်မောင်သီသည် မျက်လုံးပြူးကာ ချက်ခြင်း မတ်တပ်ရပ်လိုက်၏။

"ဦး . . . သတိထားပါ။ ကျွန်တော် ခင်မောင်သီပါ။ ထွတ်မင်း မဟုတ်ပါဘူး"

"ဟေ့ . . . ငါက ထွတ်မင်းကို မျှော်နေတာကွ။ ခင်မောင်သီကို ကြိုဆိုမနေနိုင်ဘူး။ ထွတ်မင်းဟာ သူခိုး၊ ခါးပိုက်နှိုက်၊ မိန်းမတွေမှီလို့ပေါက်နေပေစေ . . . ငါ့ကျေးဇူးရှင်။ ငါ ကြည်ကြည်ဖြူဖြူ လက်ခံတယ်။ မင်းဟာ သူတော်ကောင်းကလေး၊ မျိုးသန့် ရိုးသန့်၊ ဥပုသ်သည်ကလေးဖြစ်နေပေစေ။ မင်းကို ငါမသိဘူး၊ ငါလက်မခံနိုင်ဘူး။ ကဲ . . . ဒါကြောင့် . . . ဟိုမှာ အပေါက်-မင်းထွက်မလား၊ ငါက ဂုတ်ကဆွဲပြီးထုတ်ရမလား"

ခင်မောင်သီသည် အခြေအနေကို ရိပ်စားမိ၏။ ဤ အဖိုးကြီးသည် တော်တော်ပင် ခေါင်းမာပုံရသည်။ သည်မျက်နှာထား တင်းတင်းကြီးကလည်း တော်တော်နှင့် လျှော့ပါးတော့မည်မဟုတ်တော့ချေ။

ထင်ရှားပါသည်။

သည်မျက်နှာကြီးကို မြင်လိုက်ရခြင်းဖြင့် မိမိသည် အငှားနိမ့်လေပြီဟု ထင်ရှားပါသည်။ သည်တော့လဲ တစ်လမ်းတည်းပင် ရှိတော့၏။

ဝင်ပေါက်မှ ကုပ်ကုပ်ကလေး ပြန်ထွက်သွားရုံသာရှိ၏။

"ဦးရဲ့လက် နာကျင်သွားပါ့မယ်။ ကျွန်တော့်ဘာသာပဲ သွားပါတော့မယ်ခင်ဗျာ"

"မင်းဘာသာ သွားယင်တော့လဲ ကောင်းတာပေါ့လေ။ ငါ့

လက်ဖဝါးနာမှာတော့ မင်း အားမနာပါနဲ့လေ။ လက်ဖဝါးနဲ့ ဂုတ်ကို ဆွဲမ ထုတ်ရယင်လဲ မင့်ဖင်ကို ဖနောင့်နဲ့ ပေါက်ထုတ်ပ့ါမယ်။ ငါ့ ဖနောင့်နဲ့ မင့် ဖင် ဘယ်သင်းက ပို နူးညံ့မလဲဆိုတာတော့ ဆင်ခြင်ကြည့်ပေါ့ကွာ"

ခင်မောင်သီသည် ဘာမျှမပြောတော့ပဲ ကုပ်ကုပ် ရုပ်ရုပ် ကလေးပင် အပြီးအပိုင် ထွက်ခွာသွားလေတော့သည်။

* * *

ဦးညီဝသည် ခပ်သွက်သွက်ကလေးပင် အပြင်ဘက်က ပြန် ရောက်လာပြီး ဧည့်ခန်းသို့ ဝင်ရောက်လာ၏။

ဦးသီလသည် ဒေါင့်နားက ကုလားထိုင်ပေါ်တွင် ထိုင်၍ မျက်နှာ ရှုံ့မဲ့နေသည်။ သွားသည် စစ်စစ် စစ်စစ်နှင့် ပြန်၍ နာလာနေ သည်။ ဦးညီဝသည် သူ့ညီ၏ ဝေဒနာ ပြန်ထနေသည်ကို ဂရုမထားမိပဲ အနားသို့ အတင်းချဉ်းကပ်သွားကာ သူ့ ပြောချင်ရာတွေကို လျှောက်ပြော နေ၏။

"ဒီဟာကို ဘဝင်မကျ ဖြစ်နေတာနဲ့ ဘတုတ်ကို သွားခေါ် တာ။ တော်တော်ကြာယင် သူလာလိမ့်မယ်ကွ"

"ဘတုတ် ဆိုတာက သွားနုတ်တတ်သလား"

"ဟ. . . ဘာဆိုင်လို့လဲကွ။ သူက မာတ်မီးပြင်တဲ့လူပဲ"

"သွားဖုံးကို ကျင်စက်နဲ့ တို့မယ် စိတ်ကူးသလား"

"ဝေးစွ ခြောက်ပါး။ ငါက အရှုံးမှ မဟုတ်တာ ဘာဖြစ်လို့ သွားဖုံးကို ကျင်စက်နဲ့ တို့ရမှာလဲ"

"နို့ ဒါဖြင့် ဘာဖြစ်လို့ ဘဝင်မကျ ဖြစ်နေတာလဲ အစ်ကိုရဲ့"

"ဟာ. . . မီးဖိုဆောင်ကိုထွက်တဲ့ မီးခလုတ်ပေါ့။ ရတစ်ချက် မရတစ်ချက် ဖြစ်နေတော့ မီးလဲ မလင်းတချက် လင်းတချက် ဖြစ်နေတာပေါ့"

"ကျွန်တော်တော့ မီးခလုတ်ကို စိတ်မဝင်စားပါဘူး"

"ဒါဖြင့် ဘာကို စိတ်ဝင်စားနေတာလဲ"

ဦးညီဝသည် ပြောပြောဆိုဆိုနှင့် သူ့ညီ၏ဘေးတွင် ဝင်ထိုင်၏။

"သွား . . . သွား"

ဦးသီလက ဤသို့ ပြောလိုက်သဖြင့် ဦးညီဝသည် ချက်ချင်းပင် ပြန်၍ မတ်တပ်ရပ်ရ၏။

"ငါ့ကို ဘာဖြစ်လို့ နှင်တာလဲ၊ မောင်သီလ မင်း စိတ်မှန်တယ်နော်"

"စိတ်မှန်ပါတယ်။ နှင်တာလဲ မဟုတ်ပါဘူး အစ်ကိုရာ"

"ဟေ့ . . . မောင်သီလ။ သွား-သွားဆိုတာ ဝမ်းသာအယ်လဲ ဖိတ်ခေါ်သံတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်"

"ဟုတ်ပါတယ်။ မဖြစ်နိုင်ပါဘူး။ ကျွန်တော်ကလဲ ဖိတ်ခေါ်နေတာမဟုတ်ပါဘူး။ ကျွန်တော့် သွားနာပြန်ထနေလို့ သွားနာတာကိုပဲ စိတ်ဝင်စားကြောင်း ပြောနေတာပါ"

"ဟင် . . . ဒါဖြင့်ယင် ဒုက္ခပေါ့။ ဘယ်လို လုပ်မလဲ။ ဆရာဝန် ဆီ သွားမလား"

ဦးသီလသည် တွေသွား၏။

"ကျွန်တော်ကတော့ သိပ် မသွားချင်ဘူး။ ကိုယ့်နည်းကိုယ့်ဟန်

နဲ့ ပျောက်မယ်ထင်တယ်။ အခုလောလောဆယ်ပေါ့လေ။ နောက်တော့ လဲ-ဆရာဝန်ကို ပြပြီး သွားနုတ်တန် နုတ်ပစ်ရမှာပေ့ါ။ ခုတော့ ကျွန်တော် ဆောင်ရွက်စရာကိစ္စလေးတွေ ရှိသေးလို့"

"ဒါပေမယ့် ဒီလို နာနာနေယင် ဘယ်ဖြစ်ပါ့မလဲ"

"ခဏတော့ ပျောက်ကင်းနိုင်အောင် လုပ်ထားမယ်လို့ စိတ်ကူးဘာပါ။ မောင်ထွတ်မင်းလဲ လာတော့မှာပဲ။ ဒါပေမယ့် အခု တော်တော် နာလာတယ်။ ဒီတော့ အစ်ကိုကူညီပါ"

"ငါက ဘာလုပ်ပေးရမလဲ"

"ကျွန်တော့် ပါးကို ရိုက်ပေးစမ်းပါ"

"ဟိုက်ရော့"

ဦးညိဝသည် မတ်တပ်ရပ်၏။ ဦးသီလကလည်း မတ်တပ်ရပ်၍ ရင်ဆိုင်၏။ ဦးညိဝသည် ဝန်လေးနေပုံရသည်။

"ဟော့ . . . ငါ မရိုက်တတ်ဖူးကွ။ တော်တော်ကြာ တစ်နာပေါ် နှစ်နာ ဆင့်နေပါအုံးမယ်"

"အို . . . ရိုက်သာ ရိုက်ကြည့်ပါ။ ကျွန်တော် ခံနိုင်ပါတယ်"

ဦးညိဝသည် အသက်ကို အောင့်၍ လက်ကို လွှဲကာ ဦးသီလ၏ ပါးကို ဖျန်းကနဲ ပိတ်ရိုက်လိုက်သည်။ ပါးရိုးကိုတော့ ရိုက်မိ၏။ အရှိန် ပြင်းသွားသဖြင့် ဦးသီလသည် ချာလပတ်လည်ကာ ကြမ်းပေါ်သို့ ထိုင် ကျသွား၏။ ဦးညိဝသည် ကပျာကယာ သူညီကို ပြန်၍မွေ့ထူ၏။

"ငါပြောသားပဲ . . . မလွယ်ဘူး ထင်တယ်။ အတော့်နာသွား သလဲ"

"သွားနာ မပျောက်ဘူးလေ . . . ပါးရိုက်တာ စနစ်မကျလို့ ဖြစ်မှာပေါ့"

"ငါတို့က ပါးရိုက်ပါရဂူတွေမှ မဟုတ်ပဲကွ။ မိန်းမတွေ ပါးရိုက်တာ ဝါသနာပါတယ်။ မအေးသွင် ပြန်လာယင် ရိုက်ခိုင်းကြည့်ပါလား။ သူ အခု ဈေးဝယ်ခြမ်းသွားတယ်"

"နေပါစေတော့လေ. . . ပါးကို စနစ်တကျ ရိုက်တတ်တယ်ပဲထား။ အဆမှန်မှာ မဟုတ်ဖူး။ ဟို အကောင့်ကိုပဲ စောင့်ပါတော့မယ်။ သူကတော့ တစ်ချက်ဆို ဆိုသလောက် ပျောက်ဖူးတာကိုး။ သူ့ကိုပဲ စောင့်ရမှာပဲလေ"

"ဒီကောင် ပါးရိုက်ပညာကို ဘယ်မှာ ဆည်းပူးလာသလဲ မသိဘူး။ ဂျပန်ခေတ်ကလဲ သူမွေးအုံးမှာ မဟုတ်ပါဘူး"

"ဆုတောင်းကောင်းတာလဲ ဖြစ်ချင် ဖြစ်မှာပေါ့ အစ်ကိုရဲ့။ အရင်ဘဝက. . . ဘဝ ဆက်တိုင်း ဆက်တိုင်း သူတပါးရဲ့ ပါးကို စနစ်တကျ ရိုက်နိုင်ရပါလို၏လို့များ ဆုတောင်းလာသလားတော့ မသိဘူး"

ဦးညီဝသည် ခေါင်းတချက် ညိတ်၍ "အင်း . . . ဆုတောင်းခဲ့ရိုး မှန်ယင်တော့ ကြုံကြုံဖန်ဖန် ဆုတောင်းကြီးပေါ့လေ" ဟုပြောကာ အဝတ်အစားလဲရန် အခန်းတွင်းသို့ ဝင်ရောက်သွားလေ၏။

ချက်ချင်းလိုလိုပင် ထွတ်မင်းသည် ဧည့်ခန်းတွင်းသို့ ဝင်ရောက်လာလေသည်။ ဦးသီလ၏ မျက်နှာကား ဆလိုက် မီးလုံးကြီးထက်ပင် ဝင်းထိန်သွားသလား ထင်မှတ်ရ၏။

"အောင်မယ်လေး . . . စောင့်လိုက်ရတာ မောင်ရယ်"

"ဟုတ်ကဲ့ . . . ကျွန်တော် ဘာလုပ်ပေးရမလဲ ဦးလေး"

"ပါးရိုက်ပေးရမှာပေါ့ကွ"

"ဗျာ. . ."

STYLUS BOOKS

ထွတ်မင်းခမျာ ပါးစပ် ပြသွားရတော့သည်။ ဦးသီလသည် ပါး အရိုက်ခံဖို့အတွက် လည်ပင်းတရှည်ရှည်နှင့် စောင့်မျှော်နေ သည်. . . တဲ့။

"ငါသွားနာတဲ့ ဝေဒနာ ပြန်ထပြန်ပြီကွာ"

"ထိုင်ခိုင်းထားလိုက်ပါလား"

"ဘာကွ"

အာရုံက တခြားရောက်နေသဖြင့် ထွတ်မင်းသည် ပြော ပြောရာကို လွှတ်ကနဲ ပြောလိုက်မိခြင်းသာဖြစ်၏။ ဦးသီလက အူကြောင် ကြောင် ဖြစ်သွားသဖြင့် ပြန်မေးလိုက်တော့မှ မိမိ၏စကား မှားယွင်း သွားကြောင်းကို ထွတ်မင်း သတိပြုမိတော့သည်။

"အော်. . . ဟိုဟာပါ။ ထိုင်ထားယင် ပါးရိုက်လို့ ရပါ့မလား ပြောချင်တာပါ"

"ကောင်းပါပြီကွာ. . . ငါ မတ်တပ်ရပ်ပေးပါ့မယ်"

ဦးသီလသည် ပြောပြောဆိုဆိုနှင့် မတ်တတ်ရပ်၏။ ထိုနေ အနေအထားသည် အာရုံကြောင့် မှားယွင်း သွားမည်စိုး၍ စာကြ မျက်မှန်ကို ထုတ်တပ်ကာ သတင်းစာကို မတ်တတ်ကြီး ကိုင်၍ဖတ် ၏။ ဦးခေါင်းကို တတ်နိုင်သလောက် ငြိမ်နေအောင် ထားသည်။ ပါးရိုက် ခံရန် အသင့် အနေအထားသို့ ရောက်နေလေပြီ။

ထွတ်မင်းသည် ရင်လေးလာ၏။ ပါးရိုက်ရမည် ဆိုကတည်းက သူ့အာရုံတွေသည် ထိုင်းမှိုင်းထွေပြားခဲ့သည်။ ဦးသီလကို သူ ပါးမရိုက် ချင်ပါ။ သွားနာပျောက်သွားသည်ဆိုသောနေ့က ရိုက်ခဲ့ရခြင်းမှာလည်း နည်းရယ်၊ စနစ်ရယ် ကျကျနန မရှိပဲ ခင်မောင်သီကို ရိုက်ရာမှ ချော် ဦးသီလကို ထိသွားခြင်းဖြစ်၏။

ဤပုံစံအတိုင်း ပြန်ရိုက်၍ ရတော့မည်မဟုတ်နိုင်ပါ။ ရိုက်ချက် နေရာသော်လည်း လွဲချော်နိုင်၏။ အားအရှိန်သော်လည်း မတူညီနိုင်။ တဖန် ဦးသီလ၏ သွားနာဝေဒနာ၏ အရှိန်အဟုန်သည်လည်း ထိုနေ့က နှင့် ထပ်တူညီမျှ ရှိချင်မှ ရှိတော့မည်။

ထို့ကြောင့် ပါးရိုက်ခံရတာသာ အဖတ်တင်မည်။ သွားနာကား ပျောက်ချင်မှ ပျောက်မည်ဖြစ်သည်။ သွားနာသာ ပျောက်လျှင် ဆယ်ချက် လောက်ကို ပြုံးပြုံးကလေး အရိုက်ခံနိုင်မည်ဖြစ်သော်လည်း၊ ဝေဒနာ မပျောက်ကင်းပါလျှင် တစ်ချက် အရိုက်ခံရသည်ကိုပင် ဒေါသ အမျက် ချောင်းချောင်းထွက်နိုင်ချေ၏။

အသည်းပေး၍ ချစ်ရသူ မျိုးမိသူဇာ၏ ပြုံးလှဲ့လှဲ့ မျက်နှာ ကလေးသည် စိတ်အာရုံဝယ် တရေးရေးပေါ်လာ၏။

ပါးရိုက်ပြီး မျက်နှာကောင်းရမှ သူကလေးနှင့် နီးရလွယ်တော့ မည်။ ပါးရိုက်ခြင်းဖြင့် ဦးသီလ၏ ဒေါသကို ဆွပေးရာရောက်လျှင် ကား. . .။ ထွတ်မင်း ဆက်လက်၍ မတွေးဝံ့တော့ပြီ။ ကံသာလျှင် အမိ၊ ကံသာလျှင် အဖပါတကား။

"ဟော့ . . . ရိုက်တော့လေကွာ. . . ငါ ဖက်တောင် တောင့်ချင် လာပြီ"

ဦးသီလသည် ဖက်ကို ခိုင်ခိုင်တည်ထားယင်း ပါးစပ်လှုပ်ရုံ ပြော၏။

ထွတ်မင်း၏ လက်ဖျားတို့သည် တဆတ်ဆတ် တုန်လာကြ သည်။ ပျောက်ထားသည့် သာဓကလည်း ရှိနေသဖြင့် မရိုက်တတ်ပါဟူ၍ ငြင်းမရပါ။ ခပ်တည်တည်နှင့် စွတ်ရိုက်လိုက်လျှင်လည်း အထက်က ဖော်ပြခဲ့သလို ဝေဒနာ မပျောက်ကင်းပဲ နားရင်းသာ ပူသွားနိုင်သည်။

"ဟော့ကောင်. . . ရိုက်လကွာ"

ဦးသီလက ခပ်ငေါက်ငေါက် ပြောလိုက်၏။ ထွတ်မင်းသည် ကြိမ်တို့လိုက်သော နွားပမာ ဆတ်ကနဲ လက်ကို လွှဲ၍ ပိတ်ရိုက်ထည့်လိုက်၏။

လွဲချော်သည်။

သူ့ လက်ဝါးသည် ပါးသွယ်ရိုးကို မရိုက်မိပဲ၊ ဦးသီလ၏ နားရင်းကို တည့်တည့်ကြီး တီးမိလေတော့ရာ အဖုံးကြီးသည် ဟပ်ထိုးကြီး ဖြစ်၍ မျက်မှန်သည် လွင့်စင်သွားလေတော့သည်။

အခန်းပေါက်ဝသို့ ဝင်ရောက်လိုက်မိသော ဘတုတ်သည် လက်ထဲမှ ပလိုင်ယာကြီး လွှတ်ကျ၏။ ပလိုင်ယာသည် သူ့ ခြေမပေါ်သို့ ဦးစောက် တည့်တည့်ကျလေရာ ဘတုတ်ခမျာ ခြေတပေါင်ကျိုး ခုန်ချီ ခုန်ဆွ ဖြစ်သွားရှာလေ၏။

ထွတ်မင်းတို့ကား ဘတုတ်ကိုမျှ မဆိုထားဘိ။ တလောကလုံး ကိုပင် သတိမပြုနိုင်အောင် ဖြစ်နေသည်။ ဦးသီလကို ရင်ပတ်ဆီးထိုး ပေး၏။ ဦးသီလသည် မတ်မတ် ပြန်ရပ်သည်။ နှုတ်မှလည်း ခပ်တိုးတိုး ရေရွတ်ပြောဆို၏။

"နေပေစေ. . . နေပေစေ၊ တစ်ချီ ပြန်ရိုက်အုံး"

ဦးသီလက ရင်ကော့လိုက်၏။ ထွတ်မင်းသည် ဘုရား တရား အောက်မေ့ကာ တစ်ချက်တည်းလွှဲ၍ ပါးရိုက်လိုက်၏။ ဦးသီလသည် ကြမ်းပေါ်သို့ ဖင်ထိုင် ပစ်ကျသွားသည်။ သွားနှာ ပျောက်သွားသဖြင့် သူ ဝမ်းသာသွားသည်။

ဝမ်းမသာသည့်အပြင် မခံမရပ်နိုင်ဖြစ်နေသူကား မိတ်ပြင်သူ ဘတုတ်ပင်တည်း။

သူ့ ခြေနာကိုပင် သူ မသိတော့ဖြစ်ကာ ခုန်ပေါက် ပြေးလွှား လာပြီး ထွတ်မင်း၏ ဂုတ်က ဆွဲ၍ လှည့်လိုက်၏။ ထို့နောက် ဘတုတ်သည် ဘာမပြော ညာမပြောနှင့် ထွတ်မင်း၏ မေးရိုးကို လက်သီးနှင့် ပစ်ထိုးလိုက်သည်။ ထွတ်မင်းကား ကြမ်းပေါ်သို့ တောင့်တောင့်ကြီး ကျသွားလေ၏။

အတွင်းခန်းက ထွက်လာခဲ့မိသော မျိုးမိသူဇာမှာ မျက်လုံးထဲတွင် မိုက်ကနဲ ဖြစ်သွားရသည်။ ချစ်သူကို မညှာမတာ ပိတ်ထိုးလိုက်၍ ကြမ်းပေါ်တွင် စန့်နေလေပြီ။

မျိုးမိသူဇာသည် ပြေးလာကာ ဒူးတစ်ဖက်ထောက် ထိုင်၍ ထွတ်မင်းကို ပေါင်ပေါ်တင်ကာ ရင်ခွင်ဖြင့် အပ်ယင်း ပါးလေးကို လက်ဝါးနုနုကလေးဖြင့် ယုယစွာ ကပ်ပေး၏။

ဦးသီလသည် ခုန်၍ ထလိုက်သဖြင့် ဘတုတ်သည် မျက်နှာချင်းဆိုင် ရပ်ကော့ရပ်မိလေသည်။

"မင်း ဘာကောင်လဲ"

"လူကောင်ပါ"

"ဒီကို ဘာလုပ်ဖို့လာသလဲ"

"မီးပြင်ဖို့ပါ"

"ဟော့ . . . ဒီအိမ်မှာ ဘယ်ထီးမှ မပျက်ဖူးကွ"

"မီးခလုတ်ပြင်ဖို့ လာတာပါ"

"အော် . . . မင်းလုပ်တာနဲ့ ပြောတာနဲ့ မညီဘူး၊ ပြင်ပြော"

"ဘယ်လိုပြောရမှာလဲခင်ဗျ"

"လိုက်ဆို"

"ဟုတ်ကဲ့"

"ကျွန်တော်. . ."

"ကျွန်တော်. . ."

"ဒီအိမ်ကို. . ."

"ဒီအိမ်ကို. . ."

"လက်သီးစမ်းဖို့ . . ."

"လက်သီးစမ်းဖို့ . . ."

"လာတာပါခင်ဗျာ. . ."

"မဟုတ်ဖူးခင်ဗျ လာတာကတော့ မီးခလုတ် ပြင်ဖို့ပါပဲ။ သူက မတရားလုပ်နေလို့ ဝင်ဆုံးမမိတာပါ"

"အလို. . . မောင်ထွတ်မင်းက ဘာများ မတရားလုပ်လို့လဲ"

"ဦးလေးကို ပါးရိုက်တယ် မဟုတ်လား"

"အေး . . . ငါ့ကို ပါးရိုက်တာတော့ မှန်တယ်။ ဒါပေမယ့် ဒီကောင် ငါ့ကို ပါးရိုက်ရတာဟာ ငါက အနူးအညွတ် တောင်းပန်လို့ ရိုက်ရတာကွ။ မတရားတာမဟုတ်တဲ့အပြင် ဒီကောင် ကုသိုလ်တောင် ရအုံးမယ်"

"မြတ်စွာဘုရား- ပါးရိုက်ပြီး ကုသိုလ်ရှာသတဲ့။ ငါတော့ ကြာကြာနေယင် ရူးရလိမ့်မယ်"

ဘတုတ်သည် ချာကနဲ လှည့်ထွက်ကာ ပလိုင်ယာ သွားကောက်၏။ ထိုအခိုက် အခန်းတွင်းမှ ဦးညီဝ ထွက်လာသည်။ ဘတုတ်ကို မြင်သော် ဝမ်းသာသွား၏။

"ဟော့ . . . ဘတုတ်"

ဘတုတ်ကား စိတ်တုန်လှုပ်နေသည်ဖြစ်ရာ ဦးညီဝ၏ အသံကို ကြားလိုက်သည်နှင့် တပြိုင်နက် အပေါက်ဝဆီသို့ ပြေးထွက်လာ၏။

"ဘတုတ်. . . မပြေးနဲ့ . . . လာပါကွ"

ဦးညီဝက အော်လေ. . . ဘတုတ်က ကြောက်လေဖြစ်ရာ ဝင်ပေါက်ကို စွတ်၍ ပြေးထွက်တော့ရာ အပြင်မှ ဝင်ရောက်လာသော ဒေါ်အေးသွင်၏ ရင်ဝကို ဦးခေါင်းနှင့်ချိန်၍ တိုက်လိုက်သလို ဖြစ်သွား၏။

ဒေါ်အေးသွင်ကား လက်ထဲမှ စက္ကူထုပ်များ ဖရိုဖရဲ လွတ်ကျကာ "အင့်" ကနဲ တစ်ချက် မြည်၍ တောင့်တောင့်ကြီး ပက်လက်လန်ကျသွားသည်။ ဘတုတ်မှာ ဆက်မပြေးနိုင်တော့ပဲ ကျောက်ရုပ်လို ရပ်နေမိ၏။

သူတပါး ကုသိုလ်ရဖို့ ပါးရိုက်နေသည်ကို ဝင်တားမိ၍ အကုသိုလ်တွေ ဝင်ရောက်လာလေပြီလောဟု တွေးနေမိသည်။

ဦးညီဝသည် ဒေါ်အေးသွင်နားသို့ ခုန်ပျံရောက်ရှိလာ၏။ ဇနီးသည်ကို ပွေ့ကာ. . . ဧည့်ခန်းတွင်းသို့ ယူလာသည်။

ခဏသာ ကြာပါ၏။ ထွတ်မှင်းရော-ဒေါ်အေးသွင်ပါ သတိရလာကြ၏။

မျိုးမိသုဇာက သူ့အဖေဘက်လှည့်၍ ပြော၏။

"ဖေဖေ. . . ကိုထွတ်ကို ဟိုလူကြီးက လက်သီးနဲ့ထိုးတယ်"

ဦးညီဝသည် ဘတုတ်ကို မြူးတူးပြတဲ ကြည့်ယင်းမေး၏။

"ဟေ့ကောင်. . . ဘယ်လိုလဲကွ။ ငါက မင်းကို မီးခလုတ် ပြင်ဖို့ခေါ်တယ်။ မင်းကတော့ ငါ့ ညှီသည်ကို လက်သီးစွမ်းပြလား-ပြရဲ့။ ငါ့မယားကို ခေါင်းတိုက်စွမ်းပြသလား-ပြရဲ့။ မင်းလုပ်ငန်းမှားရောက်နေပြီထင်တယ်။ မီးမပြင်ပဲ မွန့်ပြည်နယ်နေ့ အခမ်းအနားမှာ နိုးရာ လက်ဝှေ့သွားသတ်ပါလားကွ။ ကြီးပွားမယ့် အလားအလာရှိတယ်"

ဘတုတ်သည် မျက်နှာသေကလေးနှင့် ပြန်ပြော၏။

"ကျွန်တော် ဒီနေ့ ဘယ်လိုဖြစ်တယ်မသိဘူး။ အကုသိုလ် ဝင် တယ် ထင်တယ်။ ဒီတော့ ကုသိုလ်ရအောင် လုပ်မှပဲ"

ပြောပြောဆိုဆိုနှင့် သူသည် ဦးသီလနားသို့ ကပ်လေရာ ဦးသီလသည် ပျာယီးပျာယာ မတ်တတ်ရပ်၏။

"ဟော့-ဟော့ . . . မင်း ဘာလုပ်မလို့လဲ"

"ကုသိုလ်ရချင်လို့ ဦးလေးကို ပါးရိုက်မလို့လေ"

"အောင်မယ်-တော်ပါကွာ။ ငါက မတောင်းပန်ဘူး။ မင်း ငါ့ပါးရိုက်ရင် ချက်ချင်း မြေမျိုသွားမယ်" "ကဲ-အစ်ကိုရေ ကျွန်တော် တော့ ဝေဒနာပျောက်လို့ ဘဝင်ကျသွားပြီ။ အစ်ကိုလဲ ဘဝင်ကျအောင် မီးခလုတ်ကိုသာ ပြင်ခိုင်းလိုက်တော့"

ထိုအခါမှ ဦးညီဝသည် ဘတုတ်ကို နောက်ဖေးဘက်ဆီ ခေါ်သွားသည်။ ဘတုတ်ကား ဦးနှောက် ချာလည် ချာလည်နှင့် ဘဝင် မကျနိုင်အောင် ဖြစ်နေရတော့သည်။

* * *

ထွတ်မင်းသည် ညဥ့်စာကို မျိုးမိသူဇာတို့၏ အိမ်တွင်ပင် စား လိုက်ရသည်။ ဘို့သော် သူသည် ဤအိမ်တွင် ထမင်းစားရသည်မှာ သူ့အိမ်တွင်သူ စားရသည်လောက် မဝင်ချေ။ အဘယ်ကြောင့်ဆိုသော် လမင်းထက် နုစ်လေးသာ၍ အေးမြချမ်းမြေ့လှပါသော မျိုးမိသူဇာလေး ၏ မျက်နှာကို တစ်ခါကြည့်တိုင်း ထမင်းဆယ်လုပ်စာလောက် ဝသွား

သောကြောင့်ပင်ဖြစ်သည်။ ဤအတိုင်းဆိုလျှင် မျိုးမိသူဇာနှင့် အိမ်ထောင်ပြုပြီးသောအခါတွင် ဆန်ဖိုးသက်သာမည်ဟု သူတွေးနေမိသည်။

ထမင်းစားသောက်ကြပြီး၍ စုံစုံညီညီပင် ဧည့်ခန်းတွင် ထိုင်မိကြ၏။ ထွတ်မင်းက စတင်၍ ဦးသီလကို ပြောသည်။

"ဦးလေး-ပါးရိုက်ခံနေလို့ချည်း ဖြစ်မှာမဟုတ်ဘူး။ ဆရာဝန်လေး ဘာလေးလဲ ပြပါ"

သူ့အပူ သူသိသည်။ သည့်အဖိုးကြီး သွားနာထတိုင်း သူ့တာဝန်ချည်း ကျနေလျှင် တစ်ခါမဟုတ် တစ်ခါတော့ "ကွဲ" သွားနိုင်၏။ ထို့ကြောင့် ကြိုတင်ကာကွယ်နေရခြင်းဖြစ်သည်။

"အေးပါကွ-ငါလဲ ဒီကုသနည်းမျိုးနဲ့ ရာသက်ပန် ကုသမယ်လို့ စိတ်မကူးပါဘူး။ ယာယီ သက်သာခွင့်ရရုံကလေးပါကွာ-နက်ဖြန်ခါပဲ ငါ သွားဘက်ဆိုင်ရာ ဆေးကုဌာနကို သွားမှာပါ-"

ထွတ်မင်းသည် ရင်ထဲက အလုံးကြီး ကျသွားသည်ကို ခံစားလိုက်ရ၏။ ယနေ့အဖို့တော့ ပြန်ခါနီးပါပြီ။ နောက်တစ်ခါဆိုလျှင် သဘက်ခါမှ လာမည်။ သည်တော့ ပါးရိုက်စရာအရေး ဝေးလာဝေးပြီပေါ့။

ထိုခဏတွင် မျိုးမိသူဇာသည် ထွတ်မင်းကို မျက်စပစ်၍ "ကဲ-ကိုထွတ်မင်း ပြောလေ" ဟု အချက်လည်းပေး၊ နှုတ်မှလည်း ပြောသည်။

ပြောဆို၍သာ ပြောရသည်။ ရုတ်တရက် ဘာပြောရမှန်း မသိပဲနှင့် ထွတ်မင်းသည် ဦးညီဝဘက်သို့ လှည့်လိုက်၏။ ဦးညီဝကလည်း သူဘာပြောမည်လဲကို အာရုံစိုက်ဟန်ပြသည်။

"ကမ္ဘာ့ရေနံဈေးဟာ ဒီလို တတက်တည်း တက်နေလို့တော့ မဖြစ်တော့ဘူးထင်တယ်"

ဦးညီဝသည် လုံးဝ မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် မျက်လုံးပြူးသွားသော်လည်း အဖြေမကြန့်ကြာချေ။

"စိတ်အေးအေးထားပါကွာ-ငါ အိုပက်ကို သံကြိုးရိုက်လိုက်ပါ့မယ်"

မျိုးမိသူဇာသည် ဘာတွေ လျှောက်ပြောကုန်မှန်းမသိသဖြင့် စိတ်တိုသလို ဖြစ်သွားရသည်။

"ကိုထွတ်-"

"ဗျာ-"

"ဘာတွေလျှောက်ပြောတာလဲ"

"ကမ္ဘာ့စီးပွားရေး ဆွေးနွေးမလို့လေ။ နို့-မျိုးက ပြောဆိုစောကြီးကြီးကျယ်ကျယ် ပြောစရာက ကမ္ဘာနဲ့ချီပြောမှ ဖြစ်တော့မပေါ့"

"ဟင်း-ကိုထွတ်နှယ်။ ခွကျရန်ကော မျိုးမိတို့ ကိစ္စကို ဖေဖေနဲ့ ဦးလေးတို့ကို ပြောပါလို့-"

ထွတ်မင်းသည် ဦးညီဝဘက်သို့ လှည့်လိုက်မြန်၏။ ဦးညီဝကလည်း ထွတ်မင်းဘက်လှည့်မြန်၏။

"ဒီလိုပါ ဦး-အခုပြောမှာက မျိုးမတို့ ကိစ္စပေါ့။ အဲဒါ ဘယ်လိုသဘောရသလဲ-ဟင်"

"ဟော-မိန်းမကိစ္စကို ငါက ဘယ်လို သဘောရမှာလဲကွ။ သူတို့ဘာသာ သူတို့ ကြည့်စီမံပေါ့။ မင်းကကော့ ဘာဖြစ်လို့ ဝင်ရှုပ်ချင်ရတာလဲ"

ထွတ်မင်းက မျိုးမိသူဇာကို ကြည့်သည်။ မျိုးမိသူဇာက ခေါင်းကုတ်၍ ဒေါ်အေးသွင်ကို ကြည့်၏။ ထို့ကြောင့် ဦးညီဝတို့ ညီအစ်ကိုနှစ်ယောက်ကလည်း ဒေါ်အေးသွင်ကို ကြည့်ကြရတော့သည်။

ဒေါ်အေးသွင်က ရယ်လိုက်၏။ ဦးညီဝက သူ့ညီဘက် လှည့်ပြောသည်။

"ဟော-ငါတို့က ဝိုင်းကြည့်တော့လဲ သူ ရယ်ချင်လာတာပေါ့လေ"

ဒေါ်အေးသွင်သည် မျက်နှာထား ပြန်တင်းလိုက်ရာ ဦးညီဝသည် ဇက်ပုသွား၏။

"သူတို့ပြောချင်တာက ဒီလိုလေ-မောင်ထွတ်မင်းနဲ့မျိုးမိနဲ့ဟာ လူငယ်ချင်း မေတ္တာမျှနေကြပြီ၊ ဒီက လူကြီးတွေ သဘောဘယ်လိုရှိပါသလဲလို့ မေးချင်နေတာ"

ဦးသီလက ဤတွင်မှ အားရပါးရ ရယ်၍ ထွတ်မင်းဘက် လှည့်သည်။

"ဒါနဲ့များကွ-မင်းက ရေနံတွေ မိန်းမကိစ္စတွေ လျှောက်ပြောနေသေးတယ်။ မင်းတို့ လက်ထပ်ဖို့ကိစ္စလို့ ရှင်းရှင်းပြောပါ"

ထွတ်မင်းသည် နှုတ်သွက်လာ၏။

"ဟုတ်ပါတယ်-ဒီက လူကြီးတွေ သဘောတူ လက်ခံမယ်ဆိုယင် နေ့ရက်သတ်မှတ်ပြီး ကျွန်တော့် မိဘတွေနဲ့ လာတောင်းရမ်းပါ့မယ်"

ဦးသီလကလည်း သွားနာပျောက်၍ နှုတ်သွက်နေသည်ပင်။

"သူ့မိဘတွေတော့ သူတို့ တာဝန်နဲ့ သူတို့ သဘောထားကြလိမ့်မယ်-ငါ့အနေနဲ့တော့ ငါ့တူမကို ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း တစ်ခုလုံးမှာ မင်းတစ်ယောက်ထဲနဲ့ပဲ သဘောတူတယ်ဟေ့။ ဒီတော့ ငါ ကျေနပ်တယ်-ငါ ကျေနပ်တယ်"

ဦးညီဝကလည်း ခပ်ပြုံးပြုံးဖြစ်လာသည်။

"အေးပါလေ-မောင်ထွတ်တောရီ-"

"မောင်ထွတ်မင်း" ဟု ဒေါ်အေးသွင်က မျက်စောင်းထိုး၍ ဝင်ပြင်ပေး၏။

"အင်း-မောင်ထွတ်မင်းနဲ့ဆိုယင် ငါတို့ကလဲ သဘောမတူစရာ မရှိပါဘူးကွာ။ မင်း မိဘတွေကိုသာ နားသ,ပေတော့"

"နားဖောက်ပေတော့" ဟု ဒေါ်အေးသွင်က ပြင်ရပြန်၏။

"အေး-အေး-နားရွက်ဖောက်ပေတော့၊ အဲ-နားဖောက် ပေထော့"

အားလုံး ရယ်မောကြသည်။ ဦးသီလသည် ရယ်မောပြီးမှ "ဖူးစာဆိုတာ အံ့ဖို့ကောင်းတယ်နော်။ ကြုံဖန် ဆုံစည်းရတာပဲ" ဟု ပြောသည်။

သူ့စကားကို ထွတ်မင်းက အပြည့်အဝထောက်ခံသည်။

"အင်မတန် အံ့ဩစရာ ကောင်းပါတယ်။ ကျွန်တော်ဟာ လူငယ်ပေမယ့် တခြားလူတွေကို လေ့လာနေတာ။ တရားလဲ ရစရာ ကောင်း တယ်။ ပျော်စရာလဲ ကောင်းတယ်။ သနားစရာလဲ ကောင်းတယ်။ တော် တော်စုံစုံပဲ လေ့လာတွေ့ရှိရပါတယ်"

"အေး-မင့်စကားကို ဆက်စမ်းပါအုံး"

"သတ္တဘာဂဆိုတဲ့ နဖူးစာရေးနတ်ဟာ တချို့လူကျတော့ နဖူး မှာ နေရာလွတ်အတိုင်းထားပြီး ဘာနာမည်မှ မရေးဘူး။ တချို့ကျတော့ နဖူးတစ်ခုတည်းပေါ်မှာ နာမည်တွေ ပြွတ်သိပ်ရေးထားတော့တာပဲ-"

သူက ဤသို့ ပြောလိုက်သောအခါတွင် ဦးသီလသည် မျက်နှာ ညှိုးသွား၏။

"ငါတော့ ဖူးစာရေးနတ်ကို တယ်မကျေနပ်ချင်ဘူး။ ငါ့နဖူးကြီး

က ဒါလောက်တောင် ကျယ်ဝန်းပါလျက်ကနဲ့ မသိန်းရှင်-ဆိုတဲ့ နာမည် တစ်လုံးတည်း ရေးလို့ရသတဲ့ဗျာ။ အခု မသိန်းရှင် ဆုံးသွားတော့ ငါ နောက်ထပ် မရတော့ဘူးပေါ့"

အားလုံးသည် ဇက်ပိုးအထိ ရောက်သော မဟာနဖူးကြီးကို ကြည့်၍ ပြုံးကြ၏။ ထွတ်မင်းက ဖြေသိမ့်ရှာသည်။

"ဖူးစာရေးနတ်က ဦးလေးရဲ့နဖူးမှာ စာလုံးကြီးကြီးရေးထားမိလို့ နောက်ထပ် နေရာ မဆံ့တော့တာ ဖြစ်ပါလိမ့်မယ် ဦးလေးရယ်-"

မျိုးမိသူဇာကလွဲ၍ အားလုံးဝိုင်းရယ်ကြလေသည်။

မျိုးမိသူဇာကား ခဏမျှ တွေသွားပြီးနောက်၊ ရယ်သံအတိတ်တွင် လွှတ်ကနဲ ပြောလိုက်မိလေတော့၏။

"ဖူးစာရေးနတ်ဟာ ကိုထွတ်ရဲ့ နဖူးမှာ စာလုံးကြီးကြီး ရေးပါစေ" တဲ့။

ဟုတ်ကဲ့-ထွတ်မင်း၏ နဖူးတွင် "မျိုးမိသူဇာ" ဟု ရေးပြီး ဖူးစာရေးနတ် မင်ကုန်သွားပြီဖြစ်ကြောင်း ထွတ်မင်း အာမခံဝံ့သည် ဖြစ်ချေ၏။

ကြပ်ကလေး

(၁၉၈၀ ခုနှစ်၊ ဧပြီလ၊ စန္ဒာမဂ္ဂဇင်းမှ)

# မောင့်ကြင်ယာဘယ်မှာပါလိမ့်

-

သူ့အထင်အတိုင်းသာဖြစ်လျှင် အသည်းကြီး ဟက်တက်ပြနေပေပြီ။

ကျော်ထွန်းမြတ်သည် အချစ်နယ်ပယ်ကို စွတ်ကယ်စွတ်ကယ် ဝင်လိုက်ထွက်လိုက် လုပ်နေတတ်သူတစ်ယောက် မဟုတ်ပါ။ တမိုးအောက်တွင် တစ်ယောက်၊ သည်တစ်ယောက်က စပ်ဖြည်းဖြည်း လုပ်ခဲ့သည်။ စပ်ဖြည်းဖြည်း လုပ်တော့လည်း တနေ့ ချစ်နိုး တနေ့ ချစ်နိုးနှင့် စိတ်ကူးယဉ် ချစ်ဗိမာန်ကြီးကို တည်ဆောက်ခဲ့၏။ သို့သော် သူ့ချစ်ဗိမာန်ကြီးမှာ ရေခဲဗိမာန်ကြီး ဖြစ်ပုံရသည်။ ကြားဝင်လာသော တခြားလူတည်းဟူသည့် နေမင်းကြီး ထွက်လာသည်နှင့်တပြိုင်နက် ချစ်ဗိမာန်ကြီး အရည်ပျော်ကျသွားရတော့သည်။

"တောက် . . ."

မျက်ရည်ကျခြင်းတော့ မဟုတ်ပါ။ ကျော်ထွန်းမြတ် တစ်ယောက် တက်ခတ်ခြင်းသာဖြစ်သည်။

STYLUS BOOKS

ပြန်မတွေးလိုတော့ပါ။ သို့သော် သတိကတော့ ရနေ၏။

မေ့ပစ်ချင်သည်။ သို့သော် စွဲနေမိ၏။

"ဘယ်လိုလဲဟ - ငါဘာလုပ်ရမလဲ"

ကျိတ်မနိုင် ခဲမရ ဖြစ်ရသည်။ သို့သော် ဘာမျှမတတ်နိုင်ချေ။ ဘာမျှ မတတ်နိုင်တော့သဖြင့်လည်း ပြန်မတွေးချင်ပဲနှင့် ပြန်တွေးနေရတော့၏။

ကောင်းပြီ၊ မတတ်နိုင်၍ ပြန်တွေးနေရသော်လည်း သူ့နာမည် အပြည့်အစုံကိုတော့ဖြင့် ပြန်မတွေးတော့ပြီ၊ ဒါလေးတစ်ခုတော့ သူ တတ်နိုင်၏။ တတ်နိုင်သလောက်ကလေး လက်စားချေရတော့မည်။

ဟုတ်ကဲ့၊ သူ့နာမည်ကို အပြည့်အစုံ ပြန်မတွေးပါ။ 'ကြော့' ဟူသော နာမည်ကလေး တစ်လုံးကိုသာ အတွေးထဲတွင် ပြန်ခေါ်တော့မည်။

ကျော်ထွန်းမြတ်သည် ကြော့ကို အများကြီးချစ်၏။ သိပ်ချစ်၏။ အလွန်ချစ်၏။ အပုံကြီးချစ်၏။ နင်းကန်ချစ်ပါ၏။

သို့သော် . . . ကိုယ့်ကိုချစ်၍ ပြန်ချစ်ရကောင်းမှန်း မသိ လောက်အောင်ပင် အလိုက်ကန်းဆိုး မသိလေသော ကြော့သည် ကျော်ထွန်းမြတ်က ချစ်ရေးဆိုခဲ့သည့်နေ့မှစ၍ စပ်ဖြည်းဖြည်းလုပ်နေခဲ့၏။

စိတ်ကူးတွေ ယဉ်လိုက်ရသည့်ဖြစ်ခြင်း၊ ကြာတော့ ချစ်ရသော အရသာကိုပင် မသိပဲနေမည်။ စိတ်ကူးယဉ်ရသော အရသာကြီးကိုတော့ စွဲပင် စွဲမိလာသလိုလိုဖြစ်ရချေ၏။

ဟော . . . ယနေ့နံနက် စောစောလမ်းထရှောက်မိသော အမှားကြီးကို ကျော်ထွန်းမြတ်သည် ကျူးလွန်မိချေပြီကော၊ ဤသို့ဆိုလိုက်သဖြင့် ကျန်းမာရေး လိုက်စားသူများက အံခဲသည်မှအစ ဖနောင့်ဖြင့်

ဖိကြိတ်ချက်လာသည့်အဆုံး စိတ်တိုင်းမကျ ဖြစ်နိုင်သည်။ မီးရထား သံလမ်းကို အလျားလိုက် မြောင်း၍ လျှောက်နေသည်လည်းမဟုတ်၊ မျဉ်းကြားမဟုတ်သောနေရာမှ လမ်းမပေါ် လျှောက်နေခြင်းလည်း မဟုတ်၊ ဘာကြောင့်အမှားကြီး ဖြစ်ရပါသနည်း။

လမ်းလျှောက်ခြင်းအလုပ် သက်သက်ကတော့ မမှားပါ။ သူ့ အဖေကိုယ်တိုင်က ဆရာဝန်ကြီးတစ်ဦး ဖြစ်ခဲ့သည်။ ထိုမွေးသဖခင် ကျေးဇူးရှင်ကလည်း "ငါ့သား၊ မင်းလေ. . . ယောင်လို့များတော့ လမ်း-မလျှောက်လိုက်ပါနဲ့နော်ကွာ" ဟု ချော့ကာတမျိုး ချောက်ကာတဖုံ ပြောဆိုခဲ့ခြင်းလည်း လုံးဝမရှိခဲ့ဘူးပါ။

ဖြစ်ရသည်ကား . . . ယနေ့ နံနက် လမ်းလျှောက်မိရာတွင် သူကဲ့သို့ပင် လမ်းလျှောက်ထွက်လာသော ကြော့တို့မိသားစုနှင့် ဆုံစည်းရ၏။ လူကြီးတွေက ရှေ့ကသွား၊ ထိုနောက်က ကလေးတစ်သိုက် လိုက်ပြီး နောက်ဆုံး ခပ်လှမ်းလှမ်းကမှ ကြော့နှင့်ယှဉ်တွဲ၍ ကျော်ထွန်းမြတ် လိုက်ခဲ့ကြသည်။

ယင်းတို့ နှစ်ယောက်ထဲ ကြုံကြိုက်ရသော အခွင့်အလမ်း တို့သည် သူနှင့်ကြော့တို့ ဘဝဝယ် ခဏခဏ ကြုံခဲ့ကြ၏။ ကြုံခဲ့သည့် တိုင်းလည်း ကျော်ထွန်းမြတ်သည် စပ်ဖြည်းဖြည်းနှင့် ခိုင်လှသော ကြော့၏ စိတ်ခါတ်ကျောက်တိုင်ကြီးကို နှံ့သည်ချည်းဖြစ်၏။ ထို့ကြောင့် လည်း ယခုလည်း ကြော့ကို နှံ့ရပြန်သည်။

"ဘယ်လိုသဘောရသလဲ ကြော့ရဲ့"

ကြော့သည် လက်တစ်ဖက်က နေကြာစေ့အခွံများကို ပစ်ချပြီး လက်တစ်ဖက်က နေကြာစေ့အဆံကိုပါးစပ်ထဲ ထည့်ကာ မျက်လုံးဝိုင်း ကလေးများဖြင့် ကျော်ထွန်းမြတ်ကို ခပ်စောင်းစောင်းကလေး မော့ကြည့်

သည်။ ကျော်ထွန်းမြတ်၏ မျက်နှာတွင် ကြော့၏ အဖြေစကားကို ရယူ အမှိုကြားချင်သလို အလွန် စိတ်စောနေသော လက္ခဏာ ပေါ်လွင်နေ ကြော့သည် ခပ်တွေတွေကလေး ပြန်လှည့်ကာ ဖြေကြားလိုက်သည်။

"တချို့ကတော့ သွေးအားနည်းတယ်တဲ့၊ တချို့က ကျပြ တော့လဲ သွေးတိုးသတဲ့၊ ကြော့လဲ ဘယ်လို သဘောထားရမှန်း မသိတော့ ပါဘူးလေ"

ခက်ချေပြီ၊ ချစ်ရေးခင်းရေး ဆွေးနွေးသည်ကို သေရေးရှင်ရေး အတွက် ရောဂါမေးနေသည်များ မှတ်သွားရှာသလားမသိ။

"ဘယ်လိုတုန်း ကြော့ရဲ့၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"ကိုကျော်က နေကြာစေ့စားတဲ့အကြောင်း မေးနေတာ မဟုတ် ဖူးလား"

"သေပါတော့ကွာ၊ မဟုတ်ပါဘူး ကြော့ရဲ့၊ ကြော့က ကိုယ် တကယ်ဝင် နေကြာစေ့ မကဘူး၊ နေကြာပန်းကြီး တစ်ပွင့်လုံး တစ်လုပ်ထဲ မျိုချချင် မျိုချ၊ ဒါ-ကိုကျော် အရေးမဟုတ်ပါဘူး၊ အခု မေးနေတာ ကြော့ဟာ ကိုကျော့်ကို ပြန်ချစ်နိုင် မချစ်နိုင် ဒါကိုမေးနေတာပါ"

ကြော့သည် ချစ်စဖွယ် လည်တိုင်ကလေး လှုပ်အောင် ရယ်၏။

"ပြောတတ်ပါဖူး ကိုကျော်ရယ်၊ ကြော့က အဆက်အစ မှားသွားတာကိုး၊ ကိုကျော် မေးတာကို ဖြေရမယ်ဆိုရင် ကိုကျော့်တော့ ဆောရီးမှာပြသွားမှာပဲ၊ မနေ့ကပဲ ကိုသိန်းကျော်ရဲ့မေတ္တာကို လက်ခံ လိုက်ပြီရှင့်"

"ရွတ်စ် . . ."

ကျော်ထွန်းမြတ်သည် ဤမျှနှင့်ပင် အိမ်သို့ပြန်ခေါက်ခဲ့ရသည်။ သူ့အထင်အတိုင်းသာလျှင် သူ့အသည်းကြီးဟက်တက်ပြဲနေလေပြီ။

အိပ်ရာပေါ်တွင် လူးလိမ့်နေ၏။

ငိုချင်သည်။ မျက်ရည် မထွက်၊ လွမ်းဆွေးဇွေ သီချင်းသည်းသောက် အသံက မကောင်း။

ဝေဒနာကို တစ်ယောက်ထဲ သိမ့်ခံရခြင်းထက် မကောင်းသူဆိပ် ကောင်းသူထိပ် ဖွင့်ဟကြေညာ၍ မျှဝေးရလျှင် သက်သာသည်။ ခက်တာက မိဘနှစ်ပါးကို စုံစုံညီညီ ထိုင်ခိုင်းပြီး ကိုယ့်နဖူးကို လက်သီးဆုပ်နှင့်ထုကာ "အဖေ အမေတို့ရေ-ကျွန်တော့်ချစ်သူက ကျွန်တော့်ကို ပစ်ပြေးပြီခင်ဗျ" ဟု ရှိုက်ကြီးတငင် ငိုရမည်ကလည်း လက်တွေ့တွင် မဖြစ်နိုင်ပါ။

ငွေကြေးပြည့်စုံသော ဒေါက်တာဦးထွန်းမြတ်နှင့် ဇနီးဒေါ်စန်းပွင့်တို့တွင် ကျော်ထွန်းမြတ်တည်းဟူသော သားတစ်ယောက်တည်းသာ မွေးထားကြခြင်း မဟုတ်ပါ။ သား သုံးယောက်တွင် ကျော်ထွန်းမြတ်သည် အငယ်ဆုံးသာဖြစ်ခဲ့၏။ အငယ်ဆုံးပင် သူလိုငါလို ဘွဲ့ကလေးတစ်လုံးနှင့် အသက် နှစ်ဆယ့်သုံးနှစ် ရှိနေပေပြီ။

သို့ဖြစ်လျှင် ရင်ထဲက ဝေဒနာတွေကို အကိုနှစ်ယောက်အား ဖွင့်ဟ ကြေညာ၍ ခွဲဝေပေးရလျှင် မကောင်းပါလား။

မဖြစ်ပါ။ အကိုကြီးသည် ဝေးကွာလှသော မိတ္ထီလာမြို့တွင် အင်ဂျင်နီယာအလုပ်နှင့် ပြောင်းရွှေ့သွား၏။ အကိုလတ်ကား ပို၍ ဝေးကွာသော နိုင်ငံခြားသင်္ဘောတွင် လိုက်နေ၏။

သည်တော့လည်း ကျော်ထွန်းမြတ်အဖို့ ရင်ထဲက အသည်းဝေဒနာကို ကြေညာစရာ ကြောင်ကလေး တိုးပွားတစ်ကောင်ထဲ ဖြစ်သည်။ ခက်သည်ကား-ကြောင်ဆိုသည်မှာ ဝေဒနာဖြစ်ဖြစ် ,စေဟာနာဖြစ်ဖြစ် ပုရွန်ခြောက်လောက် စိတ်မဝင်စားပေ။

"မနှင်းယဉ်. . . ခဏကလေးလောစမ်း"

တစ်ဖက်ခြံမှ ဦးကျော်ခင်က သမီးကို လှမ်းအော်လိုက်သံ ဖြစ်၏။ ကျော်ထွန်းမြတ်၏ မျက်နှာမှာ ဝင်းထိန်သွားသည်။

သင့်မြတ်ချေပြီ၊ ရင်ထဲကဝေဒနာကို မနှင်းယဉ်ထံ သွား၍ ပြောပြရာမည်။ သည်ကောင်မလေးသည် ငယ်တော့ ငယ်သေး၏။ လူရာ ဝင်စရာ အကြောင်းမရှိ။ အချစ်အကြောင်းလည်း ဘာမျှတော့ နားမလည်။ သို့သော် မတတ်နိုင်ချေပြီ။ ခြံဒေါင့်က သက်မဲ့ ပိတောက်ပင် ကြီးကို တတွတ်တွတ် ပြော၍ ရင်ဖွင့်ရခြင်းထက်၊ အသက် ဆယ့်ခုနစ် နှစ်ခန့် ခြံနီးချင်း မနှင်းယဉ်ကလေးထံ ရင်ဖွင့်ရခြင်းက ကောင်းမည်။ ဆွေမတော်၊ မျိုးမတော်. . . တစ်ယောက်ယောက်က သနားလိုက်လျှင် လည်း သူ့ဝေဒနာသည် များစွာ သက်သာကာ အသနားခံဘဝ၏ သာယာဘွယ်ကို ခံစားမည်ဟု စိတ်ကူးပေါက်လာလေ၏။

ကျော်ထွန်းမြတ်သည် ဖျတ်ခနဲ လူးလဲထကာ. . . တစ်ဖက်ခြံ ထဲသို့ ခြေလှမ်းကျဲကြီးများဖြင့် ကွေ့ဝင်သွားသည်။

ဦးကျော်ခင်တို့ မိသားစုသည် စိုက်ပျိုး မွေးမြူ၍ အသက်မွေး ဝမ်းကျောင်း နေကြသူများဖြစ်ရာ၊ မြေကွက် ကျယ်သလောက် ပျဉ်ထောင်အိမ်ငယ်ကလေးကသေးပြီး၊ တခြံလုံးတွင်လည်း နေရာလွတ် မရှိချေ။ စိုက်ခင်းများနှင့် နွားများ၊ ဝက်များ၊ ကြက်များတို့က နေရာ အပြည့် ယူထားကြ၏။

ဦးကျော်ခင်သည် ခြံ၏ တနေရာတွင် ပေါက်တူးနှင့် မြေပေါက် နေ၏။

"ဟော. . . မောင်ကျော်ထွန်းမြတ်ပါလား၊ ကိစ္စရှိလို့ လားကွ. . ."

"ကိစ္စမရှိပါဘူး၊ ပျင်းလို့ မနှင်းယဉ်နဲ့ လာစကားပြောတာပါ"

"အော်. . . အေး၊ မင်း ညီမက ဟိုဘက်က တင်းကုပ်ထဲမှာ နွားနို့ညှစ်နေတယ်လေ။ သွားပေါ့-သူကလဲ အလုပ်မအားတော့ သက်သက် ဧည့်ခံနိုင်မှာမဟုတ်ဖူး။ ဒီတော့ သူအလုပ် လုပ်တဲ့နေရာ သွားစကားပြောချည်ပါကွာ။ အဲ--မသန်းမြနဲ့ စကားပြောချင်ယင်တော့ အိမ်ထဲ သွား။ သူကလဲ သက်သက် ဧည့်ခံနိုင်မှာ မဟုတ်ဖူး။ မီးဖိုချောင် ထဲ ဝင်ပြောရမှာပဲကွ။ ဟား- ဟား . . . ဒါထက် ဆရာတို့လဲ နေကောင်း တယ်နော်။ ငါကလဲကွာ- မင်းမြင်တဲ့အတိုင်း နဲနဲမှ အားတာမဟုတ်ဖူး။ ဒီတော့ သက်သက် လာစကားမပြောအားဘူးကွ၊ ဟား . . . ဟား . . ."

ဦးကျော်ခင်သည် တခဏထဲတွင် စကားတွေ နင်းကန်စုပြုံ၍ ပြောနေလေရာ၊ ခြေလှမ်းပြင်ပြီးမှ စကားမပြတ်၍ ခေါင်းပြန်လှည့်၊ တဖန် စကားပြတ်ပြီမှတ်၍ ခြေကိုလှမ်းရန် အားစိုက်ပြီးမှ စကားမပြတ်ပြန်၍ ခေါင်းပြန်လှည့်နှင့် လုပ်နေရသော ကျော်ထွန်းမြတ်မှာ ဆင်များ ခရီးသွား သောအခါ ကျောက်တုံးကို ဆ၍ နှဲ့ကြည့်နေသလို ဖြစ်နေရပြီး၊ ဦးကျော်ခင် စကားများကို နားဝင် တချက်၊ မဝင် တချက်နှင့် ဖြစ်နေ တော့သည်။ ဒီကြားထဲ ရယ်သံအဆုံးတွင် လှမ်းထွက်တော့မည်ပြုမှ ဦးကျော်ခင်က ထပ်ပြောပြန်၏။

"ဪ . . . ငါမေးတာ ပြောခဲ့ပါအုန်းကွ"

ဟော. . . ခက်ရပြီ။ ဒါလောက် စုပြုံ၍ ပြောလိုက်သော စကား များသည်၊ ကျော်ထွန်းမြတ်၏ နားထဲဝယ် တီတွေးကြီးကဲ့သို့ လိမ်ရှုပ် ငုပ်ပေါ်၍ ဝင်ကုန်၏။

"အော်. . . ဘာယ်ဟာလဲ။ သက်သက်လား . . .။ ဟုတ်ကဲ့ သက်သက်က ဧည့်မခံ စကားမပြောအားမေပယ့် ဆရာက နွားနို့ညှစ်နေ

ကယ်ဆိုတာ ဟုတ်မှာပေါ့။ ဦးလေးကလဲ ကျွန်တော်မြင်တဲ့အတိုင်း မီးဖိုချောင်ထဲမှာ ဒေါ်ဒေါ် ဒေါ်သန်းမြကို ပေါက်တူးနဲ့ပေါက်. . . "

"ဟာ. . . ဒီသူငယ် ဘယ်လိုဖြစ်နေရတာလဲဟ။ မင့်အဖေ. . ဆရာဦးထွတ်မြတ်တို့ နေကောင်းရဲ့လားဆိုတာ မေးပါဆိုမှ၊ ငါက ဘာဆိုင်လို့ ငါ့မိန်းမကို မီးဖိုချောင်ထဲမှာ ပေါက်တူးနဲ့ ပေါက်ရမှာလဲကွ"

ဤတွင်မှ ကျော်ထွန်းမြတ်မှာ ပြုံးနိုင်တော့သည်။

"ဟုတ်ကဲ့ - ကျွန်တော် စိတ်စောပြီး စကားတွေ ရောထွေးကုန်လို့ပါ၊ ဖေဖေတို့ မေမေတို့လဲ မီးဖိုချောင်ထဲမှာ ပေါက်တူးနဲ့-သက်သက်နဲ့-အဲလေ. . . ဖေဖေ မေမေတို့ နေကောင်းကြပါတယ်။ ကဲ-ကျွန်တော် မနှင်းယဉ်နဲ့ သွားစကားပြောလိုက် အုန်းမယ်နော်-"

"အေး-အေး-ဒါပေမဲ့ ငါ့သမီးကိုတော့ ပေါက်တူးနဲ့ မပေါက်ပါနဲ့ကွနော်. . . "

ကျော်ထွန်းမြတ်သည် ပြုံးခနဲ့နဲ့နှင့် အိမ်ကလေး၏ တဖက်ဆီသို့ ထွက်ခဲ့သည်။ စင်စစ်တွင် ဦးကျော်ခင် ပြောသွားသော စကားများထဲ၌ ပေါက်တူးဟူသော ဝေါဟာရသည် တလုံးတပါဒမျှ မပါပါ။ သို့သော် သူ့မျက်စိရှေ့တွင် ဦးကျော်ခင် ပေါက်တူးကြီး ပေါက်နေသည်ကို မြင်၍ ရောထွေးကုန်ခြင်းဖြစ်၏။

ကြော့ ကပေးလိုက်သော ဝေဒနာသည် အသည်းနှလုံးကို သာမက၊ ဦးနှောက်အထိပင် ရောက်သော ဝေဒနာဆိုးတမျိုး ဖြစ်နေပြီလား ကြော့ရယ်။

မနှင်းယဉ်သည် သူ့အလုပ်တွင် သူ စိတ်ပါဝင်စားသဖြင့် ရွှင်ရွှင်လန်းလန်းပင် နွားနို့ညှစ်နေ၏။ ထိုအခိုက်တွင် မရွှင်မလန်းနှင့် ကျော်ထွန်းမြတ်သည် သူ့ဘေးနားက ဝါးတန်းကို လက်ထောက်ကာ

ငွေကြီးလာ၍ ရပ်လေတော့၏။

"အလို-အကိုကျော်ပါကလား"

"အေး . . . အလို အကိုကျော်ပဲ ဖြစ်ရတော့တာပေါ့။ မိန်းမတွေက ကောင်းမှ မကောင်းပဲကိုး"

"ဟောတော့ . . . အကိုကျော်က မိန်းမတွေကို ခရမ်းချဉ်သီးနဲ့ သုတ်ပြီး စားကြည့်လာတယ်ထင်တယ်။ ဘယ်စားလို့ ကောင်းပါ့မလဲ"

ကလေးမအသည် တညင်းညင်း ရယ်သွမ်းသွေးလိုက်၏။ သူ ရယ်သွမ်းသွေးသည်နှင့်အမျှ ကျော်ထွန်းမြတ်ကတော့ ရှုံ့မဲ့ရှုတ်တွကြီး ဖြစ်လာရ၏။

"အော် . . . ပျော်နေ ပျော်နေ။ နင်ကတော့ ပျော်နိုင်တာကိုး"

"ဟင်, . . ဘယ်သူက မပျော်နိုင်တာလဲ။ ဒီ နွားမကြီးကလား။ ဒီလို မထင်နဲ့ အကိုကျော်၊ ဒီနွားမကြီးဟာ နို့ပေး မတွန့်တိုတတ်ပါဘူး"

"နင်ဟာလေ . . . ဘာမဆို ပေါ့ပေါ့တန်တန်ပဲ သဘောထား တယ် . . ."

"နို့ညစ်တာက လုပ်နေကျကိုး အကိုကျော်ရဲ့-ပေါ့ပေါ့ပါပဲ။ ဒါပေမယ့် ဦးလေးတို့ ကိုကျော်ထူးတို့ ရှင်ပြုတုန်းက ထမင်းအိုးကြီး ကျတော့ မပေါ့နိုင်ဘူး အကိုကျော်။ နှစ်ယောက် သုံးယောက် ဝိုင်းမ, ရ, တယ်။ ပေါ့ပေါ့တန်တန် သဘောထားတာ သူ့နေရာနဲ့သူပါ"

ကျော်ထွန်းမြတ်သည် စိတ်မရှည်သလို ဦးခေါင်းကို ခါရမ်း လိုက်၏။

"ငါ့ရင်ထဲမှာ ဘာတွေ ဖြစ်နေသလဲ နင်မသိဘူးနော်"

"ဟောတော့ . . . ညီမက ဘယ်လို သိနိုင်မှာလဲ အကိုကျော် ရဲ့။ နေပါအုံး၊ အခု အကိုကျော့်ရင်ထဲမှာ ဘာတွေဖြစ်နေသလဲ။ ရောဂါပိုး

တွေ့သတဲ့လား။ ဘာဘာ စမ်းသပ်ကြည့်တာ လား"

"နင်လေ-နင်ဟာ တော်တော်ဝွကျတယ်၊ နင့်အဖေလိုပဲ"

"ရှင်. . ."

"အော်. . . ဟိုဟာပါ၊ တချို့လူတွေရဲ့အဖေတွေဟာ တော်တော်ဝွကျတယ်လို့ ပြောတာ"

"အော်. . . အကိုကျော်ရဲ့ ရင်ထဲမှာ အဖေတွေတော်တော်ဝွကျတယ်ဆိုတဲ့ အယူ အဆကြီး ဖြစ်နေတာကိုး. . ."

"ဟာ. . . မဟုတ်ပါဘူးလေ။ ငါ့ရင်ထဲမှာ ဖြစ်နေတာက. . ."

"ဆိုပါအုန်း. . ."

"ဟယ်-ငါလဲ မသိပါဘူးလေ"

"ဘယ်လိုလဲ အကိုကျော်ရဲ့။ မသိရင်လဲ ဘာဖြစ်လို့ အချိန်ကုန်ခံပြီး ပြောနေရသေး တာလဲ-"

"ဟိုဟာပါ--ကြော့ ပစ်သွားပြီ"

"ကျော့ဆိုတာ မပစ်ရပါဘူး အကိုကျော်ရယ်။ ကျော့ကို ထောင်ရတယ်၊ ပိုက်ကျမှ ပစ်ရတာ။ ဘာလဲ အကိုကျော် ငှက်ဖမ်းမယ်စိတ်ကူး ဖြစ်နေသလား. ."

"နင် မသိဘူးနော်. . ."

"ဟုတ်ကဲ့-အကိုကျော်လဲ မသိဘူးဆိုပါတော့"

"ငါသိတယ်၊ အခု ငါသိပြီ။ ငါ့ရင်ထဲမှာ . . . ဒါထက် နင် ကြော့ကိုသိသလား. ."

"ငှက်ထောင်တဲ့ကျော့လား"

"ဘယ်က ဘာစကားတွေ ပြောနေရတာလဲ။ ကြော့က ငှက်

မထောင်ဘူး၊ ဆရာ အတတ်သင် တက်နေတယ်"

မနှင်းယဉ်သည် စောစောက ရှင်လန်းမှုတွေ ပျောက်ကာ စိတ်ရှုပ်သလိုဖြစ်လာပြီး ချာကနဲလှည့်၍ သူ့အလုပ် သူဆက်လုပ်နေ၏။

"အကိုကျော့်စကားတွေက ရှုပ်လိုက်တာ။ အခု ညီမ မအား သေးဘူး၊ နေ့လည်လောက်မှလာပြီး စကားပြောပါလား အကိုကျော်ရယ်၊ ညီမ နှိုညှစ်ရအုန်းမယ်"

ညင်ညင်သာသာပင် နှင်လွှတ်သဖြင့် ကျော်ထွန်းမြတ်သည် စိတ်ပေါက်ပေါက်နှင့် မနှင်းယဉ်အနားမှ ထွက်ခွာလာခဲ့တော့၏။

"ဟော ဗျ. . . မောင်ကျော်ထွန်းမြတ် ပြန်တော့မလားကွ။ မင့် ညီမနဲ့ ဘာဖြစ်လာသလဲ. . ."

"အော်. . . ကျွန်တော်က နှိုညှစ်. . . အဲလေ. . . ဟုတ်ကဲ့၊ မနှင်းယဉ်က နှိုညှစ်စရာ ရှိတယ်၊ ကျွန်တော်က နှိုညှစ်နေတဲ့ မနှင်းယဉ်ကို အနှောင့်အယှက်မပေးချင်လို့ ပြန်တော့မလို့ပါ. . ."

ဦးကျော်ခင်၏ ပြူးသလိုလိုဖြစ်သွားသော မျက်လုံးတွေကို ပြန်၍ ကျဉ်းပြီး "နေမြဲ" အနေအထားသို့ ပြန်ပို့ကာ ကျော်ထွန်းမြတ် သည် ကိုယ့်အိမ်ကိုယ်ဘက်ဆီသို့ ကိုယ်ပြန်လည်ရောက်ရှိလာခဲ့ရသည်။

တော်တော်ပင် စိတ်နာစရာ ကောင်းသည်။ မိန်းမတွေသည် အပေါင်းရခက်လှချေ၏။ သမီးရည်းစားလို ချစ်ခင်ဘော် ချစ်ခင်ဖက် ပေါင်း၍လည်း မကောင်း။ ညီမလေးလို တိုင်ပင်ဘော် တိုင်ပင်ဖက် ပေါင်း၍လည်း မကောင်း။ သည်လောက် ပေါင်းဘို့သင်းဘို့ မကောင်း သော မိန်းမများနှင့် ဝေးရာကို ပြေးချင်ပါပြီ။ သင်းတို့နှင့် ကင်းကင်း ရှင်းရှင်းနေလိုပါပြီ။

လူထဲတွင် နေ နေသရွေ့တော့ လူစာရင်း ဝင်နေသေးသော

မိန်းမတွေနှင့် မတွေ့နေရချေအုန်းမည်။ သည်တော့ လူတွေကိုပါ တခါတည်း ရှောင်မှ ဖြစ်တော့မည်။ ဟုတ်ကဲ့. . . ဘုန်းကြီးဝတ်လိုက်မှ ဖြစ်တော့မည်။ ဒင်တို့နေရစ်ခဲ့ကြပေရော့။

* * *

ဦးထွတ်မြတ်သည် အုံ့အားကြီးကို ဖောဖောသီသီ သင့်ပစ်လိုက်မိသည်။ ဒေါက်တာ ဦးထွတ်မြတ် အုံ့အားသင့်မည့်ဆိုလျှင်လည်း သင့်လောက်စရာပါ။ ကျော်ထွန်းမြတ်သည် မိဘနှစ်ပါး စုံစုံညီညီ ထိုင်နေရာသို့ လာရောက်၍ သင့်ရာ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ပြီးလျှင် သူသည် သင်္ကန်းဝတ်ပါတော့မည်ဟု အခွင့်တောင်းနေတော့သည်။

"ဟေ့ကောင်-စကားပြောယင် သတိထားပြောကွနော်. . ."

"ဟုတ်ကဲ့ . . . ကျနော် သတိကောင်းစွာနဲ့ပဲ စကားပြောနေတာပါ ဖေဖေ"

"မင်း အခု သင်္ကန်းဝတ်မယ်ဆိုတာ ဘာစိတ်နဲ့ ဝတ်မှာလဲကွ"

"သင်္ကန်းဝတ်မယ်ဆိုတဲ့စိတ်နဲ့ ဝတ်မှာပါ"

"ရှင်းသကွာ။ ကောင်းပြီ ဘယ်လောက်ကြာကြာဝတ်မှာလဲ"

"ပျော်သလောက် ဝတ်မှာပါ ဖေဖေ. . ."

"အေးလေ. . . မင်းဘယ်နှစ်ရက်လောက် ပျော်မယ်ထင်သလဲ"

"တော်တော်ကြာကြာ ပျော်မယ်ထင်ပါတယ်၊ တသက်လုံးတောင် ပျော်ချင်ပျော်သွားမှာ"

ဦးထွတ်မြတ်သည် သူ့သား၏စကားကို သူ မယုံချေ။ ထို့ကြောင့် ဦးခေါင်းကြီးကို ခါရမ်း၍ ပြန်ပြောသည်။

"ငါတော့ မထင်ပါဘူးကွာ။ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတောင် ဟုတ်တိ ပတ်တိ မစောင့်ချင်ကဲ့ကောင်က ရဟန်း ဝတ်မလို့တဲ့"

ကျော်ထွန်းမြတ်က ဘာပြန်ပြောရမှန်းမသိဖြစ်သွား၏။ ထိုအခိုက်တွင် မိခင်ဖြစ်သူ ဆရာဝန်ကတော်ကြီး ဒေါ်စန်းပွင့်က ကြားက ဝင်၍ ဦးထွတ်မြတ်ကို မာန်သည်။

"ရှင်ဟာ ဘယ်လိုလဲ--သင်္ကန်းဝတ်တယ်ဆိုတာ ကုသိုလ် ဘယ်လောက်ကြီးတယ် ထင်သလဲ"

"သင်္ကန်းဝတ်တဲ့ ကုသိုလ်တော့ ဘယ်လောက် ကြီးသလဲ ငါ မသိဘူး၊ မအေး ခြင်ထောင်ကတော့ ဟောဒီလောက်ကြီးတာပဲ"

"ကိုထွတ်နော်၊ စကားပြောယင် နောက်ရွှတ်ရွှတ်နဲ့ အကောင်း ပြောနေတာရှင့်။ အခုခေတ်မှာ လူငယ်တွေ လမ်းလွဲလိုက်ပြီး မူးယစ် ထုံထိုင်းတွေ လုပ်နေကြခိုက်မှာ စန်းတို့သားကလေးက သင်္ကန်းဝတ်မယ် ဆိုတာ ဘယ်လောက် အားတက်ဖို့ကောင်းသလဲ။ ဒါကို အားပေးရမယ့် အစား၊ ဘာတွေဖျက်လို ဖျက်ဆီး ရှောက်ပြောနေတယ် မသိပါဘူး"

"မင်းမသိပါဘူး စန်းရယ်၊ သံဃာတော်ဆိုတာ နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ်တွေကို ထိန်းပြီး မြတ်စွာဘုရားရဲ့ အလိုတော် နဲ့အညီ ကျင့်ကြံနေထိုင်ရတယ်ကွ။ ဒီကောင်က အနေချောင်တယ်ထင်ပြီး သင်္ကန်းဝတ်လို့ ကုသိုလ်ထက် အပြစ်က များနေမှာစိုးလို့ ပြောနေရ တာပါ"

ဦးထွန်းမြတ်သည် ဇနီးသည်ကို ပြောရာက သားအက်သို့ လှည့် ပြန်လေ၏။

"ဟော့ကောင် . . . ပဋ္ဌိတာဘာဝေါ ဒုလ္လဘော ဆိုတာ မင်းသိသလား"

"သိပါတယ်၊ ဒုလ္လဘာဟာလဲ ရဟန်းပဲဖြစ်တယ်လို့ ပြောတာ"

ဦးထွတ်မြတ်သည် မျက်နှာရှုံ့၍ မျက်လုံးပြူးကာ ရှုံ့ပြူးကြီးဖြစ်သွားမိလေ၏။

"ဘယ်က ဟုတ်ရမှာလဲကွ၊ ရဟန်းအဖြစ်သည် ရခဲ၏လို့ ပြောတာ၊ ရဟန်းဖြစ်ဖို့ ရဟန်းအဖြစ်ကို ရဘို့ဆိုတာ တော်တော်ခဲခဲယဉ်းတယ်ကွ။ ဒီလို ခဲခဲယဉ်းယဉ်းရယူရတဲ့ ရဟန်းဘဝမှာ မင်းက ပေါ့ပေါ့တန်တန်နေပြီး အာပတ်သင့်လဲ ဘာအရေးလဲ၊ ဖြေလိုက်ယင်ပြီးတာပဲဆိုပြီး ပေါ့တီး ပေါ့ဆနေယင် အကျိုးမရှိဘူး၊ အပြစ်ကတော်လေးအုန်းမယ်။ နောက်ပြီး မင်း တစ်သက်လုံး ဝတ်နိုင်ယင် ဝတ်။ တော်တော်ကြာ တဝက်တပျက်နဲ့ လူပြန်ထွက်လာမှ လူ့ဘဝမှာ အလုပ်လုပ်ဖို့ကလဲ အချိန်နှောင်းပြီး ဟိုမရောက်-သည်မရောက် ဖြစ်နေမယ်"

"တိုထွတ်ဟာ ကြီးလေ ရှည်လေ ဖြစ်နေပါပကော"

"ဘယ်နှာလဲကွ . . . မင်း စကားက"

"အသက်ကြီးလေ လျှာရှည်လေ ဖြစ်တာကို ပြောတာပါ။ မောင်ကျော်ထွန်း ပြောနေတာက သူ ပျော်ဘလောက် ဝတ်ကြည့်မယ်။ သုံးလေးလ တန်သည်ပေါ့လေ။ မပျော်တော့လည်း လူပြန်ထွက်လာမှာပေါ့။ ဒါများ ကိုထွတ်က ကြီးကြီးကျယ်ကျယ် လုပ်ပြီး သိက္ခာပုဒ်တွေ ဒုလ္လဘောတွေနဲ့ လှန့်နေတာကိုး"

ဦးထွတ်မြတ်သည် "သင့်အား တုပက်ပြိုင် ကျွန်တော်မျိုးတော့ဖြင့် မနိုင်ပါပြီ" ဟူသော အသွင်ဖြင့် ဇနီးသည်ဘက်မှ မျက်နှာကို ချာကနဲ သားဘက်သို့ လွှဲလိုက်လေတော့သည်။

"ရဟန်းဘဝမှာ ပျော်တယ်ဆိုတာ လူ့အဖြစ်မှာ ငြီးငွေ့မှုဖြစ်တာ၊ လူ့ဘဝမှာ အခု မင်းဘာကို ငြီးငွေ့သလဲ"

ကျော်ထွန်းမြတ် ငူကျသွားတော့သည်။ ရည်ရွယ်စားပစ်သွားလို့ပါခင်ဗျာဟု ပြောရမှာ ရာဇဝင်ရိုင်းနေ၏။ ကြော့က မုန်းသွား၍ အသည်းတွေ ကွဲကာ သက်န်းဝတ်ချင်စိတ် ပေါက်လာခြင်းသာဖြစ်သည်။ အခြားဘာကိုမျှ မယ်မယ်ရရ ငြီးငွေ့လှသည်မဟုတ်၊ သို့သော် ယခု ဖခင်ကြီးက သိလိုရေးနှင့် မေးနေမှတော့၊ ကိုယ့်ကိုမပြောသလို ခပ်တည်တည် ငြိမ်နေ၍ မဖြစ်နိုင်ချေပြီ။ ငြီးငွေ့စရာကို ကြံဖန်တော့ ပြောရတော့မည်ပေါ့။

"ဘတ်စကားတွေ တွယ်ရတာ ကျပ်သိပ်လွန်းလို့ ငြီးငွေ့ပါတယ်"

"ဟိုက်ရော . . ."

ဦးထွတ်မြတ်၏ မျက်ခုံးတို့သည် ဖြစ်နိုင်လျှင် မျက်နှာကြွက်သို့ တက်ကပ်မည့်အခြေအနေမျိုးသို့ ရောက်သွား၏။ ထိုနောက်မှ ပုံမှန်အခြေအနေ ပြန်ရောက်ဈာ စကားဆက်ပြော၏။

"ဒီအိမ်မှာ ကားလဲရှိတယ်၊ မော်တော်ဆိုင်ကယ်လဲ ရှိတယ်၊ ဒီကြားထဲက တခါ တခါ မင့်ဘာသာမင်း ဘတ်စကား စီးသွားချင်လို့ စီးသွားတာ၊ ကား ကျပ်တာနဲ့ ငြီးငွေ့ပြီး သက်န်းဝတ်မလို့တဲ့လားကွာ၊ မင်းလိုဆိုယင် ရန်ကုန်မှာ စာရေးဝန်ထမ်း တော်တော်များများ မကြာခင် ဘုန်းကြီးတွေ ဖြစ်ကုန်ကြမှာပဲဟေ့"

ကျော်ထွန်းမြတ်သည် ကြံဖန်၍ စကားကို ခိုင်လုံအောင် လုပ်ရသည်။

"ဒါတွင် ဘယ်ကမလဲ-ကုန်ဈေးတွေကလဲ တက်တယ် မဟုတ်လား--ဒါတွေလဲ ငြီးငွေ့တာပေါ့"

"တော်စမ်းပါကွာ. . . ဟင်းများဝယ်ဘို့ ဈေးကို မင်း တစ်ခေါ်
မှ မရောက်ဖူးပါဘူး ငါသိပါတယ်။ မင်းအမေနဲ့ မယ်မြသိတို့ ဈေးသွ
နေယင် နေဖင်ထိုးအောင် အိပ်နေတဲ့ ကောင်ကများ၊ ကုန်ဈေးတက်
ငြီးငွေ့သတဲ့။ ငြီးငွေ့ချင်း ငြီးငွေ့ရယင် ပိုက်ဆံရှာနေရတဲ့ ငါက ငြီးငွေ့
ပါရစေကွာ။ အခုမှ အလုပ် လျှောက်ထားတုန်း မင်းက ရုတ်ရုတ်-ရုတ်
ရုတ်နဲ့ ဝင်ပြီး မငြီးငွေ့ချင်ပါနဲ့"

ဒေါ်စန်းပွင့်သည် လင်သည်ကို စိတ်တိုင်းမကျနိုင်ပြန်ချေ

"ဒီမှာ ကိုထွတ်၊ ငြီးငွေ့ ငွေ့-မငြီးငွေ့ ငွေ့ သူ့ဘာသာ
သက်န်းဝတ်တာ ဝတ်ပါစေလား။ ရှင်က သက်န်းမဝတ်နိုင်တိုင်း ဘာရှ
ရှက်နဲ့ ကပျက်ယပျက် လုပ်နေရတာလဲ။ ရှင်ကတော့ သက်န်းဝတ်
ဖူးမလား၊ သူနာပြု ဆရာမလေးတွေကို နေ့တိုင်းမြင်နေရတာကိုး . . .

"ဟာ-ငါ့ဘက်တော့ မလှည့်ပါနဲ့ကွာ။ ဟေ့-သား၊ ငါ ခွင့်ပြုတ
ဟေ့၊ မင်းဘာသာမင်း ကြိုက်သလောက် သက်န်းဝတ်၊ ငါ ခွင့်ပြုတ

သည်လိုတော့လဲ ဦးထွတ်မြတ်တစ်ယောက် ခပ်သုတ်သုတ်
သဘောတူလိုက်လေသည်။ ဒေါ်စန်းပွင့်ကလည်း ပြုံးရွှင်သွားကာ သ
ဘက်သို့ လှည့်၍ ပြောသည်။

"အမေကလဲ ခွင့်ပြုတယ်သားရေ၊ သားသက်န်းဝတ်မယ်
တာ မေမေ သိပ်ဝမ်းသာတာဘဲ။ မူရာတို့ကိုတောင် သွားပြောရအုန်း
ဘုန်းကြီးကျောင်းက သူတို့နဲ့ ပိုနီးတာ၊ သူတို့မကြာမကြာ လာနိုင်တာ

ဒေါ်မူရာဆိုသည်မှာ ဒေါ်စန်းပွင့်၏ ညီမတဝမ်းကွဲဖြစ်သ
ဒေါ်မူရာတွင် သားမရှိ ဘူးတူးမာဟူသော သမီးတစ်ယောက်သာ ရှိ
ရာ၊ စင်စစ်တွင် ဒေါ်စန်းပွင့် သားမွေးသူ မိခင်တဦးအဖြစ် ဝင့်ကြ
လိုခြင်းသာဖြစ်နိုင်လေသည်။

STYLUS BOOKS

မည်သို့ပင်ဖြစ်စေ၊ ကျော်ထွန်းမြတ်တစ်ယောက်တော့ဖြင့် အလိုပြည့်လေပြီ။ ကြေကွဲသွားသော နှလုံးသားကို တရားနှင့် ပြန်၍ နှိုင်းကျည်စေရတော့မည်တည်း။

* * *

ကျော်ထွန်းမြတ် ပျောက်၍ ဦးကုဏ္ဍလ ဖြစ်ခဲ့လေပြီ။

ဦးပဥ္ဇင်း အသစ်ချပ်ချွတ် ဖြစ်နေသဖြင့် ရုတ်တရက်တော့ ရဟန်းဘဝတွင် အံမဝင် ဂွင်မကျ ဖြစ်နေရသေး၏။ စကားပြောမှအစ၊ အစစအရာရာ သတိကြီးစွာ ထား၍၊ အခြားသော ဘုန်းကြီးများ ပြောပုံ၊ ဆိုပုံ၊ လုပ်ပုံ၊ ကိုင်ပုံ၊ နေပုံ၊ ထိုင်ပုံတွေကို ဂရုစိုက် မှတ်သားရသည်။ ဒီကြားထဲက တရားစာများကိုလည်း ကြိုးစား၍ ဖတ်ရသည်။

အစ ဖြစ်၍လားမသိ၊ စိတ်တော့ အလွန် ကျဉ်းကျပ်နေ၏။ သတိကို ကြီးစွာထားနေရသဖြင့် သူ့မျက်နှာမှာ မလိုပဲနှင့်လည်း တည်တည်ကြီးဖြစ်ကာ၊ ကြီးမားသော ဒေါသသည် ဝမ်းထဲ၌ ကျိတ်၍ ဖြစ်နေသလို အသွင်မျိုးကို ဆောင်နေ၏။ လူ့ဘဝက အသိမိတ်ဆွေ၊ ဆွေမျိုး ညာတကာများလာလျှင်လည်း ကိုယ်ကလည်း စကားမမှား၊ သူတို့ကိုလည်း စကားမမှား... အောင် သူသည် အထူးဂရုစိုက်နေမိ၏။

သို့သော်-ရဟန်းဝတ်၍ ရက်မျှသာ ရသေးသည်၊ တူးတူးမာတို့ သားအမိကျောင်းသို့ ပေါက်ချလာလေတော့၏။ ဆရာတော်ကို ကန်တော့ပြီးနောက် ဦးကုဏ္ဍလ၏ ကျောင်းကလေးသို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိလာကြတော့သည်။

"ဟော . . . မာတုဂါမကြီးတို့ပါလား၊ ထိုင်ကြ-ထိုင်ကြ"

သူ့ဘာသာသူပင် ထိုင်တော့မလို လုပ်နေသော ဒေါ်မူရာသည် ဆတ်ကနဲဖြစ်ပြီး မထိုင်နိုင်သေးပဲ၊ တူဖြစ်သူ ဦးပဋ္ဌင်းကို မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။

"တခြား ဘုန်းကြီးတွေက ဒကာမကြီးလို့ ခေါ်ပါတယ်။ အရှင်ဘုရားက မာတုဂါမကြီးဆိုတော့ အောင့်သက်သက်နဲ့ တမျိုးကြီးဘဲ"

"ဟုတ်ကဲ့ . . . ဦးဇင်း မှားသွားတယ်ထင်တယ်၊ ဒကာမကြီး-ထိုင်ပါ-ထိုင်၊ ဆရာတော်ကို ဖူးခဲ့ပြီလား"

"တင်ပါ့ဘုရား"

ဦးကုဏ္ဍလသည် ဘာဆက်ပြောရကောင်းမလဲ စဉ်းစားရင်း စကားပြတ်သွားလေ၏။ ဤကဲ့သို့သော အခြေအနေမျိုးတွင် ဝါရင့်ဦးဇင်းများ ဘာလုပ်လိမ့်မည်နည်းဟု စိတ်ထဲက တွေးတောနေ၏။ တရားဟောကောင်း, ဟောမပေလိမ့်မည်။ မိမိကတော့ တစ်လုံးတစ်ပါဒမျှ မဟောတတ်။ ဗုဒ္ဓမြတ်စွာ ဘာတွေ ဆုံးမခဲ့ပါသနည်း။ ဒဂုန် ဦးထွန်းမြင့်၏ စာအုပ်ကလေးသည် အိမ်တွင် ကျန်ခဲ့၍ မမှတ်မိတော့။ ညှစ်ဖျစ်စဉ်းစားသည်။ ကြားဘူး နားဝတွေ စဉ်းစားသည်။ ရုပ် နာမ် နှစ်ပါးသင်္ခါရ တရားတို့သည် မမြဲဟု ဆိုသည်ကို သတိမူ၏။ ဤလောကတွင် မြင်မြင်သမျှအရာရာသည် မမြဲဟု အစချီ၍ တရားဟောရ ကောင်းနိုးတွေးတောမိ၏။ ခက်တာက မမြဲဟူသော တစ်ခွန်းမှလွဲ၍ ဘာတွေဆက်ပြောရမည်ကို မသိဖြစ်နေသည်။

ထိုအခိုက်တွင် အသွက် လျှာသွက်နှင့် ဒေါ်မူရာက လျှောက်ထား၏။

"ဦးဇင်း . . . သက်န်းနဲ့ ဘယ်လိုနေသလဲဘုရား . . ."

"မမြဘူးလေ. . ."

"ဟောတော့ . . . ခါးပန်းကြိုးကို တင်းနေအောင် စည်းပါလား"

"ခါးပန်းကြိုးလဲ မမြပါဘူး"

"ဆွေးနေတယ် ထင်ပါရဲ့၊ ခိုင်ခိုင်ဝယ်လျှအုန်းမှ၊ ကိုဘကြိုင်တို့ဆိုင်က ဝယ်အုန်းမယ်"

"ကိုဘကြိုင်လဲ မမြဘူးနော်-"

ဒေါ်မူရာသည် မျက်မှောင်ကုတ်သွားတော့သည်။

"ဦးဇင်း . . ."

"ဦးဇင်းလဲ မမြဘူးပေါ့"

"တပည့်တော်. . ."

"တပည့်တော်လဲ မမြနိုင်ဘူး"

"ဟောတော့"

"ဟောတော့လဲ သခါရဘဲ"

ဒေါ်မူရာသည် ကြမ်းကို လက်နှစ်ဖက်ထောက်၍ ဖင်ကို နောက်သို့ ရွှေ့လိုက်ရာ သမီးဖြစ်သူ တူးတူးမာ၏ ပေါင်ပေါ် တက်ထိုင်မိ၏။

"အို. . . မာမီကလဲ"

"မာမီလဲ အနိစ္စဘဲပေါ့"

ဦးဇင်းကာမူတော့ ကြံရာ ရရာကို ဒေါက်ကနဲ, ဒေါက်ကနဲ ပြောချနေ၏။ ဒေါ်မူရာမှာ ဘေးသို့ ရွှေ့ထိုင်ရင်း ဦးကုဏ္ဍလကို မျက်ပေါက်ကျယ်ကြီးများနှင့် ကြည့်နေ၏။ ပါးစပ်တော့ တော်တော် ငြိမ်သွားသည်။

တူးတူးမာကတော့ ယခုမှ ပါးစပ်လှုပ်၏။ သူသည် ဦးဇင်းကို

သေသေချာချာ စိုက်ကြည့်၍ ပြုံးခနဲ့နဲ့နှင့် ပြောသည်။

"ကိုကိုကျော်က ခေါင်းတုန်းနဲ့ဆိုတော့ ဘယ်ဆိုးလို့တုန်း ယူးလ်ဘရိုင်နာထက် သာတယ်နော်"

ဦးဇင်း ဘာပြန်ပြောရမှန်း မသိချေ။ အခြား ဘုန်းတော်ကြီးများသည် ဤသို့ လျှောက်ထားခြင်းခံရလျှင် ဘာပြန်ပြောမည်နည်း။ သူစဉ်းစားနေ၏။ စဉ်းစားသော်လည်း စိတ်ကူးပေါ် မလာချေ။

ဒေါ်မူရာသည် အသံ ပြန်ရလာလေ၏။

"ဟဲ့ . . . အမီး၊ ဦးဇင်းကို ဒီလို မပြော ရဘူး၊ ဘုန်းကြီးရဟန်းနဲ့ စကားပြောတယ်ဆိုတာ ဆင်ခြင်ရတယ်"

ဒေါ်မူရာသည် သမီးကို ဆုံးမပြီး ဦးကုဏ္ဍလဘက် ပြန်လှည့်၍ အကဲခတ်သလိုကြည့်ရာက၊ သွေးတိုးစမ်းသလို စကားတစ်ခွန်း ပြောပြန်၏။

"ပြောလဲ ပြောစရာပဲ ဘုရား၊ ဦးဇင်းဟာ သက်နန်းဆီးလိုက်တော့ ဝ လာသလိုပဲ"

"ဟာ. . . ဦးဇင်းကို ဝလာတယ် ဘာတယ် မပြောရဘူးလေ. ."

"ဟင်. . . ဟုတ်လား။ ဝ လာတယ် မပြောရယင် ဘယ်လိုပြောရသလဲ ဘုရား . . ."

"အရှင်ဘုရား . . . နဲနဲဖွံ့လာတယ်လို့ ပြောရတယ်မဟုတ်လား"

"ဟာ. . . အဲဒါက ကလေးတွေကို ပြောရတာအဲဘုရား"

"ဟင်. . . ဟုတ်လား၊ ရှုပ်တုန်ပြီ မာတုကာမကြီးရေ. . ."

"ဒကာမကြီးရေ. . ."

"အဲလေ. . . ဒကာမကြီးရေ"

တူးတူးမာသည် ကိုယ်ကလေး လှုပ်ခါသွားအောင်ပင် တခစ်ခစ် ရယ်မိတော့သည်။ တူဝရီးနှစ်ယောက် စကားတွေ ချာလပတ် လည်ကုန်တော့လည်း သူမအောင့်နိုင်ပဲ ရယ်ခြင်းကို မပြစ်မဆိုသာပါ။

တူဝရီးနှစ်ယောက် စကားပြတ်၍ ငြိမ်သွားကြမှ တူးတူးမာ သည် အရယ်ရပ်ကာ ဦးဇင်းကို ကြည့်၍ လျှောက်ထားသည်။

"ကိုကိုကျော် အဲလေ. . . ဆရာတော်ဘုရားကြီးဟာ"

ဒေါ်မူရာ မနေသာပဲ ဝင်ဟန့်ရပြန်၏။

"ဦးဇင်းလို့ ခေါ်ရတယ် သမီးရဲ့"

"အဲ. . . ဦးဇင်း၊ အခုလို ခေါင်းတုန်းရိပ်လိုက်တော့ ဘယ်လို နေသလဲ"

"ငယ်ထိပ်ကို ခြင်ကိုက်တာ လက်တွေ့ခံစားဘူးတာပေါ့"

"အို. . . ကြံကြံဖန်ဖန် ကိုကိုကျော်ကလဲ အဲလေ ဆရာဇင်းကြီး ကလဲ ဟုတ်ပေါင်"

"ကြံကြံဖန်ဖန် မဟုတ်ပါဘူး၊ ဒါလက်တွေ့ သတိပြုမိတဲ့ ကိစ္စပဲ"

"ဒါဖြင့်လဲ အဲဒီကိစ္စကို ထားပါအုန်းလေ၊ အခု ဦးဇင်း ဘာတွေ လုပ်ရသလဲ"

"ဘုန်းကြီးအလုပ်တွေပေါ့၊ အစက ဘုန်းကြီးဝတ်ဆိုတာ လွယ် သလားမှတ်တယ်၊ အလုပ် ခပ်များများမှန်း ရိပ်မိစပြုလာပြီ၊ ဘုန်းကြီး ဝေါဟာရတွေလဲ တော်တော် ဂရုပြုရတယ်"

"အရှင်ဘုရား ဘယ်နှစ်ရက်လောက် ဝတ်မှာလဲ"

"ပျော်သလောက် ဝတ်မယ် ရည်မှန်းထားပါတယ်"

"အခု ပျော်စပြုပြီလားပြီလား"

"ပျော်သလား မပျော်သလားတောင် သတိမထားနိုင်ပါဘူး၊ မှတ်ရ သတိပြုရတွေနဲ့ အချိန်ကုန်နေတာဘဲ"

တူးတူးမာသည် စကားပြတ် သွားပြန်တော့ တစ်ပါးနှင့် နှစ်ယောက်သားတို့ ငြိမ်နေကြပြန်လေ၏။ ထို့နောက် ဦးကုဏ္ဍလက ကောက်ကာ ငင်ကာပြောလိုက်သည်။

"ကျုပ်တော့ မာတုဂါမ အဲလေ ဒကာမကြီးတို့ကို တတ်သရွေ့ မှတ်သရွေ့ တရားတော့ ဟောရအုန်းမှထင်တယ်"

ဤသို့ ပြောလိုက်သောအခါတွင် ဒေါ်မူရာက ပျာပျာသလဲပင် ပြန်လျှောက်တင်၏။

"ဟာ. . . နေပါစေတော့ဘုရား၊ တပည့်တော်တို့လဲ အချိန် သိပ်မရဘူး၊ သွားစရာ လာစရာတွေက ရှိသေးလို့ ကဲ. . . တပည့်တော် တို့ကို ပြန်ကြွခွင့်ပြုပါအုန်း ဘုရား"

"တင်ပါ၊ ဟာ. . . လွဲပြန်ပဟ၊ ဒကာမကြီးကလဲ လွဲသေး တာပဲ၊ လူက ပြန်ကြွလို့ဖြစ်ပါ့မလား"

သူတို့နှစ်ယောက်အကြားတွင် တူးတူးမာက ကန့်လန့်ကန့်လန့် ဝင်ပြောပြန်၏။ သူကလည်း အသက်နှစ်ဆယ်ရှိပြီမို့ လူကြီးဖြစ်ပြီမှာ ယူဆထားတယ်။

"ပြန်မကြွယင်လဲ ဖိနင်းနေရမှာပေါ့"

"မာတုဂါမလေး အဲလေ့ ဒကာမလေး အမိန့်တော်ရှိတာက ပေါ့ရွှတ်ရွှတ်ကိုး၊ ဒါ-သံယာနဲ့ မစပ်ဖူး"

ဒေါ်မူရာက ဝင်ထောက်ပြန်သည်။

"ဟော. . . ဦးဇင်းလဲ လွဲပြန်ပြီ၊ အဲ. . . လွဲတော်မူပြန်ပြီ"

ဒကာမလေး အမိန့်တော်ရှိတာကလို့ မပြောရ[redacted]. . . အမိန့်တော် မရှိရဘူး၊ ဒကာမလေး အမိန့်တော်ရှိတာမလို့ ဦးဇင်း အမိန့်တော်ရှိတာ မမှန်ဘူး၊ ဦးဇင်းက အမိန့်တော်ရှိပေမဲ့ ဒကာမလေးက အမိန့်တော်ရှိလို့ မရဘူး၊ ဦးဇင်း စောစောက အမိန့်တော်ရှိသလို ဒကာမလေး အမိန့်တော် ရှိတယ်ဆိုယင် အမိန့်တော် မရှိသင့်တဲ့စကားကို အမိန့်တော်ရှိရာ ရောက် တာပေါ့၊ မဟုတ်ဖူးလား ဘုရား"

"မဟုတ်လား၊ ဟုတ်လားတော့ မသိဘူး၊ ကျုပ်တော့ အကုန်လုံး ရှုပ်ကုန်ပြီ၊ ဘယ့်နှာတွေ နားလည်ရမယ် မသိတော့ဘူး"

နှစ်ယောက်ထဲပင် ပီပီပြင်ပြင် ရှုပ်ပြီးသားဖြစ်နေလေရာ တူးတူးမာက ကြားကဝင်လာပြန်လေ၏။

"ဒီလိုလေဘုရား၊ ဒီက ဒကာမကြီးက အမိန့်တော်ရှိတာက အမိန့်တော်ရှိတယ်ဆိုမယ့်အစား အမိန့်တော် ပြန်တယ်ဆိုရယင်"

သူ ဝင်ပြောမှပို၍ ထွေးကုန်ပြန်သည်။ ထိုကြောင့် ဒေါ်မူရာက ဝင်၍ ဖြတ်ဟန့်၏။

"သမီးကယ် တော်ပါတော့ ဘုရား၊ တပည့်တော်က ဟုတ်ပေါင် ငါပြောချင်တာက တမျိုးပါ"

ဒေါ်မူရာသည် စကားပြောရင်းတန်းလန်းက ဦးကုဏ္ဍလ ဘက်သို့ လှည့်၍ ဆက်ပြောပြန်သည်။

"မဟုတ်ဖူးလား ဦးဇင်း၊ ကျမ ပြောလိုရင်းက ဟောတော့"

"မဟုတ်သေးဘူးလေ ဒေါ်ဒေါ်ရဲ့ ဟယ်. . . ဟုတ်ပေါင်၊ ဒကာ ဒေါ်ကြီးရဲ့၊ ကျုပ်က အဲ. . . ဒကာမကြီး၊ ကျုပ်က ဂရုသိပ်စိုက် ရလွန်းလို့ မှားကုန်တာပါ၊ ဒါတွေ ထားပါတော့လေ၊ ကျုပ်တို့ စောစောက ပြောနေတဲ့ စကားက ဘယ်ရောက်သွားပြီလဲ"

ဒေါ်မူရာမှာ တွေသွားမိတော့သည်။

"ဘယ်ရောက်လို့ ဘယ်ပေါက်ကုန်မှန်းလဲ မသိတော့ပါဘူးလေ၊ ဝေါဟာရတွေ ကြွယ်ပြီး စကားတွေ လည်ကုန်တာကိုး၊ ဟဲ့ . . . သမီး၊ နင်လဲစဉ်းစားစမ်းပါအုန်း၊ စောစောက တပည့်တော်တို့ပြောတာ ဟာ ဘာဆိုင်လို့တုန်း၊ သမီးကို တပည့်တော်လို့ ပြောဘို့ မလိုပါဘူးလေ၊ အဲ . . . စောစောက ငါတို့ပြောနေကြတာတွေ ဘယ်ရောက်ပြီလဲ"

တူးတူးမာကလည်း ကြိုးစား၍ ကူပြီးစဉ်းစားပေးရှာပါသည်။

"ခြေထောက်နဲ့ ဖိနင်းတဲ့ အကြောင်း မဟုတ်လား"

"ဟယ် . . . ကြံကြံဖန်ဖန်ရာ၊ ငါတို့လဲ ငပိအကြောင်း ဘာတခွန်းမှ မစပ်ပါဘူးတော်၊ နေအုန်း၊ ငါဘာသာ ငါစဉ်းစားမယ်"

ဒေါ်မူရာသည် စဉ်းစားသော်လည်း ရုတ်တရက် မရချေ၊ ဦးကုဏ္ဍလကလည်း သူ့တာဝန်နှင့်သူ ဝင်၍ စဉ်းစား၏။

"ဟို . . . ဟိုဟာလေ၊ အဲ-သတိရပြီ၊ ဒကာမကြီးတို့ကို ကျုပ်က တရားဟောတော့မလို့လေ"

"အဲ . . . ဟုတ်တာပေါ့၊ သတိရပြီ ဦးဇင်းရေ သတိရပြီ၊ တပည့်တော်တို့ သွားစရာ လာစရာလေးတွေရှိလို့ ပြန်တော်မူမယ် လို့ . . ."

"အို . . . ဘုန်းကြီးမှ ပျံတော်မူတာ မဟုတ်လား"

"ဘုန်းကြီး ပျံတာနဲ့ လူပြန်တာ မတူဘူး။ ကဲ . . . ပြန်ပြီ ဦးဇင်းရဲ့ အရှင်ဘုရားနဲ့ သက်နိုးနဲ့တော့ တော်တော် နပန်းချရအုန်းမှာပဲ ထင်တယ်"

ပြောပြောဆိုဆိုနဲ့ ဒေါ်မူရာတို့ သားအမိသည် ဝတ်ချ၍ ထွက်သွားကြလေ၏။ တူးတူးမာကား ပြန်သွားသည်အထိ ပြုံးစစနဲ့ ဖြစ်

သွားသည်။ ဦးကုက္ကုလခံမျာမှာတော့ သက်ပြင်းကလေးတချချနှင့် တွေ၍ ကျန်ရစ်ခဲ့ရှာ၏။

ရဟန်းဘဝသည်လည်း မလွယ်ကူပါတကား။

* * *

ဦးပဥ္စင်းကလေး ဦးကုက္ကုလခံမျာမှာ မသက်သာရှာပါ။

လူ့ဘဝက ရဟန်းများကို ဘေးကကြည့်ရင်း "ရဟန်းဘဝဆိုတာ ဘယ်လဲ ဒုက္ခငြိမ်းပါကလား၊ စိတ်လဲ သက်သာ လူလဲသက်သာတဲ့ ဘဝပါကလား" ဟု ထင်မြင်မိခဲ့သမျှသည် ကိုယ်တိုင်ရဟန်းဝတ်လာ၍ သုံးလနီးပါးမျှကြာသော အခါတွင်မှ တက်တက်စင် လွဲမှားခဲ့ပြီကို သိရလေတော့သည်။

လူလည်း လူ့ကိစ္စရှိသလို ရဟန်းသည်လည်း ရဟန်းကိစ္စတွေ ရှိချေ၏။ အပြော အဆို အစား အသောက် အနေအထိုင်မှစ၍ အစစအရာရာကို သတိမလွတ်စေပဲ ဆင်ခြင်နေရုံမျှသာမက စိတ်ပိုင်းဆိုင်ရာ ကျင့်စဉ်တွေကိုလည်း ကျင့်ရသေးသည်။ သည်ကြားထဲ ... သိတင်းသုံးဘော် ဦးပဥ္စင်းကြီး ဦးဝါယမက "ဒါတွေ ကျက်ထားဘို့လိုသေးတယ်" ဟုဆိုကာ သီလပေးပုံ စသည်များကို ကျက်ခိုင်းသဖြင့် ပါဠိတွေကို ကြိုးစားဖတ်ကာ ကျက်မှတ်ရသေးသည်။

မိဘ၏လက်ထဲတွင် ဤအရွယ်ကြီး ရောက်လာသည့်တိုင်အောင် ကိုယ်တိုင်အဝတ်လျှော်ရခြင်း၊ ထမင်းချက်ပြုတ်စားရခြင်းမျိုး တခါမှ မလုပ်ခဲ့ဘူးချေ။ သို့သော် ရဟန်းဘဝတွင်ကား သင်္ကန်းတွေ

ပင်မင်းမေး၍မဖြစ်သဖြင့် ကိုယ်တိုင်ကြံဖန်၍ လျှော်ရသည်။ တဖန် ဆရာတော်ကြီးက စည်းကမ်းကြီးသော ပုဂ္ဂိုလ်ဖြစ်သဖြင့် ကျန်းမာနေလျှင် အချိန်တန် ဆွမ်းခံထွက်ရ၏။

ယင်းသို့ ဆွမ်းခံထွက်ရာတွင် လူတွေ ကန်တော့လျှင် သူကြွက်သီးထမိ၏။ ကန်တော့ရုံ ကန်တော့၍တော့ အရေးမကြီး၊ တော်တော်ကြာ တရားကလေးဟောပါဦးဟု တောင်းပန်လာလျှင် ခက်ချေတော့မည်။ အဘယ့်ကြောင့်ဆိုသော် ဦးကုဏ္ဍလ ကိုယ်တော်လေးမှာ တရားဟောဖို့ နေနေ သာသာ သီလကိုပင် တခါမျှ မပေးဘူးသည် ဖြစ်သောကြောင့် တရားတောင်းမှာ သိပ်ကြောက်မိသည်။ ထို့ကြောင့် အသက်ကြီးသူများ ကန်တော့လျှင် ပို၍ ကြောက်၏။ ကြောက်၍ ဘယ်တော့မှ တရားဟောနိုင်းမည်မဟုတ်၊ အသက်ကြီးသူတွေကား အလွန်ပင် တရားဟောခိုင်းတတ်သည်။

ဦးကုဏ္ဍလသည် ဥပုသ်နေ့များတွင် သက်ကြီးရွယ်အိုရှိသော အိမ်များသို့ ဆွမ်းခံမကြွချေ။

သည်ကြားထဲက တစ်နေ့တွင် ဆိုက်ဆိုက်မြိုက်မြိုက် ကြုံရတော့ သည်။ ဥပုသ်နေ့ မဟုတ်သဖြင့် ဦးကုဏ္ဍလသည် ဆွမ်းခံကြွနေကြ ဖြစ်သော ဦးဘသိန်းအမည်ရှိသည့် ဒကာကြီး၏အိမ်သို့ ကြွခဲ့သည်။

"ဟာ. . . အတော်ဘဲ၊ ဦးဇင်းမှ ကြွဖြစ်ပါ့မလားလို့"

ဦးဘသိန်း၏စကားကို ကြားရသောအခါ ရင်ထဲတွင် ဒိတ်ကနဲ ဖြစ်သွားရာက မျက်စိများက ခေါင်းရင်းဘက်သို့ ကြည့်လိုက်မိသည်တွင် အသက်ရှူတွေ ရပ်သွားမလောက် ခံစားရတော့သည်။

ရဟန်းသံဃာအတွက် ဒကာတို့သည် နေရာပြင်ထားကြသည်။

မတတ်သာတော့သဖြင့် တုန်တုန်ရီရီနှင့်ပင် ဝင်၍ထိုင်ရသည်။ မုန့်ဟင်းခါး ဆွမ်းဘုဉ်းပေးရ၏။

"ဘာ အကြောင်းကြောင့် ကျွေးတာလဲ ဒကာကြီး"

"ဟောဒီ သားအငယ်ရဲ့ မွေးနေ့မို့ ဆွမ်းခံကြွတဲ့ ဦးဇင်းတစ်ပါးပါးကို ကျွေးမယ်ဆိုပြီး သူ့မုန့်ဘိုးထဲက ကျွေးတာပါဘုရား"

လူသာဆိုလျှင် လွယ်လှပေ၏။ စားသောက်ပြီး ပြန်ရုံသာရှိသည်။ ဦးပဥ္စင်း၏အဖြစ်ကား ဤသို့မဟုတ်ချေ။ ဟော. . . ပြောရင်းဆိုရင်းပင် မိသားစုနှင့် မိတ်သင်္ဂဟ အချို့သည် ရှေ့တွင်၊တန်းစီထိုင်၍ လက်အုပ်ကလေးတွေ ချီနေကြပြီကော။

ချွေးတွေ ပြန်လာသည်။ ဆံပင်မရှိသော ဦးခေါင်းမှပင် ချွေးစေးတို့သည် တလက်လက်ထအောင် ထွက်ခဲ့ရ၏။ သီလတခါမျှ မပေးဘူး၍ ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်ကို ဖွင့်ပြောရမလားဟု စိတ်ကကြံမိ၏။ နှုတ်ခမ်းတွေက တဆတ်ဆတ်တုန်နေကြသည်။ ပြီးတော့ ဆွမ်းတကာ ကွေဖြစ်၍ စိတ်အားပျက် မသွားစေချင်ပါ၊ ဦးဇင်းလေးခမျာမှာ အကျဉ်းအကျပ်နှင့်ပင် ရှုစိရှုစိ ဖြစ်နေရာက တံတွေးကို မျိုချ၏။ ခြောက်ကပ်နေသော လည်ချောင်းကြောင့် တံတွေးမျိုချရသည်ကိုပင် လုံ့လစိုက်ထုတ်၍ လုပ်ကိုင်နေရသည်။ အသံတွေမှ ရှိပါသေးရဲ့လားဟု သိရန်အတွက် "အဟမ်း" ဟု ချောင်းတချက် ဟန့်လိုက်၏။

ချောင်းဟန့်လိုက်မိခြင်းကပင် အချက်ပေးရာရောက်သွားလေရော့သလားမသိ၊ သူချောင်းဟန့်၍ အပြီးတွင် "ကိုင်း . . . တန်တော့ ကြစို့" ဟူသော ဦးဘသိန်း၏ အသံကြီး ထွက်ပေါ်လာပြီးနောက် ဝေါဝေါ ဝေါဝေါနှင့် ဩကာသတွေ ဆိုကုန်ကြတော့သကို။

ဦးကုဏ္ဍလခမျာမှာ လည်းပင်းနားက သက်န်းစကို ဆွဲတင်ရ၏။

အရေးထဲ ချွေးကလည်း မစဲချေ။ မလိုအပ်ပါပဲနှင့် လည်ချောင်းကို နင်းကန်ရှင်းနေမိ၏။ စိတ်ထဲကလည်း သီလပေးကို ကျက်ခိုင်းထားသော ဦးဝါယမကို ကျိတ်၍ ကျေးဇူးတင်မိသည်။

သို့ဖြင့် "ယမဟံ ဝဒါမိတံဝဒေထ" တွေ ဘာတွေတော့ သူ့နေရာနှင့်သူ ထစ်ငေါ့ ထစ်ငေါ့နှင့် ပြီးစီးကျော်လွန်ခဲ့ရ၏။ နောက်ဆုံးတွင် ငါးပါးသီလတော့ ဆုံးသွား၏ ဒကာတွေဘက်က လိုက်ဆိုရသည့် တာဝန်တော့ပြီးဆုံးလေပြီ။

"သူရာမေရယ မဇ္ဇပမာဒဋ္ဌာန ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"

ဟုတ်၏။ ဒကာတွေ လိုက်ဆိုပြီးပြီ၊ သို့သော် ဘုန်းကြီးက ချည်းပဲ ရွတ်ရမည့်တာဝန်ရှိသေး၏။

အစိုးရိမ်ကြီးနေသော ဦးကုဏ္ဍလသည် "ဣမံပဥ္စသီလံသာစုကံကတွာ ခမ္မံ အပမာဒေန သမ္ပာဒေထ" ဟု ရွတ်ဆိုရမည့်အစား ချွေးတွေ သံတွေ ပြန်နေသည့်ကြားက "ဣခံ ပဥ္စသီလံ ခမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေဘန္တေ" ဟု ငါးပါးသီလပေးခြင်းသို့ ပြန်လည်၍ ထွက်သွားတော့သည်။

ဦးဘသိန်းသည် ပါးစပ်ကြီး ပြဲ၍ မော့ကြည့်တော့၏။

"ငါးပါးသီလကို သုံးခေါက်ကျော့မှလားဘုရား"

ဦးကုဏ္ဍလသည် သူ့မေးခွန်းကို မဖြေတော့ပဲ "ဣမံပဥ္စသီလံ အပမာဒေနသမ္ပာဒေထ" ဟု ဖြတ်၍ချလိုက်၏။ လူတွေ ပြားပြားဝပ်ကန်တော့လိုက်ကြသည်။ ဦးကုဏ္ဍလ၏ ရင်ထဲတွင် ပေါ့သွားသည်။ တစ်ကိုယ်လုံးမှာလည်း အေးသွားရ၏။ တစ်ပွဲတော့ တိုးခဲ့ရပြီတည်း။

ထုံခဏာတွင် ဦးဘသိန်း၏ အသံကြီး ထွက်လာပြန်လေ၏။

"ကဲ. . . သားရှေ့တိုး ရေစက်ချမယ်"

ဦးကုဏ္ဍလသည် အပေါ်သို့ မော့ကြည့်နေခိုက် ဆယ့်ခြောက်နှစ်ခန့် သူငယ်လေးသည် ရေဖန်ခွက်နှင့် စောက်ပန်းတန်ပေါ် ဖေးတင်၍ လက်ကိုပြင်ထား၏။

ဦးဘသိန်းသည် ဦးကုဏ္ဍလကို လှမ်းကြည့်၏။ ဦးကုဏ္ဍလသည် ခေါင်းကြီးမော့ကာ ကျိတိကြောင်စေတောင်ဖြစ်နေသည်။

"ဦးဇင်း-ဇက်ညောင်းသလား"

"မဟုတ်ပါဘူး ဒကာကြီးတို့က ရေစုတ်စက်ကို အပေါ်မှာ တင်ထားလို့လား"

"မတင်ထားပါဘူး၊ ဘာဖြစ်လို့တုန်း"

"ရေစက်ကို အောက်ချမလို့ဆို"

"ဟောဗျ. . . အဲ. . . ဟောဗျ ဘုရား၊ အလှူမြောက်အောင် ရေစက်ချမယ်လို့ ပြောတာဘုရာ့"

ဦးဘသိန်း၏စကားကိုကြားမှ ဦးကုဏ္ဍလ၏ အာရုံထဲတွင် ဦးဝါယမ လက်ရေးကလေးဖြင့် "ရေစက်ချ" ဟု ခေါင်းစဉ်တပ်ထားခြင်း ကလေးကို တပိုင်းတစကို ပြန်လည် မြင်ယောင်လာသည်။ သို့သော် ပါဠိမြန်မာအရေးတွေ ဖြစ်သဖြင့် သတိတော့ ထားရပေမည်။

"ဒကာကြီးရဲ့ သားနာမည်က ဘယ်သူတဲ့တုန်း"

"မောင်ကြွယ်သန်းပါတဲ့ ဘုရား"

"ကဲ-ကဲ-အာရုံပြု၊ အဟမ်း"

မောင်ကြွယ်သန်းသည် ခေါင်းထောင်ကြည့်၏။

"အဟမ်းဆိုတာကို အာရုံပြုယင် လူတစ်ယောက် ချောင်းဆိုး သွေးပါဖြစ်နေတာကို အာရုံပြုရမလား ဘုရား"

ဦးကုဏ္ဍလက ပြန်မဖြေနိုင်ခင် ဦးဘာသိန်းက ဝင်ပြော၏။

"ဟကောင်ရ-အဟမ်းဆိုတာ ဦးဇင်းက ချောင်းရှင်းတာ၊ နောက်ဆက်ဆိုတာတွေကိုမှ မင်းက အာရုံလိုက်ပြုရမှာကွ"

ဦးကုဏ္ဍလသည် ပြုံးစနဲ့နဲ့နှင့်ပင် ဆက်၍ ရေစက်ချလေတော့၏။

"ပေတော ကာလင်္ကာတော၊ အတည်မကျ ဘဝတပါးသို့ ပြောင်းလဲသွားရှာသော. . ."

ဦးဘာသိန်း၏ မျက်လုံးကြီးများသည် ပြူးကြရပြန်သည်။

"ဦးဇင်း . . . မွေးနေ့ -မွေးနေ့"

ဤတွင်မှ ဦးကုဏ္ဍလသည် သူကျက်ခဲ့သော စာရွက်ပေါ်မှ ဦးဝါယမ၏ "အသုဘ ရေစက်ချ" ဟူသော စာတမ်းကလေးကို အပြည့်အစုံ ပြန်လည်မှတ်မိရတော့သည်။

"ကောင်းပြီ ဒကာကြီး၊ ဆက်ရွတ်မယ်. . . အာရုံပြုကြ၊ အပေတော အကာ လင်္ကာတော၊ အတည်မကျ ဘဝတပါးသို့ မပြောင်းလဲသေးသော မောင်ကြွယ်သန်းသည်၊ အစဝနကာလေ၊ စုတေမနေ မသေ မလွန်သေးမီ ကာလတွင်၊ အပဋိရူပ၊ မသင့် မတင့် မလျော်ကပ်သော အာရမ္မဏ၊ အာရုံကို၊ အကာတွာန၊ နှလုံးမသွင်းဘဲ၊ ပေတာဂတိ၊ ပြိတ္တာတို့၏ လားရာဘုံသို့ . . ."

ဦးဘာသိန်းသည် မျက်လုံးပြူးကြီးတွေနှင့် မော့ကြည့်ပြန်၏။ သို့သော် ဦးကုဏ္ဍလသည် မျက်စိကြီးတွေ ပိတ်၍ ဆက်ရွတ်လေတော့သည်။

"အပတ္တောဝပိ မရောက်ရငြားသော်လည်း၊ ပစ္စုပ္ပန္နကာလေ၊ ယခု မျက်မှောက်ကာလ၌၊ ဒေဝါနံ၊ နတ်၌ဖြစ်သော ဝိမာန၌၊ ဘုံဗိမာန်

ကိုလည်းကောင်း၊ ပါနွှ၊ အဖျော်ယမကာတို့ကိုလည်းကောင်း၊ လာဘာတု၊ ရစေသတည်း . . ."

တံတွေးမျိုချလိုက်၊ ကြံဖန်ရွတ်လိုက်နှင့်ပင် ဆက်လက်၍ အမျှဝေပြီးသောအခါတွင် ရေစက်ချခြင်းသည် အောင်မြင်စွာ ပြီးဆုံးသွားလေတော့သည်။

* * *

ဦးပဥ္စင်းကလေး ဦးကုဏ္ဍလသည် ကျောင်းပရဝုဏ်ထဲက သရက်ပင်ကြီး ခြေရင်းတွင် တစ်ပါးတည်း ထိုင်ရင်း ဆံပင်ကင်းမဲ့သော ဦးခေါင်းကို ကုတ်မိ၏။

ရဟန်းဘဝကနေ၍ လူ့ဘဝကို ပြန်၍ ကြည့်သော် တမျိုးမြင်လာရသည်။ ရဟန်းဘဝက မစားသာပါတကား။ လူသည် လွတ်လပ်၏။ ဆာတိုင်း စားနိုင်သည်။ သတိတွေ ထားနေရရာမလို။ ရဟန်းဘဝကား၊ ဤသို့မဟုတ်ချေတကား။ "ဒွေ ပုဂ္ဂလာ အနာပတ္တိ" ဟူသည်နှင့်အညီ၊ အာပတ်မသင့်သော ပုဂ္ဂိုလ်မှာ ဘုရားနှင့်ပစ္စေကဗုဒ္ဓါ နှစ်ပါးသာလျှင်ဖြစ်၏။ ကြွင်းသော ပုဂ္ဂိုလ်တို့မှာ အာပတ်သင့်တတ်ကြ၏။ အရိယာပုဂ္ဂိုလ်ပင် ဖြစ်လင့်ကစား တခါတရံ အစိတ္တက အာပတ်များ သင့်ရချေသေးသည်။ လူတွေမှာကား အာပတ်သင့်သည်ဟု မကြားဘူးချေ။

ဦးကုဏ္ဍလခမျာမှာ ရဟန်းဘဝတွင် ရှန်းရင်း ကန်ရင်းကပင် သက်နှံးမှာ အတော်လေးသည်ဟု ထင်လာမိတော့၏။ သူတွေ့ခဲ့ရသော လူ့ဘဝ၏ဒုက္ခမှာ ရည်းစားပစ်သွားခြင်းမျှသာ ဖြစ်၏။ တကယ်ဆိုတော့

ရည်းစားဆိုသည်မှာ ပေါလုပါဘီတောင်း၊ နှစ်ဦးသဘောချင်း တိုက်ဆိုင်လျှင် ရည်းစားဖြစ်နိုင်ပါ၏။ ဒါလောက်များလှသည့် မိန်းကလေးတွေအထဲတွင် သူနှင့် သဘောချင်းတိုက်ဆိုင်မည့် မိန်းကလေး တစ်ဦးတစ်ယောက်တော့ မုချရှိပေမည်။ ထိုသို့ရှိလျှင် ရည်းစားပြန်ရပြီဖြစ်၏။ ဘဝခရီးလျှောက်ဖို့အတွက် ကြင်ယာရပြီဖြစ်၏။

ပို၍ဆိုးသည်ကား ဘုန်းကြီးကျောင်းတွင်လည်း မိန်းကလေးများကို လွတ်အောင်ပြေး၍မရပါ။ ဆရာတော်ထံ လာရောက် ဖူးမျှော်ကြသူတွေထဲတွင် ငယ်ရွယ်သော ကောင်းမလေးတွေ ဒုနဲ့ဒေးပါနေသည်ကတော်တော်ပင်ခက်နေ၏။ သက်နိုးဝန်က လေးရသည့်အထဲ ကျောလယ်ဆံပြတ်မကလေးတွေက တင်ကလေးတွေကို နွဲ့၍နွဲ့၍ သွားလာနေကြသည့်အခါတွင် သူ့ရင်ထဲမှ သဲညှာနု လေတိုး၍ ပြုတ်ကျလုလု ဖြစ်ခဲ့ရသည်။

အတွဲကလေးတွေပင် ပါလာတတ်သေး၏။ ယောကျ်ားပျိုကလေး၏ လက်မောင်းကို မိန်းကလေးသည် ကန့်ကလျ မှီ၍ သွားလာသည်။ သူသည် ကြောနှင့်သမီးရည်းစား တိတိကျကျမဖြစ်လိုက်ရသဖြင့် ဤသို့ တွဲ၍ မသွားလာဘူးခဲ့။ ဘယ်လောက် အရသာရှိလေမည်နည်း။ ကောင်မလေး၏ နွေးနွေးထွေးထွေး လက်ဖဝါး နုနုကလေးဖြင့် အုပ်၍ဆုပ်ကိုင်ခြင်းခံရသော လက်မောင်းနေရာကလေးမှာ အရသာတို့သည် တဖျတ်ဖျတ် ဖြစ်ပေါ်နေရတော့မည်။

ဦးကုဏ္ဍလသည် ဥပါဒ် ဋ္ဌီတင်၊ သင်္ခါရ တရားတို့ဖြင့် မပြတ်နှိပ်စက်ခြင်းခံနေရသော ရုပ် နာမ်တရားတို့၏ ဒုက္ခသစ္စာကို မမြင်နိုင်တော့ဘဲ၊ ရည်းစားတစ်ယောက် အသစ်ရှာကာ ကြင်ယာကို ဖွေချင်သောစိတ်တွေသာ ဖြစ်ပေါ်လာတော့သဖြင့် စိတ်ကို ယတိပြတ် ပိုင်းဖြတ်ကာ

ဆရာတော်ထံသို့ ရောက်ခဲ့လေတော့သည်။

"မောင်ကုဏ္ဍလ. . . ဆိုစမ်း။ ဘာအကြောင်းထူးလာသလဲ"

"တပည့်တော် လိင်ပြန်တော့မလို့ဘုရား"

"ဟယ်. . . သာမဏေသာ လိင်ပြန်ရတာဟဲ့။ မောင်ပဉ္စင်း ဆိုတော့ လူထွက်ချင်တယ်လို့ ဆိုရတယ်"

"မှန်ပါ့ဘုရား၊ တပည့်တော် လူထွက်ချင်ပါတယ်"

ဆရာတော်သည် ဦးကုဏ္ဍလကို တွေ၍ ကြည့်မိတော့သည်။

"ဘယ်လိုကြောင့်လဲ"

"မပျော်တော့ဘူးဘုရား"

"အော်-မင်းက အပျော် ဘုန်းကြီးလာဝတ်တာကိုး"

"ဒီလိုလဲ မဟုတ်ပါဘူး၊ တပည့်တော် သံဝေဂရပြီး ရဟန်း တ်တာပါ။ ဒါပေမဲ့ အခုတော့ ရဟန်းဘဝမှာ မပျော်တော့လို့ပါဘုရား"

"ဘာသံဝေဂတွေများ ရလာလို့လဲ"

"ရည်းစားသံဝေဂပါဘုရား"

"ဘယ့်နှယ်"

"အော်. . . ဒီလိုပါဘုရား၊ အစကတော့ ယခုရာဝါသ၊ သမ္မာဖော၊ စ္စများမြောင်၊ လူတို့ဘောင်ဝယ်ဆိုသလို၊ လူ့ဘောင်ရဲ့ ကိစ္စများတာ ွကို ငြီးငွေ့ပြီး၊ ရဟန်း လာဝတ်တာ ဘုရား"

"အခုတော့ . . ."

"ရဟန်းကိစ္စတွေကလဲ များမြောင်တာ တွေ့ရတာ တကြောင်း၊ တော့ စိတ်က လူ့ဘောင်ရဲ့ ကိစ္စတွေကိုဘဲ ပြန်ပြီး လက်ခံချင်လာလို့ ဘုရား"

ဆရာတော်ကြီးသည် ဦးကုဏ္ဍလကို ကြည့်ရင်း သနားသော

အသွင်ဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်၏။

"အဉ်း . . . မောင်ကုဏ္ဍလကတော့ ဆုံးရှုံးပြီပေါ့ကွာ။ ကြုံတောင့်ကြုံခဲ သာသနာတော်ကြီးနဲ့ ကြုံလာရပြီး ကြုံတောင့်ကြုံခဲ ...ဋ္ဌိတ ရဟန်းဘဝကို ရောက်ရပြန်ပြီးမှ လူ့ဘဝကို ပြန်လျှော ဆင်းချင် ...တာက ...ီး ဆုံးရှုံးတာပေါ့လေ။ နောက်တဖန် သာသနာ့ဘောင် ပြန်ရောက်ဖို့ဆိုတာ ... မလွယ်ဘူး"

...သ်တော်က ဉပကထုံး နှလုံးမူပြီး ရဟန်းဘဝကနေ လူထွက် အိမ်ရာထောင်ဖြ... ...မ တခါ ရဟန်းပြန်ဖြစ်ချင် ဖြစ်နေမှာ ဘုရား"

...းရှင့် ရွှေလက်ထက်တော် တလျှောက် "အောင်မယ် . . . ဘုရ... ...ရှိတယ်။ မင်းက ခြွင်းချက်ကိုမှ လုံးမှာတောင်မှ ဉပကာဟာ တစ်ပါးထ... ...ပေသင့် မလုပ်ရာတွေ အားကျသကိုး။ အေးလေ . . . သင်္ကန်းဝတ်နဲ့ မ... ...ရှိခင်က လူထွက်ကို လုပ်လို့ ပါရာဇိကကျ ကျတာနဲ့တယင် ခုလို အဖြစ်မ... ...တာ ပိုကောင်းတာပေါ့ . . ."

"မှန်ပါ၊ တပည့်တော်က ရေကို ကျင်ကျင်လည်လည ... မကူး တတ်တော့ အရှင်ဘုရား အခုန်ပြောတဲ့ ကန်ထဲကျယင် သက်သာမှာ ... မဟုတ်ဖူး"

"ဟော့-မောင်ကုဏ္ဍလ၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ ပါရာဇိကကျကို ပြောတာ၊ ပါရာဇိကကျတဲ့ ရဟန်းဟာ ဝိနည်းတော် အရ ရဟန်းအဖြစ်ကို မရတော့ဘူး ပါရဇိကကျကိုပြောတာ၊ မင်းနားက ရိုးဖြူကန်တွေ၊ အင်းလျားကန်တွေများ ကြားနေရော့သလားကွ"

ပြောလည်း ပြောစရာပါ၊ ဦးဇင်းကုဏ္ဍလ လူထွက်လိုခြင်း၏ အကြောင်းရင်းမှာ ကြင်ယာ ရှာဘို့ပင်ဖြစ်သည်။ ထို့ကြောင့် အင်းလျား ကန်တွေ၊ ဘာတွေ တဝိုက်တော့ သူ့အာရုံခုည ကျက်စားကောင်း

ကျက်စားနိုင်၏။

ကြင်ယာရှာတော့မည်သာ ဆိုသည်။ ပျောက်သွားသော ကြင်ယာကို ရှာမလိုတော့မဟုတ်၊ မရှိသေး၍ ရှာရမည့် ကြင်ယာဖြစ်သည်။ ထို့ကြောင့် မောင့်ကြင်ယာ ဘယ်သူပါလိမ့်ဟု သူ့ကိုယ်သူပင် ပြန်၍ မေးယူနေရသော အခြေအနေတွင် ရှိနေသေး၏။

မည်သို့ပင်ဖြစ်စေ၊ ချစ်သူကြင်ယာဟူသော အာရုံဝင်လာသည်နှင့်တပြိုင်နက် ဝတ်ရုံထားသော သင်္ကန်းနှင့် မအပ်မစပ် ဖြစ်လာသည်။ ထို့ကြောင့်ပင် ဆရာတော်ထံ သွား၍ ခွင့်ပန်ရခြင်းဖြစ်ပါ၏။ ယခုတော့ ဆရာတော်ကလည်း ရှောရှောရှူရှူပင် ခွင့်ပြုလိုက်ပြီဖြစ်သည်။

ဆရာတော်ကျောင်းမှ ပြန်၍ ထွက်လာသောအခါတွင်ကား သူ့ခြေလှမ်းတို့မှာ အထူးပင် သွက်လက်ပေါ့ပါးနေတော့၏။

* * *

"မောင်ရေ မောင့်သား လူထွက်လာပြီ၊ လာကြည့်ပါအုံး"

ဒေါ်စန်းပွင့်သည် အိမ်ရှေ့ဘက် ပြတင်းပေါက်မှနေ၍ ပန်းခြံထဲတွင် ရှိနေသော ခင်ပွန်းသည် ဒေါက်တာဦးထွတ်မြတ်ဆီသို့ လှမ်း၍ အော်၏။

"ကျွန်တော် ဖေဖေနဲ့တွေ့ခဲ့ပြီးပါပြီ၊ ဖေဖေနဲ့ တွေ့ပြီးမှ အစ အိမ်ထဲ ဝင်လာတာ"

"အော်-ဟုတ်လား၊ မင့်ဖေဖေက ဘာပြောလိုက်သလဲ"

"မင်းကို ဘယ်ကောင်မလေးက ကျောင်းကြီးပေါ်မှာ မပျော်

ယင် ဆင်းခဲ့မောင်ရယ်၊ ရစ်တံကို ထိုးပါလို့ တိမ်ခိုးဆင် ရက်နှင့်မယ်လို့ ပြောသလဲတဲ့"

ဒေါ်စန်းပွင့်သည် ပြုံးစနဲ့နဲ့ ဖြစ်သွား၏။

"ဟင်းအင်း-ငါ့သားကကော တိမ်ခိုးဆင်ရက်နှင့်မယ့် ကောင်မလေးနာမည်ကို ပြောပြလိုက်ရောလား"

ကျော်ထွန်းမြတ်သည် မျက်နှာကို ရှုံ့မဲ့လိုက်၏။ စင်စစ်မှာတော့ ခေါင်းတုံးနှင့် ရှုံ့မဲ့ထားသော မျက်နှာတို့မှာ လိုက်လျောခြင်းမရှိချေ။ အုန်းသီးကို ဓားနှင့်သုံးလေးချက်ပေါက်ပြီးမှ အခွံကို ဆက်မခွာတော့ပဲ ပစ်ထားသလိုဖြစ်နေသည်။

"ဘယ်တလာ ပြောပြနိုင်မှာလဲ မေမေရယ်၊ ကျွန်တော့်မှာ ချစ်ရမယ့် ကြင်ယာမရှိသေးလို့ အခုမှ ရှာမယ်ကြံနေတာ"

"ဟင်---မင်းဟာက ခေါင်းတုံးကြီးနဲ့ ကြင်ယာရှာလို့ ဖြစ်ပါမလားကွဲ့-ငါ့သားရဲ့"

ကျော်ထွန်းမြတ်သည် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားသည်။

"ဟင်-ခေါင်းတုံးကြီးနဲ့ဆို ချစ်သူမရှာကောင်းဘူးလား"

"မဟုတ်ပါဘူးလေ၊ ခေါင်းတုံးကြီးနဲ့ဆိုယင် ကောင်မလေးတွေက ကြိုက်ပါ့မလားလို့"

"အို-သူတို့က ဆံပင်ကို ချစ်တာမှ မဟုတ်တာ။ ဆံပင်ကိုသာ ချစ်တယ်ဆိုယင် ဆံပင်ညှပ်ဆိုင် တံမြက်စည်းလှဲယင် သွားသွားပြီး စောင့်ကောက်ကြမှာပေ့ါ၊ ပြီးတော့ ကျွန်တော်က အခု ရှာရုံသာ ရှာသေးတာဘဲ၊ ဟော-တွေ့မှာနဲ့ ဆံပင်ရှည်လာတာနဲ့ အတော်ဘဲ၊ ဒီတော့ ကိုယ်က ချစ်လိုက်၊ သူက ပြန်ချစ်လိုက် သမိစ်ပဲ"

"သင်္ကန်း ဝတ်လိုက်တာတောင် ဒီစကားလုံးတွေ ကျန်သေးတာ

ကိုး၊ အော်-ဒါထက် စောစောက တူးတူးမာ လာသွားသေးတယ်၊ ဒီနေ့ သူ့မွေးနေ့မို့ အိမ်မှာ အုန်းနို့ခေါက်ဆွဲ ကျွေးမယ်တဲ့၊ ကိုကိုကျော်က လူမထွက်သေးတော့ ခက်တာပဲလို့ ပြောသွားတယ်"

ကျော်ထွန်းမြတ်၏ ဦးခေါင်းသည် သွက်လက်စွာ အလုပ် လုပ်တော့သည်။ တိုင်း၍ ရက်တွဲ့ ပက္ကလာ မိုးရွာတာနဲ့ အံခန့်သင့် ဖြစ်လေပြီ၊ ကြွင်ယာရှာအို့ လူထွက်လာသည်။ ဟော ကြွင်ယာရှာစရာနေရာ တွေ့လေပြီကော။

ဦးမျိုးသာ ဒေါ်မူရာတို့၏သမီး တူးတူးမာသည် မိန်းကလေး ဖြစ်သည်။ ဘုရားစူးပါရစေ၊ မိန်းကလေးဖြစ်သည်။ သို့ဖြစ်လျှင် သူ၏ အလှူပွဲသို့ အသိမိန်းကလေးတွေ လာကြမည်။ ယောကျ်ားလေး တစ်ယောက်၏ ကြွင်ယာသည် မုတ်ဆိတ်ဖားဖားနှင့် ကုလားကြီးတော့ မဖြစ်တန်ရာ၊ မိန်းကလေးသာ ဖြစ်ရမည်မဟုတ်လော။

"ဟုတ်ကဲ့-မိန်းကလေးသာ ဖြစ်ရပါမည်။ မုတ်ဆိတ်ဖားဖားနှင့် ကုလားကြီးတော့ မဖြစ်နိုင်ပါ" ဟုဆိုလျှင်ကား တူးတူးမာ၏ မွေးနေ့ပါတီသို့ ကျော်ထွန်းမြတ် သွားကို သွားမှ ဖြစ်ရမည်ပေါ့။

"မဟုတ်ဖူးလား မေမေ"

ကျော်ထွန်းမြတ်က လွှတ်ကနဲ မေးလိုက်သဖြင့် ဘုမသိဘမသိ ဒေါ်စန်းပွင့်မှာ ပြူးတူးပြဲတဲ ဖြစ်သွားရရှာသည်။

"ဘာလဲဟဲ့-မင်းဟာက ဘာမဟုတ်တာလဲ၊ အရင်းမရှိ အဖျား မရှိ"

"အော်. . . ဟိုဟာပါ၊ တူးတူးမာတို့အိမ်ကို မုတ်ဆိတ်ကြီးတော့ မလာပါဘူးနော်"

"ဟယ်. . . ကြုံကြုံဖန်ဖန် ဘာဖြစ်လို့ လာမှာလဲ၊ သူတို့က

ကုလားဇော်ဂျီနဲ့ အမျိုးတော်တာမှ မဟုတ်တာ"

"ကျွန်တော် မှားသွားလို့ပါ၊ ဟိုဟာလေ၊ ကျွန်တော်နဲ့ကုလားကြီး ဟာ ဟုတ်ပေါင်၊ ကျွန်တော် တူးတူးမာတို့အိမ်ကို အခု သွားလိုက်မယ်"

"ဟောတော့ မင်းဟာက ကောက်ကာငင်ကာနဲ့ ဘယ်လို ဖြစ်ရ တာတုံးသားရဲ့၊ မုတ်ဆိတ်ကြီးနဲ့ ချိန်းထားလို့လား"

"အို . . . မုတ်ဆိတ်ကြီးကို မေမေ့ခေါင်းထဲက ထုတ်ပစ်လိုက် စမ်းပါ"

"အေး-ကုလားကြီးပဲ ခေါင်းထဲမှာ ထားရတော့မယ်လား"

"ဟာ-ကုလားကြီးပါ ထုတ်ပစ်လိုက်စမ်းပါ၊ ကျွန်တော် လူထွက် လာကြောင်း ပြောရင်းနဲ့ ဒေါ်လေးတို့အိမ် သွားလိုက်မယ်လေ"

"ကောင်းပါပြီ ရှင်-ကြွတော်မူပါ"

ဒေါ်စန်းပွင့်သည် ချစ်လှစွာသော သားကို ခါတိုင်းကဲ့သို့ပင် လိုက်လျော၏။

'ဟဲ့ . . . ဒါပေမယ့် မင့်ခေါင်းက ခေါင်းတုံးကြီးကိုတော့ ဦးထုပ် ကလေး စွပ်သွားပါလား"

ကျော်ထွန်းမြတ်သည် ချာကနဲ လှည့်သွားမည်ပြုရင်းက တွေ သွား၏။ တကယ်ဆိုတော့ ခေါင်းတုံးကြီးနှင့် ရှိုးပြရသည်မှာ သိပ်တော့ မကောင်းလှ၊ မေမေ ပြောတာမှန်သည်။ တူးတူးမာအဖို့ မထောင်းတာ လှသော်လည်း သူ့ထံသို့ လာကြသူများထဲတွင် ပါကောင်းပါမည်ဖြစ် သော ကြွင်ယာလောင်းကလေးကတော့ ခေါင်းတုံးကြီးနှင့် ကျော်ထွန်းမြတ်ကို မကြည့်ဖြူပဲ ဖြစ်ချင်ဖြစ်သွားနိုင်၏။

သို့သော် . . . တစ်ခုတော့ ရှိသည်။ ဦးထုပ်ဆိုသည်မှာ တုစွပ် ထဲ စွပ်ထား၍ မကောင်း၊ အိမ် အရိပ်အောက်ရောက်၍ အုန်းနီခေါက်ဆွဲ

ကို ဦးထုပ်ကြီးနှင့်စားနေလျှင်လည်း မြင်ရသူ ပြုံးနိုင်၏။ ယခုကဲ့သို့သော အခြေအနေတွင် လိုအပ်နေသည်မှာ လဟာပြင်တွင်ရော အရိပ်ထဲတွင်ရော တစ္စပ်ထဲ စွပ်ထားရသည့် ဆောင်းစရာကိုသာ ဆိုထိုက်ပေ၏။

"မေမေ"

"အာတုံးသားရဲ့"

"ဖေဖေ့ ခေါင်းပေါင်းကို ခဏ ပေးလိုက်ပါဦး၊ ဦးထုပ်ဆိုယင် အိမ်ထဲကျ ချွတ်ချင်ချွတ်ထားရမှာ၊ ခေါင်းပေါင်းဆိုတော့ သမိန်ပဲ"

ဒေါ်စန်းပွင့်သည် ပြုံး၏။

"ကောင်မလေးတွေက ဆံပင်ကိုသာ မြတ်နိုးယင် ဆံပင်ညှပ်ဆိုင်မှာ တံမြက်စည်း . . ."

"အသာထားစမ်းပါ မေမေရယ်၊ ဖေဖေ့ ခေါင်းပေါင်းသာ ပေးလိုက်စမ်းပါ"

ဒေါ်စန်းပွင့်သည် တပြုံးတည်းပြုံးရင်းက ဒေါက်တာဦးထွတ်မြတ်၏ ခေါင်းပေါင်းကို စက္ကူဗူးထဲက ထုတ်၍ ပေးသည်။ ကျော်ထွန်းမြတ်သည် ခေါင်းပေါင်းစ တလူလူနှင့် ခြံထဲသို့ ရောက်လာလေ၏။

"ဖေဖေ . . . ကျွန်တော် မော်တော်ကား ယူသွားမယ်နော်၊ ကားသော့ပေးလိုက်ပါ"

ကြားနေကျ အသံဖြစ်သဖြင့် ဦးထွတ်မြတ်သည် နောက်သို့ လှည့်မကြည့်တော့ဘဲ ပန်းအိုးကြီးကိုသာ နေရာချနေရင်းက ပြန်ပြော၏။

"ကားသော့တော့ ရှိတယ်ကွ၊ ဒါပေမဲ့ ကားက ဝပ်ရှော့ရောက်နေလို့ မင်းယူသွားလို့တော့ မဖြစ်ဖူး၊ အပြင်သွားချင်ယင်လဲ မော်တော်ဆိုင်ကယ်ကို ဆွဲယူသွားပေါ့ကွာ"

ခြေသံ ပြန်ထွက်သွားသဖြင့် ဦးထွတ်မြတ်သည် သူ့အလုပ်ကို ပြီးအောင် ဆက်လုပ်၏။ ထိုနောက်မှ ခါးကိုပြန်ဆန့်ကာ လက်ပတ်နာရီကို ကြည့်၍ နံနက်စာ စားချိန်နီးပြီကိုသိ၍ ရေချိုးရန် အိမ်ဘက်ပြန်လှည့်သည်။

ထိုအခိုက်တွင် တဖုတ်ဖုတ်နှင့် မော်တော်ဆိုင်ကယ်သံ ကြားသဖြင့် လှမ်းကြည့်လိုက်မိ၏။ သူ့မျက်လုံးတို့သည် ရောဂါကပ်ငြိခြင်း မရှိပါပဲလျက် မြူးကျယ်ကုန်ကြလေ၏။

ချိတ်ပုဆိုး၊ အပေါ်ဖုံးအင်္ကျီ ခေါင်းပေါင်းစ တလူလူနှင့် ကျော်ကျွန်းမြတ်သည် မော်တော်ဆိုင်ကယ်ကြီးနှင့် ထွက်သွားလေပြီ။ ခေါင်းပေါင်းကြီးနှင့် မော်တော်ဆိုင်ကယ်စီးသည်ကို ဥပဒေက မတားမြစ်သော်လည်း အတော်ပင် အကြည့်ရ ကတ်သတ်သဖြင့် ဦးထွတ်မြတ်သည် အိမ်ထဲသို့ အပြေးကလေး ရောက်ရှိလာလေ၏။

"ဟော့---စန်းရေ၊ မင့်သားက သိက္ခာမှုစင်ရဲ့လားကွ၊ ခေါင်းပေါင်းနဲ့ မော်တော်ဆိုင်ကယ် လျှောက်စီးသကွ"

"စီးပလေစေရှင်၊ အခုသူက ကြွင်ယာရှာတော့မလို့တဲ့"

"အော်--အကျွတ်တရား ရလာတယ် ထင်တယ်၊ သူတို့စကားနဲ့သာ ပြောရယင်တော့ ဒီကောင် ကျွတ်စကီး ဆိုက်တော့မယ်ဟော့"

* * *

"ဟောတော့၊ ကိုကိုကျော်ကြီး ပါလား၊ ဟာ-ခေါင်းပေါင်းကြီးနဲ့ လူပြန်တော်ဂိုက်ကို စပယ်ရှယ် ဖမ်းလာတာဘဲတိုး"

တူးတူးမာက ခရီးရောက်မဆိုက် စာစာစာစာနှင့် အော်လိုက်ရာဦးမျိုးသာ ရော ဒေါ်မူရာပါ အလောသုံးဆယ်နှင့် အနားသို့ ရောက်လာကြ၏။ စတင်၍ စကားပြောသူကတော့ ဦးမျိုးသာပင် ဖြစ်သည်။

"ဟာ---ဒီလိုတော့လဲ မင်းက အငြိမ့်လူပြက်လိုလို၊ ဘာလိုလိုပါလားကွ၊ မင်းဘာယ်တုန်းကလူဝတ်လဲလာသလဲ၊ သိက္ခာကော စင်ရဲ့လားကွ၊ သိက္ခာမစင်ရင်နှမ်းတင်းတမ်း ဖြစ်တတ်တယ်ဆိုပဲကွ၊ ဟား ဟား"

ကျော်ထွန်းမြတ်သည် ပြုံးရုံသာ ပြုံး၍ မျက်လွှာချကာ ကွင်းအက်သို့ဝင်သည်။ တူးတူးမာက ရှေ့ကဦးဆောင်၍ ခေါ်သွား၏။

ဦးမျိုးသာကမူ ဒေါ်မူရာနားကပ်၍ တိုးတိုးပြောသည်။

"ဒီကောင့်ကြည့်ရတာ လူပြန်ဖြစ်ရာမှာ ကောင်းကောင်းအထာမကျသလို ဖြစ်နေ တယ်ကွ"

"အို-ရှင်တိတ်တိတ်နေစမ်းပါ၊ ဟိုမှာ ညှော်သည်တချို့ မပြန်ကြသေးဘူး၊ သူရှက်သွား ပါအုံးမယ်"

မှန်ပါသည်။ ဧည့်သည်တချို့ ရှိသေး၏။ သို့သော် သူတို့တတွေမှာ စားသောက်ပြီး ကြပြီဖြစ်သဖြင့် စားပွဲဝိုင်းကြီးတစ်ခုရှေ့တွင် ကျော်ထွန်းမြတ်တစ်ယောက်တည်းပင် ငုတ်တုတ်ကြီး ကြွေရရ ထိုင်နေ၏။ တူးတူးမာကတော့ နှုတ်သွက် လျှာသွက်ဖြစ်နေ၏။

"ကိုကိုကျော်-က်ကောင်းလို့၊ နံနံသာနောက်ကျရင် ရေနွေးနဲ့ သောက်ရမှာပဲ၊ ကိုကိုကျော်က ဖြန်းစားကြီးလူဖြစ်တာကိုး"

သူ့စကားအဆုံးတွင် ဘေးနားတွင်ရှိသော မိန်းကလေးသုံးဦးခန့် အနက် တစ်ယောက် က ကြားဝင်၍ တူးတူးမာကို ပြောသည်။

"ဟယ်-တူးတူးမာကလဲ **ဒီအရွယ်ကြီး** ရောက်မှတော့ လူဖြစ်တာ ကြာလှပြီပဲဟာ"

မိန်းကလေးသည် ကျော်ထွန်းမြတ်ကို မျက်စောင်းကလေး ငဲ့၍ ပြော၏။ ကျော်ထွန်းမြတ်သည် မျက်လွှာချလျက်ကပင် တူးတူးမာအစား ဝင်ဖြေသည်။

"ဒီလိုလေ- ဒကာမလေးရဲ့ ဦးဇင်းဟာ-ဟိုက်ရော"

ကျော်ထွန်းမြတ်သည် စကားတွေ မှားကုန်ပြီကို သိသည့်တွင် စကားကို တိုးလိုးတန်းလန်းကြီး ရပ်ထားလိုက်ရာ တူးတူးမာက ဆက်ပြော၏။

"ဦးဇင်းတောင် ဟိုက်မှတော့ ကပ္ပိယတွေ လေးဘက် ပစ်ကုန်မှာပေါ့"

မိန်းကလေးတစုတွင်သာမက ပေ...ကျဲ့အလေးနှစ်ယောက် လောက်ကလည်း ဝင်၍ ရယ်မောကြသည်။ ကျော်ထွန်းမြတ်သည် မျက်လွှာကြီးချရင်း ရှက်ရှက်နှင့် စကားပြောလျှင် အထူးသတိထားရမည်ဟု သူ့ကိုယ်သူ ဆုံးမနေသည်။ သို့တိုင်အောင် သူ ...မုန့်ပန်းကန်ထဲသို့ ဟင်းရည်တွေလာထည့်သောအခါ ယောင်၍ စားပွဲခုံ...ကြီးကို လက်နှင့် ကိုင်ထားမိသေးသည်။

"တေသီဆွေ--ဒါဟာ ကိုယ်ပြော ပြောနေတဲ့ ကိုယ့်က...ဇင် ကိုကိုကျော်လေ"

ကျော်ထွန်းမြတ်သည် အသာငဲ့ကြည့်၏။ တေသီဆွေဆိုသူမှာ စောစောက စကားဝင်ပြောသော မိန်းကလေးဖြစ်သည်။ သူ ဝတ်စား ဆင်ယင်ပုံမှာ ခေတ်နောက်မကျသော်လည်း ခေတ်တော့ သိပ်မဆံပါ၊ နဂိုနေမျက်နှာကလေးမှာ ကြ္ကနွေနှင့် တည်တည်တံ့တံ့ဖြစ်သည်။ နှာတံကလေးသည် ပေါ်လွင်လှလွန်း၍ ကုလားဆင်ကလေးပင် ဖြစ်နေ၏။ အသားကလေးကား ဖြူနုနေသည်။ ရိုးရိုး ယဉ်ယဉ် ဝတ်စားထားပြီး

ကွာခြေနှင့်ဖြစ်သဖြင့် အနည်းငယ် အရွယ်ရင့်သယောင် ထင်ရသည်။ သို့သော် ပြုံးလိုက်ပြန်တော့လဲ ညီညာသည့်သွားများနှင့် အနေတော်လှပသည့် သွားစွယ်ကလေးတို့သည် ကျက်သရေတိုးစေသည်။

"တိုကိုကျော်ဆိုတာက တူးတူးမာ ခေါ်တာ ဖြစ်ပါလိမ့်မယ်၊ တခြားနာမည်တော့ ရှိအုံးမှာပေါ့"

ကေသီဆွေသည် လှ၏။ အသံသည် သာယာသည်။ ကျော်ထွန်းမြတ် ရင်တွေဖိုသွား၏။ ကေသီဆွေ၏စကားသည် တူးတူးမာနှင့် မိမိတွင် ဘယ်သူ့ဆီကို ဦးတည်သည်ဟု မှန်းရခက်သော်လည်း ကျော်ထွန်းမြတ်သည် ကေသီဆွေနှင့် ရောချင်လှသဖြင့် သူက ဝင်ဖြေသည်။

"ဟုတ်တာပေါ့ နာမည်ရင်းက ကိုကိုကျော် မဟုတ်ပါဘူး၊ ဦးကုလ္လာလတဲ့ . . . ဟိုက်ရှော"

တူးတူးမာတွင်သာမက ကေသီဆွေပါ ရယ်မိတော့သည်။ ကေသီဆွေသည် အားနာသဖြင့် ပါးစပ်ကို လက်ကိုင်ပုဝါနှင့် အုပ်၍ ရယ်၏။

အေးနားက လူတွေ သတိမပြုမိ၍ တော်သေးသည်။ အေးနားက မိန်းကလေးတို့သည် ယောကျာ်းလေးတစ်ယောက်ကို သီချင်းဆိုပြရန် ဝိုင်း၍ တောင်းပန်နေကြသဖြင့် သတိမပြုမိခြင်းဖြစ်၏။ သီချင်းဆိုပြရန် တောင်းပန်ခြင်းခံရသော သူသည် နံရံကို ကျောမှီ၍ ထိုင်နေ၏။

ကေသီဆွေသည် အရယ်တော့ ရပ်သွား၏။ သို့သော် ပြုံးစနဲ့နဲ့ မျက်နှာတလေးတော့ ကျန်သေး၏။ သူသည် ကျော်ထွန်းမြတ် ရှက်သွားမည်စိုး၍ စကားဆက်ပြောသည်။

"ပေါင်ကို လက်တဖက်ရှေ့ ပွတ် လက်တဖက်ကတော့ ဆု

နေရာက ဖြုန်းဆို လက်ပြောင်းလိုက်ရသယင် လွဲတတ်သလိုပေါ့၊ ခုလဲ ရှုတ်တရက်မို့ အံချော်နေတာ ထင်ပါတယ်"

ကျော်ထွန်းမြတ်ကတော့ ဘာမှပြန်မပြောတော့ချေ။ သတိရှိစေရန်သာ သူ့ကိုယ်သူ အထပ်ထပ် သတိပေးနေရ၏။ ဝမ်းဗိုက်သာ ပြည့်သွားသည်။ အရသာ ဘယ်လိုမှန်းပင် မသိလိုက်တော့ချေ။

စားသောက်ပြီးပြီဖြစ်၍ စားပွဲဝိုင်းမှုခွာကာ နောက်နားသို့ ရွှေ့၍ နံရံကို ကျောကပ်ကာ တင်ပလ္လင်ခွေ၍ ထိုင်လိုက်၏။ ညှိသည့် တသိုက်သည် နံရံကိုမျက်နှာပြု၍ တန်းစီထိုင်နေသလို ဖြစ်နေသည်။ အမှန်မှာ သူတို့သည် ယခုအခါတွင် ကျော်ထွန်းမြတ်နှင့်ယှဉ်၍ ထိုင်မိနေပြီဖြစ်သော ညှိသည်ယောကျ်ားလေးကို သီချင်းဆိုပြခိုင်းရာတွင် ထိုသူက ဆိုပြမည်ဟု ကတိပေးသဖြင့် နားထောင်ရန် စိတ်သန်နေကြခြင်း ဖြစ်သည်။ သို့သော် အခြေအနေသည် ကျော်ထွန်းမြတ်အတွက်တော့ ဆွမ်းကျွေးပြီးသောအခါ ဒကာတွေ အသင့်မြင်နေပုံပေါက်နေ၏။

ထိုခဏတွင် ဘေးကလူသည် သီချင်းတစ်ပုဒ်ဆိုပြရန် ချောင်းဟန့်လိုက်၏။

"အဟမ်း"

"အဟမ်း"

ကျော်ထွန်းမြတ်ကလည်း ချောင်းဟန့်လိုက်သည်။ ထိုအခါ ဘေးနားကလူသည် သူ့ကို လှည့်ကြည့်၏။ သူကလည်း ခပ်တည်တည်ပင် ပြန်လှည့်ကြည့်သည်။ နှစ်ယောက်သားသည် နံရံကို ကျောပေး၍ ယှဉ်ထိုင်နေကြ၏။ ရှေ့က လူတစ်စုသည် သူတို့ဘက် မျက်နှာပေး၍ ထိုင်နေကြသည်။ ဘေးနားက လူသည် ရှေ့က အဖော်များကို ကြည့်၍ ပြော၏။

"ကိုင်း-ဆိုတော့မယ်"

အားလုံး တိတ်သွားပြီးသည့်နောက်တွင် အသံနုစ်သံသည်ပြိုင်တူ ပေါက်လာလေတော့၏။ သို့သော် သီချင်းဆိုသူမှာ စ၍အသံကို တည်သည်ဖြစ်သောကြောင့် ခပ်တိုးတိုးလေးဖြစ်နေရာ ကျော်ထွန်းမြတ်၏ အသံသည်သာ လွှမ်းအုပ်၍ ပြတ်ပြတ်သားသား ပေါ်ထွက်လာလေတော့၏။

"ယသသ နုဘာဝတော ယက္ခာ၊ နေစဒဿန္တိ ဘီသနံ။ ယမှိ စေဝါနုယုဥ္ဇန္တော၊ ရတ္တိံဒိဝမတန္ဒိတော" ရှေ့က လူအားလုံးနှင့်တကွ ဘေးယှဉ်ထိုင်နေသည့် လူကပါ အံ့အားကြီးတွေသင့်၍ သူ့ဘက်သို့ ဝိုင်းကြည့်ကြသည်။ ကျော်ထွန်းမြတ်ကား ခပ်တည်တည် တစ်ယောက်တည်းပင် မျက်စိကြီး စုံမှိတ်၍ သယ်နေလေတော့၏။

"သုခံသုပတိ သုတ္တောစ။ ပါပံကိဉ္စိနပဿတိ။ ဧဝမာဒိ ဂုဏူပေတံ။ ပရိတ္တံ တံဘဏာမဟေ"

ပရိသတ်သည် ဝါးကနဲ ရယ်လိုက်ကြလေ၏။ သည်တွင်မှ ခေါင်းပေါင်းစတလူလူနှင့် တင်ပလ္လင်ကြီးချိတ်ထိုင်၍ မျက်စိကြီး စုံမှိတ်ထားသော ကျော်ထွန်းမြတ်သည် မျက်လုံးကြီးများဖွင့်ကာ ပြူးတူးပြတဲနှင့် ပြန်ကြည့်မိတော့သည်။

ကေသီဆွေသည် မျက်နှာကလေး နီလာသည်အထိ ပါးစပ်ကို လက်ကိုင်ပုဝါပိတ်ကာ ရယ်မောကာ နေလေရာ ကျော်ထွန်းမြတ်မှာ ခေါင်းနပန်းကြီး၍ ရှက်ရှက်နှင့်ဘာမပြော ညာမပြော ထွက်လာခဲ့မိလေတော့သည်။ ထိုအခိုက်တွင် ပရိသတ်ထဲမှ တစ်ယောက်က လှမ်းပြော၍ ဝါးကနဲ ထပ်ရယ်သံ ထွက်ပေါ်လာပြန်၏။

"အဲဒါပေါ့ဗျ--အန္တရာယ်ကင်း စတီရီယိုဆိုတာလေ"

သူတို့တော့ ဆက်၍ သီချင်းဆိုကောင်း ဆိုကြပေလိမ့်မည်။ ကျော်ထွန်းမြတ်တစ်ယောက်တော့ ခေါင်းပေါင်းစ တလူလူနှင့် မော်တော်ဆိုင်ကယ်ကြီးစီး၍ ပြန်ထွက်လာခဲ့လေသည်။

ရှက်သည့် ဝေဒနာကို ခံစားမိသည့်ကြားက ကေသီဆွေကလေး၏ မဂိုကုလားဆင် မျက်နှာသည် သူ့ကို ဖမ်းစားနေ၏။ လမ်းတစ်လျှောက် ကြည့်မိရာရာတွင် ကေသီဆွေ၏ မျက်နှာသာ မြင်နေ၏။ လမ်းဘေးက ဖျော့ရည်သည် သည် ဆံပင်ကျောလည်မြတ်နှင့် ပုဆိုးတိုတိုဝတ်ကာ ထိုင်နေ၏။ လမ်းစပ်က တံမြက်စည်းလှဲနေသော အဒေါ်ကြီးသည် ဝါးခမောက်အောက်က ကုလားဆင်မျက်နှာနှင့် ဖြစ်နေသည်။ မြောင်းဘေးတွင် နောက်ဖေးထိုင်သွားနေသော ကလေးသည် နှုတ်ခမ်းနီနှင့် မိတ်ကပ်နှင့်ဖြစ်နေ၏။ ကားကြိတ်ထား၍ ကိုယ်ပိုင်းက ပြားနေသော မြွေကြွက်ကြီးပင်လျှင် ခေါင်းပိုင်းက လက်ကိုင်ပုဝါလေး ပါးစပ်ပိတ်ကာ မျက်နှာနီလာသည်အထိ ရယ်မောနေသည်။

အိမ်ပြန်ရောက်သည်တွင် မော်တော်ဆိုင်ကယ်ကို သိမ်း၍ အိမ်ထဲသို့ ခပ်သုတ်သုတ်ဝင်လာ၏။ စိတ်ထဲတွင်ကား တူးတူးမာမှတဆင့် ကေသီဆွေနှင့် ရင်းနှီးခွင့်ရတော့မည်မှာ သေချာ၏။ ကေသီဆွေ၏ မေတ္တာကိုသာရ မရမသေချာ၊ ဘာပဲဖြစ်ဖြစ် နောက်နောင် အကြိမ်များတွင်တော့ ဒီလိုဖြစ်တော့မည်မဟုတ်၊ သည်တော့လဲ ကေသီဆွေသည် သူ့ရင်ခွင်ထဲ့သို့ ကန့်ကလျကလေး ဝင်ရောက်လာပေလိမ့်မည်။

အိမ်တွင်းသို့ ဖျတ်ကနဲ အဝင်လိုက်တွင် အတွင်းက ထွက်လာသော တစ်စုံတစ်ယောက်နှင့် မမြော်လင့်ပဲ ဝင်၍ တိုက်လိုက်ရာ ဂွမ်းဂလွမ်းဟူသော အသံများပါ ထွက်ပေါ်လာ၏။ ကျော်ထွန်းမြတ်သည် ဤနေရာတွင်တော့ ကြောင်အိမ်ကြီးကို ဝင်မတိုက်နိုင်၊ ပန်းကန်စင်ကြီး

ကလည်း အတွင်းဘက်မှ ဖျတ်ကနဲ ထွက်ပေါ်ရိုးထုံးစံမရှိ၊ သို့ပါလျက်နှင့် အဘယ်ကြောင့် "ဂျွမ်း---ဂလွမ်း" ဟူသော အသံများ ထွက်ပေါ်လာရ သနည်းဟု တွေးကာ သေသေချာချာ ကြည့်မိသည်။

မိနှင်းယဉ်သည် လက်ထဲက လွတ်ကျသွားသော ချိုင့်လုံး ကလေးနှင့် ဘေးသို့စဉ်ကျသွားသော ထိုချိုင့်မှ အဖုံးကလေးကို လိုက်ကောက်ပြီး ဝင်တိုက်မိသူကို ပြန်ကြည့်၏။

"ဟာ---အကိုကျော်ပါလား၊ ဧည့်သည် ဗေဒင်ဆရာကြီးများ လားလို့ အကိုကျော် ဘယ်တုန်းက လူပြန်ဖြစ်သလဲ"

"ဘဝဟောင်းက ကံအရှိန်ပြတ်ကတည်းက လူပြန်ဖြစ်တာ ပေါ့"

"အကိုကျော် မကောင်းဘူး၊ ညီမဆီကိုတောင် ဦးဦးဖျားဖျား မလာဘူး။ ညီမကတော့ ကျောင်းကို နွားနို့ပို့ခဲ့ရသေးတယ်၊ အခုလဲ ဘဘကြီးတို့ စားဘို့ ပူတင်းသာလုပ်ပို့တာ၊ အကိုကျော် ရောက်နေမှန်း သိယင် ပိုပြီးလုပ်လာမှာပဲ၊ အကိုကျော်ကတော့ လူထွက်တာတောင် ညီမဆီမလာဘူး"

ထိုအခိုက်တွင် အတွင်းဘက်က ဒေါ်စန်းပွင့် ထွက်လာရာ စကားကို သူက ဆက်ပြော၏။

"ဟဲ့ . . . မနှင်းယဉ်၊ နင့်ဆီ ဘယ်လာနိုင်ပါ့မလဲ၊ သူက ကြင်ယာလောင်း လိုက်ရှာနေတာပဲ"

မနှင်းယဉ်သည် မျက်လုံးဝိုင်းကလေးများနှင့် ကျော်ထွန်းမြတ် ကို စိုက်ကြည့်ရင်း ပြန်မေးသည်။

"တွေ့ခဲ့ပြီလား အကိုကျော်"

"ဟာ---ဘာရမလဲ၊ ဒါလောက်တောင် မိန်းကလေးပေါတဲ့

STYLUS BOOKS

ရန်ကုန်မြို့ပဲဟာ၊ စရှာတယ်ဆိုယင်ပဲ အောင်မြင်တာပဲ၊ ဇေထိဆို ကတည်းက တွေ့တာပေါ့၊ ဟား-ဟား"

သူက အထဲသို့ ဆက်ဝင်၏။ မနှင်းယဉ်ကတော့ အိမ်ပြန်ရန် အပြင်သို့ ဆက်ထွက်သွားတော့သည်။

* * *

စွဲနေပါပြီ၊ တကယ်ဘဲ စွဲနေပါပြီ။

ကျော်ထွန်းမြတ်သည် ကေသီဆွေကို မြင့်ခဲ့ရသည့်အချိန်က စ၍ အသဲထဲတွင် စွဲမြဲနေမိသည်မှာ အမှန်ဖြစ်ပါ၏။ သို့သော် မစားနိုင် မအိပ်နိုင်တော့ဖြင့် မဖြစ်ခဲ့ပါ။ ဘုန်းကြီးဝတ်ခဲ့စဉ်က ညစာ မစားရသမျှ ယခုအတိုးချကာ ညစာဆိုလျှင် နင်းကန် စားသည်။ ညစာကို နင်းကန် စားမှတော့ မှောင်လာသည်ဆိုလျှင်ပင် မျက်စိတွေ လေးလံပြီး တရေး လောက်အိပ်လိုက်ရသည်။ တရေးဆိုသည်မှာ ညနေ နေဝင်မှ နောက်နေ့ နံနက် နေထွက်ချိန်အထိဖြစ်သော တရေးပင်ဖြစ်သည်။ ဒါလောက် အိပ်တော့လည်း ဘာ အိပ်မက်မှ မမက်ဖြစ်ပါ၊ ထို့ကြောင့် ကျော်ထွန်းမြတ်သည် ကေသီဆွေကို အိပ်မက်တော့ မမက်နိုင်ပါ။

သို့သော် အသိစိတ်နှင့် နိုးကြားနေခိုက်မှာတော့ ကေသီဆွေကို သတိရနေချိန်က အတူးဖင် များပြားလှသည်။ ဖြူဖွေး နုနယ်သော အသား၊ ရွှဲနေသော မျက်လုံးနက်ကလေးများ၊ ပေါ်လွင် ဖြောင့်တန်းသော မဂိုနှာခေါင်း၊ ရဲရဲနီ၍ သိပ်မပါးလှသော နှုတ်ခမ်းလွှာ ဒါတွေကို သူ ဘယ်လိုမှ မေ့၍မရ။

ဒီလို တုတ်တုတ်ခဲခဲ ကိုယ်လုံးကလေးကို ရင်ခွင်ထဲမှာ ပွေ့ဖက်၍ ချစ်ခရီးကို ချစ်လေယာဉ် စီး၍ သွားလိုက်ရလျှင် ရှိတ်ကန်ရှိတ်ဟန် ဖြစ်နေရှာမည်။

“ရင်ထဲက ပွတ်းပွဆော ချစ်လွန်းလို့ပါ” ဟူသော ခေတ်ဟောင်းသီချင်းတစ်ပုဒ်ထဲကလို သူ့ရင်တွေသည် အဖုံးမပိတ်နိုင်သော ခေတ်မီးခြစ်ကိုခြစ်ထားလျက်သားကြီး မီးချလိုက်မိသလို ဖြစ်နေသည်။

ရင်ထဲတွင် အချစ်မီး တလှုန်းလှုန်း တောက်လောင်သောအခါတွင် ကဗျာတွေ စပ်ချင်စိတ် ပေါက်လာတော့၏။ သူစပ်ထားသော ကဗျာလေးတွေကို အကြောင်းသင့်လျှင် တေသီဆွေကို ပြမည်။ ပြလျှင် တေသီဆွေ၏ အသံတို့သည် နူး၍ ညံ့၍ ပျော့၍ ပျောင်း၍ လာပြီ။ မျက်နှာကလေးကို ဂေါ်လီတွင်းဝင်သလို လှိမ့်လိုက်ကာ “အောင်ဇေယျလေး . . . ကိုကျော်ကို ဆွေဆွေချစ်လိုက်ရတာ သေလုမျောပါး ပါကလား ကိုကျော်ရယ်” ဟု ဒေါ်လျော် သူ၏ရင်ခွင်ထဲသို့ တိုးကျကာ ရင်ပတ်က ကျယ်သီးနှင့် ပါးကြီး ခြစ်၍ ဒဏ်ရာဒဏ်ချက်တွေ ရကုန်မှာတောင် ကြောက်ရသည်။

ကောင်းသည်။ ကဗျာလေးတစ်ပုဒ်လောက်တော့ဖြင့် ကောက်၍ စပ်လိုက်မည်တည်း။

ကဗျာသည် နှလုံးသားကို ပျော့ပျောင်းစေ၏။ စိတ်ကို နူးညံ့အောင် ဆွဲဆောင်နိုင်၏။ အကယ်၍များ တေသီဆွေ၏ နှလုံးသားသည် သံမဏိကဲ့သို့ မာနေသည်ဆိုပါစေဦး ကဗျာနှင့်တွေ့လျှင် သံစားအက်စစ်နှင့် တွေ့ရသလို တဖျစ်ဖျစ်မြည်၍ အရည်တွေပျော်ကျရမည် . . . မုချ။

စာရွက်လွတ်ကလေး တစ်ရွက်နှင့် ဖောင်တိန်ကိုယူကာ ကျော်ထွန်းမြတ်သည် ကဗျာတစ်ပုဒ်ကိုကောက်ကာငင်ကာ စတင်၍

ရေးသားတော့၏။

စိတ်ကြဲတာ ဝိပ္ပလ္လာတွေဖြစ်ရချော့။

အဓိဋ္ဌာန်ကာ သိပ်မဟန်တာတွေ ဟစ်လိုက်ရယင် . . .။

တော်ပြီ။ မျှေ့မဆက်ချင်တော့ပါ။ မိမိ၏ဦးနှောက်တို့သည် ဘာသာရေးစာပေ ကျမ်းဂန်များထဲတွင် ချာလပတ်လည်ခဲ့သည်မှာ ယခုတိုင်အောင် ကောင်းကောင်းပြန်ထွက်၍ မရသေးပါတကား။

ယခု သူရေးလိုက်သော ကဗျာမျိုးကို ကေသီဆွေ မယ်သို့လရင် ဝတ်ချင်စိတ်ပေါက်နေသော အခါတွင်ကား ကြိုက်ချင် ကြိုက်နိုင်မည်။ ယခုကဲ့သို့သော အခြေအနေမျိုးတွင်ကား "ပယ်သည်။ ခ[illegible]၍လည်း မကြိုးစားပါနှင့်တော့" ဟူသော စာတည်းမှတ်ချက်မျိုးအတိုင်း ပြန်နေပေလိမ့်မည်။

လူသည် ပြင်းပြသော လိုအပ်ဆန္ဒ ဖြစ်လာသောအခါ ဆန္ဒဖြည့်နိုင်မည့် အားကိုးရာရှာကြစမြဲ ဖြစ်သည်။ ကျော်ထွန်းမြတ်အဖို့လည်း အားကိုးရာရှာသည်။ သူ့အဖြစ်တွင် သူအားကိုးစရာကား ဘုရားသာ ဖြစ်တော့သည်ဟု သူယူဆထား၏။

သို့ဖြင့် ကျော်ထွန်းမြတ်သည် ဦးထုပ်ကလေးကောက်စွပ်၍ ရွှေတိဂုံဘုရားဆီသို့ ဦးတည်၍ ထွက်ခဲ့သည်။ တစ်ယောက်တည်း လာသည့် ဖြစ်သောကြောင့် ဘတ်စ်ကားစီး၍ပင် လာခဲ့၏။

ဗဟန်းဘက်မှ မှတ်တိုင်တွင် ဆင်းလာခဲ့သည် ဖြစ်သော်လည်း ရွှေတိဂုံဘုရားကို ဗဟန်းဘက်က မတက်ဘဲ အညောင်းအညာပြေ လမ်းလျှောက်ရင်းဆိုသလို ကန်တော်ကြီးဘေးက ကပ်လျှောက်ကာ ဦးဆောင်ပိုလ်ကွန်းဘက်ကိုတက်ပြီး တောင်ဘက်မုခ်က တက်မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

စိုက်ပျိုးရေးမြေတိုက်ဘက်ရှိ ပလက်ဖောင်းပေါ်က လျှောက်ခဲ့၏။ သူ့ရှေ့က မကြာခဏဆိုသလို အတွဲတွေ အတွဲတွေ ဖြတ်ဖြတ်သွားကြသည်။ အတွဲတွေဆိုသည်မှာ ရထားတွဲများလည်းမဟုတ်၊ ဆိုက်ကလီစာများလည်းမဟုတ်၊ လုလင် လုံမအတွဲများသာ ဖြစ်ကြသည်။

ဤကဲ့သို့ အတွဲတွေကို မြင်လျှင် ကျော်ထွန်းမြတ် စိတ်ကစားမိတော့၏။ ခြေထောက်တွေကသာ လျှောက်နေကြသည်။ စိတ်ကတော့ လေထဲတွင် လွင့်၍ ယဉ်ချင်တိုင်း ယဉ်နေသည်။

သူက ချစ်၍ချစ်ကြောင်း ပြော၏။ ကေသီဆွေကလည်း ပြန်ချစ်၍ ပြန်ချစ်ကြောင်း ပြော၏။ ဟော. . . တွဲကြပြီ၊ သည်လိုနေရာမျိုးကလေးတွေမှာလာ၍ နှစ်ယောက်သား တွဲကြပြီ။

ကျော်ထွန်းမြတ်သည် ကြက်သီးတွေ တဖျန်းဖျန်းထလာမိ၏။ ကျောထဲက စိမ့်ကာပင် ဆတ်ကနဲ တွန့်သွားသည်။ အမှန်ဆိုလျှင် သူသည် မိန်းကလေးတစ်ဦးနှင့်တွဲ၍ သည်လို ပုံမျိုး မလျှောက်ဖူးခဲ့၊ မျက်နှာဘယ်လိုထားရမှန်းမသိ၊ မျက်နှာကို ဘယ်ထားရမှန်းမသိသည်ကတော်မါသေး၏၊ ခြေထောက်တွေကိုလည်း ဘယ်လိုထားရမှန်းမသိဖြစ်ရာတော်တော်ကြာ သူ့ခြေတံကြီးသည် လမ်းလျှောက်နေသော ကေသီဆွေ၏ခြေထောက်တွေအကြားသို့ ကန့်လန့်ဝင်ဖြတ်မိလျှင် ကေသီဆွေသည် နေရင်း ထိုင်ရင်းက ဘဲလေးတရင်း ၈ျမ်းထိုသူကလေး ဖြစ်သွားနိုင်၏။

ပွဲမဝင်ခင် ပြင်ပက ကျင်းပမှု တော်ရှော့မည်။ မိန်းမတစ်ဦးတစ်ယောက်နှင့် ဤလိုနေရာမျိုးတွင် ယှဉ်၍ လျှောက်သော လေ့ကျင့်ခန်းကို ကြိုတင်လေ့ကျင့်ထားမှ တော်တော့မည်။

မျက်စိများက လှမ်းကြည့်လိုက်ရာ၊ ရှေ့ခပ်လှမ်းလှမ်းတွင် တောင်ကြီးတလုံးကို ခေါင်းပေါ်တွင် ရွက်၍ လျှောက်နေသော မိန်းမ

တစ်ယောက်ကို မြင်မိတော့သည်။ မိန်းမသည် အသက်သုံးဆယ်
ရှိမည်။

ကျော်ထွန်းမြတ်သည် စိတ်ကို ဗိုင်းဖြတ်လိုက်ကာ ခြေလှ
ကျဲကျဲလှမ်း၏။ သို့ဖြင့် ခဏကလေးနှင့်ပင် သူသည် ထိုမိန်းမ၏ဘေး
ယှဉ်၍ လျှောက်မိလျက်သားဖြစ်နေ၏။

စိတ်ကူးကို သူတမှါးမြင်နိုင်သည် မဟုတ်သ
ကျော်ထွန်းမြတ်သည် ရဲရဲဝံ့ဝံ့ပင် စိတ်ကူး၏။ ဘေးက အဒေါ်ကြီး
ကောသီဆွေ . . .။ သူမြတ်နိုးချစ်ခင်လှပါသော ကောသီဆွေ၊ ယခုအ
တွင် သူတို့နှစ်ယောက်သည် ကြားတ မေးပွဲးလေးခွဲ၍ပင် မကွဲနိုင်အေ
ချစ်နေကြပြီ။

ဤကဲ့သို့ တွေးကာ မျက်နှာထားနှင့် ခြေထောက်တို့ လှ
ခန်းယူသောအားဖြင့် တွဲယှဉ်၍ လျှောက်လာ၏။ အဒေါ်ကြီး၏ ခေ
ပေါ်က တောင်းကြီးကိုတော့ အာရုံဖျောက်ထားရ၏။ သို့မဟုတ်
ကောသီဆွေသည် ချစ်ရသော ဘဲနှင့် တွဲလာခိုက် တောင်းကြီးရွက်
သည်ဟုဖြစ်လျှင် အာရုံမြင်ကွင်း ကသိကအောက်နိုင်လှပေလိမ့်မည
ဘေးနားက မိန်းမသည် အစတော့ ဘာမှ သတိမမူ
လည်း ဆယ်လှမ်းခန့် လျှောက်မိသောအခါ မြူးထူးပြတဲ့နှင့် ဘေ
လှည့်ကြည့်၏။ ကျော်ထွန်းမြတ်ကတော့ ခပ်တည်တည်နှင့် ရှေ့
ကြည့်ကာ လျှောက်နေသည်။

မိန်းမသည် အရှိန်လျှော့၍ ဖြည်းဖြည်းလျှောက်
ကျော်ထွန်းမြတ်၏ ခြေလှမ်းတို့သည်လည်း နှေးလာကြ၏။ မိန်းမ
မျက်လုံးမြူးပြန်သည်။ ကျော်ထွန်းမြတ်ကတော့ ခပ်တည်တည်ပင် ရှေ့
ကြည့်နေသည်။

မိန်းမသည် ခပ်သုတ်သုတ်လျှောက်ပြန်၏။ ဘာရမည်နည်း၊ ကျော်ထွန်းမြတ်ကလည်း ခပ်သုတ်သုတ် လိုက်လျှောက်သည်။ မိန်းမသည် တောင်းကြီးကိုချ၍ ရပ်ကာ ခေါင်းခုနှင့် ယပ်ခတ်သည်။ ကျော်ထွန်းမြတ်ကလည်း ရပ်၍ ဦးထုပ်ကလေးချွတ်ကာ ယပ်ခတ်နေသည်။

စိတ်ကူးတမျိုးပေါက်လာ၍ မိန်းမသည် တောင်းကြီးကို ဆက်ကာနဲ့ တောက်ရှက်ကာ စုံခုန်၍ပြေး၏။ မရပါ။ ကျော်ထွန်းမြတ်ကလည်း ဦးထုပ်ကလေးကို လက်ကနဲဆောင်း၍ ဘေးက ယှဉ်ပြီး စုံခုန်လိုက်သည်။ မိန်းမသည် ခြေတစ်ပေါင်ကျိုးပြေးသည်။ ကျော်ထွန်းမြတ်ကလည်း ခြေတစ်ပေါင်ကျိုးလိုက်၍ ယှဉ်ပြေး၏။ ကေသီခွေလေး ကြံကြံဖန်ဖန်တွေလုပ်သမျှတော့ သူကလည်း ကြံကြံဖန်ဖန်တွေကို လိုက်လုပ်ရမည်သာ။

ဘတ်စ်ကားကို တွဲလွဲခိုလာကြသူများသည်ပင် အန္တရာယ်ကို အခိုက်အတန့်အားဖြင့်မေ့ကာ သူတို့နှစ်ယောက်ကို ပြုံးကြည့်ကြသည်။ မျက်နှာချင်းဆိုင်က လျှောက်လာကြသော လူအချို့သည် သူတို့ကို လှည့်ကြည့် လှည့်ကြည့်နှင့်လုပ်ကာ လမ်းတစ်ဖက်သို့ ကူးပြောင်း၍ လျှောက်ကြသည်။

မိန်းမ၏စိတ်ထဲတွင် ကြောက်ရွံ့လာသည်မှာ သူ့မျက်နှာတွင် ထင်ရှားလာလေ၏။ ဤပုံမျိုး ကြာရှည်လုပ်နေ၍ မောပန်းလာရုံသာရှိမည်၊ ဘေးက ငနဲကိုဖြင့် ခွာချ၍မရဟူသော စိတ်ကူးပေါက်လာ၏။ ထိုအခိုက်တွင် ရှေ့နားသို့ တံမြက်စည်းလှဲနေသော မြူနီစီပါယ် အလုပ်သမားကြီးတစ်ဦးကို မြင်မိလေရာ၊ မိန်းမသည် သိကြားမင်းနှင့် တွေ့ရသလို ဝမ်းသာအားတက်သွားမိလေတော့သည်။

ကံမြက်စည်း လှဲသမားကြီး၏ ဘေးသို့ရောက်သည်နှင့် တပြိုင်နက် မိန်းမသည် ဖတ်ကနဲ ရပ်ကာ ဦးကြီး၏ လက်မောင်းကို ကိုင်လိုက်၏။ ကျော်ထွန်းမြတ်ကား စိတ်ကူးယဉ် လောကမှ ထွက်မြောက် ချေပြီ။ အဒေါ်ကြီးသည် မီမီအပေါ် သက်ဘမကောင်းဖြစ်ပြီဟုရိပ်မိ၍ ခပ်တည်တည်ပင် ဆက်လျှောက်သွားလေတော့သည်။

"ဦးကြီး . . ."

"ဘာလဲ သူငယ်မ. . ."

"ဟိုလူ. . . ဟိုလူ. . ."

ဦးကြီးသည် လှည့်ကြည့်၏။ ပြီးတော့ ပြန်လှည့်လာသည်။

"ဟုတ်တယ်၊ ဟိုဟာလူ၊ နင်က တိရစ္ဆာန်ရုံက မျောက်ဝံ လွတ် လာတယ် မှတ်လို့လား"

"မဟုတ်ပါဘူး၊ ကျွန်မကို လိုက်နှောင့်ယှက်နေတယ်"

"ဟဲ့ . . . သူက ထွက်သွားတာ ရှေ့ရောက်နေပြီ။ သူကတော့ လိုက်နှောင့်ယှက်လို့ရမှာမဟုတ်ဖူး။ နင်ကသာ လိုက်နှောင့်ယှက်မှ ဖြစ်တော့မယ်. . ."

"မဟုတ်ပါဘူး ဦးကြီးရဲ့၊ သူဟာ ကျွန်မဘေးကကပ်ပြီး ကျွန်မ မြန်ယင် မြန်ချင်း၊ နှေးယင် နှေးချင်း လိုက်လျှောက်နေတယ်"

"ဟော-ထူးခြားလှချည့်ကလား၊ ငါ ခေါ်မေးကြည့်အုံးမယ်"

ဦးကြီးသည် ကံမြက်စည်းကို သူ့ကိုယ်တွင် မှီ၍ထောင်ပြီး၊ ကျော်ထွန်းမြတ်ဘက်သို့ လှည့်မျှော်ကြည့်ပြီး လက်ခုပ်တီးခေါ်သည်၊ ကျော်ထွန်းမြတ်က လှည့်ကြည့်ပြီး ပြန်ကွေ့လာ၏။ ခက်တာက လက်ခုပ်သံကို ကျော်ထွန်းမြတ် တစ်ယောက်သာ ကြားသည်မဟုတ်၊ ဘေးက လမ်းပေါ်က ဖြတ်သွားသော သုံးဘီးကား ဆရာကလည်း ကြားသည်။

ထို့ကြောင့် သုံးဘီးကားသည်လည်း ခေတ္တရပ်၍ နောက်ဆုတ်လာ၏။

"ဟယ်. . . အရေးထဲ သုံးဘီးက ပိုက်ဆံအရှာကောင်းနေလိုက်တာကွာ. . ."

ဦးကြီးသည် တခ်ကူပွတ္တိညာဏ်ကောင်းသူဖြစ်သည်။ လက်နှစ်ဖက်စလုံးကို ဆန့်၍ လက်ဝဲဘက်က ကျော်ထွန်းမြတ်ဆီသို့ ဦးတည်၏။ လက်ျာလက်က သုံးဘီးကားဆီသို့ ဦးတည်၏။ ထိုသို့ဆန့်ပြီးသော လက်ဝဲလက်က လက်ယပ်ခေါ်သည်။ လက်ျာလက်က သွားရန် လက်လှန်ပြ၏။ ဤသို့ဖြင့် စိတ်မနှံ့၍ အလုပ်မှအနားယူလာခဲ့ရသော လမ်းပြသူရဲကြီးနှင့် တူနေသေး တော့သည်။

သို့သော် သူ့လုပ်ဆောင်ချက်ကား အောင်မြင်ပါ၏။ ကျော်ထွန်းမြတ်သည် သူနှင့် ဆိုင်၍လာ၏။ သုံးဘီးကားသည်လည်း သူနှင့်မဆိုင်၍ ထွက်သွားလေတော့သည်။

"ကဲ. . . မောင်ရင်၊ စောစောကအပြုအမူလေးတွေကို တဆိတ်ရှင်းပြစမ်းပါဦး"

ကျော်ထွန်းမြတ်ကား ပြဿနာတော့ ဖြစ်ပြီဟု တွေးမိကတည်းက ဘယ်လိုရှင်းရ မည်ကို ညာဏ်မီသရွေ့ စဉ်းစားထားခဲ့ပြီးဖြစ်သည်နှင့် အညီ ပြုံးစနဲ့နဲ့နှင့် ပြန်ပြောသည်။

"အော်. . . ဒါလား"

"အော်တယ် ဘာတယ်တော့ မကြားမိပါဘူး။ သူနဲ့ယှဉ်ပြီး လမ်းလိုက်လျှောက်တဲ့ကိစ္စ ကိုပြောတာပါ. . ."

"ဟုတ်ကဲ့၊ ကျွန်တော်ကလဲ ဒါကိုပဲပြောမှာပါ၊ ဒီလိုလေ. . . ကျွန်တော်က လူတွေရဲ့ခြေလှမ်းတွေကိုအနီးကပ်လေ့လာနေတယ်ခင်ဗျ"

"ဘာလုပ်ဖို့တုံး၊ ခြေထောက်သန်းခေါင်စာရင်း တောက်မ

STYLUS BOOKS

မလို့လား"

"မဟုတ်ပါဘူး၊ မြေလှမ်းတွေနဲ့ပတ်သက်ပြီး ကျွန်တော်က တတမ်းတင်မလို့ လေ့လာနေတာပါ"

"အော် . . . ဒါဖြင့်လဲ သွားနိုင်ပါပြီ မောင်ရင်၊ မော်တော်ကား ဘီးယိမ့်တာတွေနဲ့ပတ်သက်ပြီး တအာမ်းတင်မယ်ဆိုယင်တော့ သတိထား ကွနော်။ တတမ်းတော့ ဘယ့်ကိုဆိုနေမယ်မသိဘူး၊ မောင်ရင်တော့ မြားမြား ကြီး ထွက်ရကာမှာဘဲ" —

ကျော်ထွန်းမြတ်သည် ရယ်မောရ၍ ထွက်ခွာ သွားလေ၏။ ဆေးတောက မိန်းမသည့် ဦးကြီးကို ဆက်၍မေး၏။

"သူဘာတွေ ပြောသွားတာလဲ"

"နယ်သာသူက အစိုးရ လုပ်မလို့လား၊ ဘာလားမသိပါဘူးကွယ်၊ ဒို့ ခပ်ငယ်ငယ်က အစိုးရတွေ ကြေညာတဲ့ဟာတွေ ကြားဘူးတယ်၊ စက္ကူဖြူတတမ်းကို၊ စက္ကူပြာ တတမ်းတို့၊ အဲ . . . သူကလဲ ကြေညာဘို့ တတမ်းရေးနေတယ်ဆိုတာဘဲကွဲ့"

မြသနှာကား ဤမျှနှင့်ပင် ပြေလည်သွားလေတော့သည်။

ကျော်ထွန်းမြတ်သည်လည်း စိတ်ပေါ့ပါးစွာနှင့်ပင် တောင် ဘက်မှခါတ န တားထစ်တွေကို နင်း၍ တက်လာနေ၏။ သို့သော် သူ့ခမျာ ကြာကြာတော့ စိတ်မပေါ့ပါးနိုင်ရှာပါ။ မလှမ်းမကမ်းက နှုတ်ခတ်ကလေးကာ ရကို ကြည့်မိသည်တွင် နှလုံးသွေး ရပ်သွားသလား အောင့်မှတ်ရသည်။

သေချာပါသည်။ မြင်ရသည်မှာ သေချာပါသည်။ ရွှေဘိနပ်ဆွဲ မှ တောချီဆွဲ အစစ်ဖြစ်၏။ ပစ္စည်းကိုယူ၍ ငွေပေးချေနေသည်။ ကြည်းဆွဲတို့ တွေ့လျှင် သူဝမ်းသာသွားရမည်။ ယခုတော့ ဝမ်းနည်း

ချင်လာရ၏။ အဘယ်ကြောင့်ဆိုသော် သူ့ဘေးနားက ငနဲတကောင် ရပ်နေသောကြောင့်ဖြစ်သည်။

ကျော်ထွန်းမြတ်သည် ခြေစုံရပ်၍ ကြက်သေ သေနေခိုက် ကေသီဆွေသည် ဘေးကငနဲ၏ လက်ကိုတွဲကာ ဆင်းလာသည်။ ကျော်ထွန်းမြတ်သည် ကွေ့၍ဆင်းမည်ကြံပါသော်လည်း နောက်ကျသွား၏။ ကေသီဆွေက မြင်သွားပြီး ရယ်၍နှုတ်ဆက်သည်။

“အော်--တူးတူးမာရဲ့ အကိုပဲ၊ ဒါထက် မိတ်ဆက်ပေးရအုံးမယ်။ ဒါက ဆွေ့ရဲ့အမျိုးသားလေ။ လက်တော့ မထပ်ရသေးပါဘူး။ လက်ထပ်ယင် ဖိတ်စာပို့ပေးမယ်နော်။ လာခဲ့ရမှာပဲ . . .”

“ဟုတ်ကဲ့ . . .”

ကျော်ထွန်းမြတ်က တစ်ခွန်းသာ ပြန်ဖြေနိုင်၏။ သူတို့ ခြေဦးတို့သည် ဘုရားပေါ်သို့ တက်ရန် လှည့်နေကြသည်။ ထို့ကြောင့် ကျော်ထွန်းမြတ်သည် ဘုရားကိုပင် မဖူးနိုင်တော့ပဲ ပြန်ဆင်းတော့မည်ပြု၏။

“ဘယ်သွားမလို့လဲ . . . ဟင်”

“ပြန်တော့မလို့လေ . . . ဘုရားပေါ်ကဆင်းခဲ့တာ . . .”

“ဟင်-စောစောကတုံက အပေါ်တက်မယ့်ပုံပဲ”

“ဟုတ်တယ် . . . စာအုပ် တစ်အုပ်ဝယ်မလို့ စိတ်ကူးပေါက်တာနဲ့ တက်မလို့လုပ်တာ၊ ခုတော့ မဝယ်ဘို့ စိတ်ကူးပေါက်ပြန်တာနဲ့ ဆင်းတော့မယ်လေ”

“ဘာစာအုပ်လဲ၊ ယပ်လှဲ့တရားလား”

“ဟုတ်ပါလိမ့်မယ်”

စကားကို မြန်မြန်ဖြတ်၍ လှေကားကို ပြန်၍ ဆင်းလာခဲ့တော့

သည်။ သူ့စိတ်သည် တောင်ဘက် စောင်းတန်းကြီးတစ်ခုလုံးကို ထမ်းပိုးထားဘိသည့်အလား လေလံနေ၏။ တစ်လမ်းလုံးတွင် စိတ်ကူးတွေလည်း မယဉ်နိုင်တော့ပါ။ ညှိုးမှိုင်းနေသည်။ ကြည့်လိုက်တိုင်း လောကသည် စိမ်းနေသည်ဟု ထင်မိလေတော့၏။

အိမ်သို့ပြန်ရောက်သောအခါတွင် အိမ်ထဲသို့ ဝင်ချင်စိတ် မရှိသဖြင့် တော်ကာ ဦးကျော်ခင်၏ ခြံဝင်းထဲသို့ ဝင်ရောက်လာခဲ့၏။

မနှင်းယဉ်သည် နွားစာအတွက် ကောက်ရိုးများကို စဉ်းနေ၏။ သူလာသည့်ဘက်ကို ကျောပေး၍ အလုပ် လုပ်နေသည်။ ကျော်ထွန်းမြတ်သည် သူ့နောက်နားက ရပ်လိုက်၏။

"မနှင်းယဉ်"

မနှင်းယဉ်သည် အသာငုံ့ကြည့်ပြီးမှ ပြန်လှည့်သွားပြီး အလုပ်ကို ဆက်လုပ်နေရာ၊ ကျော်ထွန်းမြတ်ကသာ ဆက်ပြောသည်။

"မနှင်းယဉ် . . . ငါ့ အသည်းတော့ ကွဲပြန်ပြီလေ . . ."

မနှင်းယဉ်ကတော့ တိတ်နေ၏။ ဤသည်ကိုပင် ကျော်ထွန်းမြတ်သည် အားမလို အားမရ ဖြစ်လာ၏။

"ဟော့ . . . ငါပြောတာ ကြားရဲ့လား . . ."

"ကြားသားပဲ . . ."

"ကြားယင် ဘာလို့ ပြန်မပြောတာလဲ"

"မယုံလို့"

"ဘာမယုံတာလဲ"

"အကိုကျော့် အသည်းကွဲပြန်ပြီဆိုတာ"

"နင်က ဘာဖြစ်လို့ မယုံရတာလဲ . . ."

"အကိုကျော်မှာ အသည်းမှ မရှိတာ . . ."

ကျော်ထွန်းမြတ်သည် ဘာပြန်ပြောရမှန်းမသိသဖြင့် ငုံ့၍သာ ကြည့်နေမိသည်။ စိုက်ကြည့်တော့လည်း သတိမပြုမိရငါ။ ထဘီကို ခါးတွင် တင်းတင်းဝတ်ထားသဖြင့် ခါးကလေးမှာကျဉ်း၍ ခါးထက်က အသားများမှာ တစ်၍ ပြူးနေသည်။ ပြည့်ဖြိုးသော တင်ပါးကလေးများ သည် တင်း၍ ပေါ်လွင်နေ၏။ ဆောင့်ကြောင့်ထိုင်ထားသဖြင့် ပေါင်လုံး များမှာ ပို၍ ကြီးနေသလောက်ရှိသည်။

မကွဲသော နှလုံးက တစ်ပွဲတော့ ဒုံးပြေးရပြန်ပြီကော။

ကျော်ထွန်းမြတ်သည် ရုတ်တရက်ပေါ် ပေါက်၍ လွှမ်းမိုးလာ သော စိတ်ကို မထိန်းသိမ်းနိုင်မိမှာပင် ထိုင်ချ၍ မနှင်းယဉ်ကလေးကို နောက်ဖက်က ကျုံး၍ ဖက်လိုက်၏။

"ငါ့ကို တွေ့ကရာထွေ ပြောတာ ဒဏ်ခတ်မယ်. . ."

မနှင်းယဉ်သည် အားထုတ်၍ ရုန်းသည်။

"အကိုကျော် လွှတ်နော်။ ကြင်ယာတွေ့ပြီးသားက ဘာဖြစ်လို့ ညီမဘဝကို ဖျက်ဆီးချင်ရတာလဲ လွှတ်"

"မလွှတ်ဘူး"

"တကယ် မလွှတ်ဘူးလား"

"မလွှတ်ဘူးကွာ. . . ဘာလုပ်ချင်သေးသလဲ"

"မလွှတ်ချင်လဲ. . .,ကဲ--ရော့"

မနှင်းယဉ်သည် လက်ထဲက ဓားမကိုချ၍ အနီးက နွားချေးများ ကို လက်နှင့်ဆုပ်ကျုံးကာ ပခုံးထက်ကကျော်၍ ကျော်ထွန်းမြတ်၏ မျက်ခွက်ကို ပက်သွင်းလိုက်လေသည်။ ဤတွင် ကျော်ထွန်းမြတ်သည် မနှင်းယဉ်ကို လွှတ်ခဲ့ကာ အိမ်သို့ ပြန်ပြေးလာခဲ့ရလေ၏။ မျက်ခွက် တစ်ခုလုံး မည်းနေသည်က မထောင်းတာ။ အနံ့အသက်က ဆိုးဝါးခြင်း

ကို သူ မခံနိုင်ဖြစ်ရသည်။ ထို့ကြောင့် ခပ်သုတ်သုတ် ပြန်ပြေးခဲ့ရ၏။

အိမ်တွင်းသို့ ဝင်မိသည်နှင့်တပြိုင်နက် မည်သူနှင့်မျှ မတွေ့အောင် ရှောင်ပြီး ရေချိုးခန်းသို့ တန်းသွား၍ မျက်နှာသစ်ရသည်။

ဧည့်ခန်းတွင်းက ဦးထွတ်မြတ်နှင့် ဒေါ်စန်းပွင့်တို့ နှစ်ယောက်သားသည် ခြေသံကြား၍ လှည့်ကြည့်ရာ ကျော်ထွန်းမြတ် သုတ် သုတ် သုတ် သုတ်နှင့် ဖြတ်သွားသည်ကို မြင်လိုက်ကြရ၏။ ဒေါ်စန်းပွင့်သည် မျက်လုံးပြူး မျက်ဆံပြူးနှင့်ဖြစ်ကာ ယောကျ်ားဖြစ်သူကိုကြည့်၍ မေးသည်။

"သားလေးပါလား . . . ဘာဖြစ်လာသလဲမသိဘူး"

"ငါမြင်လိုက်သမျှကို ထောက်ယင် ပါးရဲထိုးလာတာယ် ထင်တာပဲ။ ဘာစိတ်ရှုပ်စရာပေါက်ပြန်သလဲမှ မသိတာ"

ဒေါ်စန်းပွင့်သည် ထ၍ ထွက်လာ၏။ သို့သော် သူသည် ဧည့်ခန်းဝသို့ ရောက်ခိုက်တွင်ပင် ကျော်ထွန်းမြတ်သည် ရေချိုးခန်းထဲမှ ပြန်ထွက်လာ၍ သူ့အိပ်ခန်းဆီသို့ တန်းဝင်သွားသည်။ မျက်စိမျက်နှာတွေလည်း မကောင်းသဖြင့် ဒေါ်စန်းပွင့်သည် ဘာဆက်လုပ်ရကောင်းမည်လဲဟု တွေး၍ ရပ်နေမိသည်။ ပြီးတော့ ဧည့်ခန်းထဲသို့ ပြန်ဝင်လာပြန်၏။

"သားလေးတော့ အိပ်ခန်းထဲ ဝင်သွားပြီရှင့်"

"အိပ်ချင်လာလို့ဖြစ်မှာပေါ့"

"စောစောက ရေချိုးခန်းထဲ ဝင်သေးတယ်"

"တလမ်းလုံး အောင့်လာခဲ့ရလို့ ဆီးသွားချင်လာတာ ဖြစ်မှာပေါ့ကွ"

"မျက်စိမျက်နှာလဲ မကောင်းဘူး"

"ဘုန်းကြီး ဝတ်ချင်ပြန်ပြီ ထင်တယ်"

ဒေါ်စန်းပွင့်သည် ကုလားထိုင်တလုံးတွင် ဝင်ထိုင်၏။ သို့သော်
ငြိမ်ငြိမ် မထိုင်နိုင်ချေ။ စိတ်ဂနာမငြိမ်တိုင်း လူကလည်း ရွစိရွစိနှ
ဖြစ်နေ၏။ ကြာကြာမထိုင်နိုင်ပါ။ ထိုင်ရာမှ ငေါက်ကနဲ မတ်တပ်ရ
ပြန်လေ၏။

ဦးထွတ်မြတ်သည် စာဖတ်နေရာက ခေါင်းထောင်ကြည့်သည်

"ကြမ်းပိုးကိုက်လို့လား"

"မဟုတ်ပါဘူးလေ"

"ဒါဖြင့် မင်းလဲ မယ်သီလရင် ဝတ်ချင်ပြန်ပြီထင်တယ်"

ဒေါ်စန်းပွင့်သည် ဦးထွတ်မြတ်ကို ဘာမှပြန်မဖြေမနေတော
ဧည့်ခန်းဝသို့ ထွက်လိုက်ပြန်လေ၏။ ကျော်ထွန်းမြတ်၏ အိပ်ခန်းထဲ
လိုက်ကာ မေးစမ်းရကောင်းနိုး စဉ်းစားသည်။ သားက မကြိုက်မှာ
လည်း စိုးသေး၏။

ထိုခဏတွင် မနှင်းယဉ် ကလေးသည် သုတ်သီးသုတ်ပျာ
ဝင်လာလေတော့သည်။

"အန်တီ. . . အကိုကျော်ကော"

"ဟော ဟိုက သူ့အိပ်ခန်းထဲမှာ. . ."

"စိတ်ကောက်သွားတယ်လေ၊ ကျွန်မကို စ, လိုက်လို့"

"ကဲ. . . ဒါဖြင့် ညည်းအကို ကို ညည်းဝဲ သွားချော့ချေ

မနှင်းယဉ်ထွက်သွားသောအခါ ဒေါ်စန်းပွင့်သည် ဧည့်
တွင်းသို့ပြန်ဝင်၍ ဦးထွတ်မြတ်နားတွင် ပြန်ထိုင်သည်။

"မနှင်းယဉ်နဲ့ ဖြစ်လာကြပုံရတယ်"

ဦးထွတ်မြတ်သည် စာဖတ်မပျက်ဘဲ လှမ်းပြော၏။

"ဖြစ်နေကြယင်လဲ ပေးစားလိုက်ရုံပေါ့ကွ၊ သူ့ခမျာ ပူတင်းတွေ နွားနို့တွေ လာလာပို့နေတာဘဲ"

"ဘာလဲရှင့်၊ ရန်ဖြစ်လာကြတယ်လို့ပြောတာ"

"အော် . . . ဒီလိုလား၊ အဲ . . . မတျေနပ်ရင်လဲ ရပ်ကွက်ကောင်စီရုံးကို တိုင်ပေစေပေါ့ကွာ"

"ရှုပ်ဟာလေ . . . ရှင်ဟာ။ ရှင်မှ ဘုန်းကြီးဝတ်ဖို့ကောင်းတာ"

"အောင်မလေး၊ မင်းကောင်းကျောင်းပို့တော့ မလုပ်ပါနဲ့ဗျာ၊ ငါကလဲ တော်တော်နဲ့ သံဝေဂရမယ့်ပုံ မရှိပါဘူး"

သူတို့တွေ စကား အချေအတင်ဖြစ်နေချိန်ဝယ်၊ ကျော်ထွန်းမြတ်သည် ကုတင်ပေါ်၌ လဲလျောင်းနေ၏။ သူသည် ဝင်ပေါက်ကို ကျောပေးကာ နံရံဘက်သို့ စောင်း၍ လှဲလျောင်းနေခြင်းဖြစ်သည်။

မနှင်းယဉ်သည် အခန်းဝက လှမ်း၍ မျှော်ကြည့်လိုက်၏။ ကျောပေးထားမှန်းသိသောအခါတွင် ခပ်ဖော့ဖော့ကလေးနင်း၍ ဝင်ရောက်လာကာ ကုတင်ခေါင်းတွင် ဒူးထောက်၍ ထိုင်ချလိုက်သည်။

"အကိုကျော် . . ."

တုတ်တုတ်မျှမလှုပ်ချေ။

"အကိုကျော် . . . ညီမကို စိတ်ဆိုးသွားသလား"

တုတ်တုတ်မျှမလှုပ်သေးချေ။

မနှင်းယဉ်သည် ကျော်ထွန်းမြတ်၏ခါးကို တို့၏၊ ဆတ်ကနဲတွန့်သွားကာ ကျော်ထွန်းမြတ်သည် မနှင်းယဉ်ဘက်သို့ လှည့်လာ၏။ သို့သော် သူ့မျက်နှာထား ပုပ်သိုးသိုးကြီးဖြစ်နေသည်။

"အကိုကျော်"

"ဘာတုန်း"

"ညီမကို စိတ်ဆိုးသွားသလား"

"ဆိုးတယ်"

"ဘာဖြစ်လို့ အကိုကျော်က ညီမကို ကျူးဖက်ရတာလဲ"

"ချစ်လို့ပေါ့"

"သွားပါ. . . အသည်းတွေ ကွဲပြဲကုန်တဲ့လူမှာ ချစ်စရာ အသည်း ကျန်သေးလို့လား၊ သက်နှင်းဝတ်သွားကတည်းက ရည်းစား ကြောင့်လို့ ညီမ ကြားတော့ ညီမရင်ထဲမှာ နင့်ကနဲ ဖြစ်သွားရတယ်"

"ဘာဆိုင်လို့လဲ"

"မပြောတတ်ဘူး၊ ဖြစ်တာတော့အမှန်ပဲ၊ လူပြန်ထွက်လာတော့ ညီမ ဝမ်းသာသလို ဖြစ်မိတယ်။ ဒါပေမဲ့ အကိုကျော်ဟာ ကြင်ယာ အရှာကောင်းလို့ တွေ့ပြန်ပြီဆိုတော့ ညီမ စိတ်ငယ်ရပြန်ရော။ တကယ် တော့လဲ ညီမအလွန်ပါ၊ ဆရာဝန်ကြီးရဲ့သား ပညာတတ်တစ်ယောက်မှာ နွားမွေးစားရတဲ့ကောင်မကို အရေးမစိုက်တာ"

"တော်. . . မနှင်းယဉ်၊ တော်ပြီ။ ဆက်မပြောပါနဲ့တော့၊ အသည်းတွေကွဲကုန်ပြီမှတ်တာ၊ တကယ်တော့ မကွဲကြောင်း ခုမှ သိ တယ်။ မင်းကို ငါချစ်တယ်။ ဒီလို ချစ်စိတ်ပေါ်လာတော့မှ ငါ့မှာ အသည်းရှိတယ်၊ အသည်းမကွဲဘူးဆိုတာ ငါ သိရတယ်။ ငါ မင်းကို လက်ထပ်ချင်တာနဲ့ ကျူးဖက်မိတာ၊ ငါ့အသည်းမကွဲသေးလို့ မင်းက မွှေးနိုင်တာပေါ့"

"မဟုတ်ပါဘူး အကိုကျော်ရယ်၊ ညီမလဲ လက်ဖျားခြေဖျားတွေ အေးပြီး လုပ်မိလုပ်ရာ လုပ်မိတာပါ။ ပြီးမှ စိတ်မကောင်း ဖြစ်ရတယ်"

"ငါပြော. . . မောင့်ကြင်ယာဘယ်မှာပါလိမ့်နဲ့ ရှာလိုက်ရတာ တွေ့မယ့်တွေ့တော့ . . ."

STYLUS BOOKS

"ဘယ်မှာလဲ"

"နောက်ချေးပုံကြားမှာ"

"သွား"

နှင်ပစ်သော်လည်း ကျော်ထွန်းမြတ်တ လှမ်း၍ ဖက်သ
ညှ်အချိန်တွင်မှ အခန်းတွင်းသို့ ဝင်ရောက်ခဲ့မိသော ဒေါ်စန်းပွင့်
ဟော့တော့" ဟုအော်မိ၏။

"အန့်တီ. . . ဘာလိုချင်လို့လဲ"

မနှင်းယဉ်က ကုခြေ့ဆည်၍ မေးလိုက်၏။ ဒေါ်စန်းပွင့်
ကုခြေ့ မဆည်နိုင်ပဲ စစ်ဖြည်းဖြည်းဖြစ်ကာ "ဪဟာဒါ ဘာလိုချင်မှန်း
မသိပါဘူးဟယ်" ဟုဆို၍ မြောင်မြောင်ပေါင်ပေါင်ပင် ပြန်၍ ထွ
သွားလေတော့သည်။

ကြည်ကာဝေ

(၁၉၇၈ ခုနှစ်၊ စန္ဒာမဂ္ဂဇင်း